


ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းလာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နေမင်းသူရိန်

## အမိန့်တော်ရထွန်းလူခွင့် မင်္ဂလာပန်းတိုင်


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၃၃၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၁၁၀၀၇

ပုံနှိပ်တုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၇၊ ဒီဇင်ဘာလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၀/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၉၁၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုရား၊ တရား၊ သံဃာ တို့ကို ဦးစွာကန်တော့ပါ၏။

ကျေးဇူးရှင်မိခင်ကြီးနှင့် ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးတို့အား ဝပ်တွားဦးခိုက်၍ ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပါ၏။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းနှင့်တကွ မြင်အပ်သော ဆရာသမားများ၊ မမြင်အပ်သောဆရာသမားများနှင့် ကကြီးမှ အ,အဆုံး ဗျည်း ၃၃-လုံး၊ အ,အိ,အု,အေ,အဲ,အော,အံ,အို သရ ရှစ်လုံးတို့၏ ကျေးဇူးကိုလည်း လက်ဆယ်ဖြာနှင့် ရှိခိုးပါ၏။

ဤစာအုပ်အား ပရိသတ်ရှေ့မှောက် ရောက်စေရန် ပိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူ အားလုံးအားလည်း အထူးကျေးဇူးတင်လျက်...။

ဤစာတ်လမ်းကိုဖတ်၍ သင့်အတွက် အဆိပ်မဖြစ်ဘဲ အကျိုးရှိရာ တစ်စုံတစ်ခု (ငွေပိုင်းဖြစ်စေ၊ ရုပ်ပိုင်းဖြစ်စေ) ခံစားရရှိမည်ဆိုပါက ကျွန်ုပ် ကြိုးစားရကျိုးနပ်ပါပြီ...။

စာပေသစ္စာမွန်ဖြင့်

နေမင်းသူရိန်

၁၆-၆-၂၀၀၅ (ကြာသပတေးနေ့)

ည ၅း၂၅ နာရီ



စီးပွားချမ်းသာခြင်းကိုဖြစ်စေသည့် ၃၈-ဖြာ မင်္ဂလာတရားတော်ကို လူနှင့်နတ်တို့ ၁၂ နှစ်တာ ကာလပတ်လုံး ကြံစည်ကြသော်လည်း မသိနိုင်ကြပေ။

ဘုရားရှင်ဟောကြားတော်မူမှ သိခဲ့ကြရပေသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေခိုက် သန်းခေါင်ယံကာလ၌ နတ်သားတစ်ပါး ရောက်လာကာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး...

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား...လူနတ်တို့သည် နိဗ္ဗာန် ချမ်းသာကို လိုချင်ကြပါသည်ဘုရား...စီးပွားချမ်းသာကို ဖြစ်စေတတ်သော... မင်္ဂလာတရားတော်ကို လူနတ်တို့ ၁၂-နှစ် ကြံစည်ပါသော်လည်း မသိနိုင်သည်ဖြစ်ပါ၍ အရှင်ဘုရား ဟောကြားတော်မူပါ...'

ဟု လျှောက်ထားလေသောကြောင့် မြတ်စွာဘုရားရှင်သည် လောကီစီးပွားနှင့် လောကုတ္တရာချမ်းသာအလို့ငှာ...မင်္ဂလာတရားတော်ကို ဟောတော်မူလေသည်။

မင်္ဂလာတရားတော်၏ အနှစ်ကို ရှာဖွေဖွေနှောက်၍ လျှောက်လှမ်းသောသူသည် လောကီစီးပွား [illegible] က လောကုတ္တရာချမ်းသာ (နိဗ္ဗာန်) သို့တိုင် ရောက်သည့်အကျိုးထူးကို ခံစားရနိုင်ပေသည်။

## အခန်းစဉ်


၁။ တရုးခံအဒု
၂။ ဝတုတ်မှုပန်းတိုင်
၃။ ကောင်းသောစကားပြောပါ
၄။ လိုအပ်လျှင် အလွတ်ကျက်ပါ
၅။ သမားတော်ကလေး ရောင်ကြီးဖြွေ
၆။ လိုချင်တောင့်တ မိသားစုဘဝ
၇။ အပြစ်ကင်းစွာ စီးမွားရှာ
၈။ ကံကိုယုံ၍ ပုံမချရာ
၉။ ကျားတံဆိပ်တုံးကျိန်စာ
၁၀။ ဟိုက်ဒရာဘတ်သို့
၁၁။ အိမ်ထောင်ရှင်မောင်ပန်းတိုင်
၁၂။ သတို့တစ်ချက်လွတ်ခဲ့လို့
၁၃။ တရုးခံမိပြီ
၁၄။ သတိတစ်လုံး ဦကိုင်သုံးစေ




### တရုးခံ အဒု

တစ်နေ့သ၌ ...

ကျွန်ုပ်နှင့်ကိုထွန်းလူတို့ အခင်းဖြစ်ပွားရာ ကန်တော်ကြီးဆောင်းရှိ အိမ်ကြီးတစ်အိမ်သို့ ရောက်လာခဲ့ပါသည်။ ထိုအိမ်ကြီးသို့ ကျွန်ုပ်တို့ရောက်သွားချိန်မှာ နံနက်ကိုးနာရီခန့်သာ ရှိသေး၏။ ထိုအိမ်ကြီးမှာ သူဌေးကြီးဦးပန်းတိုင်၏အိမ် ဖြစ်သည်ဟု ကိုသာကျော်ပြော၍ သိရပါသည်။

ကျွန်ုပ်တို့ ခြံထဲဝင်လိုက်သည်နှင့် နံဆောက်အင်စပက်တာ ကိုသာကျော်နှင့် ကိုဘဦးတို့ ကမန်းကတန်းထွက်ကြိုကြသည်။

"အတော်ပဲ ... ကို [illegible] ... ကျွန်တော်တို့ ခင်ဗျားကို စောင့်နေကြတာ။ ခင်ဗျားကြည့်ပြီးတာနဲ့ အလောင်းကို ဆေးရုံ သယ်ဖို့ ကားတောင်ရောက်နေပြီ...ဗျ ..."

"ဟုတ်လား … လာလေဗျာ … ကျုပ်တို့ကို အလောင်း ရှိရာလိုက်ပြ … ကြည့်လိုက်ရအောင် … လာဗျို့ ကိုအောင် မှင့်"

အိုင်ပီကိုသာကျော်တို့နောက်မှ ကျွန်ုပ်တို့နှစ်ယောက် ခပ်မှန်မှန် လျှောက်လိုက်လာကြသည်။ သူတို့သည် အိမ်ကြီး၏အပေါ်ထပ် သူဌေးကြီး၏အိပ်ခန်းသို့ လျှောက်လာကြခြင်းဖြစ်၏။ မဟော်ဂနီရောင် ကျွန်းလှေကားကြီးကို တဖြည်းဖြည်းတက်လာကြရင်း ကိုထွန်းလှက…

"ဒီအိမ်ရှင်ဟာ တော်တော်ကိုချမ်းသာမှာပဲဗျ … နော်"

"ချမ်းသာတာပေါ့ ကိုထွန်းလှရာ၊ ဒီအိမ်ကြီးအတွင်း ပြင်ဆင် ထားတာသာကြည့်ပေတော့၊ လှေကားက လက်ရမ်းတိုင် ပန်းကနုတ်တွေဟာ ဘယ်လောက်လက်ရာကောင်းသလဲ"

"ဟုတ်ပဗျာ … ဒါ ရန်ကုန်လက်ရာမဟုတ်ဘူး၊ မန္တလေး လက်ရာဗျ၊ တော်တော်နန်းဆန်တာပဲ"

လက်ရာကိုအကဲဖြတ်ရင်း ကိုထွန်းလှ လှေကားတစ်ဝက်ခန့် တွင် ရပ်လိုက်သည်။ လှေကားအဆုံးရှိ ကျွန်းတိုင်ကြီးနှစ်လုံးတွင် အရှည်တစ်ပေ၊ အနံလေးလက်မခန့်ရှိသော ကျွန်းပြားတစ်ချပ်ပေါ်၌ လည်းကောင်း၊ လက်ဝဲဘက် လက်ရမ်းတိုင်အဆုံး၌ လက်ျာဘက်နှင့် ဆိုင်တူကျွန်းပြားပေါ်၌လည်းကောင်း စာများရေးထွင်းထားသည်။



"ဟိုလက်ရမ်းထိပ်နှစ်ဘက်မှာလည်း ကျွန်းပြားနဲ့ စာတွေ ထွင်းထားတယ်"

"ဟုတ်တယ် အိုင်ဆေး၊ ဒီဘက်က အသေဝနာစဗာလာနံ တဲ့၊ ဟိုဘက်က ပဏ္ဍိတာနဉ္စ တဲ့"

ကိုထွန်းလှ တစ်လှမ်းချင်းလှမ်းတက်လာရင်း လှေကားလက် ရမ်းနဘေးရှိ ကနုတ်ပွင့်ဖော်ထားသောပုံများကို ငုံ့ကြည့်နေမြဲသည်။ ရုပ်တုများမှာ အရက်သေစာသောက်စားနေသော လူငယ်တစ်စုနှင့် ခပ်လှမ်းလှမ်း၌ သူတို့အုပ်စုကိုကျောခိုင်းနေသော လူငယ်တစ်ယောက် ကို တွေ့ရသည်။ ထိုလက်ရမ်းတိုင်ရင်းရှိ ကျွန်းတိုင်ထိပ်မှစာသားမှာ အသေဝနာစဗာလာနံဟု ဖြစ်သည်။

ကျွန်းပြားပေါ်မှ သစ်ထွင်းလက်ရေးမှာ အောက်ပါအတိုင်း ဖြစ်သည်။

**အသေဝနာ စ ဗာလာနံ**

"ဒီပုံဟာ လူမိုက်နဲ့မပေါင်းအပ်ဘူးဆိုတာကို သရုပ်ဖော်ထား တာဗျ၊ ဒါဆို ဟိုဘက်ကပုံဟာ ပညာရှိကို ဆည်းကပ်ဖို့ပဲ ဖြစ်မယ်၊ ကြည့်စမ်းပါဦး … ကိုအောင်မှင့်"

ကျွန်ုပ် ရုပ်တုများကိုကြည့်ရာ ခေါင်းတွင်ပေါလုံးနှစ်စုထောင် ခေါင်ပေါင်းပေါင်းထားသော လူတစ်ယောက်ရှေ့တွင် လူငယ်တစ်ယောက် ကျုံ့ကျုံ့ကလေးထိုင်နေသည့်ပုံ ဖြစ်သည်။

"အိုင်အေး ... ဒီပုံက ... ပညာရှိတစ်ယောက်အနီးမှာ လူငယ်တစ်ယောက် ထိုင်နေတဲ့ပုံဗျ၊ ဒါကို ပဏ္ဍိတာနဉ္စ သေဝနာပဲဖြစ်မယ်ဗျ၊ ပညာရှိကို ကိုးကွယ်ဆည်းကပ်ထိုက်တယ်လို့ ဆိုလိုတာပေါ့"

"ထွင်းထားတဲ့ ကျွန်းပြားကစာကိုလည်း ဖတ်ကြည့်လိုက်ဦးလေဗျာ"

ကျွန်းတိုင်ထိပ်မှ ဒုတိယကျွန်းပြားပေါ်ရှိစာကို လှမ်းကြည့်လိုက်ပါသည်။ သစ်ထွင်းလက်ရေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပဏ္ဍိတာ နဉ္စ သေဝနာ**

ထို့နောက် ကျွန်ုပ်တို့အပေါ်ထပ်သို့ ရောက်လာခဲ့ကြသည်။ အပေါ်ထပ်တွင် ကြမ်းလမ်းတစ်ခုရှိပြီး လမ်းနဘေး၌ အခန်းများ မျက်နှာချင်းဆိုင်ဖွဲ့စည်းထား၏။ ကိုသာကျော်ရှေ့ဆုံးမှ ဦးဆောင် [illegible] ဘက်ဒုတိယခန်းသို့ ဝင်လိုက်သည်။



"ဒီအခန်းပဲ အိုင်အေး"

ကိုသာကျော် ... ကျွန်ုပ်တို့ဘက်လှည့်ကြည့်ပြီး ပြောလိုက်သော်လည်း ကိုထွန်းလူက စိတ်ဝင်စားဟန်မပြဘဲ ကြမ်းအဆုံးရှိ ဘုရားခန်းမှ လှမ်းမြင်နေရသော ဘုရားကျောင်းဆောင်သို့ စိုက်ကြည့်နေသည်။ ကိုသာကျော်ညွှန်ပြသော အခန်းသို့မဝင်ဘဲ ဘုရားခန်းရှိရာသို့ ကြမ်းအတိုင်း လျှောက်သွားလေတော့သည်။

"ဟေ့လူ ... ဟေ့လူ ... ဒီအခန်းလေဗျ"

"နေဦး ကိုသာကျော်၊ သူ ဟိုမှာ ဘာတွေ့လို့သွားကြည့်တယ်မသိဘူး၊ လာဗျာ ... ကျုပ်တို့လည်း လိုက်သွားကြရအောင်"

"ကောင်းသားပဲ၊ လာကိုသာကျော် ... ကိုထွန်းလူနောက် လိုက်သွားရအောင်"

ကျွန်ုပ်တို့ ကိုထွန်းလူ လျှောက်သွားရာ ကြမ်းအတိုင်း ဘုရားခန်းဆီ လိုက်သွားကြသည်။

ဘုရားခန်းရှိ အပြင်အဆင်များကိုမြင်ရသောအခါ ကျွန်ုပ် သွမ်းရွာအံ့သြတုန်လှုပ်သွားရပါသည်။ ကျောင်းဆောင်ထက်သည် အမြင့် ရှစ်လက်မခန့်ရှိသော ရွှေပလ္လင်တော်တွင် 'ဂေါတမမြတ်စွာဘုရား' ဟု ကမ္ပည်းထိုးထားသည်။ ဘုရားရှင်၏ လက်ဝဲလက်ျာ၌ သင်္ကန်းရုံလျက်ရှိသော ရဟန်းတစ်ပါးစီရှိပြီး 'ရှင်မဟာမောဂ္ဂလာန်၊ ရှင်သာရိပုတြာ' ဟု ကမ္ပည်းထိုးထား၏။

ငှင်းတို့ရှေ့၌ သက်န်းရုံရဟန်းရှစ်ပါး၏ ရုပ်ထုတော်များရှိသည်။ "မင်၊ ဖိုလ်ရ ရဟန္တာအရှင်မြတ်များ" ဟု စာတမ်းရေးထိုးထားသည်။

ဘုရားကျောင်းဆောင်၏ အောက်တည့်တည့်တွင် ခေါင်းပေါင်းကြီးနှင့် ယောက်ျားကြီးတစ်ယောက်၊ ဆံထုံးကလေးနှင့် မိန်းမကြီးတစ်ယောက်၏ရုပ်ရှိပြီး "ဖခင်ဦးပေသီး၊ မိခင်ဒေါ်မြမေ" ဟု ရေးထားပြန်သည်။ ပုံများမှာ ခဲနှင့်ရေးဆွဲထားသော ပုံများဖြစ်ပြီး ပုံတူရေးဆွဲထားခြင်း ဟုတ်မဟုတ်ကိုမသိနိုင်ပေ။ မိခင်ပုံ၏နံဘေး၌ "ကျေးဇူးရှိခဲ့ဖူးသူများ" ဟု ရေးထားသည်။

ဘုရားဆောင်ထက်၌ ထိုကဲ့သို့ခဲပန်းချီပုံ ဘုန်းကြီးတစ်ပါးရှိသည်။ ထိုဘုန်းတော်ကြီးအောက်၌ "ကျွန်ုပ်၏ဆရာသမား" ဟု ရေးထိုးထား၏။

ကိုထွန်းလူ ဘုရားထိုင်ကန်တော့ရာမှ ပြန်ထလိုက်ပြီး…

"ဒီအိမ်ရှင်ဟာ ဘာသာတရားကို အတော်လေးစားတဲ့သူပဲ။ သူကိုးကွယ်မှုဟာ နမူနာယူထိုက်ပါတယ်။ ကျောင်းဆောင်မှာ ရေးထားတာကိုလည်း ကြည့်လိုက်ဦး"

ကျောင်းဆောင်ထိပ်၌ ရေးထားသည့်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပုံ၈၁ ပုံ၈၉ရှေ့ပျက်



"ရှိခိုး၊ ပူဇော်၊ ရှိသေ၊ လေးစားထိုက်သူကို ရှိခိုးပူဇော် ရိုသေလေးစားပါလို့ ရေးထားတဲ့ သူ့ဘုရားဆောင်ပေါ်မှာ ဘာတွေရှိလဲ ခင်ဗျားတို့ကြည့်ကြ …"

ကျွန်ုပ်၊ ကိုသာကျော်နှင့် ကိုဘဦးတို့ကြည့်လိုက်ကြသည်။ သူနဘေးတွင် ရပ်ကြည့်နေကြခြင်းဖြစ်သည်။ ကိုထွန်းလူ ကျွန်ုပ်တို့ကို တစ်ချက်လှည့်ကြည့်ပြီး ဘုရားကျောင်းဆောင်ထက်သို့ ပြန်လှည့်က…

"ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ လက်ဝဲရံ၊ လက်ျာရံ သာဝကကြီးတွေ၊ အမိ၊ အဖ၊ သူ့ဆရာသမား၊ ကျေးဇူးရှိဖူးသူ၊ ဒါတွေဟာ ခင်ပွန်းကြီးဆယ်ပါးကိုညွှန်းတာပဲ၊ နေ့စဉ် ခင်ပွန်းကြီးဆယ်ပါးကို ပူဇော်နေသူအတွက် ခွန်အားဗလကြီးမားမယ်၊ ချမ်းသာမယ်၊ ဉာဏ်ပညာကြီးမားမယ်"

ပြီးမှ ကျွန်ုပ်တို့ဘက်ကိုလှည့်ကြည့်ပြီး "ခုလူသတ်မှုမှာ ခင်ဗျားတို့ တရားခံဖမ်းမိပြီဆိုဗျ ကိုသာကျော်" ဟုမေး၏။

"ဟုတ်တယ် ကိုထွန်းလူ၊ တရားခံက တခြားလူမဟုတ်ဘူး၊ ဒီအိမ်ရှင်သူဌေး ဦးပန်းတိုင်ပဲဗျ"

"ဒါဆိုရင်တော့ ခင်ဗျားတို့မှားသွားပြီဗျို့၊ ခုကိစ္စမှာ သေချာတာတစ်ခုကတော့ ဦးပန်းတိုင်ဆိုတဲ့ ဒီအိမ်ရှင်သူဌေးဟာ တရားခံမဟုတ်ဘူးဆိုတာပဲ"

"သေချာလှချည်လား ကိုထွန်းလူရဲ့… သေသူကိုလည်း မကြည့်ရသေး၊ အခင်းဖြစ်တဲ့နေရာကိုလည်း မကြည့်ရသေးဘဲနဲ့ ဘာကြောင့် ဒီလောက်သေချာပေါက် ပြောနေရတာလဲ ကို ထွန်းလူ"

ထိုအခါမှ ကိုထွန်းလူလည်း သေသူကိုသတိရသွားဟန် တူသည်။ ခပ်ပြုံးပြုံးမျက်နှာထားဖြင့် …

"အခုန်ဆိုရင် ကျုပ်ကြည့်စရာမလိုဘဲ ဦးပန်းတိုင်မသတ်ဘူးဆိုတာ ပြောနိုင်ပေမယ့် ဘယ်သူသတ်တယ်ဆိုတာ သိရဖို့တော့ အခင်းဖြစ်နေရာကိုကြည့်ရမယ်၊ ခုနခင်ဗျားပြောတဲ့ မေးခွန်းအတွက်ဖြေရရင် ဒီအိမ်ရှင်ဦးပန်းတိုင်ဟာ မင်္ဂလသုတ်ပါ ၃၈-ဖြာ မင်္ဂလာတရားတော်ကို တော်တော်လေးကို ကျေညက်တဲ့အပြင် လိုက်နာကျင့်သုံးသူလည်း ဖြစ်နေလို့ပဲ"

ကြေနံ့အတိုင်းပြန်လျှောက်လာရင်း ကိုထွန်းလူပြောလိုက်သော စကားဖြစ်၏။ ကျွန်ုပ်တို့ ကြေနံ့သည်ဘက် ပြန်ရောက်လာသောအခါ ကိုသာကျော်က အခန်းဝမှနေ၍ "ဒီအခန်းပဲကိုထွန်းလူ" ဟု ပြောလိုက်သည်။ ကိုထွန်းလူ အခန်းဝသို့လျှောက်သွားကာ ကြမ်းပေါ်မှခြေရာလက်ရာများကို စစ်ဆေးလေသည်။

အခန်းဝမှ တဖြည်းဖြည်းလျှောက်ဝင်လာရာ သေသူ မိန်းကလေးအနီးသို့ ရောက်လာသည်အထိ ကြမ်းပေါ်မှထူးခြားမှုကိုသာ အာရုံစိုက်လာ၏။ ကြမ်းပေါ်တွင် မြေနီအနည်းငယ်ကို ဟိုမှားတစ်စ၊ သည်မှားတစ် စတွေ့ရသည်။ သူက မိန်းကလေးကိုမကြည့်သေးဘဲ ခေါင်းမော့၍ စဉ်းစားနေပြန်သည်။

"ကိုဘဦး … ခင်ဗျားပြောတော့ ဦးပန်းတိုင်ဟာ ဒီအိမ်ကြီးထဲမှာ လောလောဆယ် တစ်ယောက်တည်းနေတယ်နော်"

"ဟုတ်ပါတယ် အိုင်အေး၊ သူ့မိသားစုတွေ အညာဘက်ဆွေမျိုးတွေဆီလည်းသွားရင်း ဘုရားဖူးလည်းထွက်ရင်းဆိုသလို သွားနေကြတယ်လို့ပြောပါတယ်"

"အခင်းဖြစ်ချိန်မှာ ဦးပန်းတိုင်ဟာ ခါးနာလို့ ဘယ်မှ မသွားနိုင်ဘူးနော်"

"ဟုတ်ကဲ့ မသွားနိုင်ပါဘူး၊ ဒါကြောင့် မိန်းကလေးကို ခါးဆေးလိမ်းခိုင်းပါတယ်၊ ပြီးတော့ မိန်းကလေးက ဆေးတက်ထပ်ဆင်းပြီး ထမင်းချက်ရတယ်၊ ထမင်းကျက်တော့ သူ့ကို ခူးခပ်ကျွေးတာပါ"

"ဘယ်အခန်းမှာ ကျွေးတာတဲ့လဲ"

ကိုဘဦးထံမှ အဖြေထွက်မလာ။ ကိုသာကျော်ကသာ ဒီအခန်းပဲဖြစ်မှာပေါ့ဗျာ၊ ဒီမှာ ကျွန်တော်ပြောမယ် ကိုထွန်းလူ၊ ဦးပန်း

တိုင်ဟာ အသက်ငါးဆယ်မပြည့်သေးဘူး၊ ကျန်းမာရေးကောင်းတဲ့သူ လဲ ဖြစ်တယ်၊ မိန်းကလေးက သူ့ကို ထမင်းခူးခပ်ကျွေးတယ်ဆိုပေ မယ့် တစ်ခန်းထဲမှာ အတူရှိနေတာဆိုတော့ စိတ်ဖောက်ပြန်ပြီး ကြံမိ တာဖြစ်မှာပေါ့၊ မိန်းကလေးက အလိုမတူတဲ့အခါ ဒြိမ်းခြောက်ရင်း လက်လွန်သွားတာပဲဖြစ်မယ်" ဟု ဝင်ပြောလာသည်။

"မဟုတ်ဘူး၊ မဖြစ်နိုင်ဘူးဗျ၊ ဒီအခန်းမှာ ထမင်းကျွေးတာ မဖြစ်နိုင်ဘူး၊ ဖြစ်ချင်းဖြစ်ရင် ဟိုကဘုရားခန်းမှာဖြစ်မယ်"

"ဘာကြောင့်လဲ ကိုထွန်းလူ"

"ပြီးတော့မှ ခင်ဗျားတို့ကိုသက်သေပြမယ်ဗျာ၊ ကျုပ် မိန်း ကလေးအလောင်းကို ကြည့်ဦးမယ်"

မိန်းကလေးမှာ အသက်-၂၀ ဝန်းကျင်ခန့်သာရှိဦးမည်။ ကျန်း မာသန့်စွမ်း၍ လုံးကြီးပေါက်လှဟုပြောရမည့်ပုံစံ ဖြစ်၏။ သေနေပုံ မှာ ပက်လက်ဖြစ်ပြီး ရင်ဖုံးအင်္ကျီကြယ်သီးများ ပြုတ်ထွက်နေသည်။ မျက်လုံးပြူး၍ မခံချိမခံသာ ရှုန်းကန်ထားသည့်လက္ခဏာ ရှိ၏။ ပွင့်ရိုက်ထဘီလည်း ပြေလျော့နေ၏။ အသားအရည် မဖြူမညိုစိုပြေ သော အရှယ်ကောင်းမိန်းကလေးဖြစ်သည့်အတွက် ကိုသာကျော် အထက်ပါအတိုင်း ကောက်ချက်ချခြင်းဖြစ်ပါလိမ့်မည်။

လည်ပင်း၌ ညိုနေသောလက်မရာ နှစ်ခုရှိသည်။



သူမ၏ လက်ချောင်းကလေးများမှာ ကွေးကောက်နေ၏။ ခြေချောင်းများလည်း ထိုနည်းတူပင်ဖြစ်သည်

"ကိုသာကျော်ပြောတဲ့ ဒီမိန်းကလေးကို မလော်ကာယလုပ်ဖို့ ဆိုတာနဲ့ အလိုမတူလို့ဆိုတာ မှန်တယ်ဗျ၊ ဒါပေမယ့် အဲဒီ လူဟာ ဦးပန်းတိုင်မဟုတ်ဘဲ အခြားတစ်ယောက်ဖြစ်နေတယ် လို့ ကျုပ်ယူဆတယ်၊ ဒီလူဟာ အရပ်ပုပြီး ညာခြေနည်း နည်းခွင်နေတယ်၊ တောင့်တင်းတဲ့ခန္ဓာကိုယ်ရှိတယ်၊ တောင့် တာမှ အတော်တောင့်တင်းသန်မာတာ၊ ဒီမိန်းကလေးနဲ့ သူ ရုန်းရင်းဆန်ခတ်ဖြစ်ရင်း သူရဲ့ချုပ်နှောင်မှုကိုခံရတဲ့ မိန်းက လေးဟာ မလွှပ်နိုင်ဖြစ်ပေမယ့် လက်တွေက သူ့ကို တိုက် ခိုက်လိမ့်မယ်၊ ဒီလက်ကိုကြည့်"

မိန်းကလေး၏ လက်ဝဲဘက်လက်ကောက်ဝတ်တွင် ညိုမည်း နေ၏။

"ဒီဒဏ်ရာက လူသတ်သမားဖမ်းချုပ်ထားတဲ့ ဒဏ်ရာလား ကိုထွန်းလူ"

"အင်း၊ ချုပ်တော့ချုပ်တဲ့ဒဏ်ရာပဲ၊ ဒါပေမယ့် လက်နဲ့ချုပ် တာမဟုတ်ဘူး၊ သူ့ဒူး ဒါမှမဟုတ် ခြေနှင်းပြီးချုပ်ထားတာ" ကြမ်းပေါ်ရှိပြုတ်ထွက်နေသော ဆံပင်တချို့ကို ယူကြည့်နေ

ပြန်၏။ သူလက်ဝါးပေါ်တွင်ရှိသော ဆံပင်များကို မှန်ဘီလူးနှင့်ကြည့်ပြီး အုပ်စုခွဲနေသည်။ အုပ်စုပြီးသောအခါ နမ်းကြည့်နေပြန်၏။ ထို့နောက် မိန်းကလေး၏ ခေါင်းမှဆံပင်များကို ငုံ့နမ်းသည်။

"ဟောဒါက မိန်းကလေးရဲ့ဆံအပင်ပြတ်၊ တိုနေပေမယ့် ဆီနံ့ရတယ်၊ ဒီဆံပင်တိုတွေက လူသတ်သမားရဲ့ဆံပင်တွေပဲ၊ ဆီလိမ်းလေ့ရှိပုံမရဘူး၊ နောက် ဦးထုပ်လည်း ဆောင်းမယ် မထင်ဘူး၊ ဒါကြောင့် သူ့ဆံပင်တွေဟာ နီပြီး ကြမ်းနေတယ်"

သူ့အင်္ကျီအိတ်တွင်းမှ စက္ကူပိုင်းကလေးများကိုထုတ်ကာ ဆံပင်များကို စက္ကူနှင့်ထုပ်သိမ်းလိုက်ပြီး "ကိုသာကျော် အလောင်းသယ်သွားလို့ရပြီဗျာ၊ ဆရာဝန်စစ်ချက်အရ လိုအပ်တာတွေ ထပ်စဉ်းစားကြတာပေါ့" ဟု ပြောလိုက်သောကြောင့် ကိုသာကျော် ပုလိပ်သားလေးယောက်ကို အချက်ပြလိုက်ရာ လူနာတင်ကားမှ ဝန်ထမ်းများရောက်လာပြီး အလောင်းကိုသယ်သွားပါတော့သည်။

ထို့နောက် ကိုထွန်းလူက ကျွန်ုပ်ကိုအခန်းထဲမှာ နေခဲ့စေပြီ "ခဏကြာရင် ဒီအခန်းတံခါးကို သေသေချာချာ ချက်ထိုးပိတ်လိုက် ... ပိတ်ပြီး ခင်ဗျားအခန်းထဲမှာ နံရံကိုလက်သီးနဲ့ထိုး၊ ကြမ်းပြင်ကို ... ဆောင့်လုပ်ပြီးမှ ဘုရားခန်းကိုလိုက်ခဲ့" ဟုမှာပြီး ကိုသာကျော်



...ဦးတို့နှင့်အတူ ဘုရားခန်းသို့ ထွက်သွားလေသည်။ ကျွန်ုပ်လည်း ...ို့ ဘုရားခန်းရောက်လောက်သည့်အချိန်မှ တံခါးပိတ်ပြီး ကိုထွန်းလူ ...သည့်အတိုင်း ပြုလုပ်ခဲ့သည်။

ငါးမိနစ်ခန့်ကြာအောင် စိတ်ကြိုက်ဆူညံမှုများ ပြုလုပ်ပြီးမှ ...ားခန်းသို့လိုက်လာခဲ့၏။

ကျွန်ုပ်ရောက်သွားသောအခါ ကိုသာကျော်နှင့် ကိုဘဦးတို့ ...ားစင်ရှေ့ရှိ ကြမ်းပြင်ကို ကုန်းနမ်းနေ၏။

"ဪ ကိုအောင်မွှင့် ရောက်လာပြီလားဗျ"

"ဟုတ်ကဲ့၊ ရောက်လာပြီ အိုင်အေး၊ ကျွန်တော် တစ်ခန်းလုံး ဖြောင်းဆန်အောင် ဝုန်းဒိုင်းကြဲခဲ့တယ်"

ကိုထွန်းလူသည် အိုင်ပီနှစ်ယောက်ကို အဓိပ္ပါယ်ရှိစွာ လှမ်း...ည့်လိုက်၏။ အိုင်ပီနှစ်ယောက် ကြမ်းပြင်ကိုတချို့နှံ့ နမ်းနေရာမှ ...လာကြပြီး ...

"ကိုထွန်းလူပြောသလို ဟင်းနံ့တော့ရသားဗျ"

"ဒါဆိုရင် ဒီမှာပဲ ထမင်းယူစားတယ်ဆိုတာ သေချာပြီပေါ့၊ ဟုတ်လား အိုင်ပီ"

"အင်း၊ လက်ခံရမလိုဖြစ်နေပြီဗျို့၊ ကိုဘဦး ခင်ဗျား ဘယ်လို သဘောရသလဲဗျ"

ကိုဘဦးက မေးဖျားကိုကိုင်လျက် သူ၏လက်ညှိုးကလေးမှာ မေးပေါ်သို့တခေါက်ခေါက် ပုတ်ခတ်နေရင်း နက်နက်နဲနဲစဉ်းစားနေပြီးမှ ...

"သေသူဟာ မနေ့ကညနေစာကို ဟောဒီဘုရားခန်းထဲ ယူလာပြီး တရားခံကိုကျွေးခဲ့တယ်ဆိုတာတော့ သေချာသလောက်ဖြစ်နေပြီဗျာ၊ ဒါပေမယ့်"

သူစကားမဆုံးခင် ကိုထွန်းလူ ဖြတ်မေးလိုက်သည်။

"ကိုဘဦး၊ ခုန ကျုပ် နားစိုက်ထောင်နိုင်းချိန်မှာ ခင်ဗျား ဘာသံကြားလဲ"

"ဟင့်အင်း၊ ဘာသံမှ မကြားရဘူး"

"ကိုသာကျော်ရော"

"ကျွန်တော်လည်း မကြားမိသလိုပဲ အိုင်အေး"

သူလက်ဖျောက်တစ်ချက်တီးလိုက်၏။ သူ့အယူအဆမှန်ကြောင်း သေချာသွားပြီဟု သတ်မှတ်လိုက်ခြင်းဖြစ်သည်။

"ခင်ဗျားတို့တော့ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်ပြီဗျို့ ကတောင်းကျိုက်နဲ့ဖင်နဲ့တော့ လွဲနေပြီ၊ ခု ခင်ဗျားတို့ဖမ်းထားတဲ့ ဦးပန်းတိုင်ဟာ တရားခံမဟုတ်ဘူးဗျ၊ တရားခံအစစ်က အရပ်ပုပု၊ ဗလကောင်းကောင်း၊ ဆံပင်နီနီနဲ့ ညှ



ခြေခွင်နေတဲ့သူပဲ၊ သူ့ခြေထောက်ကမြေနီဟာ ဂဝံဆန်တဲ့ မြေမျိုးဖြစ်တယ်၊ ဒီအရပ်မှာ သဲနုန်းမြေပဲရှိတာမို့ သူ ဒီက လာတာမဟုတ်ဘူး၊ မြစ်ကမ်းချောင်းကမ်း ဂဝံမြေရှိရာအရပ် ကလာကြတာပဲ၊ ကဲ ကျုပ်တို့ ဦးပန်းတိုင်ဆီ သွားကြစို့ဗျာ"

ကျွန်ုပ်တို့လည်း အင်းစိန်စီအိုင်ဒီမှ ကားကလေးနှင့် ဇဟန်း ...သို့ ထွက်လာခဲ့ကြသည်။

ဇဟန်းဂိတ်ရောက်သောအခါ ဌာနအုပ်ဦးလှဘူးက ကျွန်ုပ် ...ကိုကြိုဆိုပြီး သူ့ရုံးခန်းသို့ခေါ်သည်။

"ဟာ ကိုထွန်းလူတို့ ရောက်လာကြပြန်ပြီ၊ လာလေဗျာ ကျွန်တော့်အခန်းမှာ လက်ဘက်ရည်လေးဘာလေး သောက်ကြရအောင်"

"အင်း ... ဗိုက်ထဲကတော့ဆာနေပြီ၊ သောက်လည်းသောက်ချင်တယ်၊ တရားခံဆိုပြီး ခင်ဗျားတို့ဖမ်းထားတဲ့ ဦးပန်းတိုင်နဲ့လည်း တွေ့ချင်သေးတယ်"

"ဒါလွယ်ပါတယ် အိုင်အေးရာ၊ ကိုလှဘူးရုံးခန်းမှာ လက်ဘက်ရည်သောက်ရင်း ဦးပန်းတိုင်ကို ရုံးခန်းထဲခေါ်တွေ့လိုက်ရုံပေါ့"

ကျွန်ုပ်ကိုယ်တိုင် ဝမ်းသာနေပြီဖြစ်သောကြောင့် အကောင်း

ဆုံး တစ်ချက်ခုတ်နှစ်ချက်ပြတ် အစီအစဉ်ကို ပြောလိုက်မိခြင်းဖြစ် သည်။ ကျွန်ုပ်ပေးလိုက်သောအကြံကို ကိုထွန်းလူလက်ခံပြီး ဌာနအ ရုံးခန်းထဲသို့ ရောက်လာခဲ့ကြ၏။ ကိုလှဘူးလည်း မုလိပ်ကလေးတ ယောက်ကို လက်ဘက်ရည်ဝယ်ခိုင်းပြီး ဆားပုလင်းတစ်ယောက် တရားခံထုတ်လာခဲ့ရန် အမိန့်ပေးလိုက်သည်။

ကျွန်ုပ်တို့ကုလားထိုင်များတွင် ထိုင်မိကြသောအခါ ကိုလှ က သူ့ထိုင်ခုံရှိရာလျှောက်လာရင်း "ဘယ့်နှယ့်လဲဗျ၊ ဒီအမှုရဲ့အမ တရားခံဟာ ပန်းတိုင်ဆိုတာ ကိုထွန်းလူလက်ခံသွားပြီ မဟုတ်လား ဟု အားလုံးကိုတစ်ချက်စေ့ကြည့်ပြီး ပြောလိုက်သည်။ ထိုင်ပ ယောက်က စကားမပြန်မပြောခင် ကိုထွန်းလူက ခေါင်းကိုလေး ပင်ပင်ခါရင်း ပြောသည်။

"ကျုပ်မေ့သွားတယ် ကိုလှဘူး၊ ဦးပန်းတိုင်ကို လက် မခတ်ဘဲခေါ်လာဖို့ မှာလိုက်ရဘူး"

"ဆောရီး အိုင်အေး၊ မရဘူးဗျ၊ ဒါ တရားခံကို တရား မမြင်တာပဲ၊ ပြီးတော့ ပန်းတိုင်ဟာ သာမန်တရားခံမဟု ဘူး၊ မိန်းကလေးတစ်ယောက်ကို မုဒိမ်းမကျင့်မီ လက် လိုသေတဲ့အမှု၊ လူသတ်မှုကြီးဗျ"

"ခင်ဗျားလည်း ကိုသာကျော်နဲ့ တစ်လေတည်းပါပဲလ



ကိုလှဘူး ဘာပဲဖြစ်ဖြစ်သူ့ကိုတော့ လက်ထိပ်မခတ်စေချင် ဘူး"

"ခတ်ပါစေ မိတ်ဆွေ၊ ကျုပ် အခတ်ခံနိုင်ပါတယ်၊ သတ္တ ဝါမှာ ရှောင်လွှဲလို့မရတဲ့ ကံအကျိုးပေးတွေ ရှိနေတတ်ပါ တယ်လေ၊ ကျုပ် လက်ထိပ်ခတ်ခံရမယ့်အချိန်မှာ မခတ်နဲ့လို့ ပြောလို့ကိုရနိုင်မှာမဟုတ်ပါဘူး၊ ခုလိုခတ်ခံလိုက်တာ ကောင်း ပါတယ်၊ ခတ်တဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်"

စကားတပြောပြောနှင့် ရုံးခန်းထဲဝင်လာသူမှာ ဦးပန်းတိုင်ပင် ဖြစ်ရမည်ဟု ကျွန်ုပ်ခန့်မှန်းမိလိုက်သည်။ လက်နှစ်ဘက်ကို ရှေ့ချ ကာ လက်ထိပ်တန်းလန်းနှင့် ဖြစ်သည်။ သူ့မျက်နှာက အပြုံးမပျက် ပေ။ မည်သူ့ကိုမှလည်း အပြစ်တင်ဟန်မရှိ။ သူ့ကံအကြောင်းတရားကို သာ ပြောနေရှာသည်။

"ခုန်း ... ဘာလဲ ... ခင်ဗျားက ... ကျုပ်တို့ကိုရွဲ့နေ တာလား"

ဆားပုလင်းသည် စားပွဲကိုလက်ဝါးနှင့်ရိုက်ကာ ဒေါသတ ကြီးပြောလိုက်၏။ ဦးပန်းတိုင် [illegible] ကိုခပ်ရိုက်ရိုက် တစ်ချက်ကြည့် သည်။ မျက်နှာတွင် ဒေါသဖြစ်သွားဟန်မရှိ။ တည်ငြိမ်စွာဖြင့်ရပ်နေ သည်။

"ကျွပ် ဘယ်သူ့ကိုမှ မရွဲ့ပါဘူးမိတ်ဆွေ၊ အမှန်အတိုင်းပြော
တာပါ"

ကိုထွန်းလှက ခုလွတ်တစ်လုံးလှမ်းယူပြီး သူ့လက်ထဲကက်၍
ဆွဲပေးရင်း "ဒီမှာထိုင်ပါ ဦးပန်းတိုင်၊ ခင်ဗျားကိုတွေ့ချင်တာ ကျွပ်
ျ၊ သူတို့မဟုတ်ဘူး၊ ဒီမှာ ဆားပုလင်း ... သူ့လက်ထဲက လက်ထိပ်
ကို ဖြုတ်ပေးလိုက်ပါကွာ" ဟုပြောလိုက်သောကြောင့် ဆားပုလင်း
က ကိုထွန်းလှစကားကို နားထောင်သင့်မသင့် ဗွာနအုပ်ဦးလှဘူးကို
ပှမ်းကြည့်သည်။

"ဒီတရားခံအတွက် ခင်ဗျားတာဝန်ယူသလား ကိုထွန်းလှ"
ဝှမေးရာ ကိုထွန်းလှ ခေါင်းညိတ်ပြလိုက်သောကြောင့် "ဒါဆို ဖြုတ်
ပးလိုက်ကွာ၊ တစ်ခုခုဖြစ်ရင် ခင်ဗျားတာဝန်နော်" ဟု ဆက်ပြော
န့်သည်။ ကိုထွန်းလှ ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးနေပြီး ဦးပန်း
ိုင်လက်မောင်းမှကိုင်ကာ ခုံတွင်ထိုင်စေ၏။ ဆားပုလင်းလက်ထိပ်
ုတ်ပေးလိုက်၏။

"ဦးမင်းကို ကျွပ် တစ်ခုလောက်ပြောပါရစေ၊ မနေ့ညနေ
က ဦးမင်းရဲ့အိမ်မှာဖြစ်ခဲ့တဲ့ လူသတ်မှုအတွက် ဦးမှာ တာ
ဝန်ရှိတယ်ဆိုရင် ဦးမင်း ဘာပြန်ပြောမလဲ"

"မှန်ပါတယ်၊ ကျွပ်မှာ တာဝန်မကင်းပါဘူး"



"ကောင်းပြီ၊ နောက်တစ်ခုက ဒီအမှုမှာ ဦးမင်းဟာ ကာ
ယကံ၊ ဝစီကံ၊ မနောကံ တစ်ခုခုနဲ့ ပါဝင်ပတ်သက်နေတယ်
ဆိုရင် ဘယ်လိုပြောမလဲ"

"မဟုတ်ဘူးလို့ပဲ ပြန်ပြောရမှာပါ၊ ကျွပ် သိကိုမသိလိုက်
ပါဘူး"

"နောက်တစ်ချက်က ဒီအမှုရဲ့တရားခံဟာ ဦးပန်းတိုင်ပါလို့
ကျွပ်ပြောရင် ဦးမင်း ဘာပြန်ပြောမလဲ"

"မဟုတ်ပါဘူး၊ ကျွပ် လူမသတ်ပါဘူး"

"ကျွပ်ပြောတာ အာရုံစိုက်နားထောင်ပါ၊ ဦးမင်း မနေ့ညနေ
က အိမ်ကြီးပေါ်မှာ ဦးမင်းရှိနေတယ်၊ ညနေသုံးနာရီလောက်
ကြတော့ သေသူမိန်းကလေး ရောက်လာတယ်"

"သူ့နာမည် မတင်မေပါ"

"ဟုတ်ပြီ၊ မတင်မေရောက်လာတယ်၊ ဘုရားခန်းထဲက ဦး
မင်းဆီလာတော့ ဦးမင်း ခါးနာနေတယ်ဆိုလို့ မတင်မေက
ဦးမင်းကို ဆေးလိမ်းပေးတာလား၊ နှင်းပေးတာလားလုပ်
တယ်"

"ခါးကို ဆေးလိမ်းပေးတာပါ"

"ပြီးတော့ ဟင်းချေးပြီး ဦးမင်းကို ထမင်းကျွေးမလို့ မီးဖိုခန်း

ကိုပြန်ရောက်သွားတယ်၊ ထမင်းလာကျွေးတော့ အဲ့ဒီဘုရား
ခန်းမှာပဲ လာကျွေးတယ်၊ နောက် သူပြန်ထွက်အသွားမှာ
ဦးမင်း သူ့နောက်လိုက်သွားပြီး အခင်းဖြစ်တဲ့အခန်းရှေ့
လည်းရောက်ရော အခန်းထဲဆွဲသွင်း၊ မတရားလုပ်ဖို့ကြံ
မိန်းကလေးက ရုန်းတော့ စိတ်မရှည်တာနဲ့ လည်ပင်းညှစ်မိ
ရာက မိန်းကလေး သေသွားရတယ်ဆိုရင်ရောဗျာ"

"ကျုပ်ကို ထမင်းလာကျွေးပြီး တင်မေပြန်ထွက်သွားတော့
ကျုပ်ထမင်းစားရင်း ကျန်ခဲ့ပါတယ်၊ နောက်ပိုင်းကိစ္စတွေ
မသိတော့ပါဘူး၊ ကျုပ်မှန်ရာကို ဝန်ခံပြောရရင် ကျုပ်ဟာ
ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကဆရာဘုန်းကြီး
ရဲ့စကားကို မြေဝယ်မကျနားထောင်ခဲ့တယ်၊ မင်္ဂလာသုတ်
ပရိတ်တော်ကို ဆရာတော်သင်ပေးတဲ့အတိုင်း ပါဠိရောအနက်
ပါ အာရုံဆောင်ခဲ့တယ်၊ ခုထိမမေ့ပါဘူး မိတ်ဆွေ၊ ဒီအပြ
ကျုပ်စိတ်ကူးထဲမှာ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ မင်္ဂ
သုတ်ပရိတ်တော်ဟာ လောကီ၊ လောကုတ်နှစ်ဖြာသော
ကောင်းကျိုးကိုပေးစေမှာ အမှန်ပဲလို့ ယုံကြည်ခဲ့တာကြော
ကျုပ်တစ်ဘဝလုံး မင်္ဂလာသုတ်ပါဆုံးမစကားတွေနဲ့ တည်
ဆောက်ခဲ့တာပါ"



"အင်း မဆိုးဘူးဗျ၊ ကိုထွန်းလှ ... တရားခံရဲ့ဘဝနောက်ကြောင်းကို သိထားရရင် ပိုကောင်းမယ်၊ ဒီတော့ ဖန်းတိုင်မောင်မင်းရဲ့နောက်ကြောင်းကို ပြောပြနိုင်မလား"

ကိုလှဘူးက ဗျူရိုကရက်အရာရှိကြီးဟန်ဖြင့် ဦးဖန်းတိုင်ကို ပြောလိုက်သည်။ အမှန်တော့ ဦးဖန်းတိုင်မှာ သူ့ထက် နှစ်-၂၀ခန့် ပိုကြီးသည်။

"ဟုတ်ကဲ့၊ ကျုပ်အကြောင်းကို ဌာနအုပ်မင်းသိချင်တယ်ဆိုရင်တော့ ပြောပြပါ့မယ်"

¤ ¤ ¤

မင်္ဂလာဟူသည်
ကုသိုလ်တရား တိုးပွား ရင့်ကျက်မှုဖြစ်သည်။



## ဝတုတ်မှ ပန်းတိုင်

ကျွန်မနာမည် ဝတုတ်ပါ…။

ကျွန်မအဖေက ဦးပေသီး၊ ကျွန်မအမေက ဒေါ်မြရှင်ပါ။ ကျွန်မမွေးစက ဝဝတုတ်တုတ် အရမ်းကိုချစ်စရာကောင်းတာကြောင့် ရွာထဲကလူတွေ "ဝတုတ်" လို့ခေါ်ရာက နာမည်တွင်သွားခဲ့တာပါ။ အဖေတို့ကလည်း ကျွန်မနာမည်ကို ဘာမှထပ်မပေးတော့ ဝတုတ်ကျွန်မ (ကိုယ့်ကိုယ်ကိုမို့ပြောတာ မဟုတ်ပါဘူး) တော်တော် ချစ်စရာကောင်းသတဲ့။

မွေးပြီးခြောက်လလောက်မှ ကျွန်မတို့ မန္တလေးနေပြည်တော်ကို ကုလားတွေ တက်သိမ်းလိုက်ကြတာ အရှင်နှစ်ပါးမျာလည်း ကုလားပြည်ကို ပါသွားပါလေရော။

အဲဒီတော့ မြို့ရွာတွေ မငြိမ်မသက်ဖြစ်၊ တောကြောင်တွေ လက်ခမောင်းခတ်ကြပြီပေါ့။

ကုလားဖြူတွေဟာ နေပြည်တော်ကိုသာ သိမ်းပိုက်လိုက်နိုင်တာ။ နယ်စွန်နယ်ဖျား၊ တောရော၊ မြို့ပါ သူတို့ မထိန်းချုပ်နိုင်ကြဘူး။ မွေးပြီး ငါးနှစ်ကျော်ကျော် ခြောက်နှစ်ထဲရောက်နေတဲ့တစ်နေ့ပေါ့။ အဘနဲ့အမေဟာ ကျုပ်ကို ရွာဦးကျောင်းဆရာတော် ဦးသောဘိတဆီမှာ ကျောင်းသားအဖြစ် ပို့ဖို့စီစဉ်နေတုန်း …

“ဗျို့ … ကိုပေသီး … ဘာလုပ်နေလဲဗျ”

အဘတို့အိမ်ဝိုင်းဟာ ပေ ငါးဆယ်ပါတ်လည်လောက်ရှိမယ်။ အဘတို့က အိမ်ရှေ့မှာ ပေ-၂၀ လောက်ချန်ပြီးဆောက်ထားတဲ့ ဓနိမိုး၊ ဝါးကြမ်းခင်းအိမ်ကလေးဖြစ်တယ်။ ဒီတုန်းက အဘဟာ အသက် ၃၀တောင် မပြည့်သေးဘူး။ အမေကတော့ နှစ်ဆယ့်ငါးလောက်ပဲ ရှိသေးတယ်။ ကျုပ်အမေဟာ ရွာမှာတော့ အချောဆုံးအလှဆုံး ကွမ်းတောင်ကိုင်ပဲ။

အညာသူဆိုတော့ အသားညိုတာပေါ့။ သူညိုတဲ့အသားက ညက်ပြီးညိုတာမို့ ဆရာတော်ပြန်ပြောပြတာတော့ ညိုပြာညက်တဲ့အင်း ဒါတွေထားလိုက်ပါလေ။

အဘရယ်၊ အမေရယ်၊ ကျုပ်ရယ် သုံးယောက်ထိုင်နေတုန်း



အိမ်ရှေ့ခြံပြင်ကခေါ်သံကြောင့် အဘ အပြင်ကိုလှမ်းကြည့်လိုက်ပြီး …

“ဟော … ဘယ်သူလဲ … ညီကြီး … ဟော့ကောင် … မင်း ဘယ်တုန်းက ရွာရောက်သလဲကွ”

“မနေ့ညကပဲ ပြန်ရောက်တာ၊ မင်းကလေး တော်တော်ကြီးပြီဆို”

ပြောပြောဆိုဆို ညီကြီးဆိုတဲ့လူကြီး ခြံထဲဝင်လာပါတယ်။ အရပ်မြင့်မြင့် အသားမည်းမည်း နှုတ်ခမ်းမွေးရေးရေးနဲ့ သူ့လက်ထဲမှာ ဓါးတစ်လက်ကို ဓါးအိမ်နဲ့ကိုင်ထားတယ်။ နောက်မှ လူသုံးယောက် ပါလာသည်။

“အေးကွ၊ ဟောဒီမှာလေ … ခြောက်နှစ်ရှိပြီ၊ ဒါကြောင့် ဆရာတော်ကျောင်းကို ပို့ဖို့တိုင်ပင်နေတာ”

ညီကြီး အိမ်ဆီလှမ်းဝင်လာတဲ့အခါ အမေထပြီး အခန်းထဲ ဝင်သွားပါတယ်။ ညီကြီးက ကျုပ်တို့သားအဖအနီးရောက်လာပြီး ကျုပ်ကို သူ့ဆီလာဖို့ခေါ်ပေမယ့် ကျုပ်ကြောက်လို့ မသွားခဲ့ပါဘူး။

“သား … လာလေကွာ၊ ချစ်စရာကြီးပါလားကွ၊ လာပါဦး၊ ဦးဆီလာပါ”

“သွားလိုက်ပါသားရယ်၊ ဦးက ချစ်လို့ခေါ်နေတာ”

“ကျုပ် မသွားချင်ဘူး အဘ၊ သူ့ကို ကြောက်တယ်”

ကျုပ်စကာကြောင့် ဦးညိုကြီး ဒေါသဖြစ်သွားပုံရတယ်။ ပြီးတော့မှ အဘဘက်လှည့်ပြီး "ပေသီး မင်းနဲ့ငါ စာရှင်းရှင်းဖို့ရှိ သေးတယ်နော်၊ မမေ့နဲ့" လို့ပြောပြီး သူ့လူတွေကို "သွားစို့" လို့ ပြောလိုက်တာနဲ့ သူ့လူတွေ သူ့နောက်လိုက်သွားကြသည်။

ဘာတွေ ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်မသိပေမယ့် နောက် တစ်ပါတ်လောက်အကြာ အဘနဲ့အမေ ကျုပ်ကို ဆရာတော်ကျောင်း လိုက်ပို့ကြပါတယ်။

"ဟော့ ... ဘာလဲကွ ... ပေသီး"

"တပည့်တော်တို့သားလေးပါဘုရား၊ ဆရာတော်ဘုရားဆီမှာ ကျောင်းလာအပ်တာပါ"

"ပေသီး ...နင့်သားအသက် ဘယ်လောက်ရှိနေပြီလဲ"

"ခြောက်နှစ်ပါဘုရား၊ ၁၂၄၇ ခုနှစ်၊ ဝါဆိုလဆန်း ငါးရက် အင်္ဂါနေ့မှာ မွေးတာပါ"

"အင်း ... အောင်လံထူစစ်သူကြီးပွဲ၊ အင်္ဂါသားဆိုတော့ သိုက်ဖွား၊ ဖွားဇာတာမဆိုးလှပါဘူး၊ ပညာနှာခံအဓိပတိ စနေထွန်းနေတော့ မင်းသားဟာ ကြီးပွားမယ့်ကလေးပဲ၊ အင်း မိဘ ကံမကောင်းရှာပေဘူး၊ တနင်္ဂနွေနဲ့ တနင်္လာ ပု ဘင်္ဂဖြစ်နေတယ်၊ ပျက်ကိန်းရှိတယ်၊ ခု ငါ့ဆီပို့ထား တာ



ကောင်းပါတယ်ကွာ၊ ကလေးပေမယ့် တနင်္ဂနွေနံ အမျက်က အိုးပျက်၊ အိမ်ပျက်ကိုပါ ညွှန်းနေတော့ ငါ့ကျောင်းမှာလာ ထားလိုက်ရင် ယတြာချေသလို ဖြစ်ရတာပေါ့"

"မှန်ပါ့ဘုရား တပည့်တော်ကတော့ ဘာတွေညာတွေ နား မလည်ပါဘူး၊ ဒါပေမယ့် ခြောက်နှစ်ရှိပြီမို့ သေစာရှင်စာ ကလေးများတတ်အောင် ..."

"အမည် ဘယ်လိုပေးတာလဲ မြှင့်"

"သူငယ်ငယ်က ဝတုတ်တုတ်ကလေးမို့ တပည့်တော်တို့ ဝတုတ်လို့ ချစ်စနိုးခေါ်ရာက ဝတုတ်အမည်ပဲ တွင်နေပါ တယ်ဘုရား၊ တခြားနာမည် မရှိပါဘူး"

"ဒါဆို ငါနာမည်ပေးရမှာပေါ့၊ ငါ့လူက မဆုတ်မနစ်ခွဲနဲ့ ပန်းတိုင်ရောက်အောင် သွားမယ့်ကောင်မို့လို့ ကြာသပတေး၊ စနေ မွှာဆိုတဲ့ရုံနံ့ခေါ်ကိုပဲ ပေးလိုက်မယ်၊ ပေသီးရဲ့မြှင့် ဒီနေ့ကစလို့ နင့်တို့သားနာမည် ဝတုတ်မဟုတ်တော့ဘူး၊ ပန်းတိုင်ဖြစ်သွားပြီ ..."

"ပန်းတိုင် ... ကောင်းပါတယ်ဘုရား"

"တပည့်တော်မတို့ ကြိုက်ပါတယ်ဘုရား"

"ကြိုက်ရမှာပေါ့၊ ငါ့တပည့်က ပန်းတိုင်အရောက်သွားမယ့်

လူမို့ ဒီနေ့ကစပြီး ပန်းတိုင်ဆိုတဲ့နာမည်တွင်သွားပြီ၊ တပည့်
မင်းနာမည် ပန်းတိုင်နော်၊ ပြန်ပြောစမ်း ... ဘယ်သူလဲ"

"ပန်းတိုင်ပါ ဘုရား"

အဲဒီနေ့မှာ ကျုပ်ဘဝဟာ ဝေတုတ်ဆိုတဲ့နာမည်ပျောက်ပြီး ပန်းတိုင်ဆိုတဲ့ နာမည်ရောက်ခဲ့ရပါတယ်။ ဆရာတော် ဖေဒင်တွေ ပေးလိုက်တာကလည်း ဒက်ခနဲနေအောင်မှန်လွန်းလို့ ကျုပ် အရမ်းတွေ ကျွဲခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ် ကျောင်းအိပ်ကျောင်း စားနေတာ သုံးလလောက်ရှိတော့ ကျုပ်အဘနဲ့အမေတို့ လူသတ် ထိုက်ရတယ်။

သတ်သွားတဲ့သူတွေက ညီကြီးတို့လူသိုက်ဆိုတာ တစ်ရွာ သိပေမယ့် မပြောဝံ့ကြပါဘူး။

ဘာကြောင့်လဲဆိုတော့ ညီကြီးဟာ အဲဒီနယ်မှာ လူဆိုး မိုက်တွေမွေးပြီး ဓါးပြတိုက်နေတဲ့သူမို့လို့ပါပဲ။ ကျုပ်လည်း ဆရာ တော်ရဲ့မွေးစားသား ဖြစ်မှန်းမသိဖြစ်သွားရပါတယ်။

¤ ¤ ¤



စကားခြောက်ခွန်း
ယှဉ်တွန်းလည်း
လေးခွန်းပြောလေ
ချစ်မိတ်ဆွေ....။ ။

## ကောင်းသောစကားကို ပြောပါလေ

"လက်ဖက်ရည်ရပါပြီ ဆရာ"

ပုလိပ်ကလေး လက်ဘက်ရည်ခွက်များကိုင်ကာ ရုံးခန်း... လှမ်းပြောလိုက်သောကြောင့် ဌာနအုပ်ကိုလှဘူးက "အေး ... ယူ... လေကွာ" ဟုပြောလိုက်သည်။ လက်ဘက်ရည်ခွက်များ စားပွဲပေါ်... လာချပေးသောအခါ ဦးပန်းတိုင်အတွက် တစ်ခွက်လိုနေသောကြောင့် ကိုထွန်းလူက သူ့ခွက်ကို ဦးပန်းတိုင်ရှေ့ လှမ်းချပေးလိုက်သည်။

"သောက်ပါ ဦးပန်းတိုင်၊ လက်ဘက်ရည်သောက်ပြီး... ဆက်ပြောကြတာပေါ့၊ ဦးမင်းအကြောင်းက တော်တော် စိ... ဝင်စားဖို့ကောင်းတာပဲ"

"ကောင်လေး ... လက်ဘက်ရည်ရှိသေးလားကွ"



"ဟုတ်ကဲ့ ... ရှိပါသေးတယ် ဌာနအုပ်မင်း၊ ကျွန်တော် တစ်ခွက် ထပ်ယူခဲ့ပါ့မယ်"

ပုလိပ်လေး ထွက်သွား၏။

ကျွန်ုပ် လက်ဘက်ရည်တစ်ငုံနှစ်ငုံသောက်ပြီး စီးကရက်တစ်... မီးညှိလိုက်သည်။ ပုလိပ်များသည် တရားခံကို ဤမျှလောက် ...တစိုက်ပြုလေ့မရှိပါ။ ယခု ကိုထွန်းလူက ဂရုတစိုက် ပြုလုပ်နေ...သောကြောင့် မလွဲသာ၍ သည်းခံနေရခြင်း ဖြစ်သည်။

ဦးပန်းတိုင် လက်ဖက်ရည်ခွက်ကို မော့သောက်လိုက်၏။ ...ထွန်းလူက အတန်ကြာအောင် တွေတွေကြီးစဉ်းစားနေရာမှ ရုတ်...တက် မေးခွန်းတစ်ခု မေးလိုက်သည်။

"ဦးမင်း တင်မေ့ကို သတ်တဲ့တရားခံကို သိတယ်မဟုတ်လား"

လက်ဘက်ရည်ခွက်မော့ရန် ယူလာသောလက်သည် လမ်း၌... ...နံ့ခနဲဖြစ်သွား၏။ ကိုထွန်းလူကို နားလည်စွာကြည့်လိုက်သည်။ ...ချုပ်တို့အားလုံးကို တစ်ကြိမ်စေ့ကြည့်လိုက်ပြီး လက်ဘက်ရည်ခွက်ကို ...ချလိုက်၏။

"မဟုတ်မှလွဲရော ...ကြားဖူးနေတဲ့ အမိန့်တော်ရထွန်းလူ ဆိုတာ မောင်ရင်ပဲမှတ်တယ်၊ ဒီအမှုကို မောင်ရင်လိုက်ရင် ပေါ်မှာပါ၊ ကျုပ်မသိတာ အမှန်ပါကွယ်"

"သေချာပေါက်မသိပေမယ့် ထင်နေတဲ့လူတစ်ယောက်တော့ ရှိမယ်ထင်ပါတယ်"

သူ ခေါင်းကိုလေးလေးတွဲတွဲခါရင်း ဘာစကားမှပြန်မပြော ဘဲ ခွက်တွင်းမှ လက်ကျန်လက်ဘက်ရည်ကို အကုန်မော့သောက်သည်။ စကားဝိုင်းသည်လည်း ခေတ္တတိတ်ဆိတ်သွား၏။ ပုလိပ်ကလေးလာချ ပေးသော လက်ဘက်ရည်ပူပူကို တစ်ငုံမှုတ်သောက်ရင်း ကိုထွန်းလူ သူ့ကို အကဲခတ်နေသည်။

"အိုင်ဆေးကတော့ ဒီအဖိုးကြီးကို တရားခံမဟုတ်ဘူးလို့ တည့်တည့်ကြီးကို ပြောနေတော့တာပါလား"

"ဟုတ်မှ မဟုတ်ဘဲကိုးဗျ ကိုလူဘူးရဲ၊ တကယ့်တရားခံက ထွက်ပြေးနေတာဆိုတော့ လောလောဆယ် သူ့ကိုပဲ ခင်ဗျား တို့က တရားခံစာရင်းသွင်းလိုက်တာကို"

"ကျုပ် တစ်ခုပြောပါရစေ အမိန့်တော်ရမင်း၊ ကျုပ်က မင်္ဂလသုတ်ကို လက်ကိုင်ထားသူဖြစ်လေတော့ မင်္ဂလသုတ် ပါ အခန်း(၁၀)ကိုရွတ်ပြပါ့မယ်၊ သုဘာသိတာစ ယာဝါစ နှုတ်ထွက်စကားဟာ သာယာပြီးအပြစ်အနာအဆာကင်းတဲ့ စကားကောင်းပြောဆိုရခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ"

သူ့စကားဆုံးသည်နှင့် ကိုထွန်းလူက "သုဘာသိတာ၊ ဝိယ ဝါစာ၊ သစ္စာဓမ္မ၊ ဤလေးဝ မှတ်ကြပတ္တိတာ" ဆိုတဲ့ စကားအင်္ဂါ လေးပါးအကြောင်း ဆက်ရှင်းပါဦး ဦးမင်းဟုပြောလိုက်ရာ ဦးပန်းတိုင် သည် ကိုထွန်းလူကို လေးစားစွာကြည့်နေ၏။

"ဒါကြောင့်လည်း အမိန့်တော်ရမင်းဆိုတဲ့ ကိုထွန်းလူ နာမည် ကြီးပေတာပဲ၊ ကျုပ်လည်း စကားအင်္ဂါလေးမျိုး ဆက်ပြော တော့မှာကို ခင်ဗျားသိနေတယ်"

"မှန်းဆကြည့်တာပါ ဦးမင်း၊ ကျုပ်အလုပ်က ဘယ်အရာ မဆို မှန်းဆကြည့်ရတဲ့အလုပ်ပဲ၊ မှန်းဆချက်မှန်ပါမှ လုပ် ဆောင်ချက်မှန်မယ်လေ၊ မှန်းဆချက်မှားရင် လုပ်ဆောင်ချက် မှားပြီးတော့ ခု ဦးမင်းကို တရားခံဆိုပြီးဖမ်းသလို မှားဖမ်း ခဲ့ရင် တစ်ဘက်သားမှာ ဘယ်လောက်နစ်နာသလဲ၊ အချိန် ကုန်ငွေကုန်၊ လူပင်ပန်း၊ စိတ်ပင်ပန်း၊ နာမည်ပျက်၊ သိက္ခာ ကျ ဘာတစ်ခုမှကို မကောင်းပါဘူး၊ ကဲပါလေ ဦးမင်း စကားကို ဆက်ပါဦး"

"လေးစားပါတယ် အမိန့်တော်ရမင်း၊ နံပါတ်တစ်က သုဘာ သိတာဝါစာစကားပဲ၊ ပြေပြစ်ညင်သာ ကြည်ကြည်လင်လင်နဲ့ ကိုယ်အတွက်လည်းအပြစ်မရှိ၊ သူတစ်ပါးလည်း အကျိုးများ စေမယ့်စကားမျိုး၊ နောက်တစ်ခုက ဝိယဝါစာတဲ့၊ မေတ္တာကို

အခြေခံပြီး ချစ်ဖွယ်သောစကား၊ သစ္စာစကားဆိုတာကတော့ လူတိုင်းသိပါတယ်ကွယ်၊ ဖြောင့်မတ်တည်ကြည်ပြီး မှန်ကန်တဲ့စကားနဲ့ ဥတ္တမဝါစာ - လောကကြောင်း၊ ဓမ္မကြောင်းမှာ လောကကြောင်းကိုချန်လှပ်ပြီး ဓမ္မကြောင်းဖြစ်တဲ့ ဆိုမှာ သေနဲ့ ဆင်းရဲကင်းတဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်စေတဲ့ ဒါ... စကား၊ သီလစကား၊ ဘာဝနာစကားတွေ ပြောဆိုခြင်းပဲ"

"ဆက်ပြောပါ ဦးပန်းတိုင်"

ဥာနအုပ်ကိုလှဘူးက တားမြစ်မည်စိတ်ကူးသော်လည်း ကို... ထွန်းလှက ဆက်ပြောစေသောကြောင့် အသာငြိမ်၍ နားထောင်... လိုက်သည်။

"ဒီကနေ့လောကမှာ စကားပုံစံ (၆)မျိုးပဲရှိတယ် မောင်... တို့ရဲ့၊ အဲဒီစကား(၆)ခွန်းမှာ ပြောသင့်တာက နှစ်မျိုးပဲ... တယ်၊ နံပါတ်တစ်က မဟုတ်မမှန်၊ အကျိုးမရှိ၊ ကြားရ... မနှစ်သက်တဲ့စကား၊ နှစ်က မဟုတ်မမှန် အကျိုးမရှိ ကြား... သူနှစ်သက်သည့်စကား၊ သုံးက ဟုတ်မှန်ပေမယ့် အကျိုးမ... ကြားရသူလည်း မနှစ်သက်တဲ့စကား၊ နောက်နံပါတ်လေး... ဟုတ်မှန်တယ်၊ အကျိုးမရှိ၊ ကြားရသူနှစ်သက်တဲ့စကား... ငါးက ဟုတ်မှန်အကျိုးရှိပြီး ကြားရသူမနှစ်သက်တဲ့စကား...



နောက်ဆုံး နံပါတ်ခြောက်က ဟုတ်မှန်ပြီးအကျိုးလည်းရှိတယ်၊ ကြားရသူ နှစ်သက်တဲ့စကားမျိုးတွေပဲ"

"ဒီစကားခြောက်ခွန်းမှာ နှစ်ခွန်းပဲပြောအပ်တယ်လို့ ဆိုတယ် မဟုတ်လား ဦးမင်း၊ အဲဒီနှစ်ခွန်းက ဦးမင်းပြောတဲ့ နံပါတ် (၅) နဲ့ (၆) ပါပဲ"

"ဟုတ်ပါတယ်၊ မောင်ရင်ပြောတဲ့စကားဟာ မှန်တယ်။ ပြီးတော့ အကျိုးရှိတယ်၊ ဒါပေမယ့် ကြားရသူမနှစ်သက်ဘူး ဆိုပေမယ့် ပြောရမယ်၊ ဟုတ်မှန်တယ်၊ အကျိုးလည်းရှိတယ်၊ ကြားရသူလည်း နှစ်သက်တယ်ဆိုရင်လည်း ပြောသင့်တာ ပါပဲ၊ ဒါပေမယ့် မောင်ရင်တို့ ကျုပ်ကိုမေးတဲ့မေးခွန်းဟာ နံပါတ်လေးအမျိုးအစားဖြစ်တဲ့ မှန်ပေမယ့် အကျိုးမရှိဘူး၊ ကြားရသူနှစ်သက်နိုင်သလို မနှစ်သက်နိုင်သူတွေလည်း ရှိတယ်၊ ဒါကြောင့် ကျုပ်မပြောပါရစေနဲ့ မောင်ရင်"

ကိုထွန်းလှလည်း လက်ကျန်လက်ဘက်ရည်ခွက်ကို မော့သောက်လိုက်သည်။ ကျွန်ုပ်က မနေနိုင်မထိုင်နိုင် ဝင်ပြောလိုက်၏။

"ကောင်းပါပြီ ဦးမင်း၊ တကယ်လို့ ဦးမင်းသာ အဲဒီအကြောင်းကိုဆက်ပြောလိုက်ရင် ကိုထွန်းလှအတွက် တရားခံ ခန့်မှန်းရလွယ်ကူသွားပါလိမ့်မယ်၊ မပြောရင်လည်း သူ

ရအောင် ဖော်ထုတ်နိုင်မှာပါ၊ ဟုတ်တယ်မဟုတ်လား ကို ထွန်းလူ"

"ဟုတ်တာပေါ့ ကိုအောင်ပွင့်၊ အင်းလေ မပြောတာလည်း ကောင်းပါတယ်၊ ပြောရင် ကျုပ်တရားခံရှာဖို့ လွယ်သွားတော့ စိတ်ဝင်စားဖို့ဘယ်ကောင်းတော့မလဲ၊ ခုလိုဆိုတော့ ရထားတဲ့သဲလွန်စနဲ့ ဆက်စုံထောက်ရတာပေါ့ဗျာ၊ ကဲပါ ဦးယန်းတိုင် ... ခင်ဗျား မပြောချင်မှတော့ မမေးတော့ပါဘူး၊ ခင်ဗျားပြောချင်မယ့် ခင်ဗျားဘဝဇာတ်ကြောင်းလေးကို ဆက်ပြောပါဗျာ"

ဦးယန်းတိုင်သည် သူ့ဘဝဇာတ်ကြောင်းကို လွမ်းစွာပြောချင်နေပုံရသည်။

ကျွန်ုပ်ကလည်း လွမ်းစွာ ကြားချင်နေပါသည်။

ခြောက်နှစ်သားကတည်းက မိဘမဲ့ဖြစ်ကာ ရွာဦးကျောင်းဆရာတော်ထံတွင် ကျောင်းအိပ်ကျောင်းစား ဆရာတော်၏မွေးစားသားအဖြစ် နေခဲ့ရသူတစ်ယောက်။ ၃၈ ဖြာမင်္ဂလာ (မင်္ဂလသုတ်) တရားတော်ပါ လောကီလမ်းညွှန်ချက်များကို လိုက်နာကျင့်သုံးခဲ့သည်။ ထိုသို့ကျင့်သုံးခဲ့သောကြောင့် ရန်ကုန်မြို့၏ ကန်တော်ကြီးပတ်လမ်းတစ်နေရာတွင် လွမ်းစွာအမိုးထိုက်တန်သော တိုက်ခံအိမ်ကြီးတစ်လုံး ခေတ်



အလျောက် နောက်ဆုံးပေါ်ကားတစ်စီး၊ ဇနီးတစ်ယောက်၊ သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် ဘဝကိုတည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်သည်။

မင်္ဂလာတရားတော်ကို သူ မည်သို့ လိုက်နာကျင့်သုံးခဲ့ပါသနည်း။

လောကဓံကို ဖြတ်သန်းရင်ဆိုင်ရာ၌ မည်သည့်အခက်အခဲကို မည်သည့်အချက်နှင့် ဖြေရှင်းခဲ့သနည်းဆိုသည်ကို ကျုပ် သိလိုလှပါပြီ။

ထို့ကြောင့် ကျွန်ုပ် စကားစလာမည့် ဦးယန်းတိုင်ဆီ အာရုံစိုက်လိုက်သည်။

ဦးယန်းတိုင်က သူ၏ဘဝဇာတ်ကြောင်းကို အောက်ပါအတိုင်း ဆက်ပြောပါတော့သည်။

⌑ ⌑ ⌑

လောကီလောကုတ်
အလုပ်နှစ်ဖြာ ကျိုးရှိရာတွက်
အသက်ပမာ မင်္ဂလာသုတ်
နှုတ်ဝိုက်ထုတ်၍
လိုက်နာလေ့ကျက်
မပျက်စေရာ ၃၈-ဖြာ ...။



## လိုအပ်လျှင် အလွတ်ကျက်ပါ

ကျောင်းက တိုင်တစ်ရာကျောင်းကြီး ဖြစ်ပါသည်။

သို့သော် အိုမင်းနေပြီမို့ ကျောင်းတိုင်များ ယိုင်နဲ့နေကြပြီ။

အဆောင်ဆောင်အခန်းခန်းနှင့် ကျောင်းကြီးက အိုမင်းကျ ယ်ဝန်း‌သော်လည်း ကျောင်းထက်တွင် ဆရာတော်ဦးသောဘိတနှင့် ကျောင်းသား မောင်ပန်းတိုင်တို့ စာအံနေကြသည်။

"ယခု အဘယ်စာကို သင်သနည်း"

"မဟာ မင်္ဂလသုတ်ကို သင်ပါသည်ဘုရား"

"ဤမဟာ မင်္ဂလသုတ်၌ အပြား အဘယ်မျှရှိပါသနည်း"

"သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား"

"အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း"

“ဒေသနာ ပရိယောသာန နိဂုံးအဆုံးဖြစ်သော “**ဧတာဒိ[illegible] သာနိ အဋ္ဌိသမင်္ဂလာနိ**” ဟူသော ပါဠိကိုထောက်၍ သိရပါ[illegible] သည်အရှင်ဘုရား”

“အဘယ်မျှသောဂါထာဖြင့် ဟောတော်မူပါသနည်း”

“ဆယ်ဂါထာတို့ဖြင့် ဟောတော်မူပါသည်ဘုရား”

“ဟောတော်မူသော ဂါထာကား အဘယ်ဂါထာများပါ[illegible] နည်း”

“**အသေဝနာစ တစ်ဂါထာ၊ ပတိရူပ တစ်ဂါထာ၊ ဗာဟု[illegible] သသစ္စ တစ်ဂါထာ၊ မာတာပိတု တစ်ဂါထာ၊ ဒါနဉ္စ တစ်ဂါ[illegible] ထာ၊ အာရတီ တစ်ဂါထာ၊ ဂါရဝေါစ တစ်ဂါထာ၊ ခန္တီ[illegible] တစ်ဂါထာ၊ တပေါစ တစ်ဂါထာ၊ ဖုဋ္ဌဿ တစ်ဂါထာ[illegible] ဤဆယ်ဂါထာတို့ဖြင့် ဟောတော်မူပါသည်ဘုရား**”

“အဘယ်အရပ်မှာ ဟောတော်မူသနည်း”

“သာဝတ္ထိပြည်၌ ဟောတော်မူပါသည်ဘုရား”

“သာဝတ္ထိပြည်ဟု အဘယ်ကြောင့်တွင်သနည်း”

“သဗ္ဗံဓနမေတ္ထအတ္ထီတိ ဟု ပါဠိရှိသောကြောင့် ခပ်သိမ်း[illegible] သော လောကီစည်းစိမ်ချမ်းသာ ရတနာပေါင်းတို့သည် လို[illegible] ခဏပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည် ဘုရား”



“သာဝတ္ထိပြည် ဘယ်အရပ်မှာ ဟောတော်မူသနည်း”

“ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူပါသည်ဘုရား”

“ဇေတဝန်ကျောင်းတော်ဟု အဘယ်ကြောင့်ခေါ်သနည်း”

“ဇေတမင်းသား၏ဥယျာဉ်မြေကို ရွှေအသပြာအတိခင်းပြီးလျှင် မြေဖိုးပေး၍ ဝယ်ယူဆောက်လုပ်အပ်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ပါသည်ဘုရား”

“အဘယ်သူ ဆောက်သနည်း”

“အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား”

“အနာထပိဏ်သူဌေးဟု အဘယ်ကြောင့် ခေါ်သနည်း”

“အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာမရှိသောသူတို့ကို ထမင်းရေစာ ပေးတတ်သောကြောင့် အနာထပိဏ်သူဌေးဟု ခေါ်တွင်ပါသည် ဘုရား”

“ယင်းသူကို အဘယ်သူဆိုသနည်း”

“သုဒတ္တ ဆိုပါသည်ဘုရား”

“ဇေတဝန်ကျောင်းတော်သည် သာဝတ္ထိပြည်နှင့်နီးသလော၊ ဝေးသလော၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘက်အရပ် တွင် ရှိသနည်း”

" ဘဂဝါသာဝတ္ထိယံ သာဝတ္ထိနာဂရသ အဝိဒူရေ ဓနုပဥ္စသတေ မဇ္ဈေဒက္ခိဏာဝသော ဟူသော သာဓကပါဠိ ရှိသောကြောင့် သာဝတ္ထိပြည်၏ တောင်အရပ်ဖြစ်သော ကုသလေးတာ၊ အပြန်ငါးရာအရပ်တွင် ဖြစ်ပါသည်ဘုရား"

"ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော၊ စပ္ပါယ်နံလော၊ ဦးပြည်းလော"

"တိ ဘုမ္မိကေသု ဂန္ဓကုဋိသုဟူ၍ သာဓကပါဠိရှိသောကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ဘုံသုံးဆင့်ရှိသော ဇေတဝန်ကျောင်းတော်ဖြစ်ပါသည်ဘုရား"

"အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း"

"အမျိုးအမည်မထင်ရှားသော နတ်သားတောင်းပန်၍ ဟောတော်မူပါသည်ဘုရား"

"အဘယ်ကြောင့် မထင်ရှားသောနတ်သားဟု ဆိုပါသနည်း"

"အထခေါ အညတရာဒေဝတာဟူသော ပါဠိကိုထောက်၍ ဆိုပါသည်ဘုရား"

"မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း"



"ဣန္ဒသတ္တသကြားမင်းဟု ဆိုပါသည်ဘုရား"

"အဘယ်အခါ တောင်းပန်သနည်း"

"သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား"

"အဘယ်ကြောင့် သိရသနည်း"

"အဘိက္ကန္တာယ ရတ္တိယာဟူသော ပါဠိကိုထောက်၍ သိရပါသည်ဘုရား"

"မထင်ရှားသောနတ်သားကို အဘယ်အကြောင်းကြောင့် နတ်သားဟုဆိုသနည်း"

"ဘုရားသခင်ခြေတော်ရင်း၌ ညဦးယံကား စတုမဟာရာဇ်နတ်တို့ ဆည်းကပ်ဖူးမြော်မြဲ အချိန်အခါဖြစ်ပါသည်။ သန်းခေါင်ယံကား တာဝတိံသာနတ်သိကြားတို့ ပူဇော်မြဲအချိန်အခါဖြစ်ပါသည်။ မိုးသောက်ယံကား ဗြဟ္မာတို့ဖူးမြော်မြဲ အချိန်အခါ ဖြစ်ပါသည်။ ထိုကာလသုံးပါးတွင် သန်းခေါင်ယံအချိန် ဖြစ်သောကြောင့် သိကြားဟုဆိုပါသည် ဘုရား"

"သိကြားတောင်းပန်ကြောင်းကို အဘယ်သူကြားသနည်း"

"အရှင်အာနန္ဒာ ကြားပါသည်ဘုရား"

"အရှင်အာနန္ဒာကြားကြောင်း အဘယ်ကြောင့်သိရသနည်း"

"အာနန္ဒာတွေ့ရနေသုတံ ဟူသော ပါဠိကိုထောက်၍ သိရပါသည်ဘုရား"

"အရှင်အာနန္ဒာကြားကြောင်း အဘယ်သူကို ပြောသနည်း"

"အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား"

"အရှင်မဟာကဿပ ဟု အဘယ်ကြောင့်ခေါ်သနည်း"

"ကဿိကမ္မာဒီသုသံဝေဂံ ပဋိလာဘိတွာ ပဗ္ဗဇိတာဗှထေ ကဿပေါ ဟူသော ပါဠိနှင့်အညီ လယ်လုပ်ခြင်းအစရှိသော အမှုတို့၌ ထိတ်လန့်ခြင်းတရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပ ဟု ခေါ်တွင်ပါသည်ဘုရား"

"ငယ်မည်မှာ အဘယ်သူနည်း"

"ရွှေအဆင်းကဲ့သို့ ကိုယ်သားကိုယ်ရည်တို့၏ တင့်တယ်ခြင်း ရှိသောကြောင့် ပိပ္ပလိလုလင်ဟု ဆိုပါသည်ဘုရား"

"မင်္ဂလာတရား ၃၈-ပါးဆိုသော် အဘယ်သည်တို့နည်း"

"အသေဝနာစ - ဧတံမင်္ဂလမုတ္တမံ ဟူသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါး၊ ပတိရူပ - ဧတံမင်္ဂလမုတ္တမံ ဟူသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး၊ ဗာဟုသစ္စဉ္စ - ဧတံမင်္ဂလမုတ္တမံ ဟူသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါး၊ မာတာပိတု - ဧတံမင်္ဂလမုတ္တမံ ဟူသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါး၊ ဒါနဉ္စ - ဧတံမင်္ဂလမုတ္တမံ ဟူသော ပဉ္စမဒေသနာတော်၌ မင်္ဂလာလေးပါး၊ အာရတီ - ဧတံမင်္ဂလမုတ္တမံ ဟူသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာလေးပါး၊ ဂါရဝေါစ - ဧတံမင်္ဂလမုတ္တမံ ဟူသော



သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါး၊ ခန္တီစ - ဧတံမင်္ဂလမုတ္တမံ ဟူသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာလေးပါး၊ တပေါစ - ဧတံမင်္ဂလမုတ္တမံ ဟူသော နဝမဒေသနာတော်၌ မင်္ဂလာလေးပါး၊ ဖုဋ္ဌဿ - ဧတံမင်္ဂလမုတ္တမံ ဟူသော ဒသမဒေသနာတော်၌ မင်္ဂလာလေးပါး၊ ဤသို့အားဖြင့် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးရှိပါသည် ဘုရား"

"အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသည်မှာ ဘာတွေပါလဲ"

"လူမိုက်တို့ကို မမှီဝဲမဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ပညာရှိသော သူတို့ကို မှီဝဲဆည်းကပ်နိုးနေရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဘုရားအစရှိသော ရတနာသုံးပါးတို့အား အရိုအသေအလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာတရား သုံးပါးရှိပါသည် ဘုရား"

"ပတိရူပဒေသဝါသောစ - အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာတရားသုံးပါးဆိုသည်မှာ ဘာတွေပါလဲ"

"တင့်တယ်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ရှေးကပြုဖူးသော ကောင်းမှုရှိခြင်းသည်

လည်း မင်္ဂလာတစ်ပါး၊ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်း
စောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အား
ဖြင့် ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာ
တော်၌ မင်္ဂလာတရား သုံးပါးပါသည်ဘုရား''

''ဗာဟုသစ္စဉ္စ အစရှိသောဒေသနာတော်၌ မင်္ဂလာတရား
လေးပါးဆိုသည်မှာ ဘာတွေပါလဲ''

''ကျမ်းဂန် အကြားအမြင်များရခြင်းသည်လည်း မင်္ဂလာ
တစ်ပါး၊ အပြစ်ခပ်သိမ်းကင်းသော နှုတ်မှုအတတ်တို့
တတ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ကောင်းစွာ ဝိနည်း
တရားတို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတစ်ပါး
အင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားကို ပြောရခြင်းသည်
လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် ဗာဟုသစ္စဉ္စအစရှိ
သော တတိယဒေသနာတော်၌ မင်္ဂလာလေးပါးရှိပါသည်
ဘုရား''

''မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာ
သုံးပါးဆိုသည်မှာ ဘာတွေပါလဲ''

''အမိအဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည်လည်း မင်္ဂလာ
တစ်ပါး၊ သားမယားတို့အား သင်္ဂြိုလ်ထောက်ပံ့ရခြင်းသည်



လည်း မင်္ဂလာတစ်ပါး၊ အနှောက်အယှက်မရှိသော လယ်
လုပ်ခြင်း၊ ကုန်သွယ်ခြင်းအမှုတို့ကို ပြုရခြင်းသည်လည်း
မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် မာတာပိတုအစရှိသော စတု
 တ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါး ဖြစ်ပါသည်ဘုရား''

''ဒါနဉ္စအစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရားလေး
ပါးဆိုသည်မှာ ဘာတွေပါလဲ''

''အလှူပေးရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ တရားကို
ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အဆွေအမျိုးတို့အား
ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မပြစ်မရှိသော
အကြောင်းအမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊
ဤသို့အားဖြင့် ဒါနဉ္စအစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂ
လာတရားလေးပါး ဖြစ်ပါသည်ဘုရား''

''အာရတိ အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရား
လေးပါးဆိုသည်မှာ ဘာတွေပါလဲ''

''မကောင်းမှုကိုမပြုဘဲ ရှေးရှောင်ကြဉ်ရခြင်းသည်လည်း
မင်္ဂလာတစ်ပါး၊ ကိုယ်[illegible]အသက်ကို ငဲ့ကွက်ခြင်းကင်းသော
စိတ်ဖြင့် ငါသည် မကောင်းမှုကိုမပြုပြီ၊ ငါ၏အသက် သေ
သော်လည်းသေပါစေ၊ သူ၏အသက်ကိုမသတ်မူ၍ သူ့ဥစ္စာ

ကို နှိုးယူခြင်းအစရှိသော အမှုကိုမပြုပြီ ဟု အထူးသဖြ
ရှောင်ကြဉ်ခြင်းသည်လည်း မင်္ဂလာတစ်ပါး"

"သုရာငါးပါးဆိုသည်မှာ အဘယ်နည်း"

"ပိဋ္ဌသုရာ - မုန့်ညက်ဖြင့်ပြုသောသေ၊ ပူဝသုရာ - မုန့်ဖြ
ပြုသောသေ၊ ဩဒနသုရာ - ထမင်းနှင့်ပြုသောသေ၊ ကိဏ္ဏ
ပက္ခိတ္တသုရာ - တဆေးထည့်၍ပြုသောသေ၊ သမ္ဘာရ သံ
ယုတ္တာ - များစွာသော အဆောက်အဦးတို့ဖြင့် ပြုသောသေ
ဤသည်ကား သုရာငါးပါးဖြစ်ပါသည်ဘုရား"

"မေရယ ငါးပါးဆိုသည် အဘယ်နည်း"

"ပုပ္ဖာသဝေါ - အပွင့်အရည်ဖြင့်ပြုသော အရက်၊ ဖလာ
ဝေါ - သစ်မည်စည်သီး အစရှိသည့်တို့ဖြင့် ပြုသော အရက်
မဓွါသဝေါ - မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသော
ရက်၊ ဂုဠာသဝေါ - ကြံရည်တို့ဖြင့်ပြုသော အရက်၊ သမ္ဘာ
ရသံယုတ္တော - များစွာသော အဆောက်အဦးတို့ဖြင့် ပြုသော
အရက်၊ ဤသည်ကား မေရယငါးပါးဖြစ်ပါသည်ဘုရား
ဤသို့ဆိုအပ်ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်း
စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဒါန၊ သီလ
ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမော



ဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ဟူသော ကုသိုလ်တရားဆယ်ပါးတို့၌ မမေ့မလျော့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် အာရတီအစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား"

"ဂါရဝေါစ အစရှိသော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါးဟူသည်ကား အဘယ်သည်တို့နည်း"

"အသက်သိက္ခာကြီးသောသူ၊ ဂုဏ်ရှိသောသူတို့အား အရိုအသေ အလေးအမြတ်ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ရရသမျှသော ပစ္စည်းအသုံးအဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ လျောက်ပတ်သောအခါ၌ တရားတော်ကိုနာရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် သတ္တမဒေသနာတော်၌ မင်္ဂလာတရား ငါးပါးဖြစ်ပါသည်ဘုရား"

"ခန္တီစ အစရှိသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာတရားလေးပါးဟူသည်ကား အဘယ်နည်း"

"ကိုယ့်ကြောက်ယုတ်သောသူတို့ကို သည်းခံရခြင်းသည်

လည်း မင်္ဂလာတစ်ပါး၊ သူတော်ကောင်းတို့ ဆိုဆုံးမသွ...
သောသူ၏ အဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ရဟန်းပုဏ္ဏာ...
တို့အား ဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ လျော...
ပတ်သောအခါ၌ တရားစကားကို နှီးနှောပြောဆို ဆွေးနွေး...
မေးမြန်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြ...
အဋ္ဌမဒေသနာတော်ဖြစ်သော ချီ့စဉ်၌ မင်္ဂလာတရား လေး...
ဖြစ်ပါသည်ဘုရား”

“တပေါ် အစရှိသော နဝမဒေသနာတော်၌ မင်္ဂလာတ...
လေးပါးဟူသည်ကား အဘယ်နည်း”

“ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မြ...
သောမေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဖြ...
တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အ...
သစ္စာတရားတို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာတစ်...
အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်း မ...
လာတစ်ပါး၊ ဤသို့အားဖြင့် တပေါ်စအစရှိသော နဝမ...
သနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရာ...

“ဖုဋ္ဌဿ အစရှိသော ဒသမဒေသနာတော်၌ မင်္ဂလာတ...
လေးပါး ဟူသည်ကားအဘယ်နည်း”



“လာဘော-အလာဘော၊ ယသော-အယသော၊ နိန္ဒာ-ပသံသာ၊ သုခံ-ဒုက္ခံ တည်းဟူသော လောကဓံတရားရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာတို့၏ စိတ်သည် တုန်လှုပ်ခြင်းမရှိခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ထိုလောကဓံတရားရှစ်ပါးတို့ကို တွေ့သောအခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတစ်ပါး၊ ကိလေသာမြူကင်းသော အညစ်အကြေးမတင်သန့်ရှင်းစင်ကြယ်သော အဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ကြောက်မက်ခြင်းကင်းသော အဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် ဒသမဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား”

“မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာမထေရ်သည် အရှင်မဟာကဿပမထေရ်အားပြောသည်က ဘယ်အရပ်မှာနည်း”

“ရာဇဂြိုဟ်ပြည်မှာ ဖြစ်ပါသည်ဘုရား”

“ရာဇဂြိုလ်ပြည်ဟု အဘယ်ကြောင့် ခေါ်သနည်း”

“စကြဝတေးအစရှိသော ဘုန်းကြီးသောမင်းတို့သည် သိမ်းယူရာဖြစ်သောကြောင့် ရာဇဂြိုလ်ပြည်ဟု ခေါ်တွင်ပါသည်ဘုရား”

“ရာဇဂြိုလ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့၊

အနောက်၊ တောင်၊ မြောက် ဘယ်အရပ်မှာနည်း"

"ရာဇဂြိုလ်မြို့ပြင် မြောက်ဘက်အရပ်၊ ဝေဘာရတောင်ရှမ်း စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ဘုံအောင် နှိုင်းနှန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော ချောမောပြေပြစ်ဆန်းကြယ်လှပသော ရတနာသဘင်မဏ္ဍပ်၌ ဣန္ဒနီလာ၊ မသာရဂလ်၊ မနော်မယ အစရှိသော ရတနာမျိုးတို့ဖြင့် စီမံအပ်သော တွေတွေဒီးဒီး ရွှေချောင်းစီးသကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ အဖိုးအတိုင်း မသိ ထိုက်သော အခင်းနေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကို ကိုင်၍ အရှေ့စူးစူးသို့ မျက်နှာပြုလျက် နေတော်မူပြီးလျှင် ပထမသံဂါယနာကို အမှူးပြု၍ ဆောင်ရွက်တော်မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင် အရှင် အာနန္ဒာ ဖြေလျှောက်ပါသည်ဘုရား၊ နတ်သားတောင်းပန်၍ ဟောတော်မူသောအခါ ကုဋေရှစ်သန်းမျှလောက်သော နတ် တို့ ရဟန္တာဖြစ်ပါ၏။ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ ဖြစ်သူ အနန္တပါဘုရား"

ဤသို့ဖြင့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်နှင့် ပါတ်သက် ၍ မေးနေသူမှာ ရွာဦးကျောင်းဆရာတော် ဦးသောဘိတဖြစ်ပြီး ဖြေ ကြားနေသူက ကျွန်ုပ်ပန်းတိုင်ဖြစ်ပါတယ်။



"ပန်းတိုင် ··· မင်းဟာ မင်္ဂလသုတ်ပရိတ်တော်ကို ထုံးလိုမွေ ရေလိုနှောက်နိုင်ပေတယ်။ ဒီအပြင် အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင်၊ နမက္ကာရ၊ လောကနိတိနဲ့ ပရိတ်ကြီးဆယ့်တစ်သုတ်၊ ဇာတ်ကြီးဆယ်ဘွဲ့ကိုလည်း ကြေ ညက်ပြီ၊ ဒီတော့ မင်းဘာလုပ်မလဲ၊ ဘဘုန်းတို့လို သင်္ကန်းစီး လိုက်ပါလား"

"တပည့်တော် မဝတ်ချင်ဘူးဘုရား၊ ခုတပည့်တော်အသက် (၁၇)နှစ်ပါ၊ ခုချိန်ကစပြီး ချမ်းသာတဲ့ ဘဝခုပိုင်ဆိုင်အောင် ၃၈ဖြာ မင်္ဂလာထဲက လောကီလမ်းညွှန်ချက်တွေနဲ့ ကြိုးစား ချင်ပါတယ်ဘုရား"

ဆရာတော် အပြုံးတစ်ချက်နဲ့အတူ ကျွန်ုပ်ကိုကြည့်ပြီး "အင်းလေ ··· လူဆိုတာ ချမ်းသာချင်တာပေါ့။ မင်းဆန္ဒကို ဘဘုန်း တားပါဘူး။ ဆန္ဒအတိုင်း လုပ်ပါ။ စီးပွားကိုကြိုးစားရှာ။ ဘဝမမေ့နဲ့။ သတိမလစ်စေနဲ့ဟု မှာကြားကာ ကျွန်ုပ်ကို ငွေတစ်ကျပ်ပေးပြီး သောကထဲ လွှတ်လိုက်ပါတယ်"

ကျွန်ုပ်လည်း နောက်နေ့နံနက်စောစော ခရီးထွက်ဖို့ဆုံးဖြတ်ပြီး တော့ ဆရာတော့်ဆီရောက်ကတည်းက မမေးတဲ့ မေးခွန်းတစ်ခု အရဲ စွံပြီး မေးလိုက်မိပါတယ်။

"ဘဘုန်းကို တပည့်တော် တစ်ခုမေးပါရစေ"

"မေးလေကွယ်၊ ဘာသိချင်လို့လဲ"

"အဘနဲ့အမေကိုသတ်တဲ့ ညီကြီးဆိုတဲ့လူကို တပည့်တော် မှတ်မိနေပါတယ်။ သူဘာဖြစ်လို့ အဘတို့ကို သတ်ပစ်တာလဲ"

ဆရာတော်ဘုရား ချက်ချင်းမဖြေဘဲ ကျွန်ုပ်ကိုစေ့စေ့ကြည့်ပြီး ဘာကြောင့်သိချင်တာလဲလို့ မေးနေဟန်တူပါတယ်။ ကျွန်ုပ်က သိချင်လို့ မေးမိတာပါ။ အဘနဲ့ညီကြီးဟာ ရန်ညိုးရှိကြလို့လား။ ဘယ်လို ရန် ညိုးလဲ။

"ပန်းတိုင်...မင်း လက်စားချေဖို့တို့ ဘာတို့တော့မဟုတ် ပါဘူးနော်"

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော် သိရရင်တော်ပါပြီ ရန်ကိုရန်ချင်း မတုံ့နှင်းလိုပါဘူ"

"အင်း ... ဒါဆိုလည်းပြောမယ်၊ အသေးစိတ်တော့ ငါလည်းမသိဘူး၊ အကြမ်းဖျင်းသိတာက မင်းအမေကို ညီကြီးနဲ့မင်းအဘ အပြိုင်ပိုးခဲ့ကြတာကွယ့်၊ နောက်တော့ မင်းအမေက မင်းအဘပေသီးကို လက်ထပ်လိုက်တယ်"

"ဪ ... ဒါကြောင့်ကိုး၊ ရည်းစားလုဖက်မို့ အဘနဲ့ အမေ့ကိုသတ်တော့ တပည့်တော် တစ်ကောင်ကြွက်ဖြစ်ရ တာပေါ့ ဘုရား"



"အေး ... အေး ... နောက်သောသော ခရီးထွက်မယ်ဆိုတော့ လိုအပ်တာတွေ ပြင်ဦးလေ"

ကျွန်ုပ် ဆရာတော်ရှေ့က ခွာခဲ့ပါတယ်။

အဲဒီညဟာ ကျွန်ုပ် ရွာဦးကျောင်းဆရာတော့်ခြေရင်းမှာ အိပ် ရတဲ့ ဆယ်နှစ်တာခရီးရဲ့ နောက်ဆုံးညပါပဲ။ တကယ်တမ်း ဆရာတော် ဘုရားနဲ့ခွဲရတော့မယ်ဆိုတော့ ကျွန်ုပ် အရမ်းဝမ်းနည်းမိပါတယ်။ ကလေး သဘောရှိသေးတဲ့ ကျွန်ုပ်ဟာ ဝမ်းနည်းမှုကို မခံရပ်နိုင်လို့ ကြိတ်ငိုမိ ပါလေရော။

"ဟဲ့ ... ပန်းတိုင် ဘာလို့ငိုနေတာလဲကွယ်"

"တပည့်တော် ဆရာတော်နဲ့ခွဲရမှာမို့ ငိုမိတာပါဘုရား"

"ဒါဆို မင်းက ခရီးမထွက်တော့ဘူးပေါ့"

"ထွက်မှာပါဘုရား၊ တပည့်တော် ဆုံးဖြတ်ပြီးသားကိစ္စကို မပြင်ပါဘူး"

"အေး ဒီလိုမှပေါ့၊ ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏...တဲ့၊ ခု မခွဲရလည်း နောက် ကွဲရမှာပဲ၊ မင်းရောငါပါ မြဲလို့လားကွ၊ ကဲရော့ ဟောဒီ ပေရွက်လိပ်ကို ယူသွား၊ အရမ်းဒုက္ခရောက်တဲ့အခါ ပထမ အထပ်ကိုဖွင့်၊ ငါ ပေရွက်သုံးခုထပ်လိပ်ထားတယ်၊ တော်ရုံ အခက်အခဲနဲ့ မဖွင့်နဲ့နော်"

"မှန်ပါ၊ တပည့်တော်မှတ်ထားပါ့မယ် ဘုရား"

ပေရွက်လိပ်ကလေးကို ကျွန်ုပ်လွယ်အိတ်ထဲ ထည့်လိုက်ပါတယ်။ အဲဒီညက ကျွန်ုပ်ကောင်းကောင်းအိပ်မပျော်ခဲ့ပေမယ့် ဆရာတော် အရှင်ဆွမ်းဘုဉ်းပေးချိန်မှာ အိပ်ရာကထပြီး နံနက်စာတာဝန်ကျောင်းမြေကိုကျောခိုင်းခဲ့ပါတယ်။

ထိုအချိန်ကစပြီး ကျွန်ုပ်ရင်ထဲမှာ မင်္ဂလာတရားတော်မှ နံပါတ် (၆)ဂါထာဖြစ်တဲ့ **အတ္တသမ္မာပဏိဓိစ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ပါ** ဟူသောအပိုဒ်ကို အထပ်ထပ်ရွတ်ဖတ်၍ လျှောက်လာနေဖြစ်ပါတော့သည်။

¤ ¤ ¤



စိတ်ကောင်းထားပါ။
ကြီးသူကို ရိုသေ၊ ငယ်သူကို လေးစား၊
မနာလိုစိတ် မထားနဲ့ ...။
လောဘ ဒေါသ မာန တဏှာ စိတ်တွေကိုပယ်သတ်၊
မေတ္တာ စတဲ့ ဗြဟ္မစိုရ်တရားတွေ ပွားများ ....

## သမားတော်ကလေး ရှောင်ကြီးဇွေ

ကျွပ် ရွာကနေ အမရပူရမြို့ကို လှည်းကြဲ့နဲ့ လိုက်လာ
တယ်။

အမရပူရကနေ မြို့စာရေးမောင်ဝိန်ရဲ့တဲ့တားကိုကျော်ပြီး မ
လေးမြို့ဘက်တက်တဲ့လမ်းအတိုင်း ကျွပ်တစ်ယောက်တည်း လျှော
လာခဲ့ဖြစ်တယ်။

တောလမ်းခရီးလေးဖြစ်နေတာမို့ တောကောင်တွေ
ကြောက်ရတဲ့အချိန်ဖြစ်ပေမယ့် မန္တလေးနေပြည်တော်နဲ့ သိပ်မဝေး
တာကြောင့် အခက်အခဲရှိလှမယ် မထင်မိပါဘူး။ နောက်တစ်ချက်
ကျွပ်မှာ အမြဲဆောင်ထားတဲ့ အဘရဲ့ဓားမြှောင်တစ်လက် ပါလာ
ပါပဲ။ သူခိုး ဓားပြတွေနဲ့တွေ့ရင် ကာကွယ်ဖို့လိုအပ်တာပေါ့။



ကျွပ်လျှောက်လို့ အတော်ကလေး ခရီးရောက်လာတယ်ဆို
ပဲ မျက်နှာချင်းဆိုင်က လူနှစ်ယောက်လျှောက်လာနေတာ တွေ့ရ
တယ်။ သူတို့လက်ထဲမှာ ဓားလွယ်ကိုယ်စီကိုင်ထားတာမို့ ကျွပ်
သတိ ထားလိုက်ပါတယ်။

သတိထားတဲ့အတိုင်းပါပဲ။ မျက်နှာချင်းဆိုင်မိတဲ့အခါ သူတို့
က ကျွပ်ကို ရှေ့နောက်ပိတ်ရပ်လိုက်ပြီး …

"ဟေ့ကောင် မင်းလွတ်အိတ်ပေးစမ်း"

"ကျွပ်လွယ်အိတ် … ဟုတ်လား"

"ဟုတ်တယ်၊ မင်းလွတ်အိတ်ထဲမှာ ဘာတွေပဲပါပါ ပေးဆို
ပေးစမ်းကွာ"

ကျွပ်စိတ်ထဲမှာ ဒေါသတစ်ချက် ဖျတ်ခနဲဖြစ်သွားပါတယ်။
ဒါပေမယ့် ဒေါသကို အမြန်ဆုံးပယ်သတ်ရမယ်ဆိုတဲ့ မင်းလာ
ပန်းတော်ပါ ဆုံးမစကားကြောင့် ဖျက်ခနဲဖြစ်သွားတဲ့ ဒေါသစိတ်
ကို ငြိမ်းချုပ်ပြီး သူတို့ကို အလိမ္မာယ်သပ်ဖို့ စဉ်းစားလိုက်ပါတယ်။

"ပေးပါ့မယ် ခင်ဗျား၊ ဒါပေမယ့် ကျွပ်လွယ်အိတ်ထဲမှာ
ဘာမှသပြာ မပါပါဘူးခင်ဗျား၊ ဆရာတော်ဘုရားပေးလိုက်တဲ့ ငွေတစ်
ကျပ်နဲ့ အဝတ်ဟောင်းတစ်စုံပဲ ပါ,ပါတယ်"

စိတ်တင်မကာ လှုပါလေ့ရှုချုပြီး နေရာမှထိုင်ချကာ လွယ်အိတ်

တွင်းမှ ကျွပ်အဝတ်ဟောင်းတစ်စုံကို ထုတ်ပြလိုက်ပါတယ်။ ဒီနေ
မှာ ကျွပ်တစ်ခုပြောချင်တာက ဆရာတော့်ဆီမှာ ကျွပ်နေခဲ့တဲ့ ဆယ်နှ
တာကာလရဲ့ နောက်ပိုင်းလေးနှစ်မှာ စာပေပညာတင်မကပါဘူး၊ ဆ
တော်တတ်ထားတဲ့ ဗိန္ဓောဆေးပညာကိုပါ သင်ယူခဲ့ရပါတယ်
ဒါကြောင့် ကျွပ်ခရီးထွက်တော့ ဆရာတော်က လိုအပ်ရင်သုံးဖို့
ကိုယ်တိုင်ဖော်စပ်ထားတဲ့ ဆေးအမျိုးအစား ဆယ်မျိုးလောက်ကို
မျိုးလျှင် နည်းနည်းစီထည့်ပေးလိုက်တယ်။

လွယ်အိတ်တွင်းက ထုတ်ပြလိုက်တဲ့ အဝတ်ဟောင်း
ကြားမှာ ယွမ်းအစ်ကလေးတွေပါထည့်ထားတာ သူတို့တွေ့သွား
တယ်။ သူတို့နှစ်ယောက်ဟာ ခါးကြီးတွေတဝင့်ဝင့်နဲ့ ခါးပြတိုက်နေ
မယ့် သူတို့ရဲ့မျက်လုံးတွေက တကယ့်ခါးပြအစစ်တွေမဟုတ်မှန်း
ပြနေပါတယ်။

တစ်ယောက်က နှုတ်ခမ်းမွှေးကားကား၊ ဇလကောင်းတော
နက်မှောင်နေတဲ့ဆံရှည်ကို ခေါင်တစောင်းထုံးထားပါတယ်။
သက်က ငါးဆယ်ကျော်ဘက် ရှိမယ်ထင်ပါတယ်။ အင်္ကျီချွတ်နဲ့
သူ့ကိုယ်ပေါ်မှာ ဆေးမှင်ကြောင်အနီအနက်တွေနဲ့ပါ။ နောက်
ယောက်က သို့နဲ့မျက်နှာဆင်ပါတယ်။ အသက် (၃၀)လောက်ရှိ
ယောက်ျားပီသတဲ့လူတစ်ယောက်ပါပဲ။ ရှမ်းဘောင်းဘီနဲ့ လက်တို



ထားပါတယ်။ ဒါကြောင့် ကျွပ်အထင် သူတို့ဟာ ဆွေမျိုးတွေ
မယ်ထင်ပါတယ်။

"ဟောကောင် အဲဒါတွေက ဘာတွေလဲ"

လူငယ်က ကျွပ်ခေါင်ပေစူးကိုလှမ်းဆွဲပြီး ခါးသွားကိုဂုတ်
ဘင်လိုက်ပါတယ်။ ကျွပ် တော်တော်လန့်သွားပေမယ့် ဟန်ကိုယ့်
သဘောတရားလက်ကိုင်ထားပြီး ဟန်မပျက်နေလိုက်တယ်။

"ဒါဆေးတွေပါဗျ ... တိုင်းရင်းဆေးတွေပါ"

"မင်းက ဆေးဆရာလား"

"ဆေးဆရာတော့မဟုတ်ပါဘူး၊ ဆေးပညာကို တီးမိခေါက်
မိတော့ ကျွပ်ဆရာတော်က ကျွပ်ခရီးထွက်တဲ့အခါ ဆေးဝါး
တွေ ထည့်ပေးလိုက်တာပါ"

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။
တွင် ပြောရန်ခက်ခဲသော ပြဿနာတစ်ခုခုရှိနေမှန်း သူတို့မျက်
က ဖော်ပြနေသည်။ ကျွပ် ဆေးနှင့်ပစ္စည်းများကိုသိမ်းလိုက်ပြီး
အောက်နားတွင် အိတ်လုပ်၍ထည့်ထားသော ငွေတစ်ကျပ်ကို
ဘ ...

"ကျွပ်ပြောတာကို ယုံရဲ့လား၊ ဟောဒီမှာကြည့် ကျွပ်ပိုင်
သမျှ အသပြာတစ်ကျပ်"

ခါးပြအတုနှစ်ယောက်၏ခါးဦးက မြေသို့စိုက်သွားပြီး

"မောင်ရင် ဆေးဝါးနားလည်ရင် ကျုပ်တို့ရွာကိုလိုက်ခဲ့ပါ"

"ဟုတ်တယ် ညီလေး၊ ရွာမှာ အများအနာတွေထူပြော

တယ်၊ စားနပ်ရိက္ခာရှားပါးလို့ ကျုပ်တို့တော်နေတာ ကြာ

ဒါကြောင့် မထူးဘူးဆိုပြီး ခါးပြထွက်တိုက်တာပဲ"

"ရော့၊ ခင်ဗျားတို့ မုန့်ဖိုးတစ်ဆွေယူလိုက်ပါ၊ ကျုပ် တစ်

ရှိရင် ခရီးဆက်လို့ရပါပြီ၊ ကျုပ်က နေပြည်တော်ကိုသွား

အလုပ်ရှာမှာဗျ"

"မောင်ရင်၊ ဒီအချိန်နေပြည်တော်သွားရင်လည်း တို့မြ

ကနည်းနည်း၊ ကုလားကများများ ဖြစ်နေပြီကွယ့်၊ အ

တယ်ဆိုရင် ကျုပ်တို့ရွာကိုလိုက်ခဲ့ပါ၊ ရွာထဲက ဖျားနာ

တွေကို ကုသပေးပြီးမှ ခရီးဆက်ပါကွယ်၊ ခေတ်ပျက်

ဆိုတော့ ဆေးဆရာတွေကလည်း အရမ်းကိုရှားပါးနေလို့

ဒါဟာ ကျုပ်အတွက်လမ်းစတစ်ခုပါပဲ။ ဒီအခွင့်အရေး

ရင်း ကျုပ် မိတ်ဆွေများစွာတိုးပွားလာမယ်။ ဒီမိတ်ဆွေတွေ

တဆင့် ဘဝရဲ့လှေကားထစ်ကို ထပ်တက်ရမယ်။

"ကောင်းပြီလေ၊ ကျုပ်လိုက်ခဲ့မယ်၊ ကျုပ်မှာ ဆေး



နည်းနေလေတော့ ဒီဆေးတွေကုန်သွားရင် ဆေးထပ်ဖော်ဖို့

လိုလိမ့်မယ်"

"ဟာ...ဟုတ်ပြီဟေ့၊ တို့သားအဖခါးပြတိုက်တာ ရွှေငွေ

တွေမရပေမယ့် အရမ်းအဖိုးတန်တဲ့ ဆေးဆရာတစ်ယောက်

ရခဲ့တယ်ဟေ့"

"ဆေးဆရာမဟုတ်ဘူး အဘ၊ သမားတော်လေးလို့ ခေါ်ပါ၊

သမားတော်လေး ရောင်ကြီးမွေကို ကျုပ်တို့ရွာပင့်ကြတာ

ပေါ့"

"ရော့ အစ်ကိုကြီး၊ ကျုပ်နဲ့အဘက ရွာကို အရင်သွားနှင့်

မယ်၊ ခင်ဗျားက ဒီငါးမူးယူပြီး စားစရာဝယ်ခဲ့ဗျာ၊ ငါးမူးနဲ့

ရသလောက်သာဝယ်ခဲ့ပါ"

ကျုပ်နဲ့အဘသာအောင်တို့ ရွာဘက်လျှောက်လာကြတဲ့အချိန်

အစ်ကိုကြီးမောင်ဖြိုးက ဈေးဝယ်မယ်ဆိုပြီး ထွက်သွားပါပြီ။

အပြောအရတော့ ကျုပ်တို့ ခုရောက်နေတဲ့နေရာကနေ သူတို့ရဲ့

ညောင်ပင်သာရွာအရောက် ခပ်သွက်သွက်လျှောက်ရင် ညမှောင်မှ

ရောက်မယ်တဲ့။ ကျုပ်တို့စလျှော...ချိန်က နေထန်းတစ်ဖျားလောက်ပဲ

ရှိပါသေးတယ်။

နှစ်ယောက် ခပ်သွက်သွက်လျှောက်လာလိုက်တာ နေထန်း

တစ်ဖျားလောက်မှာ ရွာတစ်ရွာအနီးကို ရောက်လာပါပြီ။ ကျွန်
နှစ်ယောက်လည်း စကားတပြောပြောနဲ့ တစ်ယောက်အကြောင်း တ
ယောက်သိကြပါတယ်။ ဦးသာအောင်ဇနီးက ဒေါ်မြမြဖြစ်ပြီး ရွေ
ပင်သာရွာမှာ လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားကြတဲ့ ရိုးသားသူ
ပါ။ သူတို့မှာ သားနှစ်ယောက်နဲ့ သမီးတစ်ယောက်ရှိပါတယ်။

သားကြီးက မောင်ဖြိုးပါ။ အိမ်ထောင်ကျပေမယ့် မိဘဆေ
အတူနေပြီး တစ်စီးပွားတည်း လုပ်ကိုင်စားနေသူပါ။ အငယ်ေ
တိုးကတော့ အိမ်ထောင်ကျပြီး ယောက္ခမအိမ်လိုက်နေပါတယ်။ အ
ဆုံးမိန်းကလေးက မသူဇာပါ။ သူကတော့ အပျိုဖြစ်ပြီး မိဘတွေ
ကူညီရင်းအတူနေပါတယ်။

သူတို့ရွာကို အဖျားရောဂါတွေ အပြင်းအထန်ဖြစ်လာတာ
တစ်ကြောင်း၊ မိုးခေါင်တဲ့အတွက် ကောက်ပဲသီးနှံတွေ မအောင်မြင်
ကြောင့် စားနပ်ရိက္ခာပါ ရှားပါးလေတော့ သူတို့သားအဖလည်း တ
ရပ်တစ်ကျေးမှာ အလုပ်ကလေးများရလိုရငြား ထွက်လာခဲ့ကြ
နှစ်ရက်ကသုံးရက်မြောက်လာပေမယ့် အလုပ်ကလည်း အဆင်မ
လေတော့ ခါးပြတိုက်မယ်ဆိုပြီး ထွက်လာရာက ကျွန်ုပ်နဲ့တွေ့တာ

"အင်း နေကလည်းပူလိုက်တာ၊ မောင်ရင်တော့မသိ
ကျွန်ုပ်တော့ ဗိုက်ဆာပြီ မောင်ပန်းတိုင်ရေ"



"ကျွန်ုပ်လည်း ဆာတာပါပဲ အဘရဲ့၊ ရှေ့ကရွာဝင်ပြီး ကြံ့ရ
ဖန်ရတာပေါ့ဗျာ"

"ဘယ်လိုကြံဖန်မှာလဲ မောင်ရင်ရယ်၊ ခုနေခါလူတွေက
သူများကျွေးဖို့နေနေသာသာ ကိုယ့်ဝမ်းစာတောင် မပြည့်မစုံ
ဖြစ်နေကြတာကွယ့်"

"မပူပါနဲ့ အဘရယ်၊ လူတွေဆီက တောင်းစားမှာမဟုတ်ပါ
ဘူး၊ ရွာဦးကျောင်းတော့ရှိမှာပေါ့၊ ဘုန်းကြီးဆီမှာဆို ကျုပ်
တို့နှစ်ယောက်အတွက် တစ်နပ်စာကတော့ ခက်ခဲမယ်မထင်
ပါဘူး"

"ဖြစ်ပါ့မလား မောင်ပန်းတိုင်ရယ်၊ ကျုပ်တော့ ဘုန်းကြီးကို
တက်မလျှောက်ရဲပါဘူး"

"ဒီအတွက်တော့ မပူပါနဲ့ဘကြီးရာ၊ ကျုပ်က ဘုန်းကြီးနဲ့
နေလာတာဗျ၊ ဘုန်းကြီးလျှောက်ဖို့ ကျုပ်တာဝန်ထား"

စကားတပြောပြောနှင့် ရွာထိပ်သို့ရောက်လာကြသည်။ ရွာ
ထိပ်ရှိ ပေ ၅၀ပတ်လည်ခန့်ရှိတဲ့ ရေကန်ကြီးနှစ်ကန်ရဲ့နဘေးမှာ
ကျောင်းကြီးတစ်ကျောင်းရှိတယ်။ သစ်သားကျောင်းကြီးဖြစ်ပြီး ခြေ
တံရှည် နှစ်ဆောင်ပြိုင်ဆောက်ထားတာ ဖြစ်ပါတယ်။ ကျောင်းပရ
ဝဏ်ကြီးက တော်တော့်ကိုကျယ်တယ်။

"ကဲ အဘ၊ ကျုပ်တို့ ကျောင်းပေါ်တက်ကြရအောင်"

ကျောင်းဝင်းထဲ ဝင်လာခဲ့ကြတယ်ဆိုရင်ပဲ သပိတ်ဆေးနေ ကျောင်းသားကလေးတွေက ကျုပ်တို့ကို ကွက်ကြည့်ကွက်ကြည့် လု နေတယ်။ ကျုပ် အဲဒီကျောင်းသားလေးတွေဆီ သွားပြီး …

"ညီလေးတို့ ဆရာတော်ဘုရားရှိလားကွ"

"ဟုတ်ကဲ့ ရှိပါတယ်၊ ခုလေးတင် ဆွမ်းစားပြီးလို့ ကျောင်း ပေါ်မှာ လမ်းလျှောက်နေတယ်"

"အေးကွာ၊ ဒါဆို တို့သွားကန်တော့လိုက်ဦးမယ်"

ကျုပ်နဲ့ အဘအောင်မှို့ ကျောင်းပေါ်ရောက်လာတယ်ဆိုရင် ပဲ ကျောင်းပေါ်မှာလမ်းလျှောက်နေတဲ့ သက်တော်(၆၀)လောက်ရှိ ဘုန်းတော်ကြီးတစ်ပါးကို တွေ့ရပါတယ်။ ရဟန်းပုဂ္ဂိုလ်တို့အား ဖူ မြော်ရခြင်းသည်လည်း မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဆိုတဲ့ မင်္ဂလာ ရားတော်နဲ့အညီ ကျုပ်တို့ ဘုရားနဲ့ဆရာတော်ကို ဝတ်ဖြည့်လိုက်ကြ တယ်။ ဆရာတော်ဘုရား ခြေကြန်လျှောက်ရပ်ပြီး ကျုပ်တို့ကို ရပ်ကြည့် ပါတယ်။

"ဘယ်အရပ်က လာကြတာလဲ ဒကာကြီးတို့"

"တပည့်တော်က အမရပူရဘက်က လာတာပါဘုရား အဘကတော့ ညောင်ပင်သာရွာကပါ"



"ဟော ညောင်ပင်သာကလား၊ ဒကာကြီးတို့ရွာမှာ လူတွေ ဖျားကြနာကြဆိုကွယ့်"

"မှန်ပါဘုရား၊ ဒါကြောင့် တပည့်တော်သွားရင်းလာရင်း စကားစပ်မိရာကတွေ့တဲ့ ဆေးဆရာပင့်လာတာပါ"

"ဘယ်လို့ကွယ့်၊ ဒီသူငယ်လေးက ဆေးဆရာဟုတ်လား"

ဆရာတော်ဘုရား လွန်စွာအံ့သြသွားဟန်တူတယ်။ ကျုပ်ကို နေရကြည့်ပြီး "ဘုန်းကြီးကြားဖူးတာကော့ သမားဆိုအိုမှတဲ့။ ဘယ့် ယ် ဒီဆေးဆရာက ငယ်လှချည်လား" ဟု ပြောလာပါတယ်။

"တပည့်တော်က ငယ်သော်လည်း တပည့်တော်ဆရာက မငယ်ပါဘုရား၊ ယခု သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၅၀) ရှိပါပြီဘုရား၊ ဆရာတော်ဘုရားက တပည့်တော်ကို သူတတ်ထားတဲ့ သာရတ္ထသင်္ဂဟဆေးကျမ်းကြီးကို အာဂုံဆောင် ပြီး တပည့်တော်ကို သင်ပေးထားတာပါ၊ ဒီဆေးကျမ်းကြီး ဟာ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ၁၁၄၇ ခုနှစ်မှာ ဗင်္ဂလီ-နာဂရီ အရေးအသားကနေ သသ်က ရိဋ္ဌ်သို့ ၄င်းကနေ မာဂဓလို့ခေါ်တဲ့ ပါဠိဘာသာကိုပြန်ဆိုပြီး နောက် မြန်မာဘာသာကို ပြန်ဆိုတော်မူခဲ့တာပါ"

"အလို့…တယ်ဖွာတဲ့ဆေးသမားပါလား၊ ဒါဆို ဒကာလေး

ရဲ့ဆရာ ဘွဲ့တော်က ဘယ်သူလဲကွ"

"ဆရာတော် ဦးသောဘိတပါ ဘုရား"

"မန္တလေး နေပြည်တော်ကြီးမှာများ စာသင်ဖူးရှေ့သလား"

"မှန်ပါ၊ စစ်ကိုင်းနဲ့ မန္တလေးမှာ ပညာသင်ဖူးကြောင်း ပြော သံကြားဖူးပါတယ်ဘုရား"

"မေးစုမှာ မုံ့နီကြီးတစ်လုံးပါသလား ဒကာလေး"

"ဟုတ်ပါတယ် ဘုရား၊ မေးဖျားမှာ မုံ့နီကြီးတစ်လုံး ပါပါ တယ်"

ဆရာတော်မျော လွန်စွာ ဝမ်းသာအားရဖြစ်သွားဟန် ရှိပြီး "အလို...ဒါ...ဒါဟာ... ကျုပ်နဲ့ စာသင်တုန်းက အတူတူ သင်ခဲ့ဖူးတာပဲ။ သူကတော့ကျုပ်တို့ထက် အတန်းကြီးတယ်ကွယ့် ကျုပ်တို့ နောင်တော်ကြီးပေပဲ။ ဪ ... ဦးသောဘိတ ကျန်းမာ ရေးကောင်းရဲ့လား" ဟု မေးပါတယ်။

"ကောင်းပါတယ် ဘုရား၊ ဟိုဘက်ရွာသည်ဘက်ရွာ ဆွမ်း ခံကြွရင်တောင် လှည်းယာဉ်မစီးပါဘူး၊ ခြေလျင်ကြွေ ပါတယ်ဘုရား"

"ဒကာလေးပြောပုံဆို ဟိုငယ်ငယ်ကလေးထဲက ငါ့ဆွေ တော်ဆီ မင်းရောက်နေတာပေါ့"



"မှန်ပါ၊ တပည့်တော်ဟာ ဆရာတော်ဘုရားရဲ့ မွေးစား သားဆိုရင် မမှားပါဘူး ဘုရား"

"အိမ်း ဒါကြောင့် တော်ပေတာကို၊ ကဲကဲ ပြီးမှ စကား ဆက်ကြတာပေါ့၊ ဟော့ ကျောင်းသားတွေ"

ဆရာတော် လှမ်းခေါ်လိုက်သံကြောင့် ကျောင်းသားကြီးတစ် ယောက် ရောက်လာပါတယ်။ ဆရာတော်က ကျုပ်တို့ ထမင်းစားဖို့ ပြင်နိုင်းလို့ ထမင်းပြင်ပြီးမကြာခင်မှာ ကျုပ်တို့ နေက်စာကို မြိန်ရည် ယှက်ရည် စားလိုက်ရပါလေရော။

"မောင်ရင်လေးက တော်တော်စွမ်းပေတာပဲ"

"ဒါက ဗာဟုသုတ္တ သိပ္ပတွဲ၊ မင်္ဂလာသုတ်ပရိတ်တော် မှာပါတာ၊ အတာလည်းသင်ခဲ့ဖူးမှာပါ၊ ကျွမ်းကျင်အကြားအမြင် များရမယ်၊ နောက် အပြစ်ကင်းတဲ့ နတ်မှုအတတ်ကိုလည်း တတ်ရမယ်တဲ့"

စားသောက်ပြီးနောက် ကျုပ်တို့ ဆရာတော်နဲ့ စကားစမြည် ပြောနည်းပြောပြီး ဘသာအောင်တို့ရဲ့ ညောင်ပင်သာရွာကို ခရီးဆက် ပါတယ်။ ညနေစောင်းလောက်မှာ ကျုပ်တို့ ဘသာအောင်အိမ်ကို ရောက်ပါတယ်။

အိမ်ပေါ် လှမ်းတက်လိုက်တယ်ဆိုရင်ပဲ ဘသာအောင်မနီးက

ဦးစွာ ပြစ်တင်စကားဆိုပါတယ်။

"ကိုသာအောင်နဲ့ ထွက်သွားလိုက်တာ ဘယ်လောက်ကြာ ပြီလဲ။ ခုမှပဲပြန်ရောက်ရတယ်လို့၊ တော်ပါသေးရဲ့၊ သားကြီး ပြန်ရောက်လာပြီး ဆန်ကလေးနည်းနည်းဝယ်လာလို့ ကျွ ညနေစာချက်ထားရတာ တော့မြေးကြီး မောင်လှဝင်း မနက်ကမှ ကောက်ကောင်ကာ ဖျားနေလို့"

"မင်းကတော့လေ ငါ့တွေ့ရင်အပြစ်တင်ဖို့ပဲ၊ ဘာတွေဘယ် လို လုပ်ခဲ့တယ်ဆိုတာ မေးစမ်းပါဦး"

"မမေးနိုင်ဘူးတော်ရေ့၊ စားရေးသောက်ရေး ခက်ရတဲ့ကြာ ထဲ ချည့်သည်က"

"ဟိတ် ဖြူမ၊ မင်းပါးစပ်ပိတ်ထားစမ်း၊ မောင်ပန်းတိုင်နေ ကျုပ်မြေးဖျားနေပြီတဲ့၊ ဦးဆုံး ကျုပ်မြေးကို ကုပါဦးကွယ်"

"ဟုတ်ကဲ့ အဘ၊ ကျုပ်ကြည့်ပါ့မယ်"

ကျုပ်လဲ မဆိုင်းမတွဆိုသလို ဘသာအောင်ရဲ့မြေးကို သေ စမ်းကြည့်လိုက်တယ်။

"ဒီနေ့မှာဖျားတာ သေချာရဲ့လား ကြီးတော်"

"အင်း ... မနက်ကမှ ချွေးမထွက်ဘဲ ကိုယ်ပူလာတာပဲ"

"သူ့ကို ယာဂုလေးပဲကျွေးတိုက်ရင် ပျောက်ပါတယ်ခင်ဗျာ



မပူပါနဲ့၊ ခုန အစ်ကိုကြီး ဆန်ပါလာတယ်ဆို၊ ဆန်လေးတစ် ဆုပ်လောက် ယာဂုကျိုလိုက်ပါ"

ထိုအခါ ဒေါ်ဖြူမက သူကိုယ်တိုင်ထ မလုပ်တော့ဘဲ "မဟု သာနဲ့ဝက်မ ဆန်ကလေးနည်းနည်း ယာဂုကျိုလိုက်စမ်း" ဟု ခိုင်း လိုက်တယ်။

"ခဏနေပါဦးခင်ဗျာ၊ အဘ...အစ်ကိုကြီးကိုခေါ်ပါဦး၊ ကျုပ်နဲ့ အမြစ်သုံးမျိုးလောက် ရှာရအောင်"

"ဒါဆိုလဲ မောင်ပန်းတိုင်ဘာလိုလဲပြော ကျုပ်ရှာပေးမယ်"

"မြေပုံခရမ်းမြစ်၊ ရှုလာနဂါးမြစ်နဲ့ ဆူးလေမြစ် လိုချင် တယ်"

"ရတာပေါ့ မောင်ရင်ရယ်၊ မြေပုံခရမ်းက ကျုပ်ခြံထဲတောင်ရှိ တယ်၊ သမီးသူစာ မြေပုံခရမ်းမြစ် သွားတူးခဲ့စမ်း၊ ကျန်တာ တွေ ဘုန်းကြီးကျောင်းထဲမှာရှိတယ်၊ ကျုပ် သွားတူးပေး မယ်"

ဘသာအောင်ထွက်သွားပြီး သိပ်မကြာခင်မှာ မသူစာက မြေပုံခရမ်းမြစ်တူးလာပါတယ်။ နောက် ဘသာအောင်က တခြားအမြစ် ခုယူလာတော့ ကျုပ် ရေဆေးသန့်စင်ပြီး ယာဂုကျိုမယ့်ထဲကို အနေ တော် ထည့်ကျိုစေလိုက်တယ်။

ယာဂုကျက်တော့ ကလေးဆာရင်တိုက်ပို့မှာပြီး ကျုပ်နဲ့အဘ ရွာလည်ကျောင်းဘက် ထွက်လာခဲ့ပါတယ်။ ရွာလည်ကျောင်းဆရာတော်နဲ့ ကျုပ်ကို ဘသာအောင်က မိတ်ဆက်ပေးတယ်။ ဆရာတော်ကြီးက ဘသာအောင်ထက် အသက်ကြီးပုံရပြီး ငယ်ကြောက်လည်း ဖြစ်ပုံရသည်။

“သာအောင်၊ နင့်ဆေးဆရာ ငယ်လှချည်လား”

“မှန်ပါ၊ ငယ်ပင်ငယ်သော်ငြားလည်း လုပ်ရည်ကိုင်ရည် ရှိယာနဲ့တူပါရဲ့ဘုရား”

“ဘသာအောင် ကျုပ်ဘာမှမလုပ်ရသေးဘဲနဲ့ ဒီလိုတော့ မပြောနဲ့ဗျာ၊ ရွာထဲက ဖျားနာသူတွေကိုကုပေးလို့ အားလုံး သက်သာပျောက်ကင်းသွားမှပြော”

“ဟုတ်တယ်၊ ဒီစကားတော့ ကျုပ်လက်ခံတယ်၊ အခြေအနေကို စောင့်ကြည့်ကြတာ အကောင်းဆုံးပဲ၊ ခုရော ဘယ်နှစ်ယောက် ကုပြီးပြီလဲ”

“တပည့်တော်မြေး ဒီနေ့မနက် ဖျားတာကိုတော့ ကုထားပါတယ် ဘုရား”

“အေး ... အဲဒါကို စောင့်ကြည့်တာပေါ့၊ သူမသက်သာချင်း မင်းဘယ်သူ့ကိုမှ မကုရဘူး”



ကျုပ်ရင်ထဲမှာ ဖျတ်ခနဲ တစ်ချက်ဖြစ်သွားမိတယ်။

သို့ဖြစ်လျှင် ဤကြားကာလ ဝေဒနာခံစားနေရသူများအတွက် ယ်သူတာဝန်ခံမည်နည်း။ ကျုပ်မေးလိုသော်လည်း မမေးဖြစ်ခင်မှာ င် လွန်စွာသားနားရှု ခေါင်းပေါင်းတကားကားနှင့် လူကြီးတစ် ယောက် ဘုန်းတော်ကြီးရှေ့ ရောက်လာပြီး ...

“အရှင်ဘုရား၊ တပည့်တော်သမီးလေးကို ကယ်ပါဦး ဘုရား”

“မင်းသမီး မသက်သာသေးဘူးလားကွ မြကြီး”

“မှန်ပါ၊ မသက်သာတဲ့အပြင် ပိုဆိုးလာပါတယ်ဘုရား၊ ဆေး ဆရာတစ်ယောက်လောက် ပင့်လို့ရရင်ကောင်းမယ် ဘုရား၊ တပည့်တော် တပည့်တွေကို နေပြည်တော်ဘက် လွှတ်မလို့”

ကျုပ်လည်း ဘာမှဝင်မပြောချင်တာကြောင့် ဘုန်းကြီးကို ရှုလိုက်ပါတယ်။ ထိုအခါမှ ဘုန်းကြီးက

“သာအောင်တို့ ပြန်ကြတော့မလို့လား”

ဘသာအောင်ကိုမေးပေမယ့် ကျုပ်ကကြားဝင်ပြီး “မှန်ပါ၊ ည့်တော်တို့ ပြန်ပါဦးမယ်ဘုရား၊ ဘသာအောင်မြေးလေး ကိုယ်မှ ကျကြည့်ပြီး လိုအပ်တဲ့ဆေးဝါး ထပ်ကျွေးရမှာမို့ပါ” ဟု ပြော

လိုက်မိရာ ဦးမြကြီးဆိုသူက ကျုပ်ဘက်ကို တစ်ချက်ကြည့်တယ် ဘသာအောင်နားကပ်ကာ ...

"သူက ဘာလဲကွ သာအောင်"

"သူက ဆေးဆရာပေါ့၊ ခု ကျုပ်မြေးလေးဖျားလို့ ကုပေးနေ တဲ့ ဗိန္ဓောဆေးဆရာ"

ထိုစကားဟာ ဦးမြကြီးရဲ့ မာကျောကျောမျက်နှာကြီးကို ပြောင်းလဲသွားစေပါတယ်။

"ဒါ ဒါဆို ကျုပ်သမီးလေးကို လိုက်ကြည့်ပေးပါ ဆရာ လေးရယ်၊ ကိုယ်ပူကမကျ ကယောင်ကတန်းတွေပြော ကျုပ်တို့ ဘာလုပ်ရမှန်းကိုမသိတော့ပါဘူး၊ သူ့အမေဆို သမီး နားမှာ ငိုပဲငိုနေတော့တာ"

"ကျုပ်က ခရီးသွားဟန်လွဲဆိုသလို ဘသာအောင်ရဲ့မြေး ကလေးကို ယာဂုဓါတ်စာပေးကြည့်ခဲ့တာပါ၊ ဆရာတော် ဘုရားက အဲဒီကလေးရောဂါမပျောက်မချင်း ဘယ်သူ့ မကုရဘူးဆိုလို့"

"ဟာ ... ဒါတော့ဘယ်ဟုတ်မလဲ၊ ကျုပ်သမီးကိုတော့ ကုပါဆရာရယ်၊ ကျုပ် တောင်းပန်ပါတယ်"

ကျုပ်ဘာမှမပြောဘဲ ဆရာတော်ကို လှည့်ကြည့်လိုက်သည် ဆရာတော်က ခေါင်းရှုပ်သွားဟန်နှင့် "ကဲ...ကုကွာ၊ မင်းကုချင်သ



ကုပေတော့" လို့ ပြောလိုက်မှ ကျုပ်လည်း စိတ်လက်ပေါ့ပါး ဦးမြကြီးသမီး ရောဂါအခြေအနေကို မေးလိုက်တယ်။ အခြေ သိရတော့မှ ကျုပ်မှာအသင့်ပါသော နှာနှပ်ဆေးမှုန့်အနည်းငယ်ကို ပိုင်းနှင့်ထုပ်ကာ ...

"ဒီဆေးမှုန့်နည်းနည်းကို သူ့နှာခေါင်းထဲဝင်အောင် ထည့်ပြီး ငယ်ထိပ်ပေါက်အောင် ရှုလိုက်ပါစေ ဘကြီး၊ ရှူပြီးရင် သူ အန်ပါလိမ့်မယ်၊ အန်တာနဲ့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲတာ တွေ ပျောက်ပါပြီ"

"ကျေးဇူးပါပဲ ဆရာလေးရယ်၊ ကျုပ် ခုချက်ချင်းပြန်ပြီး ဆရာလေးခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်၊ ကျုပ် ဆရာလေးဆီ တွေ့ဖို့ သာအောင်အိမ်ကိုပဲ လာခဲ့ရမလား"

"ဟုတ်ကဲ့၊ ကျုပ် ဘသာအောင်အိမ်မှာပဲ ရှိပါတယ်"

ဦးမြကြီး၏ သမီးအတွက် ဆေးပေးပြီး ကျုပ်တို့ပြန်လာကြ ည်။

ဘသာအောင်အိမ်ပြန်ရောက်တော့ သူ့မြေးလေးက ချွေးပုံမှန် ပြီး ငုတ်တုတ်ထိုင်နေပါပြီ။ ဆေးဆန်ပြုတ်ကို သူ့ဘာသာသူ သောက်နေတယ်။ အခြေအနေဟာ တော်တော်လေးကောင်းသွားပါ ၊ နောက်နေ့နံနက်စောစောမှာ ဦးမြကြီးရောက်လာပြီး သူ့သမီး သာကြောင်းလာပြောလို့ ကျုပ် သွေးလိုက်စမ်းပြီး ဆေး နှစ်ရက်

စာပေးခဲ့ပါတယ်။ ကျွပ် ဘသာအောင်တို့ရွာမှာ သုံးလလောက် သော

တင်နေပါတယ်။

သုံးလအတွင်းမှာ ကျွပ်နဲ့ဘသာအောင် ဆေးမြစ်ရှာဖို့ တော

ထဲကို တစ်ခေါက် သွားခဲ့ရပါတယ်။

ကျွပ်လုပ်ငန်းတွေကို ဘသာအောင်နဲ့ ကိုဖြိုးတို့က ကူညီ

တယ်။ သုံးလလောက်ရှိတော့ ရွာထဲမှာလည်း ဖျားနာသူ တော်တော်

နည်းသွားပြီမို့ ကျွပ် ရှေ့ခရီးဆက်ခဲ့ပါတော့တယ်။

"ကျွပ်သွားပြီ ဘသာအောင်"

"နေပါဦး ဆရာလေး၊ နေပါဦး"

ရွာထဲကလူတွေ တစ်ယောက်ပြီးတစ်ယောက် လက်ဆော

တွေလာပေးကြပေမယ့် ကျွပ် မယူခဲ့ပါဘူး။ ဘသာအောင်တို့အိမ်

၌ ထားခဲ့ပါတယ်။ ဦးမြကြီးတို့မိသားစုပေးတဲ့ ငွေတစ်ဆယ်ကို

လက်ခံယူပြီး ကျွပ် မန္တလေးနေပြည်တော်ကို ထွက်ခဲ့တယ်။

ခရီးသွားဟန်လွှဲ ကုသပေးခဲ့ရပေမယ့် ကျွပ်ဟာ ဆေးဆ

လုပ်စားချင်သူ မဟုတ်ပါဘူး။ ဥစ ဖြာမင်္ဂလာကို ခေါင်းပေါ်က

ကိုယ်ဝတ်အင်္ကျီကဲ့သို့ အဆောင်သဖွယ် ဥပဒေကြီးတစ်ရပ်လို လိုက်

ကျင့်သုံးရင်း လောကတွင်းကို လျှောက်ကြည့်ချင်သူပါ။

⌑ ⌑ ⌑



သည်းခံပါ…၊
သတ္တိမဲ့သူ တစ်ယောက်
မဖြစ်ပါစေနဲ့…၊
ကိုယ့်ပြဿနာ
ကိုယ့်ဘာသာ ပြီးပြတ်အောင်ရှင်းပါ…၊
ခေါင်းရှောင်တတ်သော
သူရဲဘောနည်းသူ မဖြစ်ပါစေနဲ့…၊
နောက်ကြောင်းရှင်းပါစေ…။

## လို့ချင်တောင့်တ မိသားစုဘဝ

ပခွင်၊ ပြဒိုး၊ ကျိုးမြို့ရိုးနဲ့…ကျွန်ုပ် ဘဘုန်းနဲ့အတူ ရောက်
ခဲ့ကြ ကြက်ပုံမကျစည်းကားလှတဲ့ ရတနာပုံနေပြည်တော်ဟာ ခုတေ
ခြောက်ကပ်လို့ သုသာန်တစပြင်လို ဖြစ်နေပါပြီ။ ကျွန်ုပ် ကျိုးနဲ့ဘေး
ခပ်ဖြည်းဖြည်း လမ်းလျှောက်ကြည့်တဲ့အခါ ကုလားဖြူ ကုလားမည်
စစ်သားတွေ သေနတ်ကိုင်ပြီးလျှောက်သူလျှောက်၊ ဟိုတစ်စုသည်တစ
ထိုင်နေသူတွေ၊ ဖေါင်းပတ်ရောင် စစ်မြင်းကြီးတွေကိုစီးပြီး ဖြတ်သွ
ဖြတ်လာလုပ်နေတဲ့ ကုလားစစ်ဗိုလ်တွေကို တွေ့နေရတယ်။

ကျွန်ုပ် မွေးတဲ့နှစ်မှာ နန်းကျခဲ့တယ်ဆိုတဲ့ ရှင်ဘုရင်ကို မေ
ဖူးပေမယ့် တွေးကြည့်ရင်း စိတ်မကောင်းဖြစ်မိပါတယ်။ သူ့ခမ
နိုင်ငံရပ်ခြားမှာ အချုပ်အနှောင်ခံနေရပါလားလို့ တွေးရင်း ကျိုးဘေ



ကိုရောက်လာတော့ ထမင်းဆိုင်ကလေးတစ်ဆိုင်တွေ့တာနဲ့ ကျွန်ုပ်ထမင်း
ဝင်စားလိုက်တယ်။

"မောင်လေး ဘာဟင်းနဲ့စားမလဲ"

ဆိုင်ကလေးက ခြောက်ကပ်ကပ်ပါ။ ကျွန်ုပ်အရင် ထမင်းစား
နေသူနှစ်ယောက် ဆိုင်ထောင့်ခုံမှာ ထိုင်နေကြတယ်။ ကျွန်ုပ်ပါနဲ့မှ
သုံးယောက်တည်း။

"ဈေးအသက်သာဆုံးနဲ့ အကောင်းဆုံးဟင်းပေးပါဗျာ"

သူက ကျွန်ုပ်ကို ပြုံးစေ့စေ့နဲ့ကြည့်ပြီး ထမင်းထည့်ဖို့ ထွက်
သွားပါတယ်။

မန္တလေးသူပီပီ အသားကလေးညိုညို၊ မျက်နှာဝိုင်းဝိုင်း
ကလေးနဲ့ ခင်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ။ သူ့အသက်
သည်း အလွန်ဆုံးရှိမှ ၁၈ နှစ်လောက်ပဲလို့ ကျွန်ုပ် ခန့်မှန်းလိုက်တယ်။

"ရော ငါ့မောင်… ဒါတို့ဆိုင်က ဈေးအသက်သာဆုံးနဲ့
အကောင်းဆုံးပဲ"

ထမင်းပွဲပွဲမှာဆီဆမ်းပြီး ပဲနှပ်ထည့်ထားတာတဲ့၊ ထမင်းတစ်
နပ်းကန်ရောက်လာတော့ ကျွန်ုပ်က "ဒါ ဘယ်လောက်ကျသလဲ"
လို့ မေးလိုက်တယ်။

"နှစ်ပြားပဲကျတယ် ငါ့မောင်၊ ထမင်းဖိုးပဲ ယူထားလိုက်
တာလေ"

ကျွန်ုပ် သူ့ကိုပြုံးပြပြီး ပဲဆီနဲ့မွှေးမွှေး၊ ပဲနပ်အနံ့သင်းသင်း
ထမင်းတစ်ပန်းကန်ကို ထိုင်စားလိုက်တာ ခဏကလေးကုန်သွားပါ
ရော။ သူက အလိုက်သိသိ လိုက်ပွဲဆိုပြီး နောက်တစ်ပန်းကန်လုပ်
ပေးပါတယ်။ နှစ်ပန်းကန်ကုန်သွားတော့ ထန်းလျက်ခဲနှင့် ရေနွေး
သောက်ရင်း ဆိုင်မှာ ခဏထိုင်နေတုန်း လူနှစ်ယောက် ကျွန်ုပ်နေသော
မှာ ဝင်ထိုင်လိုက်တယ်။

"ထမင်းစားမယ် ဟေ့"

"လာပါပြီရှင်၊ ဘာဟင်းနဲ့စားမှာပါလဲ"

"ရှိတဲ့ဟင်း အကုန်ချ၊ ထမင်းနှစ်ပွဲ၊ ငါးပိတို့စရာ အကုန်
ချကွာ"

"ရှင် ဟုတ်ကဲ့၊ ချပေးပါ့မယ်ရှင်၊ ချပေးပါ့မယ်"

ရေနွေးကြမ်းငှဲ့ရင်း လူနှစ်ယောက်ကိုအကဲခတ်လိုက်တော့
နှစ်ယောက်စလုံး အရက်မူးနေဟန်တူတယ်။ နောက် ကာကီရောင်
ဘောင်းဘီတိုနဲ့ သားရေပတ်ဘိနပ်တွေ စီးထားတာရို့ ကုလားစစ်
မှာ အမှုထမ်းနေတဲ့ ဗမာတွေဖြစ်မယ်လို့ ကျွန်ုပ်ခန့်မှန်းမိတယ်။

မိန်းကလေးခမျာ သူတို့အတွက် ထမင်းပွဲဟင်းပွဲတွေပြင်
ရ၊ ချပေးဖို့လုပ်နေရတာကြောင့် ကျွန်ုပ်လည်း မနေသာတော့ဘဲ ဟင်း
ပွဲတွေ ကူချပေးဖြစ်တယ်။ မိန်းကလေးက ရပါတယ်ဆိုပေမယ့် ကျွန်ုပ်
ကြည့်မနေနိုင်လို့ ကူညီလိုက်မိတာပါ။



ဟင်းနဲ့ထမင်း ငါးပိရည်တို့စရာအားလုံး သူတို့စားပွဲပေါ်ချပေး
တော့ ကျွန်ုပ်က "ဝိုက်ဆံလာယူပါ အစ်မ" ဆိုပြီ ကျွန်ုပ်စားပွဲမှာ
ထိုင်ပြီး အိတ်ထဲက ပြားစေ့လေးငါးစေ့ကို ထုတ်လိုက်တယ်။

"ဟင် ဒါပဲလား"

"ဟုတ်ကဲ့၊ ဒါအကုန်ပါပဲ၊ ဆိုင်မှာ ဒီနေ့ချက်သမျှ ဟင်း
အကုန်ပါပဲ"

တစ်ယောက်က မိန်းကလေးကိုကြည့်နေသည်။ တစ်ယောက်
က ဟင်းပွဲတွေကို ဇွန်းတစ်ချောင်းနဲ့ ခပ်မြည်းနေတယ်။ ကျွန်ုပ် မသိ
သလိုကြည့်နေရာက သိသိသာသာပဲ ကြည့်နေလိုက်ပါတော့တယ်။

"မင်း ... ဒါ ... တို့ကိုရှဲ့တာလား"

"မင်းဟင်းတွေက ပေါ့တဲ့ဟာပေါ့၊ ငံတဲ့ဟာငံနဲ့ တို့ဘယ်လို
လုပ်စားရမလဲ"

"မရှဲ့ပါဘူး အစ်ကိုတို့ရယ်၊ အစ်ကိုတို့ပြောတဲ့အတိုင်း လုပ်
ပေးတာပါ"

"ဒါဆို ... တို့ ... တစ်ခုညှိသေးတယ်"

"ဘာ ... ဘာလိုတာပါလဲရှင်၊ ကျွန်ုပ် လုပ်ပေးပါ့မယ်"

တစ်ယောက်က မိန်းကလေးမျက်နှာရှေ့သို့ လက်နှစ်ချောင်း
ထောက်ကာ "ချက်အရက် နှစ်လုံး" ဟုပြောလိုက်သည်။ ကျွန်ုပ်

ပွဲဖျက်ရန်စိတ်ကူးရသည်နှင့် …

"ပိုက်ဆံရှင်းမယ် လာယူပါဗျို့"

"လာပြီ မောင်လေးရေ၊ လာပြီ"

မိန်းကလေးက အခွင့်အရေးရတုန်း ကျွန်ုပ်ဆီက ပိုက်ဆံ… နဲ့ သူတို့စားပွဲနားကနေ လှည့်ထွက်လိုက်ပါတယ်။

ဒါပေမယ့် လူငယ်တစ်ယောက်က သူမကို လှမ်းဆွဲ… တယ်။

"အမေ့၊ ရှင့် ကျွန်ုပ်လက်ကို လွှတ်ပါ"

"ငါ့ကို အရက်နှစ်လုံးရှာမပေးရင် မင်းဆိုင်ကို ဖျက်… မယ်"

"မ…မလုပ်ပါနဲ့ အစ်ကိုတို့ရယ်၊ ကျွန်ုပ်ဆိုင်က အရက်… ရောင်းလို့ပါရှင်၊ နောက်ပြီး ကျွန်ုပ်…ကျွန်ုပ် အရက်မ… တတ်ပါဘူး"

"ဟာ … ဒီကောင်မ"

"ဟိုး…ဟိုး…စောရပ်ပါဦး"

ကျွန်ုပ် ထိုင်ရာကထပြီး သူတို့စားပွဲဆီ ရှေ့ရှုလျှောက်သွား… ပါတယ်။

သူတို့မျက်လောက်နီကြီးတွေနဲ့ ကျွန်ုပ်ကို စူးစိုက်ကြည့်…



…တယ်။ တခြားစားပွဲမှာ စားနေတဲ့လူနှစ်ယောက်က ပိုက်ဆံထားခဲ့ …ပြီဟုလို့ပြောပြီး ကမန်းကတန်းထွက်သွားကြပြီ။ ပြဿနာတစ်ခု …ဖြစ်တော့မှာစိုးလို့ ခေါင်းရှောင်သွားကြတာပဲ။ ကျွန်ုပ်ဟာ သည်းခံနိုင်သ …လောက်သည်းခံခဲ့ပေမယ့် သူတို့လို ထမင်းရည်ပူလာ လျှာလွှဲတဲ့လူ …တစ်ယောက်တော့ အဖြစ်မခံနိုင်ဘူး။

"ဟေ့ကောင် မင်းကဘာလဲ"

"ကျွန်ုပ်က ခင်ဗျားတို့ကိုမေးမလို့ဗျ၊ ခင်ဗျားတို့ မြန်မာလူ မျိုးတွေပဲ မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်ုပ်ဗမာ၊ သူလည်းဗမာပဲ၊ ဒါပေမယ့် သူက ဗြိတိသျှသေနတ်ကိုင်တပ်ရင်း (×××)က ဂျမဒါဝင်းကျော်တဲ့"

"ဒါဆို မြန်မာမိန်းကလေးတစ်ယောက် သမ္မာအာဇီဝ ထမင်း ရောင်းစားနေတာကို ဘာလို့များ နှောက်ယှက်ချင်ရတာလဲ၊ ဗမာချင်း အနှောက်အယှက်ပေးပြီး ကုလားကိုတော့ ကူညီ ပံ့ပိုးချင်တယ်ပေါ့"

"မောင်စန်း၊ ဘာတွေလာပြောနေတာလဲ၊ ရှင်းလိုက်စမ်းကွာ"

"ဟုတ်ကဲ့ပါ ဂျမဒါ၊ ကျွန်တော် ရှင်းလိုက်ပါ့မယ်"

မောင်စန်းဆိုသူ ရှေ့တိုးလာတယ်။ သူနဲ့ကျွန်ုပ်ဟာ အရွယ်သိပ် …ကွာလှပါဘူး၊ ကျွန်ုပ်က ဘုန်းကြီးကျောင်းသားဆိုပေမယ့် ပျော့ဖတ်

ဖတ် ဘုန်းကြီးကျောင်းသား မဟုတ်ခဲ့ဘူး။ မိုးလင်းကမိုးချုပ် ဘုန်းကြီ ကိစ္စ၊ ဆွမ်းကိစ္စ၊ ကျောင်းကိစ္စတွေကို မနားတမ်းလုပ်ခဲ့လေတော့ ခန္ဓာကိုယ်ဟာ မသိတဲ့လူဆို ကျွန်ုပ်ကို ၁၇ နှစ်သားလို့ ဘယ်ထင်မလဲ ၁၈ နှစ်၊ ၁၉ နှစ်လောက် ထင်မှာပါ။

“ကျွန်ုပ် တစ်ခု တောင်းပန်ချင်ပါတယ်၊ ခင်ဗျားတို့မှာထားတ ဟင်းတွေနဲ့ အေးအေးဆေးဆေး ထမင်းစားပြီးပြန်ကြပါ”

“မပြန်ဘူးကွာ၊ မပြန်ဘူးဆိုရင်ရော မင်းဘာလုပ်မလဲ”

“ကျွန်ုပ် တောင်းပန်ပြောနေတာပဲဗျာ၊ ဘာလုပ်ရမှာလဲ”

ထိုစဉ် …

ဂျမဒါဆိုသူက စိတ်မရှည်စွာပြေးထွက်လာပြီး ကျွန်ုပ်ကို ဝ ထိုးပါတယ်။ ဒီအခြေအနေကို မျှော်လင့်ထားတဲ့ ကျွန်ုပ်ဟာ ရှေ့မှာ ရပ်နေတဲ့ မောင်စန်းကိုလှမ်းဆွဲပြီး ဂျမဒါရှေ့ ပို့ပေးလိုက်ပါတယ်

“ဖြောင်း … ခွပ်”

ကျွန်ုပ်ချက်ချက်ကို လှမ်းတိုးလိုက်သောလက်သီးမှာ မော စန်း၏နောက်စေ့ကို ထိုးမိသွားသည်။ ထို့ကြောင့် မောင်စန်း နော စေ့နာသွားသလို ဂျမဒါ၏လက်များလည်း ခေါက်သွားဟန်တူ

“အား … ဂျမဒါ”

“ဟာ … ငါ့လက် … ကျိုးပြီကွ…မင်း …မင်း”



သူတို့နှစ်ယောက် ကျွန်ုပ်ကို မျက်နှာမူလိုက်ပေမယ့် သူတို့ နာတွေခံစားနေရတာမို့ ရှုံ့မဲ့နေကြပါတယ်။ ကျွန်ုပ်လည်း မထူး ကာဘူးဆိုပြီး လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ သူတို့ ရှေ့မှာ မားမားမတ်မတ် ရပ်နေလိုက်သည်။ ဝင်လာရင် ကျွန်ုပ် ရင်ဆိုင် ည်း

“မောင်လေး၊ ခုကွာပဲကွယ်၊ သူတို့က ကုလားစစ်တပ်က ဗိုလ်ကွယ့်၊ မောင်လေးကို ဒုက္ခပေးကြလိမ့်မယ်”

“ကျွန်ုပ်ကို ဒုက္ခပေးရင် ကျွန်ုပ် သေရုံအပြင်မရှိဘူး၊ အစ်မ ကိုဒုက္ခပေးမှ အစ်မသိက္ခာကျပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်ရမှာ”

ထိုနှစ်ယောက် ကျွန်ုပ်ကို ဝိုင်းလိုက်သည်။

ကျွန်ုပ်လည်း စိတ်ပေါက်ပေါက်ရှိတာနဲ့ မလှမ်းမကမ်းက စ်သားထိုင်ခုံကို ကောက်ယူလိုက်ပြီး …

“မင်းတို့ဟာ ဂျမဒါမကလို့ ဘာပဲဖြစ်ဖြစ် အပြတ်ရှင်းပြီ ကွာ”

“မောင်လေး မလုပ်နဲ့”

“ဂျမဒါ ဒီကောင်တစ်ကောင်ချမှာ”

ကျွန်ုပ် လိုက်ရိုက်တာကြောင့် ဂျမဒါနဲ့မောင်စန်းတို့ ဆိုင်ပြင်

ကိုထွက်ပြေးပါတယ်။ ကျွန်ုပ်ကလိုက်ရိုက်၊ သူတို့ကပြေးနဲ့ ဧော
တော်ဝေးဝေးရောက်မှ ကျွန်ုပ်မလိုက်တော့ဘဲ ဆိုင်ဘက်ကို ပြန်လ
ပါတော့တယ်။

အဲဒီအချိန်မှာ ဆိုင်ရှင်အဒေါ်ကြီး ရောက်လာပါပြီ။

"သမီး ဘာဖြစ်တာလဲ၊ ဒီထမင်းပွဲကြီးကလည်း မှိုလို
ထက်နဲ့၊ ဟင်းတွေက ရှိသမျှအကုန်ပါလား"

ကျွန်ုပ်ထိုင်ခဲ့တဲ့ခုံမှာ ပြန်ထိုင်နေခိုက် မိန်းကလေးက သူမ
ကို ပြဿနာအစ၊အဆုံး ရှင်းပြနေပါတယ်။ မိန်းကလေးနာမည်
မညိုမြဖြစ်ပြီး မိခင်က ဒေါ်ရင်လှဖြစ်ပါတယ်။

"ဒါဆို မောင်ရင်လေးသွားတော့လေကွယ်၊ တော်ကြာ သူ
ပြန်လာတော့မယ်"

"လာပါစေ ကြီးဒေါ်၊ ကျွန်ုပ် သူတို့ကိုစောင့်ပါ့မယ်၊ သူ
ပြန်လာလို့ ကျွန်ုပ်မရှိရင် ကြီးဒေါ်တို့သားအမိကို ပြဿ
ရှာနေပါ့မယ်၊ ကျွန်ုပ်ကိစ္စကျွန်ုပ်ဘာသာ ပြီးပြတ်အောင်ရှင်း
မယ် ကြီးဒေါ်၊ ခြော် အစ်မ ခုနကျွန်ုပ်စားတဲ့ ထမင်းနဲ့

"ပေးမနေပါနဲ့ကွာ၊ နေပါစေ၊ သုံးပြားထဲကျတာ"

"အယ်ဟုတ်မလဲ အစ်မရဲ့၊ တန်ရာတန်ကြေးကတော့
ရမှာပေါ့၊ ရောယူထား သုံးပြား၊ ကျွန်ုပ် ဟိုလူတွေလာ



လိုက်သွားရဦးမှာ"

သိပ်မကြာခင်မှာ ဂျမ်ဒါဝင်းကျော်ခေါင်းဆောင်တဲ့ တပ်စိပ်
တစ်စိပ်ရောက်လာပါတယ်။ သူတို့အားလုံး စစ်ဝတ်စုံ အပြည့်အစုံဝတ်
ထားတဲ့အပြင် သေနတ်တွေလည်း ကိုင်လာပါတယ်။ သူတို့နဲ့ ရှေ့ဆင့်
နောက်ဆင့် စစ်ဂျစ်ကားကလေးတစ်စီးပါ ဆိုင်ရှေ့မှာ ရပ်လာပါတယ်။

"အမှားကြီး၊ ဟိုကောင် ဘယ်ရောက်သွားလဲ၊ ခုန လူစွာ
လုပ်တဲ့ကောင်"

"ကျွန်ုပ် ဒီမှာရှိပါတယ်၊ ခင်ဗျား ကြီးဒေါ်တို့ကို မရမ်းပါနဲ့၊
ကျွန်ုပ် ခင်ဗျားတို့စိတ်ခတ်ကိုသိလို့ စောင့်နေတာပါ"

ကျွန်ုပ်စကားမဆုံးခင် မောင်စိန်ရဲ့ဘက်နက်က ကျွန်ုပ်ကျောကို
ထိုးလာတယ်။ ကိုယ်တစ်ချက်တိမ်းလိုက်ပြီး ကုလားထိုင်နဲ့ကန့်လန့်
က ဘက်နက်ကိုချိုးပစ်လိုက်ပါတယ်။

"ဖြောင်း"

"ဟင်"

နောက်ထပ် စစ်သားနှစ်ယောက်ပြေးဝင်အလာမှာ ကျွန်ုပ်သူ
တို့ကို မျက်နှာချင်းဆိုင်ပြီး ဖြစ်နေပါပြီ။

"ဟိတ် ... ရပ်စမ်း"

အသံကြောင့် စစ်သားနှစ်ယောက် တုန့်ခနဲရပ်သွားပါတယ်။

ရုပ်ဖို့အောင်ပြောရင်း ဝင်လာသူက ပုခုံးပေါ်မှာ အပွင့်အခက်
တော်တော်များတဲ့ လူကြီးတစ်ယောက်။ ဆံပင်ပြောင်းဖူးမွေးနဲ့ နှုတ်ခမ်း
မွေးမုတ်ဆိတ်မွေးတွေနဲ့ မျက်နှာဖြူစစ်ဗိုလ်တစ်ယောက် ဖြစ်တယ်။

"ဘာဖြစ်သလဲ ... ဂျမဒါ"

ဂျမဒါက ကမန်းကတန်းအလေးပြုပြီး ...

"ဒီလိုပါ ကပ္ပတိန်၊ ကျွန်ုပ်တို့ဒီဆိုင်မှာ ထမင်းစားနေ
ယောဒီကောင်က ကျွန်ုပ်တို့ကို ထိုင်ခုံနဲ့လိုက်ရိုက်ပါတယ်"

ကပ္ပတိန်က ကျွန်ုပ်ဘက်ကိုလှည့်ပြီး "သူပြောတာဟုတ်
လား လူကလေး" လို့ မြန်မာစကား မပီမသနဲ့ မေးပါတယ်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်လိုက်ရိုက်တယ်ဆိုတာ
သူတို့နှစ်ယောက် ဆိုင်ရှင်မိန်းကလေးကို စော်ကားလို့ပါ"

"ဘယ်လိုလဲ ဂျမဒါ၊ မိန်းကလေးကို စော်ကားတယ်ဆို"

"စော်ကားတာမဟုတ်ပါဘူး၊ ဆိုင်မှာ အရက်ရောင်းသလား
လို့ မေးမိတာပါ"

"ဟုတ်သလား မိန်းကလေး"

မညိုမြက သတ္တိကောင်းတဲ့မိန်းကလေးပါ၊ ဂျမဒါတို့နှစ်
ယောက် ဆိုင်ထဲရောက်တဲ့အချိန်ကစပြီး ကျုပ် ခုံနဲ့လိုက်ရိုက်တဲ့အချိန်
အထိ ပြောပြလိုက်ပါတယ်။ ကပ္ပတိန်က ခေါင်းတညိတ်ညိတ်နဲ့



နားထောင်ရင်း မျက်နှာကြီးနီရဲလာပြီး ဂျမဒါကို သူတို့ဘာသာနဲ့ အကြာ
ကြီးပြောနေပါတော့တယ်။ သူတို့ဘာသာကို ကျုပ် မတတ်လေတော့
ဘာမှ နားမလည်ပါဘူး။

ပြီးမှ ကပ္ပတိန်က သူ့အိတ်ထဲက ငွေငါးကျပ်ထုတ်ပြီး မညို
မြကို လှမ်းပေးပါတယ်။

"ရော့ မိန်းကလေး၊ မင်းဆိုင်မှာ ဆုံးရှုံးခဲ့သမျှအတွက် ကျွန်ုပ်
လျော်ကြေးပေးတာပါ၊ ကျွန်ုပ် ဂျမဒါကို အပြစ်ပေးပါ့မယ်၊
မင်းတို့ သွားကြတော့"

ကပ္ပတိန့် အမိန့်ပေးလိုက်တဲ့အတွက် ဂျမဒါနဲ့ ကုလားစစ်
သားတွေထွက်သွားကြတယ်။ ကပ္ပတိန်နဲ့အဘေးက လက်နက်ကိုင်စစ်
သားနှစ်ယောက်ပဲ ကျန်ခဲ့ပါတယ်။ ကပ္ပတိန်က ကျုပ်ထိုင်နေတဲ့
ခုံး ပွဲမှာလာထိုင်ပြီး ...

"လူကလေးနာမည် ဘယ်သူလဲ"

"ကျုပ်နာမည် ပန်းတိုင်ပါ"

"လူကလေး ဘာလုပ်သလဲ၊ ဘယ်သွားမလဲ"

"ကျုပ်မှာ အလုပ်မရှိပါဘူး၊ လောလောဆယ် ဘယ်သွားမယ်
ဆိုတာ စိတ်ကူးမရှိသေးပေမယ့် မန္တလေး၊ ရန်ကုန်လိုမြို့ကြီး
တွေမှာ လုပ်ငန်းလုပ်ချင်လို့ပါ"

"လူကလေးကို ကျွန်ုပ်အလုပ်ပေးရင် လုပ်မလား"

"အမျိုးသားရေးကို သစ္စာမဖောက်ရဘူးဆိုရင် လုပ်ပါ့မယ်"

"အိုကော၊ ဒါဆို မကြာခင်မှာပဲ တပ်ထဲကိုလာခဲ့ပါ၊ ကပ္ပ တိန်လူးဝစ်ခေါ်ထားလို့ လာတာလို့ပြောလိုက်၊ ဂိတ်က ခွင့် ပြုပါလိမ့်မယ်"

ကပ္ပတိန်ပြောပြီး ထ၊အထွက်မှာ ကျုပ်က လစာဘယ် လောက် ပေးမှာလဲလို့ မေးလိုက်ပါတယ်။

"ကျုပ်ရဲ့ဘော်ဒီဂတ်တစ်ယောက်ရဲ့ လစာဟာ သုံးဆယ်လေးဆယ် လောက်ပဲရှိတယ်၊ ကျွန်ုပ် လူကလေးကို သုံးဆယ်ပေးမယ်"

ကျုပ် ဘာမှမပြောတော့ဘူး၊ ကပ္ပတိန်နဲ့ မျက်နှာချင်းဆိုင်ထွက် သွားတော့ ကျုပ်လည်း ထ၊ရပ်လိုက်ပါတယ်။

"မောင်ပန်းတိုင် ဘယ်သွားမလို့လဲ"

"ကျုပ် ဘုရားကြီးထဲသွားမလို့ပါ၊ ညနေစာစားချိန်ကြမှ ကျုပ် ပြန်လာပါ့မယ်၊ ဒီကုလားတွေဆီမှာ အလုပ်လုပ်သင့် မလုပ်သင့် အချိန်ယူပြီး စဉ်းစားချင်လို့ပါ"

"အေးပါကွယ်၊ ညနေတော့ ဆက်ဆက်လာစားနော်၊ ကြီး ဒေါ်တို့ ဟင်းကောင်းကောင်းနဲ့ ကျွေးပါ့မယ်"

ဘုရားကြီးပရဝုဏ်ကို လျှောက်လာခဲ့ပါတယ်။ လူရှင်းလှတဲ့



...ရဲ့တစ်နေရာမှာ ကျုပ်ပါလာတဲ့ လွယ်အိတ်ကလေးခေါင်းအုံး ...တုံးလုံးလှဲပြီး စဉ်းစားနေမိတယ်။ မနက်ဖြန် ကပ္ပတိန်ပေးတဲ့အလုပ် ... လုပ်သင့်မလုပ်သင့်ကို ချိန်ဆနေမိတယ်။

ကျုပ်စိတ်ထဲမှာ မင်္ဂလသုတ်ပရိတ်တော်ကို အစမှအဆုံး ရွတ် ...မိတယ်။

သင့်တော်လျှောက်ပတ်တဲ့ နေရာတစ်ခုတွေ့နေပြီ။ ထိုလူတွေ ...ာ လူမိုက်တွေလား၊ လူမိုက်လေးမျိုးကို ပြန်သုံးသပ်နေရတယ်။

ဉာဏ်မျက်စိကန်းပြီး ရှပ်မှန်းနာမ်မှန်းမသိဘူး။ ကပ္ပတိန်ဟာ ...လိုလူမျိုးပါပဲ။ ဒါပေမယ့် လောကီကိစ္စဖြစ်တဲ့အတွက် ရှပ်နာမ်ခွဲ ...ါကို မေတ္တာလျှော့လျှော့ပြီး ထားခဲ့ရမှာပဲ။

ဒုသီလ – ကိုယ်ကျင့်တရားမရှိ ထင်သလိုရမ်းကားနေသူ။ ...လည်က အဖြစ်အပျက်အရ ကပ္ပတိန်ဟာ ရမ်းကားသူတစ်ယောက် ...တ်တာ သေချာတယ်။

ဒုပ္ပည – ပင်ကိုယ်ဉာဏ်ကင်းမဲ့၍ အရည်အချင်းချို့တဲ့သူ ... ကပ္ပတိန်မပါနိုင်ဘူး...သူဟာ ခေတ်ပညာတတ် ဉာဏ်ကောင်း ...တစ်ယောက်ဖြစ်တယ်။

ဒုဗ္ဗဏ – ပင်ကိုစိတ်ရင်းမကောင်းလို့ ကံသုံးပါးမလုံခြုံသူ ...ပ္ပတိန်ဟာ စိတ်ရင်းကောင်းသူမို့သာ မနက်ကကိစ္စမှာ ကျုပ်ကို ...မပေးဘဲ သူတာပည့် ဂျမဒါကို အပြစ်ပေးလိုက်တာပေါ့။

ကျွပ် အိပ်ပျော်သွားလိုက်တာ ညနေ မိုးထွန်းချိန်ရောက်[illegible] နီးလာပါတယ်။ ဒါကြောင့် ကျုံးထောင့်က ဒေါ်ရင်လှထမင်းဆိုင်[illegible] ခပ်သွက်သွက်ထွက်လာခဲ့ရတယ်။ ထမင်းဆိုင်ပိတ်သွားရင် ကျွ[illegible] အခက်တွေ့သွားနိုင်တယ်လေ။ ကျွပ်ရောက်သွားတော့ ဆိုင်မှာ လူ[illegible] ချိန်ဖြစ်နေတယ်။ ကျွပ်လည်း စားပွဲထိုးအလုပ် ကူလုပ်ပေးနေမိ[illegible] တယ်။ တော်တော်ညဉ့်နက်မှ လူရှင်းသွားပါသည်။

"ငါ့မောင် ဗိုက်ဆာရောပေါ့၊ စားကြရအောင်"

"ဟုတ်ကဲ့၊ ဆာတယ် အစ်မ၊ ဒါပေမယ့် ရေချိုးချင်တ[illegible] ဗျာ"

"ချိုးလေ မောင်ပန်းတိုင်၊ ဟိုဘက်အိုးထဲက ချိုး"

"ဟုတ်ကဲ့ပါ ကြီးဒေါ်"

ကျွပ်ရေချိုးပြီးတော့ ကြီးဒေါ်တို့သားအမိနဲ့ ထမင်းအ[illegible] စားလိုက်ပါတယ်။

"မောင်ပန်းတိုင်၊ မနက်ဖြန်ကိစ္စ ဘယ်လိုစဉ်းစားထား[illegible] ကွယ့်"

"ကျွပ် ကပ္ပတိန်နဲ့သွားတွေ့မယ်လို့ စဉ်းစားပါတယ် [illegible] ဒေါ်၊ သူဘာအလုပ် ပေးမလဲဆိုတာကြည့်ပြီး လုပ်သင့်တ[illegible] ထင်ရင်တော့ လုပ်ပါ့မယ်"



"မင်း လုပ်ဖြစ်သွားရင်လည်း အစ်မတို့ဆိုင်ကို မကြာခဏ လာနော်"

"လာပါ့မယ် အစ်မ၊ ကျွပ်မှာ သွားစရာမှမရှိတာ၊ ဒီကိုပဲ လာရမှာပေါ့"

"ဒါနဲ့ မောင်ပန်းတိုင်၊ ဒီနေ့ညရော ဘယ်မှာအိပ်မှာလဲ"

"ဘုရားထဲမှာ သွားအိပ်မလားလို့"

"အို မသွားပါနဲ့တော့ကွယ်၊ ကြီးဒေါ်တို့ဆိုင်မှာပဲ အိပ်ပေါ့၊ ကြီးဒေါ်နဲ့မင်းအစ်မက အိမ်ထဲမှာအိပ်တာပဲ၊ ဆိုင်ခုံတွေခင်းပြီး အိပ်ပေါ့၊ အကျယ်ကြီးပဲကွယ်"

"ကျေးဇူးတင်ပါတယ် ကြီးဒေါ်၊ ကျွပ် ကြီးဒေါ်တို့သားအမိရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး၊ ပြန်ဆပ်ဖို့ အခွင့်ကြုံတဲ့အခါ ဆပ်ပါ့မယ်"

ကျွပ်ဟာ ကိုယ့်ကြီးဒေါ်နဲ့အစ်မအိမ် ပြန်ရောက်သူတစ်[illegible]လို ရင်မှာ အေးချမ်းပီတိဖြစ်ရပါတယ်။ ကျွပ်ဘဝမှာ မိသား[illegible]စုတယ်ဆိုတာမရှိလေတော့ ကိုယ်ချင်းစာကြည့်ပေါ့လေ။

¤ ¤ ¤

သင့်တင့်လျောက်ပတ်သော အရပ်မှာ
လိုက်လျောညီထွေ နေတတ်ရမယ်။
ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ
အမိအရ ဆုပ်ကိုင်ထား ရမယ်ဆိုပေမယ့်
အပြစ်ကင်းတဲ့ အလုပ်မျိုး နဲ့သာ
ဘဝကို တည်ဆောက်သင့်တယ်...။



# အပြစ်ကင်းစွာ စီးပွားရှာ

ကပ္ပတိန်ရုံးခန်းက ကုန်းမြင့်ကလေးရဲ့ထိပ်မှာပါ။

ကျုပ် အားစိုက်ပြီးတက်လာခဲ့ပါတယ်။ ပစ္စည်းဆိုလို့ လွယ် လွယ်အိတ်ကလေးကို စလွယ်သိုင်းလွယ်ထားတာပဲ ပါ,ပါတယ်။ မှာတုန်းက အစောင့်ကုလားစစ်သားကို ကပ္ပတိန်ဆီသွားမယ်လို့ လိုက်တာနဲ့ ဂိတ်တံခါးဖွင့်ပေးပြီး ဝင်ခွင့်ပြုခဲ့တယ်။

"ကပ္ပတိန် ရှိလား"

"ဝင်သွားပါ"

ကပ္ပတိန် ရုံးခန်းရှေ့ရောက်တော့ ကျုပ် ခေါ်ပြီးဝင်သွားတယ်။ ကျုပ်ကို အသင့်ကြိုနေတယ်။

"လူကလေးရောက်လာပြီလား၊ လာပါ ထိုင်ပါ၊ လူက
လူကလေးဟာ မြန်မာလူမျိုးပီပီ သစ္စာရှိတယ်၊ သန်
မြန်ဆန်တယ်၊ မှန်တာကိုပြောရဲတယ်၊ ဒါတွေကြောင့်
မောင်မင်းကို အလုပ်ပေးမလို့ခေါ်တာ"

"ဘာအလုပ်ပေးမှာလဲ၊ ပြောပါ ကပ္ပတိန်"

"ကျွန်ုပ်ပေးတဲ့အလုပ်ကို မောင်မင်းလုပ်မှာလား"

"လုပ်သင့်တယ်ထင်ရင် ကျုပ်လုပ်ပါ့မယ်"

"ကောင်းပြီ၊ ဒါကြောင့် လူကလေးကို ကျွန်ုပ်သဘော
တာ၊ ကျွန်ုပ်အမိန့်နဲ့ ထရပ်ကားသုံးစီးယူပြီး ရန်ကုန်က
တွေ ဒီကိုတင်လာဖို့ပဲ၊ တင်လာတဲ့လမ်းတစ်လျှောက်
မနားမှာ ကားတစ်စီးချခဲ့မယ်၊ တပ်ကုန်းမှာ တစ်စီး
ကျန်တစ်စီးကိုမှ ဒီအရောက်ယူခဲ့ရမယ်"

"ပစ္စည်းတွေက ဘယ်ကရမှာလဲ ကပ္ပတိန်"

"ဟိုမှာ ကျွန်ုပ်လူရှိတယ်၊ သတ်မှတ်ရက်မရောက်ခင်
အားလုံးအသင့်လုပ်ထားပါလိမ့်မယ်။ လူကလေးရောက်
တဲ့အခါ ကားပေါ်တင်ရုံပဲ၊ လမ်းတစ်လျှောက်မှာလည်း
ကလေးပစ္စည်းတွေလို သဘောထားပြီး ဂရုစိုက်ပါ"

"ကျုပ်နဲ့အတူ ဘယ်သူတွေထည့်ပေးလိုက်မှာလဲ"



"ကျွန်ုပ်ဘက်က ထည့်ပေးရမည့်လူတော့ မရှိဘူး လူကလေး၊ လူကလေးတစ်ယောက်တည်းနဲ့ လုံလောက်မယ်ထင်လို့ ကျွန်ုပ် လူကလေးကို လွှတ်တာပဲလေ"

"ကောင်းပြီ၊ ကျုပ် ခုချက်ချင်း အဖြေမပေးချင်သေးဘူး၊ မနက်ဖြန်မနက်မှ လာပြောရင်ရမှာလား"

"နောက်ကျပါတယ် လူကလေး၊ ဒီနေ့ည နောက်ဆုံးထားပြီး ပြောပါ၊ ဒါမှ ကျွန်ုပ် မနက်ဖြန်မနက်စောစော လူကလေးကို လွှတ်နိုင်မယ်"

ကျုပ် ဒီနေ့ည အကြောင်းပြန်မယ်လို့ပြောပြီး ပြန်လာခဲ့ပါတယ်။ သွားစရာမရှိတဲ့အတွက် ကြီးဒေါ်တို့ဆိုင်ကိုပဲ ပြန်လာရတာပေါ့။ ကျုပ်အတွက် ဆုံးဖြတ်ရခက်တဲ့ ပြဿနာတစ်ခု ဖြစ်နေရပါတယ်။ ကျုပ်ဘယ်လိုလုပ်ရမလဲ၊ တိုင်ပင်ဖို့ကလည်း ကြီးဒေါ်တို့သားအမိရှိတယ်။ ဒါကြောင့် နေလည်လူရှင်းတဲ့အချိန် သူတို့သားအမိကို တိုးတိုးတိတ်တိတ် တိုင်ပင်ဖြစ်တယ်။

"ကြီးဒေါ်သဘောပြောရရင် မောင်ပန်းတိုင် ဒီအလုပ်ကို လက်ခံစေချင်တယ်"

"အမေကလည်း ဘာကြောင့် လက်ခံရမှာလဲ"

"သမီး ဘဝဆိုတာ အခွင့်အရေးက ကိုယ့်ဆီ အမြဲရောက်

နေတာမဟုတ်ဘူးကွယ့်၊ ရလာတဲ့အခွင့်အရေးကို လ လွှတ်စတမ်းဆုပ်ကိုင်ပြီး ကိုယ့်အကျိုးရှိဖို့ လုပ်ရမယ်"

"အဲဒါကို ကျုပ်လက်ခံပါတယ် ကြီးဒေါ်၊ ဒါပေမယ့် ခံယူတာက အပြစ်ကင်းတဲ့ အလုပ်မျိုးနဲ့သာ ကိုယ့်ဘဝ တည်ဆောက်သင့်တယ်"

ကြီးဒေါ်ကြီးသားအမိ ကျုပ် အယူအဆကို လက်ခံတ

ကျုပ်ကလည်း ကြီးဒေါ်ပြောတဲ့ သဘောထားကိုကြိုက်တ ဒါကြောင့် ကျုပ်လုပ်ဖို့ စဉ်းစားဆုံးဖြတ်လိုက်ပြီ။

"ဒီအလုပ်ကို ကျုပ်လုပ်မယ်ကြီးဒေါ်၊ ဒါပေမယ့် ကြီး ပြောတဲ့ အခွင့်အရေးဆိုတာက"

"တခြားမဟုတ်ဘူး မောင်ပန်းတိုင်၊ မင်းဒီကနေ ရန် အရောက် ကားသုံးစီးနဲ့ အလွှတ်သွားရမှာမဟုတ်လား"

"ဟုတ်ပါတယ် ကြီးဒေါ်"

"ဒါဆို ဒီက အညာကုန်တွေရယ်၊ ရန်ကုန်သွားချင်တဲ့ တွေကို အခကြေးငွေယူပြီး တင်သွားပေါ့၊ အဲဒါကို လုပ် ရမယ်ဆို မင်းလုပ်မျှော်တယ်"

ကြီးဒေါ်ဟာ စီးပွားရေးပညာရှင်ပါပဲ။ သူပေးတဲ့အကြံ ကျုပ်အတွက် သိပ်ကောင်းပါတယ်။ ကျုပ် ကြိုက်တယ်။ ဒီအတိုင်း



လုပ်ချင်တယ်။ ဒါပေမယ့် ကျုပ်မှာ ငွေမရှိဘူး။

"ကျုပ်မှာ ပိုက်ဆံမရှိဘူး ဒေါ်ကြီး၊ ငွေကိုးကျပ်ကျော်ကျော် ပဲ ရှိတော့တယ်၊ ဘယ်လုပ်လို့ရမလဲဗျ"

ကျုပ်မေးခွန်းကြောင့် ကြီးဒေါ် ငိုင်သွားပါတယ်။ အတော် အကြံအိုက်သွားပုံပါပဲ။ အနည်းဆုံး ငွေတစ်ရာလောက်ရှိမှ ဖြစ်မှာပါ။

"ဒီလိုလုပ်ပါလား အမေ၊ ကျုပ်မှာရှိတဲ့ လက်ဝတ်လက်စား တွေကို ရောင်းလိုက်ပေါ့၊ ဒီငွေနဲ့ပန်းတိုင် အရင်းအနှီးလုပ်၊ တစ်ခေါက်ပြန်လာရင် အမြတ်ကို မင်းပေးချင်သလောက် ခွဲပေးပေါ့"

"ဟုတ်တယ် မောင်ပန်းတိုင်၊ မင်းဘယ်လို သဘောရသလဲ"

"ကျုပ်ကို မေးနေရသေးလားဗျာ၊ ကြီးဒေါ်တို့စီမံတဲ့အတိုင်း ကျုပ်လုပ်ပါ့မယ်"

"ဟုတ်ပြီ၊ မင်း ကုလားစစ်ဗိုလ်ကို သွားအကြောင်းပြန် လိုက်၊ ခုကိစ္စတွေလုပ်ခွင့်ရရင် ဒီအလုပ်ကို လက်ခံမယ်လို့ ပြော၊ လက်ခံပြီဆို မင်းပြန်လာခဲ့"

"ကြီးဒေါ်တို့ကရော ဘာလုပ်မှာလဲ"

"တို့သားအမိ ညိုမြပစ္စည်းတွေ သွားရောင်းမယ်၊ ပြီးရင် မင်းသယ်သွားရမယ့် အညာကုန်တွေ ဝယ်ထားနှင့်မယ်၊ မင်း

မနက်ကြမှ ကားနဲ့လှည့်တင်သွားပေါ့"

ကိစ္စက တော်တော်အဆင်ပြေတယ်။

ကျုပ် ကပ္ပတိန်လူးဝစ်ဆီ ပြန်သွားတယ်။ သူက ဝမ်းသ အားရကြိုဆိုပြီး အလုပ်ကိစ္စမေးတယ်။ ကျုပ်လည်း ကြီးဒေါ်သင်ပေး တဲ့အတိုင်း အခွင့်အရေးတောင်းဆိုလိုက်တယ်။ ကပ္ပတိန်က ခွင့်ပြု လိုက်တဲ့အတွက် ကျုပ် မနက်ဖြန်မနက် ရှစ်နာရီ ကားတွေလာယူမယ့် အကြောင်းပြောပြီး ထမင်းဆိုင် ပြန်လာခဲ့ပါတယ်။

ဆိုင်ရှေ့ကရောက်တော့ မှောင်နေပါပြီ။ ဆိုင်ပိတ်ထားဆဲ ကြီးဒေါ်တို့သားအမိ ပြန်မရောက်သေးကြောင်း သိလိုက်ရတယ်။ ကျုပ် ဆိုင်ရှေ့မှာထိုင်နေနိုက် သိပ်မကြာခင်မှာပဲ ကြီးဒေါ်တို့ပြန်လာကြပါ တယ်။ မြင်းလှည်း ဆိုင်ရှေ့ရပ်လိုက်ပြီး "မောင်ပန်းတိုင် လာသယ် ပေးဦးလေကွယ်" ဟု လှမ်းခေါ်လိုက်သောကြောင့် ကျုပ် လှည်းပေါ် ကပစ္စည်းများကို ကူသယ်ပေးလိုက်တယ်။

ဆီပုံး၊ ပဲအိတ်၊ အညာမုယက်တဲ့ စောင်တွေပါတယ်။

"ဟာ များလှချည်လား၊ လယ်လောက်ဖိုးတောင်လဲ ကြီး ဒေါ်"

ဆိုင်ထဲသို့ ပစ္စည်းတွေရွှေ့ပြီး ထမင်းစားပွဲမှာထိုင်ရင်း မေး လိုက်တော့ မညိုမြက "အဲဒါ ငါ့ရှိတဲ့ပစ္စည်း အကုန်ရောင်းပြီး



ဝယ်လိုက်တာလေ၊ နားကပ်တောင်မှ လူမြင်မကောင်းမှာစိုးလို့ ချွန် ထားလိုက်တာ၊ အားလုံး တစ်ရာငါးဆယ်ဖိုး ရှိတယ်" ဟု ဝင်ပြော တယ်။

နောက်နေ့မနက်စောစော ကျုပ် ကုလားတပ်ထဲသွားပြီး ကား သုံးစီးယူကာ ဆိုင်ရှေ့မှာရပ်၊ ပစ္စည်းတွေတင်ပြီးတော့ ထွက်လာခဲ့ တယ်။ လူမရပေမယ့် နောက်နေ့ညနေရန်ကုန်ရောက်တော့ ကပ္ပတိန် လူးဝစ်ရဲ့ အဆက်အသွယ်မှတ္တိုလ်က ဘာဘူကြီးတစ်ယောက်ပဲ။ သူ့ ခြံကြီးကအကျယ်ကြီး၊ ကျုပ် ကားသုံးစီးကို ခြံထဲရပ်လိုက်တော့ သူကိုယ်တိုင် ကားတွေဆီလာကြည့်တယ်။

"ကန်ကလေး ကားပေါ်က ဘာတွေလဲ"

"အညာကုန်တွေပေါ့ဗျ ဆီရယ်၊ ပဲရယ်၊ အညာစောင်တွေ"

ဘာဘူကြီး ကျုပ်ပါတဲ့ ပစ္စည်းတွေကိုကြည့်ပြီး ဈေးဖြတ် တယ်။

"နင် တခြားသွားမရောင်းနဲ့၊ ဒါတွေ ငါယူမယ်၊ အားလုံး တစ်ရာငါးဆယ်ပေးမယ်"

သူ့ဖြတ်ဈေးက ကျုပ်ကို စိတ်တိုသွားစေတယ်။ ဒါပေမယ့် ကျုပ်ဒေါသကိုမပေါ်အောင် အပြုံးကလေးနဲ့ သူ့ကို ပြန်ပြောလိုက် တယ်။

"ဟာ ဘယ်ရပါ့မလဲ ဘာဘူရဲ့၊ ထပ်တိုးပေးကြည့်ပါဦး"

"တစ်ရာခုနှစ်ဆယ် ပေးမယ်"

"မရဘူး ဘာဘူ၊ ကျုပ်အရင်းတောင် အဲဒီလောက်ရှိတယ်။ သုံးရာပေးရင် ကျုပ် ခင်ဗျားကိုရောင်းမယ်၊ မပေးရင်တော့ တခြားသွားရောင်းလိုက်တော့မယ်"

ကျုပ် ခပ်မာမာပြောလိုက်တော့မှ ဘာဘူသုံးရာပေးတယ်။ ကျုပ်ကို နောက်လည်း ထပ်သယ်ခဲ့ဖို့မှာတယ်။ ကျုပ်သယ် သမျှ သူယူမယ်တဲ့။ ကျုပ် အတော်အဆင်ပြေသွားတယ်။ နောက်နေ့ သူ့ကုန် တွေတင်ရင်း ကျုပ် ငါးပိ၊ ငါးခြောက် သုံးရာဖိုးဝယ်တင်ခဲ့တယ်။ မန္တလေးပြန်ရောက်တော့ ဒေါ်ကြီးရောင်းပေးတာ ငါးရာရတယ်။ ခရီး စဉ် အစ၊အဆုံးမှာ ကျုပ်အတွက် သုံးရာငါးဆယ်ကျန်တယ်။

"ရော့ ကြီးဒေါ်၊ ကျုပ် နှစ်ရာယူမယ်၊ ကြီးဒေါ်က အမြတ် ၁၅၀ ယူလိုက်ပါ"

"နေဦးလေ မောင်ပန်းတိုင်ရဲ့၊ ဒီငွေကို ခွဲဝေယူလိုက်ရင် နောက်တစ်ခေါက်အတွက် အရင်းအနှီးနည်းသွားမှာပေါ့၊ အရင်းရောအမြတ်ပါပေါင်းပြီး ဒီတစ်ခေါက်သယ်သွားဦးပေါ့"

"ကောင်းသားပဲ ကြီးဒေါ်၊ ကြီးဒေါ်သာ အဆင်ပြေအောင် ဝယ်ပေးပါ၊ ကျုပ် ရန်ကုန်ဘက်က အဆင်ပြေတယ်၊ ကြီး ဒေါ်ရဲ့ ဘာဘူကြီးက ပါသလောက်အကုန်ယူမယ်လို့ ပြော နေတယ်"



"မောင်လေးရဲ့ကံစာတာ တက်လာတာပေါ့"

"ဟုတ်တယ် အစ်မရေ၊ ကံတက်တယ်ဆိုတာ အလုပ်ကောင်း လာတာပေါ့၊ ကျုပ်ကြိုးစားမယ်၊ ဒါမှ ကျုပ်ရော ကြီးဒေါ် တို့အစ်မတို့ပါ အဆင်ပြေမယ်မဟုတ်လား"

ကျုပ် ဒုတိယ၊ တတိယစသည်ဖြင့် အခေါက်များစွာ ကုန် ပစ္စည်းများသယ်ပို့ရင်း ကုန်သည်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာရ ပါတယ်။ ၁၅ ရက်လျှင် တစ်ခေါက်သွားနေရသမို့ ကျန်ရက်များ၌ ကြီးဒေါ်တို့ထမင်းဆိုင်မှာ လုပ်အားပေးတယ်။ ညနေပိုင်းမှာတော့ ကျုပ် မစ္စတာလူးဝစ်အိမ်ကို ငါးနာရီအရောက် လာရပါတယ်။ အကြောင်း ကတော့ သူ့ဆီမှာ အင်္ဂလိပ်စာနဲ့ အင်္ဂလိပ်စကားပြော သင်ယူဖို့ပါပဲ။

ငါးလလောက်လုပ်မိတဲ့အခါ ကြီးဒေါ်နဲ့အစ်မရဲ့လည်ပင်းမှာ ရွှေဆွဲကြိုးကြီး ပိုကြီးလာပါပြီ။ နားကပ်ကို ကျုပ်သဘောကျတဲ့ စိန် နားကပ်ပန်စေပါတယ်။ ကျုပ်ကတော့ ခုလို ဝတ်ကောင်းစားလှတွေ၊ ရွှေငွေတွေ သဘောမကျဘူးဗျ။ မြေဝယ်ပြီး ကျုပ်သဘောကျ၊ စိတ် တိုင်းကျ အိမ်ကြီးဆောက်ချင်တာ။

ဒါကြောင့် ကျုပ် ခြိုးခြံချွေတာပြီး စုဆောင်းရမယ်။

⌑ ⌑ ⌑

ကံကိုချည်း ပုံချ၍မရပါ
ဉာဏ်နှင့်ဝီရိယကို မလျှော့ဖို့လိုပါတယ်။
ကံ၊ ဉာဏ်၊ ဝီရိယ ပြည့်စုံမှ
သင်လိုရာခရီးကို ရောက်ပါလိမ့်မယ်။
စည်းကမ်း ရှိရမယ်၊
ပြုံး ချိုချိုတာ ရမယ်။
ရောင့်ရဲလွယ်သူဖြစ်ရမယ်။



## ကံကိုယုံ၍ ပုံမချရာ

ကျုပ် တစ်နှစ်လောက်ကြာအောင် အလုပ်လုပ်ဖြစ်ပြီးတဲ့ ...က် ရန်ကုန်ကိုအသွား အညာကုန်တွေကို ကားတစ်စီးတင်နိုင်ပြီး ...ပြန်မှာတော့ ကားတစ်စီးစာကို သုံးစီးမှာခွဲတင်ခဲ့ပါတယ်။ ဈေးမ ...မှာ သုံးပုံတစ်ပုံချတယ်။ တပ်ကုန်းကတပ်မှာ သုံးပုံတစ်ပုံချပြီး ...ကျန်တာကိုမှ မန္တလေးသယ်လာခဲ့ပြီး ကြီးဒေါ်ကြီးလက် အပ်လိုက်ပါ ...တယ်။ အဲဒီအချိန်မှာ ကျုပ်ဝင်ငွေဟာ တစ်လကို ရှစ်ရာနဲ့တစ်ထောင် ...ကြားလောက်ရှိတာမို့ ကပ္ပတိန်ပေးတဲ့လစာ ငါးဆယ် (သုံးဆယ်မှ ...ဖြည်းဖြည်းတိုးပေးလာခဲ့ရာ တစ်နှစ်ကြာသောအခါ ငါးဆယ်ဖြစ်သွား ...ခြင်း ဖြစ်ပါတယ်) ကို မမက်တော့ပါဘူး။

ဒါပေမယ့် ကျွန်ုပ်ကတော့ ငွေဆိုရင်တစ်ပဲ၊ တစ်ပြားကအ
စနစ်တကျသုံးခဲ့သူပါ။ ဘဝမှာ ဖြုန်းပစ်တဲ့ငွေရယ်လို့ မရှိခဲ့ပါဘူး

အင်္ဂလိပ်စာနဲ့စကားလည်း တော်တော်လေး ရေးတတ်
တတ်နေပါပြီ။

ကျွန်ုပ်နဲ့ဆက်ဆံနေတဲ့ ဖူဦးမှားတပ်က အရာရှိတွေ၊ တပ်ကြ
တပ်ကအရာရှိတွေ အင်္ဂလိပ်လိုပြောတဲ့အခါ ကျွန်ုပ်ကလည်း တန်း
ပြန်ပြောနိုင်တဲ့အတွက် သူတို့က ကျွန်ုပ်ကို အထင်ကြီးလေးစားကြ
တယ်။

ဒီနေ့ ကျွန်ုပ် ရန်ကုန်ကပြန်ရောက်တဲ့နေ့ပါ။ ထမင်းဆိုင်
ကျွန်ုပ်ပစ္စည်းတွေချပေးခဲ့ပြီး တပ်ထဲကိုသွားပို့ပါတယ်။

"ဟဲလို လူကလေး မောင်ပန်းတိုင်ပြန်ရောက်လာပြီလား"

"ပြန်ရောက်ပါပြီ ကပ္ပတိန်၊ ကျွန်ုပ် ဘာလုပ်ပေးရဦးမလဲ"

"လုပ်ပေးစရာ မရှိပါဘူးကွယ်၊ မင်းသွားချင်တဲ့ ဟိုမိန်း
လေးရဲ့ ထမင်းဆိုင်ကို သွားနိုင်ပါပြီ"

"ဟာ ကပ္ပတိန်ကလည်း ကျွန်ုပ်က စေတနာနဲ့မေးတာပါ
လုပ်ပေးစရာရှိရင် ပြီးမှသွားမလို့ပါ"

"ကျွန်ုပ်သိပါတယ် လူကလေး၊ ဒါပေမယ့် လူကလေး
ရန်ကုန်ကပြန်လာတိုင်း အဲဒီထမင်းဆိုင်ကိုသွားဖို့ပဲ စိတ်



နေတယ်၊ လူကလေးစိတ်ထဲမှာ အဲဒီမိန်းကလေးကို စွဲလန်း
နေပြီလို့ ကျွန်ုပ်ထင်တယ်"

ကျွန်ုပ် လွန်စွာ ရှက်သွားမိပါတယ်။

ထို့ကြောင့် ကျွန်ုပ် ခပ်သွက်သွက် ပြေးထွက်သွားခဲ့ပါတော့
ယ်။

ကျွန်ုပ်နဲ့ကပ္ပတိန်တို့ဟာ အစအဆုံး အင်္ဂလိပ်လိုပြောခဲ့ခြင်း
သည်။ ဒါဆိုရင် ကျွန်ုပ် ဘယ်လောက် အဆင့်အတန်းရှိတယ်ဆို
ခင်ဗျားတို့ ခန့်မှန်းလောက်ပါတယ်။

ခု ကျွန်ုပ်အသက် ၁၉ နှစ်ထဲကို ရောက်လာပါပြီ။

ဘုန်းကြီးကျောင်းသားဘဝကနေ ကျွန်ုပ် လောကတစ်ခုထဲကို
ခဲ့ဖြစ်တယ်။ ကျွန်ုပ်အကြောင်းသိတဲ့လူတွေက ကျွန်ုပ်ကို ကံ
ကောင်းတယ်လို့ပြောကြတယ်။ တကယ်လည်း ကျွန်ုပ် ကံကောင်းပါ
။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်လုပ်တဲ့အလုပ်ဟာ ကံကောင်းစေ
အလုပ်ဖြစ်နေလို့ပါပဲ။

ကျွန်ုပ်ဘဝကို စီကာပတ်ကုံး ပြန်သုံးသပ်တော့ မင်္ဂလာတရား
က မိမိကိုယ်ကိုနှိပ်ချပြီး အပြစ်ကင်းတဲ့စကား ပြောခဲ့တာရယ်၊
ကင်းမှုရှောင်ပြီး သူတစ်ပါးအသက်တွေကို ကယ်ခဲ့တာရယ်၊ သင့်
လျောက်ပတ်တဲ့ နေရာမှာနေပြီး သည်းခံတာရယ်၊ ရှေးရဲ့လှုပ

ပြီး ခြိုးခြံစွာကျင့်တာတွေကြောင့် ကံကောင်းလာရတာပါ။ ဘယ်သူ
ဆို မင်္ဂလာတရားတော်နဲ့အညီ လောကီမှာ ကျင့်မယ်ဆိုရင် ကံကောင်း
လာနိုင်ပါတယ်။

ဒါပေမယ့် ကံဆိုတာကလည်း သူတစ်မျိုးတည်းကောင်း
လို့မရပါဘူး။ ဉာဏ်နဲ့ဝီရိယ အထောက်အကူပြုဖို့လည်း လိုပါတယ်
ကံ၊ ဉာဏ်၊ ဝီရိယဟာ ဘာနဲ့တူသလဲဆိုတော့ ပင်လယ်ပြင်ကို ဖြ
သန်းတော့မယ့် လှေတစ်စီးမှာ တက်ရယ်၊ ရွက်ရယ်၊ ပဲ့ကိုင်
စုံလင်ဖို့လိုသလိုပါပဲ။ တက်နဲ့ရွက်ပဲရှိတဲ့လှေဟာ ပင်လယ်ကိုဖြတ်
အခါ ဦးတည်ရာမဲ့ပြီး သူသွားလိုရာထွက်သွားလို့ လိုရာခရီး
မှာမဟုတ်ပါဘူး။

တစ်ခါ တက်မပါဘဲ ရွက်နဲ့ပဲ့ချည်းသာ ပါမယ်ဆိုပြန်
လည်း လိုရာခရီးကို အချိန်မီမရောက်ဘဲ လေနှင်ရာလွင့်မြောလို့
လိမ့်မယ်။

နောက် ရွက်မပါဘဲ တက်နဲ့ပဲ့ချည်းဆိုရင်လည်း လေနှင်
လွင့်နိုင်အောင်လွင့်ထားမယ်၊ ပဲ့ကိုလည်း လိုရာခရီးကိုတည့်မတ်
သွားအောင် ထိန်းကြောင်းပေးတဲ့လှေဟာ ခရီးတွင်ပြီး ငယ်ရွယ်
အောင်မြင်ရတဲ့သူရဲ့ဘဝလို စောစောစီးစီး ခရီးရောက်ရတာ အမှန်
ဒါဟာ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးစလုံး တပြိုင်တည်း အကျိုးပေး
ရတဲ့ သူတစ်ယောက်လိုပါပဲ။



ကျုပ်ကလည်း ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံး တပြိုင်နက်
အကျိုးပေးခံခဲ့တာပါ။ ကျုပ် အယူအဆကတော့ ခုနပြောခဲ့
မင်္ဂလာတရားတော်ကို လိုက်နာခဲ့လို့ပဲ။

"ဟော မောင်ပန်းတိုင်တောင် ပြန်လာပြီ။ လာ ထမင်းစား
တော့မလား"

ကျုပ်ရင်ထဲကို ခံစားမှုတစ်ခုတစ်ခု ဖြတ်ဝင်လာသလို ခံစား
ခ်တောင့်တောင့်ကြီး ဖြစ်သွားပါတယ်။ ဒီခံစားမှုမျိုး အလျင်က
ဖူးပါဘူး။ ခုလိုဖြစ်သွားရတာဟာ ကျွတ်နဲ့ပြောလိုက်တဲ့ စကား
ကြောင့်လို့ ထင်ပါတယ်။

"ဆာတော့ဆာတယ် ကြီးဒေါ်၊ ဒါပေမယ့် ကျုပ် ရေအလျင်
ချိုးဦးမယ်"

"အေး…အေး…ဒါဆိုလည်း မြန်မြန်ချိုးပေါ့၊ ကြီးဒေါ်တို့
လည်း မစားရသေးဘူး၊ မောင်ပန်းတိုင်နဲ့မှ အတူစားတာပေါ့"

ကျုပ် ထမင်းဆိုင်ထဲမဝင်ဘဲ အိမ်အောက်ပေါက်ကနေ တက်
ပါသည်။ ခုဆို ထမင်းဆိုင်နဲ့အိမ်ကို ပြင်လိုက်နိုင်ပါပြီ။ နောက်
မှာ သွပ်မိုးပျဉ်ကာ နှစ်ထပ်အိမ်ကလေး ဆောက်လိုက်နိုင်ပြီး
ကိုလည်း သွပ်မိုးပြီးထရံကာ ရေနံချေးသုတ်ထားတဲ့ ထမင်းဆိုင်
က တော်တော်သပ်ယပ်သွားပါတယ်။ ကျုပ်စိတ်ထဲမှာ ကိုယ့်

အဒေါ်နဲ့ အစ်မတစ်ယောက်လို သဘောထားခဲ့မိတဲ့ အခြေအနေ
ဒီနေ့မှာ ရုတ်တရက်ကွယ်ပျောက်ပြီး ရှက်နေသလို၊ ကြောက်နေသ
ခံစားနေရပါတယ်။

မှန်ရာဝန်ခံရရင် ဒီစိတ်ကိုက မရိုးသားတာပါ။

အဲဒီမရိုးသားတဲ့စိတ်ကို ခေါင်းထောင်ထ၊မလာအောင် ကျ
ထိန်းချုပ်ထားပြီး ထမင်းဝိုင်းဆီ လျှောက်လာခဲ့ပါတယ်။

"ပန်းတိုင်ရေ မင်းကြိုက်တဲ့ ငါးခူစဉ်းကောလေး ချက်
တယ်ကွယ့်၊ လာ စားလိုက်ကြစို့"

မညီမြနဲ့အတူ ထမင်းလက်ဆုံစားဖို့ရာမှာ ကျုပ် မဝံ့မရဲသ
ဖြစ်နေမိတယ်။ ဒါကို ရိပ်မိတဲ့ကြီးဒေါ်က ...

"ဟဲ့ သား၊ ဘာဖြစ်နေတာလဲ၊ ဘာလဲ မင်းကဗိုက်အ
အဆင်မပြေလို့လား"

"ပြေပါတယ် ဒေါ်ကြီး"

"ဒါဆို ဘာဖြစ်နေတာလဲ ပန်းတိုင်၊ နင့်ကြည့်ရတာ
တေးတေးနဲ့၊ နေမကောင်းလို့လား"

ရိုးသားစွာနဲ့ ကျုပ်နဖူးကို လက်ခုံကလေးနဲ့စမ်းလာပါတ
မညီမြရဲ့လက် နဖူးကိုထိလိုက်တာနဲ့ ကျုပ်ကို လျှပ်စစ်ကျင်စ
တို့လိုက်သလို တွန့်ခနဲဖြစ်သွားရတယ်"



"ကောင်းပါတယ် မမညီ၊ ဗိုက်ထဲမှာ ပြည့်ပြည့်ကြီးဖြစ်နေလို့ပါ"

"ရင်ပြည့်တာဖြစ်မယ်၊ စားပြီးရင် အစာကြေဆေးလေး စားလိုက်"

"ဟုတ်ကဲ့၊ စားပါ့မယ်ကြီးဒေါ်"

ကျုပ် ထမင်းတစ်ပန်းကန်မကုန်ခင်မှာ ဝိုင်းထဲက ထ၊ထွက်ခဲ့
တယ်။ ကျုပ်ရင်ထဲက မညီမြအပေါ်ထားခဲ့မိတဲ့ ကိလေသာနဲ့ယှဉ်
ချစ်ခြင်းမေတ္တာကို ကျုပ်ရင်ထဲမှာပဲ မြှုပ်သိပ်ထားခဲ့ရပါတယ်။
ယ်လောက်ကြာအောင် သိမ်းဆည်းထားခဲ့ရသလဲဆိုတာ ကျုပ်
ကြောင်းပြီးဆုံးတဲ့အခါ ခင်ဗျားတို့သိရမှာပါ။

နောက်ရက်တွေမှာ ကျုပ်ဟာ ထမင်းဆိုင်မှာနေရတာ စိတ်ထဲ
ပ်လွန်းလို့ ကပ္ပတိန်ဆီသွားနေဖြစ်ပါတယ်။ ခရီးထွက်ရမယ်ဆို
အရင်ကနဲ့မတူပျော်ရွှင်နေပေမယ့် ရန်ကုန်ကိုရောက်နေတဲ့အခါ
ထဲမှာ နာကြင်မှုဝေဒနာတစ်မျိုးကို ခံစားရပါတယ်။ ဒါဟာ လွမ်း
ကတ၊သမှုဆိုရင် အလုပ်ကိုလုပ်လို့ တစ်နှစ်ခွဲကြာတဲ့အခါ ကျုပ်
တိန်ရဲ့ရုံးခန်းထဲ ရောက် စ်နေ။ ကပ္ပတိန် မျက်နှာမကောင်း
ကို တွေ့လိုက်ရတယ်။

"ဟဲ့လို မစ္စတာလူးဝစ် မျက်နှာလဲမကောင်းပါလား"

ကပ္ပတိန်က ကျွန်ုပ်ကိုတစ်ချက်လှမ်းကြည့်ပြီး ခပ်ယဲ့ယဲ့
ပါတယ်။ သူ့ပုံစံက စိတ်ပျက်နေပုံရတယ်။

“လူကလေး၊ မင်း ကျွန်ုပ်စစ်တပ်ထဲကိုဝင်ပါလား၊
မင်းကို ဂျမဒါပေးမယ်”

သူ ဒီစကားပြောတာ သုံးလေးကြိမ်မကတော့ဘူး။ ပြော
လည်း ကျွန်ုပ်က ငြင်းဆန်ခဲ့တာချည်းပါပဲ။ ခုတစ်ကြိမ်မှာလည်း
ထုံးစံအတိုင်း ငြင်းလိုက်ရမှာပါပဲ။ ကျွန်ုပ်ဟာ တစ်ဘက်သတ်ချ
မှုကို မခံလိုသူမို့ လွတ်လပ်တဲ့လုပ်ငန်းနဲ့ပဲ အသက်မွေးချင်ပါတ

“ကျေးဇူးပါပဲ ကပ္ပတိန်၊ ဒါပေမယ့် ကျွန်ုပ် စစ်တပ်ထဲ
မဝင်ပါရစေနဲ့၊ ခုလိုလွတ်လွတ်လပ်လပ် အလုပ်လုပ်
တာကို ပိုသဘောကျပါတယ်၊ ခုလည်း ကျွန်ုပ်ဟာ ကု
တို့အတွက် အလုပ်လုပ်ပေးနေတာပဲလေ”

“ဒါကတော့ ဒါပေါ့ကွာ၊ ခု အခြေအနေက တစ်မျိုးပြေ
သွားပြီကွ၊ ကျွန်ုပ် တရမ်ဆာဖာနဲ့ အိန္ဒိယကစစ်တ
ပြောင်းရမယ်လူကလေး”

“ဗျာ၊ ဟုတ်လား၊ ဒါဆို ကျွန်ုပ်… ကျွန်ုပ် အလုပ်ပြ
ပေါ့”

“အဲဒါကြောင့် လူကလေးကို တပ်ထဲဝင်ဖို့ပြောတာ



လူကလေး ဂျမဒါဖြစ်၊ ကျွန်ုပ်ရဲ့ ကိုယ်ရံတော်အနေနဲ့ အိန္ဒိယ
ကိုလိုက်ခဲ့စေချင်တယ်၊ ကျွန်ုပ် လူကလေးကိုယုံတယ်၊ ဂျမဒါ
ဝင်းကျော်ကို မယုံဘူး၊ ခု ကျွန်ုပ်က မေဂျာဖြစ်သွားပြီ၊
ဟိုတ်ဒရာဘတ်နဲ့ မိုက်စိုးပြည်နယ်နှစ်ခုကြားက ဓေါ်ရခါး
တပ်ရင်းတစ်ခုမှာ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရမယ်
လူကလေး”

“ကျွန်ုပ် လိုက်ချင်ပါတယ် မေဂျာ၊ ဒါပေမယ့် မလိုက်နိုင်တာ
ကို ခွင့်လွှတ်ပါ”

“ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကို လိပ်စာတစ်ခုပေးလိုက်ပါ လူက
လေး၊ ကျွန်ုပ် လူကလေးနဲ့ စာရေးဆက်သွယ်ပါ့မယ်၊ ကျွန်ုပ်
စာထဲမှာ လိပ်စာထည့်ရေးပေးလိုက်မယ်၊ လူကလေး စာပြန်
ရေးပါ”

ကျွန်ုပ် လွန်စွာစိတ်မကောင်းဖြစ်သွားပါတယ်။ ကပ္ပတိန်
(ယခုမေဂျာ) ဟာ ကျွန်ုပ်တို့နိုင်ငံကိုအုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရရဲ့
အရာရှိတစ်ယောက်ဖြစ်ပေမယ့် သဘောမနောကောင်းသူတစ်ယောက်
ဖြစ်တယ်။ သူ့လိုလူမျိုးနဲ့ လက်တွဲခဲ့ရတဲ့အတွက် ကျွန်ုပ် ကုန်သည်မှု
လုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ တတ်မြောက်ခဲ့ရတဲ့အပြင် အင်္ဂ
လိပ်စာနဲ့စကားကိုလည်း ကျွမ်းကျင်စွာရေးတယ်၊ ပြောတတ်ခဲ့ရပါ
တယ်။ ကျွန်ုပ် ငွေတစ်သောင်းလောက် စုဆောင်းမိခဲ့တယ်။

"ကျွန်ုပ် စာရေးပါမယ် မေဂျာ၊ ကျွန်ုပ်အပေါ်မှာ တူလိုသား ဂရုတစိုက်ကူညီပညာပေးခဲ့တဲ့အတွက် မိတ်ဆွေကောင်းတ ယောက်အနေနဲ့ရော၊ ဆရာသမားတစ်ယောက်အနေနဲ့ ကျေးဇူးတင်ပတယ်၊ ကျွန်ုပ် မေဂျာကို ကန်တော့ပါရစေ

သူက ဘာသာခြားတစ်ယောက်ပါ။ ကန်တော့ခြင်းအ ဘယ်လိုမှ ခံစားတတ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်ုပ်ရဲ့ ဆရာ မားအပေါ် သိတတ်မှုနဲ့ကန်တော့တဲ့အခါ မေဂျာဟာ မျက်ရည်တွေ ပြီး ဘာပြောရမှန်းမသိ ဖြစ်နေပုံရတယ်။ အတန်ကြာတော့မှ တုန်ရီ အသံနဲ့ ...

"ကျွန်ုပ် မင်းကို ဘယ်တော့မှမမေ့ပါဘူး လူကလေးမောင် ပန်းတိုင်"

မေဂျာပြောင်းရတော့မယ့်အကြောင်း ပြောပြတော့ ကြီးဒေါ် မညိုမြတို့လည်း စိတ်မကောင်းဖြစ်ကြပါတယ်။ ကျွန်ုပ်လည်း မေဂျာ အတွက် ကောင်းနိုးရာရာ လက်ဆောင်ဝယ်ပေးဖို့စဉ်းစားရင်း မန္တလေး မြို့တွင်းမှာ ဟိုမှသည်မှ လျှောက်သွားနေဖြစ်ပါတယ်။ နောက်ဆုံးမှ တော့ မဟာမုနိ(ဘုရားကြီး) ပရဝုဏ်မှာရောင်းတဲ့ မဟာမုနိရုပ်ရှင်တော် မြတ်ပုံတော် ရွှေလည်ဆွဲလေးတစ်ခု လက်ဆောင်ပေးရင်း လည်မှာ ဆွဲထားဖို့ မှာလိုက်ပါတယ်။



သူလည်း ဗုဒ္ဓကို မကိုးကွယ်ပေမယ့် ကျွန်ုပ်ကိုခင်လွန်း၊ ချစ်လွန်းလို့ ကျွန်ုပ်ပေးတဲ့ လက်ဆောင်တစ်ခုအနေနဲ့ အမှတ်တရ လည် မှာဆွဲသွားခဲ့တယ်။ သူက ကျွန်ုပ်ကို လိုင်စင်တစ်ခုရအောင် လုပ်ပေး ပြီး ခြောက်လုံးပြူးသေနတ်တစ်လက် လက်ဆောင်ပြန်ပေးပါတယ်။

ကျွန်ုပ်အတွက် လက်နက်ဆိုတာ မလိုပါဘူး။

လက်နက်ဆောင်ရအောင် ရန်သူလည်းမရှိပါဘူး။

ဒါကြောင့် သေနတ်ကို လက်နက်အဖြစ်မဆောင်ဘဲ မေဂျာရဲ့ လက်ဆောင်အဖြစ်နဲ့ သိမ်းထားပါတယ်။

မေဂျာပြောင်းရွှေ့တဲ့နေ့က ကျွန်ုပ်နှုတ်ဆက်ရင်း တပ်ထိပ်အထိ လိုက်ပို့ဖြစ်ပါတယ်။ သူ့ကားကလေး ရန်ကုန်ဘက်ထွက်သွားတာကို ကြည့်ရင်း ကျွန်ုပ်ရွာကထွက်လာစဉ်အချိန်ကို သတိရသွားမိတယ်။ ဆရာတော်ဘုရား ကျန်းမာရေးမှကောင်းပါရဲ့လား။ ဘယ်လိုနေပါလိမ့် စဉ်းစားမိပြီး ဆရာတော့်ကိုသွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ထမင်းဆိုင်ကိုပြန်လာတော့ ညနေစောင်းနေပါပြီ။

မေဂျာထွက်သွားတော့ နေလည်ပိုင်းဖြစ်ပေမယ့် ကျွန်ုပ် မန္တ လေးတောင်ပေါ်တက်ပြီး ရင်ထဲကပရိဒေဝကို ဘုရားရိပ်မှာချေးသိပ် နားနေလိုက်တာပါ။ တောင်ပေါ်ကဆင်းပြီး တောတန်းလေး တိုင်းလျှောက်လာတော့ ...

“မီအောင်ဖမ်းကွ”

“လွတ်မသွားစေနဲ့၊ ဒီကောင့်မှ ငွေပါတယ်”

“ဘုန်း၊ ခွပ်”

“အား သေပါပြီဗျ”

“ဟေ့ကောင်တွေ အသေတော့မသတ်လိုက်နဲ့နော်”

စသည်ဖြင့် ပြောဆိုသတ်ပုတ်နေသံကို ကြားရပါတယ်။ ကျွန်ုပ် အသံကြားရာဘက်ကို ခြေသံလုံလုံနဲ့ အပြေးတစ်ကလျှောက်ပြီး သစ်ပင်ကြီးတစ်ပင်အကွယ်က ချောင်းကြည့်လိုက်တယ်။ မြင်းတစ်ကောင်ပေါ်က ကျလုကျခင်ဖြစ်နေတဲ့ လူတစ်ယောက်ကို လူသုံးယောက်က ဆွဲချနေတာပါ။ တစ်ယောက်က မြင်းဇက်ကြိုးကိုဆွဲထားပါတယ်။

“ဟာ…ဒါ ဓားပြတိုက်နေတာပဲ”

ကျွန်ုပ်လက်ဆောင် ခြောက်လုံးပြူးကိုထုတ်လိုက်ပြီး ဟန်မပျက်နဲ့ ရှေ့တိုးသွားပါတယ်။

“ဟေ့လူတွေ ဒါဘာလုပ်တာလဲ”

“ဘာလုပ်လုပ်ကွာ၊ မင်းနဲ့မဆိုင်ဘူး၊ မင်းနောက်ဆုတ်နေ”

သေနတ်ပြောင်းက တစ်ယောက်ရင်ဘတ်ဆီ တည့်တည့် ရောက်နေပြီ။ ကျွန်ုပ်အသံက အေးပါပြီး တော်တော့ကိုမာထန်နေတယ်။



“ငါဆုတ်ရမလား၊ မင်းတို့ဆုတ်ရမလား ကြည့်တာပေါ့ကွာ”

“ကလစ်”

သေနတ်မောင်းဟာ လက်မနဲ့ဖိပြီးတင်လို့ရပေမယ့် မောင်းတင်လိုက်မှန်းသူတို့သိအောင် လက်ဝဲဘက်လက်ဖနောင့်နဲ့ဖိပြီး မောင်းတင်လိုက်ပါတယ်။

သုံးယောက်သား ငေါင်စင်းစင်းနဲ့ ကျွန်ုပ်ကိုကြည့်နေကြတယ်။

သူတို့သတ္တိဟာ လက်နက်မဲ့သူတစ်ယောက်ကိုသာ အနိုင်ယူဝံ့ပေမယ့် ကျွန်ုပ်ရဲ့ သေနတ်ပြောင်းဝကိုလည်းရောက်ရော အရည်ပျော်ကုန်ကြပါပြီ။

“သွားလေကွာ၊ ဘာလုပ်နေတာလဲ”

ကျွန်ုပ်ပေးတဲ့အခွင့်အရေးကို လက်လွှတ်မခံတမ်း အသုံးချတတ်တဲ့သုံးယောက်ဟာ ချာခနဲလှည့်ပြီး မန္တလေးတောင်ဘက်ဆီ သုတ်ခြေတင်ပြေးကြပါလေရော။ ကျွန်ုပ် သေနတ်မောင်းပြန်ဖြုတ်ပြီး မြင်းပေါ်က တွဲလောင်းကျသူကိုဖေးမပြီး မြင်းပေါ်ပြန်တင်လိုက်ပေမယ့် သူဟာ သတိမေ့နေပါပြီ။

“ဟေ့လူ … ဟေ့လူ … ခင်ဗျား ဘယ်သွားမှာလဲ၊ ကျွန်ုပ် ဘယ်ကိုလိုက်ပို့ရမှာလဲ”

ဘယ်လိုမှခေါ်မရတာကြောင့် ကျွန်ုပ် မြင်းပေါ်ခွတက်ပြီး

ထမင်းဆိုင်ပြန်လာခဲ့ရပါတယ်။ ဆိုင်ရောက်တော့ မှောင်နေပါပြီ။ ကျွန် မြင်းပေါ်ကဆင်းပြီး လူတစ်ယောက်ကိုဆွဲချနေတာမြင်တော့ မညို က …

"ဟဲ့ ပန်းတိုင်၊ နင်ဘာဖြစ်လာတာလဲ"

"ကျွန် ဘာမှမဖြစ်ဘူး မမညို၊ ဖြစ်တာက ဒီမှာ"

ကျွန် အိမ်ပေါ်ကိုတမ်းတင်ပြီး မသုံးတာနှစ်နဲ့ချီကြာပြီဖြစ် တဲ့ လွယ်အိတ်ကလေးကိုထုတ်ကာ နာရူဆေးတစ်မျိုးကို လက်ဝါးပေါ် တင်လိုက်ပါတယ်။ စဉ့်အူကို ပိုက်ကလေးလိုလိပ် ဆေးမှုန့်ကိုပိုက်ထိပ် မှာထည့်ပြီး မေ့နေသူနှာခေါင်းထဲ မှုတ်ထည့်လိုက်တော့မှ …

"အား…ဟတ်…ဟတ်…ချိုး…ကြောက်ပါပြီဗျ၊ ကျွန်မှာ ဘာမှ မပါပါဘူး"

"ဟေ့လူ သတိရလာပြီလား၊ ခင်ဗျား ဘာမှမဖြစ်တော့ပါ ဘူး၊ ဟိုလူတွေလည်း မရှိတော့ဘူး"

"ဟင်…ဟုတ်လား၊ ဒါ…ဒါဆို ကျွန်တော်"

အဖြစ်အပျက်မှာ ကျွန် ဝါဝင်ပတ်သက်ရမှုကို ပြောပြလိုက် တဲ့အခါ သူ တော်တော် စိတ်အေးသွားပုံရပါတယ်။ ကျွန် သူ့ဒဏ် ရာတွေကို ဆေးထည့်ပေးလိုက်တယ်။

နောက်နေ့မနက်မှာ သူ တော်တော်လေးကောင်းသွားပါပြီ။



သူနဲ့ကျွန် ထမင်းဆိုင်ထောင့်က စားပွဲမှာထိုင်ပြီး မညိုဖြယ်လာပေးတဲ့ ထမင်းကြော်နဲ့ပဲပြုတ် စားနေကြရင်း တစ်ယောက်နဲ့တစ်ယောက် ခုမှ မိတ်ဆက်ရပါတယ်။

"ကျွန်မနာမည် ပန်းတိုင်ပါ၊ ဒီဆိုင်က ကျွန်မကြီးတော်နဲ့ အစ်မ ဆိုင်ပါ"

"ကျွန်တော်က ဆိုက်စံပါ၊ အရေးတကြီး ကိစ္စတစ်ခုဆောင် ရွက်ဖို့ ဒီဘက်ကိုထွက်လာခဲ့တာ၊ ဟိုလူတွေနဲ့အတွေ့မှာသာ ခင်ဗျားရောက်မလာခဲ့ရင် ကျွန်အသက်ရောဘဝပါ ဆုံးရ တော့မလို့၊ ကျွန် ခင်ဗျားကို အရမ်းကျေးဇူးတင်ပါတယ်"

သူ့စကားကရှင်းပေမယ့် ကျွန်အတွေးမှာ ရှုပ်သွားတယ်။

"ဘယ်လိုဖြစ်လို့ ခင်ဗျားဘဝ ဆုံးရမှာလဲဗျ"

သူက ဟိုသည်ကြည့်ပြီး ကိုယ်ကိုရှေ့သို့ကိုင်းကာ "ကျွန်မှာ တော်တော်လေးအဖိုးတန်တဲ့ ပစ္စည်းနည်းနည်းပါတယ်၊ အဲဒါ ကျွန် ပစ္စည်းမဟုတ်ဘူး၊ တော်ဘုရားရဲ့ပစ္စည်းတွေဗျ၊ အဲဒါတွေသာပါသွား ရင် ကျွန်ဘဝပျက်ပြီ" လို့ လေသံတိုးတိုးနဲ့ ပြောပါတယ်။

"ဘာပစ္စည်းတွေလဲဗျ၊ ခင်ဗျားက ဒီပစ္စည်းတွေပိုက်ပြီး ဘာ လျှောက်လုပ်နေတာလဲ"

သူသည် ကျွန်နားနားကပ်သည်အထိ တိုးလာကာ ပြော

ထိုက်တဲ့စကားကြောင့် ကျွန်ုပ်စိတ်ထဲမှာ အကြံကောင်းတစ်ခု ဖျတ်ခနဲ ပေါ်သွားရတယ်။

"ဓိနိုဝေ့ ကိုယ်လူရေ၊ အဲဒါတွေကို မန္တလေးကသူဌေးတစ်ယောက်ကိုပြပြီး ရောင်းမလို့"

"ကျွပ် ကြည့်ပါရစေ၊ သိပ်စျေးမကြီးရင် ကျွပ်အစ်မတွေ ဝယ်နိုင်တယ်ဗျ"

"ဒါဆိုလာဗျာ၊ အပေါ်ထပ်မှာ ပြမယ်၊ လူမြင်လို့ မဖြစ်ဘူး"

နှစ်ယောက်သား အပေါ်ထပ်ကိုတက်လာခဲ့ပြီး ဘုရားစင်ရှေ့ထိုက်ကာ အိုက်စံက ဘူပင်နီအကျႌ၏အောက်နားမှာ ကပ်ချုပ်ထားတဲ့ ငွက်အိတ်တွင်းမှ ပစ္စည်းများထုတ်ယူတယ်။ နောက် သူလက်ဖဝါးပေါ်တင်ပြတယ်။ အရမ်းကိုတောက်ပပြီး "တဖျတ်ဖျတ်လက်နေတဲ့ ဓိနိငါးလုံးဖြစ်ပါတယ်။

"ဒါမျိုးတွေ တော်ဘုရားကြီးဆီမှာ တစ်ပြည်မကရှိတယ်၊ ခု ငွေလိုလို့ ကျွန်တော်လာရောင်းတာ"

"ဒီငါးလုံးကို ဘယ်လောက်ရရင်ရောင်းမလဲ"

"ကျွန်တော့်ကိုမှာလိုက်တာတော့ တစ်သောင်းရရင်ရောင်းမယ်တဲ့၊ ခင်ဗျားလိုချင်လို့လား၊ လိုချင်ရင် ကိုးထောင်ပဲပေးပါ၊



တစ်သောင်းက ကျွန်တော့်ကိုကာယ်ခဲ့လို့ ကျေးဇူးဆပ်တာပါ"

ကျွပ် သူ့ကို စေ့စေ့ကြည့်လိုက်တယ်။ သူ့မျက်နှာအနေအ...ား၊ နဖူးပြေပြေ၊ မျက်ခုံးကောင်းကောင်း၊ မျက်လုံးခပ်ပိတ်ပိတ်ပေ...ယ့် မျက်နှာကျက မေးရိုးကားကားနဲ့ ယောကျ်ားပီသဟန်ရှိတယ်။ ...သားအရည်စိုပြေဝါဝင်းနေတာမို့ ရှမ်းတိုင်းရင်းသားတစ်ယောက်ဆို...က သေချာတယ်။ စကားပြောတဲ့အခါမှာလည်း တော်တော်လေးဝဲ...ယ်။ သူဟာ တော်ဘုရားဆိုသူနဲ့ ဘယ်လိုပတ်သက်သလဲ။

"ဘယ့်နှယ်လဲ ကိုပန်းတိုင်၊ ခင်ဗျား ယူမလား"

သူ့အသက်က ၂၅နှစ် ၂၆ဝန်းကျင်ရှိမယ်ထင်ရပေမယ့် ကျွပ် ...တလေးတစား ကိုပန်းတိုင်လို့ခေါ်တယ်။

"အင်း၊ ကျွပ် လိုချင်တယ်ဗျ၊ ဒီမှာ ကိုအိုက်စံ၊ ဒါတွေ ကျွပ်ဝယ်လိုက်ပါတယ်လို့ ခင်ဗျား ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ကုန်ကုန်ပြောရရင် ကျွပ်ကြီးဒေါ်နဲ့အစ်မကိုတောင် အသိမပေးချင်ဘူးဗျာ၊ ဘယ့်နှယ်လဲ"

"အဲဒါ ကျွန်တော့်အလုပ် မဟုတ်ဘူးလေ၊ ခင်ဗျားလိုချင်ရင် ကျွန်တော့်ကို ကိုးထောင်ပေး"

ကျွပ် ကျောက်အကြောင်း လုံးဝနားမလည်ပါ။

သို့သော် ယခု ဓိနိငါးပွင့်ကို ငွေကိုးထောင်ပေး၍ ဝယ်ဖို့

ဆုံးဖြတ်လိုက်တယ်။ အဓိကအကြောင်းက ငွေတစ်သောင်းကိုင်ပြီ
ဆိုသွားရင် ပွဲယောင်းယောင်းဖြစ်နေလို့ ငွေအစား စိန်ငါးလုံး
အိုက်စ်လို့ဝှက်ပြီးသွားရင် ပေါ့ပေါ့ပါးပါးရှိမှာပဲဆိုပြီး ကျုပ်ဝယ်လို
တယ်။

ငွေသားလက်ကျန် တစ်ထောင်ကျော်လောက်သာ ကျန်တော
တာနဲ့ ငွေကြေးမဖေါင်းပွပေတော့ပါ။

အိုက်စ်က ခြေထောက်နာသွားတဲ့ သူ့မြင်းကြီးကိုထားခဲ့ပြီ
ပြန်သွားပါတယ်။ ကျုပ်လည်း မြင်းခြေထောက်ကိုဆေးကုပေး
မြင်းကြီးနဲ့ရင်းနှီးလာခဲ့တယ်။ မြင်းကြီးဟာ ကြေးနီရောင်အမွေးနဲ့
ပေခွဲလောက်ရှိတဲ့ ကျုပ်အရပ်ထက် တစ်ပေခွဲလောက်မြင့်တာနဲ့ ခေါ
ကောင်းတဲ့မြင်းကြီးပါ။ ခြေထောက်ဒဏ်ရာသက်သာတော့ ကျုပ်
ခြေထောက်ကောင်းအောင် ပြန်လေ့ကျင့်ရင်း ကျုပ်လည်းစီးသား
အောင် ညနေတိုင်း မြင်းစီးထွက်ဖြစ်ပါတယ်။

ခြောက်လခန့်ကြာပြီး တစ်ညနေ မြင်းစီးထွက်ရာမှပြန်လာပြီ
ထမင်းစားသောက်ရင်းက …

"ကြီးဒေါ် … ကျုပ်မနက်ဖြန် ရွာခဏပြန်မလို့"

"ဟင်…မင်းကြီးပြောရောပေါ့ မောင်ပန်းတိုင်ရယ်၊ ကြီးဒေါ်
ဘာလေးညာလေး ဝယ်ပေးလိုက်ရအောင်၊ ရွာမှာ မင်းခ
တွေရှိသေးလား"



"မရှိတော့ပါဘူး ကြီးဒေါ်၊ ကျုပ် ဘဘုန်းပဲရှိပါတော့တယ်၊
ဘဘုန်းက အသက်လည်းကြီးပြီလေ"

"အမေ၊ မနေ့က ဂျမဒါကရောင်းထားတဲ့ နို့ဆီဗူးနဲ့ရိက္ခာ
ဗူးတွေ ရှိတယ်မဟုတ်လား၊ အဲဒါတွေထည့်ယူသွား၊ ရော့
ပန်းတိုင်"

"ဟုတ်ကဲ့ပါ မမညို၊ ကျေးဇူးပါပဲ"

"မမတောင် မင်းတို့ရွာကို လိုက်လည်ချင်သေးတယ်ကွယ်"

"နောက်တော့ လိုက်တာပေါ့မမရယ်၊ ကျုပ်က မြင်းနဲ့ သွား
မှာမို့"

နောက်နေ့မနက်စောစောမှာ ကျုပ် ကြီးဒေါ်တို့ထည့်ပေးလိုက်
လက်ဆောင်ပစ္စည်းတွေနဲ့ ငွေတစ်ထောင်ကျော်ပိုက်ကာ မြင်းကြီး
နှင့် အမရပူရဘက်သို့ ထွက်လာခဲ့သည်။ ကျုပ်ခါးကြားမှာတော့
တိန်ရဲ့လက်ဆောင် ခြောက်လုံးပြူးကျည်အပြည့်နဲ့ ပါလာပါတယ်။

လမ်းတစ်ဝက်မှာ ဘကြီးသာအောင်တို့ရွာကလေးကို ဝင်ဖို့
ကူးရပေမယ့် အပြန်မှပဲ ဝင်တော့မယ်ဆုံးဖြတ်ပြီး ရွာအရောက်
သွက်သွက်နှင်လာခဲ့တယ်။

ဆွမ်းဖားပြီးချိန်လောက်မှာ ကျုပ် ရွာဦးကျောင်းကို ရောက်
တယ်။

ကျောင်းသားတစ်ယောက်က ကျောင်းပေါ်ကမန်း...
ပြေးတက်သွားပြီး ဆရာတော်ဘုရားကို သွားလျှောက်နေပါတယ်
ကျွန်ုပ် ကျောင်းပေါ်ကို တက်လိုက်သွားပါတယ်။

"ဘယ်က ဧည့်သည်လဲကွယ့်"

"မြို့ကြီးသားဖြစ်မယ်ထင်ပါတယ် ဘုရား၊ မြင်းနဲ့ကြီး...
လာတာပါ"

"တစ်ယောက်တည်းလား သံခဲ"

"မှန်ပါ၊ တစ်ယောက်တည်းပါ၊ ဟာ…ဟို…ဟိုမှာ
ကျောင်းပေါ်တက်လာပါပြီ ဘုရား"

ကျွန်ုပ် လက်ဆောင်ပစ္စည်းတွေကို ဆရာတော်ရှေ့မှာ ...
ပြီး ဦးချကန်တော့၊ နောက် ဆရာတော်ကို ကန်တော့ပြီး …

"ဘဘုန်း နေကောင်းပါရဲ့လား ဘုရား"

"ဟေ…ပန်းတိုင်၊ မင်း ငါ့သား ပန်းတိုင်မဟုတ်လား"

"မှန်ပါ၊ တပည့်တော် ပန်းတိုင်ပါဘုရား"

ဘုန်းတော်ကြီးဟာ အရမ်းကို စိတ်မကောင်းဖြစ်နေပုံနဲ့ ...
ကိုစိုက်ကြည့်နေရင်း "ပန်းတိုင်၊ နင် အတော်နေနိုင်တဲ့ကောင်...
နင်ထွက်သွားတာ ဘယ်လောက်ရှိပြီလဲ၊ ဟင် ပြောစမ်းပါဦး ...
ထောင်ရှိပြီကွ၊ ငါ့မှာတော့ နင်များ ဒုက္ခသုက္ခရောက်နေပြီ...



...နှုတ်လိုက်ရတာ၊ နင် ခုမှ ပြန်ရောက်လာတယ်၊ ငါကို မေ့နေပြီ
...လို့၊ စိတ်မကောင်းလေသံနဲ့ ပြောရှာပါတယ်။

ပြန်သုံးသပ်ကြည့်တော့ ကျွန်ုပ်လျှောက်ခဲ့တဲ့လမ်းမှာ လောဘ
...နဲ့ လျှောက်နေမိတာပါ။

"မမေ့ပါဘူးဘုရား၊ တပည့်တော် အမြဲသတိရနေပါတယ်၊
လုပ်ငန်းတွေမပြတ်သေးလို့ ပြန်မလာဖြစ်တာပါ ဘုရား"

"အောင်မယ် နင်ကများ၊ လုပ်ငန်းတို့ဘာတို့ပြောလို့၊ တယ်
ဟုတ်ပါလား ပန်းတိုင်ရဲ့၊ နင့်ကြည့်ရတာ အဆင်ပြေနေပုံ
ရတယ်၊ ဒါက ဘာတွေလဲ"

"အရှင်ဘုရားအတွက် စားစရာတွေပါဘုရား၊ နို့ဆီ၊ သကြား၊
ပေါင်မုန့်၊ အသားဗူးနဲ့ပဲဗူးတွေပါ"

"ဟော…ဒါတွေ ငါဘာလုပ်ရမှာလဲ"

သူကြီး ဦးဖိုးတော်နှင့် ဆယ်အိမ်ခေါင်းနှစ်ယောက် ရောက်
...ကြသည်။

"ဆရာတော်ဘုရား၊ ပန်းတိုင် ပြန်ရောက်လာတယ် ကြားလို့
ပါ"

"အေးလေကွယ်၊ ဟောဟိုမှာ ကျွန်ုပ်သား ပန်းတိုင်ယူလာတဲ့
လက်ဆောင်တွေလည်း ကြည့်ဦး၊ ဒကာကြီးတို့ မြင်ဖူးရဲ့
လား၊ နို့ဆီဗူးတွေ၊ အသားဗူးတွေကွ"

ဆရာတော်က သူကြီးနှင့်အဖွဲ့ကို ကြွားနေတယ်။ သူကြီး
ကလည်း ဆရာတော်ရှေ့မှပစ္စည်းများကို ကြည့်နေကြပါတယ်။

"သူကြီး၊ ကျုပ် ဆရာတော်ကျောင်းရဲ့ ဒီဘုရားဆောင်
ပြင်ပေးချင်ပါတယ်၊ ဘယ်လောက်ကျမလဲဆိုတာ
ကြည့်ပေးပါ"

"ဟေ ပန်းတိုင်၊ နင် လုပ်ပေးနိုင်လို့လား"

"ရပါတယ် ဘုရား၊ တပည့်တော် လုပ်ပေးနိုင်ပါတ
သူကြီး အဲဒါလေးတွက်ပေးပါ၊ ကျုပ်က တစ်ရက်နှ
လောက်ပဲ နေနိုင်မှာဖို့ပါ"

"ဘာကွ ပန်းတိုင်၊ တစ်ရက်နှစ်ရက်ပဲ နေမှာလား"

"မှန်ပါဘုရား၊ တပည့်တော် အလုပ်ကိစ္စရှိလို့ ပြန်ရမှ

ကျုပ် ယိုင်နေတဲ့ဆရာတော်ရဲ့ ဘုရားဆောင်ပြင်ဖို့ ငွေ
ပေးခဲ့ပါတယ်၊ ကျောင်းမှာနှစ်ညအိပ်ပြီး ကျုပ်အပြန်မှာ ညော
သာရွာက ဘသာအောင်ဆီကို တစ်ညအိပ်ဝင်ပြီး သူတို့မိသ
ငွေတစ်ရာပေးခဲ့ပါတယ်။ ကိုဖြိုးက ကျုပ်အဆင်ပြေနေတာတွေ
အလုပ်ရှိရင် သူ့ကိုလည်းခေါ်နိုင်းဖို့ ပြောပါတယ်။ ကျုပ်လည်း
ပါ့မယ်လို့ကတိပေးပြီး ကြီးခေါ်တို့ထမင်းဆိုင်ကို ပြန်လာခဲ့ပါ
တယ်။



ညနေစာမစားခင် ကျုပ် ဆိုင်ကို ပြန်ရောက်ပါတယ်။

"အတော်ပဲ မောင်ပန်းတိုင်ရေ၊ ဟောဒီမှာ နိုင်ငံခြားကစာ
တစ်စောင် ရောက်နေတယ်"

"ဗျာ ဟုတ်လား၊ ဒါ မေဂျာလူးဝစ်(စ်)ဆီကပဲ ဖြစ်မယ်၊
ပေး --- ကြီးခေါ် --- ပေး"

"ဒီမှာပါ ငါ့မောင်ရဲ့၊ မဟုတ်မှလွဲရော မင်းကိုလိုက်ခဲ့ဖို့
လှမ်းခေါ်တာဖြစ်မယ်"

"အင်း ဟုတ်ချင်လည်းဟုတ်မယ် မညီရေ၊ မသွားခင်က
တည်းက ကျုပ်ကိုခေါ်နေတာဗျ"

စာကိုယူ၍ စာအိတ်ပေါ်တွင်ရေးထားသောလိပ်စာကို ကြည့်
ကတည်းက မေဂျာလူးစ်(စ်) အင်္ဂလိပ်လက်ရေးမှန်းသိလိုက်
၊ ကျုပ်စာအိတ်ကို ခပ်သွက်သွက် ဖောက်ကြည့်လိုက်တယ်။
တော်တော်သူတာပဲ။

အောက်တွင် သူ၏စာအတိုင်း ဖော်ပြလိုက်ပါတယ်။

¤ ¤

လောက၌ ဉာဏ်မီလောက်သော
ဖြစ်ရပ်များ ရှိသကဲ့သို့
ဉာဏ် မမီလောက်သော
ဖြစ်ရပ်များလည်း ရှိ၏။
မိမိဉာဏ်မမီတိုင်း မယုံကြည်...ဟု
ပြောရန်မသင့်လျော်။



## ကျားတဲဆိပ်တုံး ကျိုနီစာ

ချစ်လှစွာသော ပန်းတိုင် ...

ကျွန်ုပ် သတိရခြင်းများစွာနှင့် သင့်ထံ စာရေးလိုက်ပါတယ် လေး။

ကျွန်ုပ်တပ်ရင်းမှာ အဆင်ပြေပါတယ်။ သို့သော် အခြား အခဲတစ်ခု ရှိနေသောကြောင့် သင့်ထံစာရေး၍ မေးလိုက်ခြင်း သည်။ သင်တို့လူမျိုးများသည် နာနာဘာဝများ၊ မှော်ပညာများ သက်၍ နိုင်နင်းသောနည်းလမ်းများ ရှိတတ်သောကြောင့် ကျွန်ုပ် နေရသော ကိစ္စများကို ရေးပြအကူအညီတောင်းရခြင်း သည်။

တပ်ရင်းကိုရောက်ပြီး တစ်ပါတ်အကြာ၌ ကျွန်ုပ်သည် တ
တစ်ခုနှင့်အတူ တပ်ရင်းမှ သုံးမိုင်ပါတ်လည်သို့ လှည့်လည်စ
ကြည့်ရှုပါသည်။ ကျွန်ုပ်တပ်ရင်း၏တည်ရှိပုံကို လူကလေး
ရေးပြရသော်တပ်ရင်းသည် တောင်တန်းတစ်ခု၏အဆုံး တောင်
တစ်ခု၏အစ၌ တည်ရှိပါသည်။ အရှေ့ဘက်၌ တောတန်းရှိပြီး
နှင့် မြောက်ဘက်တွင် လွင်ပြင်နှင့်မြက်ရိုင်းတောများသာ ရှိပါသ
အနောက်စူးစူးတွင် တောင်ကုန်းတောင်တန်းများရှိပြီး သစ်တော
လည်း အလွန်ထူပါသည်။ အာရှတိုက်ရဲ့ အလွန်ကြီးမားတဲ့ အ
တောကြီးတစ်တောပါပဲ။

ဦးစွာ ကျုပ်တို့ အရှေ့စူးစူးကို သုံးမိုင်ခရီးလျှောက်ခဲ့
တောတိုးရသောအရသာမှာ လူကလေးတို့နိုင်ငံရှိ ပဲခူးရိုးမတွ
လျှောက်နေရသကဲ့သို့ ဖြစ်ပါသည်။ မည်သည့်ထူးခြားမှုမှ မ
ကြောင့် ကျွန်ုပ်တို့ တောင်ဘက် မြက်ရိုင်းတော်များဆီမှဖြတ်
အနောက်ဘက် တောင်တန်းကြီးများဆီသို့ တက်လှမ်းခဲ့ရာ လွ
နက်သော တောအတွင်း၌ ကျွန်ုပ်တို့ တစ်ညအိပ်ခဲ့ရပါသည်။

နောက်တစ်နေ့နံနက် ခရီးဆက်ခဲ့ကြရာ ကျွန်ုပ်တို့၏
ကင်းသမားမှာ ချက်စီလည်လမ်းများ၌ တစ်နေကုန်လျှောက်



ည်း အပြန်လမ်းကို မတွေ့ဖြစ်ရသည်။ ထို ဒုတိယညအတွက်
ကျွန်ုပ်တို့ တောင်စွယ်တစ်ခုရှိ ဂူတစ်လုံးတွင် ညအိပ်ရပ်နားရပြန်ပါ
သည်။

ရဲဘော်တွေက မီးဖိုတွေဖို၊ မီးတုတ်တွေလုပ်ပြီး ထွန်းသည့်
အတွက် ဂူကြီးတစ်ခုလုံး လင်းထိန်သွားသည်။

ကျွန်ုပ်လည်း ခရီးကြမ်း မလျှောက်ဖြစ်တာကြာခဲ့ပြီမို့ ပင်
ပန်းပြီး မှေးခနဲ ခဏ အိပ်ပျော်သွားခဲ့ပါသည်။

"မေဂျာ ... မေဂျာ ... ထပါဦး"

"ဟေ...ဘာလဲ၊ ဘာဖြစ်လို့လဲ ... လက်ဖတင်နင်"

"ဂူကြီးရဲ့အတွင်းပိုင်းမှာ ဘာတွေလဲမသိဘူး မေဂျာ၊ ကျွန်
တော်တို့ ဂူထဲကိုဝင်ကြည့်ရင်း တွေ့လို့ မေဂျာလိုက်ကြည့်ပါ
ဦး"

ကျွန်ုပ် သေနတ်မောင်းတင်ပြီး လက်ဖတင်နင်နှင့်အတူ ဂူ
အတွင်းပိုင်းကို လိုက်လာခဲ့ပါတယ်။ အတွင်းပိုင်းတစ်နေရာ ရောက်
သော် ဂူသည် လူတစ်ကိုယ်စာပင် မဝင်ဆန့်တော့ပေ။ ကျွန်ုပ်တို့ကိုယ်
ကို တစောင်းသွားရ၏။

"ဝင်...မေဂျာ၊ ရဲရဲဝင်ပါ၊ အထဲမှာ ဆာကျင်ရှိပါတယ်"

ကိုယ်တစောင်းဝင်သွားတော့ ဆာကျင်နဲ့ ရဲဘော်သုံးယောက် ရှိနေ၏။ သူတို့ရှေ့တွင် ကျွန်ုပ်မသိသော စာတစ်မျိုး ရေတွင်းထား သည့် လူတစ်ရပ်ခန့်ရှည်ကာ အကျယ်နှစ်ပေခန့်ရှိသော ကျောက်တံ ခါးကြီးတစ်ခု ရှိနေသည်။ ထိုတံခါးမှစာကို လူကလေးမြင်ဖူးအောင် ကျွန်ုပ် ပံ့တူကူးပေးလိုက်ပါသည်။



ကျွန်ုပ်တို့လည်း ထိုညက ဘာမှမလုပ်သေးဘဲ နောက်နေ့ နံနက်တွင် တံခါး၌ ဗုံးတစ်လုံးခွဲပစ်လိုက်သည်။ ကျွန်ုပ်တို့အားလုံး ဂူပြင်ထွက်နေကြပြီး လက်ပစ်ဗုံးပင်(န်)ကို ကြိုးနှင့်ဆွဲကာ ဂူပြင်အ ရောက်၌ ကြိုးကိုဆွဲပြီး ပင်(န်)ဖြုတ်လိုက်၍ ဗုံးကွဲသွား၏။

ဂူတံခါးလည်း ကြေမွပျက်စီးသွားခဲ့ပါသည်။

ထိုဂူကလေးမှာ အနံရှစ်ပေခန့်သာရှိပြီး အရှည် ပေ ၃၀ခန့် ရှိမည်ထင်၏။

ဂူထဲသို့ ကျွန်ုပ်တို့ ဝင်လာခဲ့သည်။ ဂူတွင်း၌ ယောကျ်ားကြီး နှစ်ယောက် ဖက်စာခန့်ရှိသော သစ်လုံးကြီးတစ်လုံး ရှိ၏။ ထိုသစ်



လုံးမှာ အရင်းအဖျား၌ တိတိပပဖြတ်ထားသည့် ခုနစ်ပေခန့် အရှည် ရှိသည်။

"သစ်လုံးကြီးပဲ ရှိတယ် … မောင်ရာ"

"ဟော … သစ်လုံးကြီးပဲတော့ မဖြစ်နိုင်ဘူးကွ၊ သေးနံရံ တွေ ရှာကြည့်စမ်းကွာ"

"ဟုတ်ကဲ့ မောင်ရာ"

လက်ဖတင်နင်နှင့် ရဲဘော်ကလေးများ ဂူနံရံပါတ်လည်ကို စိတ်စိတ်တိုက်ရှာကြသော်လည်း ဘာမှမတွေ့။ ကျွန်ုပ်က သစ်လုံးကြီး ကို လှည့်ပတ်ကြည့်နေမိသည်။ ကျွန်ုပ်အတွေး၌ ဤနေရာသည် ဒီနိုယနိုင်ငံ ရှေးဟောင်းနေရာတစ်ခု ဖြစ်နိုင်သည်။ ဤသစ်လုံးမှာ လည်း ရှေးဟောင်းနှင့်ပတ်သက်သော သစ်လုံးဖြစ်လိမ့်မည်ဟုယူဆကာ ကြည့် ပတ်ကြည့်နေမိခြင်း ဖြစ်ပါသည်။

"စာလိုလိုတွေပဲတွေ့တယ် မောင်ရာ၊ တခြား ဘာမှ မရှိဘူး"

အကွာရာလိုလို၊ အရုပ်လိုလို သင်္ကေတကလေးများ ဂူနံရံတွင် ရေးထားသည်။ ကျွန်ုပ်အထင် ဂူတံခါးမှ စာများနှင့်တူသည်ဟု ယူဆ မိသည်။

ထို့နောက် ကျွန်ုပ်တို့ သစ်လုံးကြီးကိုဖြတ်ရန် စဉ်းစားကြပြီး ပေါ်ယ်ကို ဘက်နက်ခါးနှင့် ထိုးကြည့်နေစဉ် သစ်လုံး၏အတွင်းမှာ

ခေါင်းပွကြီးဖြစ်ကြောင်း သိရပါသည်။

"ဟာ ... ဒီသစ်လုံးက ခေါင်းပွကြီးကွ" သစ်လုံးပါထ လည်ကို ဓါးနှင့်ခြစ်ကြည့်ရာ အပေါ်ပိုင်းသည် အဖုံးဖြစ်နေကြောင်း သိရ၍ ကျွန်ုပ်တို့ အဖုံးဖွင့်ရန်ကြိုးစားကြသည်။ သစ်လုံးကြီးကို ပွန်း မပျက် ထွင်းထုပြီး အဖုံးပြန်ဖုံးထားခြင်း ဖြစ်သည်။ မကြာခင် အဖုံး မြှင့်သွားသည်။


"ဟာ ... လူကြီး"

"လူသေကောင်ကြီး"

ရှေးဟောင်း လူသားတစ်ဦး၊ ခေါင်းထဲတွင် ပက်လက်အနေ အထားဖြစ်သည်။ ထိုလူ၏ဆံပင်များမှာ ဖွာလံကျဲနေ၏။ ရွှေချည်ထိုး အနားကွပ်ပါသော အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ မုတ်ဆိတ်မွေး ကြီးများက တစ်တောင်ခန့်ရှည်သည်။ လက်နှစ်ဘက်ကို ဓိုက်ပေါ်တင် ထားပြီး ညာဘက်လက်တွင် ပန္နည်းတစ်ခုကိုင်ထား၏။ ကျွန်ုပ်တို့ ပန္နည်းကို ယူကြည့်မိသည်။

ငှင်းမှာ အောက်ခြေတွင် အပြားသဏ္ဍာန်ဖြစ်ပြီး ထိုအပြားပေါ် - ၌ ကျားတစ်ကောင်ရပ်နေသည့်ပုံ ထုထား၏။ အပြား၏အောက်ဘက်၌ စာတမ်းတစ်ခုပါရှိပြီး ၎င်းစာတမ်းမှာ ဂူဝကျောက်ပြားတွင်တွေ့ခဲ့သော စာနှင့် တစ်ပုံစံတည်းဖြစ်နေ၏။





# ရှင်သွား

၎င်းတံဆိပ်တုံးကို ကျွန်တော် ယူထားလိုက်၏။

ရှေးဟောင်းပညာ နားလည်တတ်ကျွမ်းသော ကျွန်ုပ်၏မိတ် ...ဆွေ ဒေါက်တာမက်သယူးအိုဝင်ထံ ပေးပို့ရန်ဖြစ်သည်။ မက်သရူးက ...န်ဒန်ရှိ ရှေးဟောင်းပြတိုက်ကြီး၏ လက်ထောက်ပြတိုက်မှူးတစ် ...ယောက်ဖြစ်ပြီး ရှေးဟောင်းပန္နည်းများကို ဝါသနာအလျှောက် စု ...ဆောင်းသူလည်းဖြစ်သည်။

သူ့ကိုသတိရ၍ ကျွန်ုပ် သိမ်းထားလိုက်မိခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့လည်း အလောင်းကိုလည်း ပုံမပျက်စေလိုသဖြင့် ...ားလုံးကို ကြည့်ရှုသာကြည့်စေပြီး အဖုံးကိုအံဝင်ခွင်ကျ ပြန်ဖုံးထား

ကာ ထိုဂူတွင်းမှ ထွက်လာကြပါသည်။ ထိုနေ့ညနေတွင် ကျွန်ုပ်တို့ တပ်တွင်းသို့ပြန်ရောက်ကြပါသည်။

လွန်စွာ လက်ရာမြောက်လှသော ကျားရုပ်ပါတံဆိပ်တုံး ကျွန်ုပ်၏စာကြည့်ခန်း၌ စာရွက်ဖိရန် စာကြည့်စားပွဲပေါ်ရှိ စာအုပ်များ ပေါ် တင်ထားလိုက်ပါသည်။

ချစ်လှစွာသော လူကလေး မောင်ပန်းတိုင် ...

ကျွန်ုပ်သည် ကိုန်စာကိုလည်း မယုံပါ။ ရှေးဟောင်းသချိုင်း များမှ ပစ္စည်းများ၏ နာမ်ပူးကပ်လာမှုကြောင့် လူကို ဒုက္ခပေးတာ ကြောင်းလည်း မသိပါ။ အထူးသဖြင့် နာမ်လောက၊ မမြင်အပ်သော ပုဂ္ဂိုလ်များ တကယ်ရှိ၊ မရှိကိုပင် ကျွန်ုပ် ယုံကြည်၍မရသေးမှန်း သင် သိပါသည်။

ဤကျားရုပ်ကလေး ကျွန်ုပ်ဆီရောက်လာပြီး တစ်ပတ်ခန့် အကြာ ကျွန်ုပ်အိမ်ရှိ ကားဂိုဒေါင် မီးလောင်သည်။

"မေရှာ ... မေရှာအိမ် မီးလောင်လို့"

"ဟော ... ငါ့အိမ်၊ ဟုတ်လား"

ကျွန်ုပ်ရုံးခန်းမှ ကမန်းကတန်းပြေးထွက်ကြည့်ရာ ကျွန်ုပ်အိမ် နဘေးတွင် မီးတောက်ကြီးကို ရဲဘော်များ ငြိမ်းသတ်နေသည်။ ကျွန်ုပ် အိမ်ရောက်သောအခါ ကားဂိုဒေါင်ပြာဖြစ်သွားခဲ့သည်။ အိမ်ကိုမူ



ကျ၍ တော်သေးသည်။ စိတ်ပျက်လက်ပျက်နှင့် ကျွန်ုပ် စာကြည့် ခန်းရှိ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း မှေးခနဲအိပ်ပျော်သွားပါ သည်။

အိပ်မက်ထဲ၌ ကျွန်ုပ် ကျောက်ဂူကြီးထဲ ရောက်သွားပါသည်။

အလောင်းကြီးရှိရာ ဂူကလေးအတွင်းဝင်မိသော် သစ်လုံးကြီး ခေါင်းနိုးများ အစုလိုက်အပြုံလိုက်ထွက်ပြီး သစ်လုံးခေါင်းကြီး ပွင့် သွားပါသည်။ ခေါင်းထဲမှ အလောင်းကြီးထလာပါသည်။ သူသည် ကျွန်ုပ်မြင်ခဲ့ရသလို မပျက်စီးသော အသားအရည်ကဲ့သို့ မဟုတ်ဘဲ မျက်တွင်းဟောက်ပက် မျက်လုံးကြီးပြူးကာ ဆံပင်များက ဖွာလန်ကြဲ နေသည်။ ထို့ပြင် မုတ်ဆိတ်မွေးကလည်း ဖွာယောင်ယောင်ဖြစ်နေ၏။

"အသင် ကျွန်ုပ်ရဲ့ပစ္စည်း ပြန်ပေးပါ"

"ဘာပစ္စည်း ပြန်ပေးရမှာလဲ ... အလောင်းကောင်ကြီး"

"ကျုပ်နာမည် ဗြဟ္မဏဖြစ်တယ်၊ ကျုပ်ဟာ အာသောက မင်းကြီးရဲ့ ပညာရှိအမတ်ကြီးပဲ၊ ကျုပ်ကို မင်းကြီးပေးထား တဲ့တံဆိပ်တော် သင်ယူသွားတာပြန်ပေးပါ"

"တံဆိပ်တော် ဟုတ်လား၊ ဗြဟ္မဏကြီး"

"ဟုတ်တယ် ... စစ်ဗိုလ်ကြီး၊ ကျုပ်ရဲ့ကျားတံဆိပ်တော်

ကို ပြန်မပေးရင် သင့်ကို ဘေးဆိုးရန်ဆိုးတွေ တွေ့ရစေ
မယ်၊ ဒု သင့်အိမ် မီးလောင်သလိုပေါ့"

"ကျွန်ုပ် ပြန်မပေးနိုင်ဘူး၊ ကျွန်ုပ်ရဲ့မိတ်ဆွေကို လက်ဆော
ပေးဖို့ ကျုပ် ယူထားတာ"

ဗြဟ္မဏကြီးက ကျွန်ုပ်ဆီလျှောက်လာနေသည်။ ကျွန်ုပ် ဖြည်းဖြည်း နောက်ဆုတ်နောက်ဆုတ်နှင့် ဝူန်ရုံတွင် ကျောကပ်သွား၏။

"သင် ပြန်ပေးမလား၊ မပေးဘူးလား"

"မပေးနိုင်ဘူး၊ ဗြဟ္မဏကြီး"

ကျားကြီးတစ်ကောင်က ကျုပ်နှင့် ဗြဟ္မဏကြီးအကြား ရောက်လာ၏။

"တံဆိပ်တော်က ကျားကို ကျုပ် အသက်သွင်းလိုက်
သင် ကျားခဏ်ကို ခံပေတော့"

"ဝူန်း"

ကျားကြီးက ကျွန်ုပ်ကိုခုန်အုပ်လိုက်သည်။ သို့သော် ကျွ ဆီရောက်မလာဘဲ လေထဲတွင် တုန့်ခနဲဖြစ်ကာ ဝူကြမ်းပြင်သို့ နဲကျသွား၏။ ထိုအခါ ဗြဟ္မဏကြီးကိုယ်တိုင် ကျွန်ုပ်ကို လည်ပင်း ညှစ်သည်။ သို့သော် သူ၏လက်နှစ်ဘက်သည် ကျွန်ုပ်လည်ပင်း



ည်နှင့် ကျင်စက်နှင့် တို့ခံလိုက်ရသည့်နယ်ဖြစ်ကာ နောက်သို့ ထွက်သွားပါလေတော့သည်။

ကျွန်ုပ်အိပ်ရာမှလန့်နိုးကာ ကြောက်စိတ်အနည်းငယ် ဝင်မိ းသည်။

စားပွဲပေါ်မှတံဆိပ်တုံးကို လှမ်းကြည့်လိုက်ရာ တံဆိပ်တုံးပေါ် ကျားရုပ်သည် ကျွန်ုပ်ကိုစူးစူးရဲရဲကြည့်နေသည်။

"ဪ ... ဒါအိပ်မက်ပဲ၊ စိတ်စွဲလို့မက်တာပါလေ"

ကျွန်ုပ်စိတ်ထဲမှမှတ်ယူကာ အိပ်မက်၏ခြောက်လှန့်မှုကို မေ့ထား က်လေသည်။ ထို့နောက်၊ ကျွန်ုပ် လုပ်ငန်းတာဝန်များထမ်းဆောင် း နေလာခဲ့ရာ ထိုကျားကိစ္စကို မေ့လျော့နေပြီ။

တစ်ညသ၌ ကျွန်ုပ် အိပ်ရာမှလှဲနေခိုက် လမ်းလျှောက်သံ ငံသံကို ကြားနေရ၏။ မြေပေါ်သို့ ခြေချနင်းသံအပြင် မြေကြီးကို ပြီးနှင့်ရိုက်သော တဖတ်ဖုတ်အသံကိုပါ ကြားနေရသည်။ ကျား ကောင်၏လမ်းလျှောက်နေသံ ဖြစ်၏။ ကျွန်ုပ်၏အိပ်ခန်းတွင်းမှ ရောင်မရှိ မှောင်နေသည်။ ခေါင်းအုံးအောက်မှ သေနတ်ကိုယူကာ သံကြားရာ ခေါင်းရင်းဘက်သို့လျှောက်လာရင်း ပြတင်းနေဘေးမှာ င်ရပ်လိုက်၏။

ပြတင်းတံခါးကို ဟ၍ကြည့်လိုက်ရာ ကျွန်ုပ်ခြံတွင်း လရောင်

အောက်တွင် ဝိုင်းစက်စက်မျက်လုံးကြီးများဖြင့် ကျွန်ုပ်အိမ် ပြ[illegible]
ပေါက်ကိုကြည့်နေသည့် ကျားကြီးတစ်ကောင်ကို တွေ့ရသည်။ [illegible]
ကျားကြီးမှာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ရင်း ကျွန်ုပ်ကို[illegible]
ကောင်း၊ ကျွန်ုပ်အိမ်ကိုလည်းကောင်း ကြည့်နေ၏။

ကျွန်ုပ်လည်း ခြောက်လုံးပြူးကိုမောင်းတင်ပြီး ပြတင်းမှ ပြောင်းထုတ်ကာ လှမ်းပစ်လိုက်သည်။ [illegible]

"ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း"

ခြောက်လုံးပြူးကျည်ငါးတောင့်စလုံး ပစ်ထုပ်လိုက်[illegible] ကြောင့် ကျွန်ုပ်အိမ်နှင့် မလှမ်းမကမ်းရှိ ကင်းရုံမှ ကင်းသမား[illegible] များ အပြေးအလွှားရောက်လာကြသည်။

"မေဂျာ...မေဂျာ ဘာဖြစ်လို့လဲ"

"တပ်မှူး ... တပ်မှူး"

ရဲဘော်ငါးယောက် ရောက်လာ[illegible]၊ သေနတ်များမောင်း[illegible] ပြီး ကျွန်ုပ်အနီးသို့ ရောက်လာကြသည်။ [illegible] ပြတင်းတံခါး[illegible] လုံး ဖွင့်လိုက်၏။

"ဟောဒီနေ[illegible]မှာ ကျားတစ်ကောင်လျှောက်နေလို့ ပစ်[illegible] တာကွ"

ထို့နောက် ရဲဘော်[illegible] ကျွန်ုပ်[illegible] ပြေးထွက်[illegible]



[illegible]ပါသည်။ ကျွန်ုပ်လည်း သူတို့နောက်မှ လိုက်ပါသွားမိ၏။

ကျွန်ုပ်လှမ်းပစ်လိုက်သော နေရာတွင် ဘာကောင်မှမတွေ့[illegible]ပါ။ သေနတ်ကျည်ဆံများသည် သစ်ပင်တစ်ပင်တွင်းသို့ ဖောက်ဝင်[illegible]သည်။ ရဲဘော်များလည်း အနီးဝန်းကျင်သို့ ရှာကြသော်လည်း [illegible]ဘာမှမတွေ့။ ကျွန်ုပ် ကျားလျှောက်နေသောနေရာကို လက်နှိပ်မီးထိုး[illegible]ကြည့်လိုက်ရာ ခေါက်တုန့်ခေါက်ပြန်လျှောက်ထားသော ကျားခြေရာ[illegible]ားကို တွေ့ရသည်။

"မေဂျာ ... ဒီဝန်းကျင်မှာ ဘာမှမတွေ့ဘူး၊ နောက်ပြီး မေဂျာပစ်တဲ့ကျည်ဆံတွေကလည်း သစ်ပင်တွင်းမှာ တွေ့ရတယ်"

"ဒါပေမယ့် ... ဒီမှာလာကြည့်ကြ၊ ကျားခြေရာတွေ"

ရဲဘော်များ ကျွန်ုပ် ညွှန်ပြရာနေရာကို လာကြည့်နေကြ[illegible]သည်။ ခေါက်တုန့်ခေါက်ပြန်လျှောက်ထားသော ကိုးတောင်ကျားကြီး[illegible]ကောင်၏ ခြေရာများဖြစ်သည်။

ထိုကိစ္စကို ကျွန်ုပ် အဖြေရှာမရခဲ့ပါ။

လူကလေး၏ အယူအဆကို ရေးပြလိုက်စေလိုပါသည်။ [illegible] နိုင်လျှင် လူကလေးကိုယ်တိုင် လိုက်လာခဲ့စေလိုပါသည်။ ကျွန်ုပ်[illegible]ွက် အားရှိစေရန် လူကလေးလိုက်လာခဲ့ပါ။

ထို့အပြင် ကျွန်ုပ် တပ်တွင်းရုံးခန်း၌ နေစဉ်ကာလများ
ယောက်တည်းနေစဉ်ကာလများ၌ ကျားတစ်ကောင်၏ ဟောက်
မာန်ဖီသံများကို မကြာခဏ ကြားနေရသည်။ ကျား၏ဝိညာဉ်
ကျွန်ုပ်အနီး၌ အမြဲမပြတ် ဝေ့ဝဲနေ၏။ ကျွန်ုပ်ကိုမူ အန္တရာယ်မပြု

သို့သော် ကျွန်ုပ်၏ ရှေးဟောင်းတံဆိပ်တုံးအကြောင်းကို
ခန့်ရှိ ဒေါက်တာမက်သရူးအိုဝင်ထံသို့ စာရေးအကြောင်းကြားလို
သည်။ မက်သရူးသည် ရှေးဟောင်းကိစ္စဆိုလျှင် လွန်စွာ ရူးသွ
ဖြစ်သည့်အလျောက် ကျွန်ုပ်ထံမှ စာရလျှင်ရခြင်း ကျွန်ုပ်၏တပ်
ရောက်လာခဲ့ပါသည်။

ရောက်လျှင်ရောက်ချင်း ...

"ဟဲလို လူးဝစ်(စ်) ခင်ဗျားပြောတဲ့ တံဆိပ်တုံးဆိုတာ
မှာလဲဗျ၊ ကျုပ်ကို ပြစမ်းပါဦး"

"စာကြည့်ခန်းထဲမှာ ထားတာဗျ၊ လာ ကျုပ်ပြမယ်"

စာကြည့်ခန်းထဲလျှောက်လာကြရင်း ...းပွဲပေါ်မှ ကျ
ပါသော တံဆိပ်တုံးလေးကိုပြလိုက်သည်။ မက်သရူးသည် တံ
တုံးကို စိတ်ဝင်တစားကြည့်ပြီး မင်စုတ်...ာ စာရွက်လွတ်ပေါ်၌
နှိပ်ကြည့်၏။ စာကို ဂရုတစိုက်ကြည့်ပြီး ...

"ဒါ ဗြဟ္မာလို့ ရေးထားတာဗျ၊ အရေးအသားက



...၃ ရာစု မောရိယခေတ် အရေးအသားပဲ" ဟုပြောကာ တံဆိပ်
...ကိုလိုချင်ကြောင်း တောင်းသောကြောင့် ကျွန်ုပ် သူ့ကိုပေးလိုက်
...သည်။

သူသည် ကျွန်ုပ်နှင့်အတူ (၁၀) ရက်ခန့်နေပြီး တံဆိပ်တုံး
...လေးယူကာ လန်ဒန်သို့ ပြန်သွားပါတော့သည်။

ထိုအခါမှ ကျွန်ုပ်၏ဝန်းကျင်၌ ကျားတစ်ကောင်၏ လှုပ်ရှား
...း မဖြစ်တော့ပေ။ ကျားသံ၊ ကျားခြေရာများလည်း မကြားရတော့
...ဖြင့် ကျွန်ုပ်လည်း လွန်စွာ စိတ်ချမ်းသာရပါတော့သည်။

စိတ်ချမ်းသာ၍မှ မကြာသေးပါ။ အင်္ဂလန်မှ ဒေါက်တာမက်
...ရူးအိုဝင်၏ သတင်းဆိုးကို ကြားရပါတော့သည်။ မက်သရူးအိုဝင်
...စ်ယောက် သူ၏ပြတိုက်တွင် တာဝန်ထမ်းဆောင်နေစဉ် ရုတ်တ
...က် သေဆုံးသွားခဲ့သည်။ အဘယ်ကြောင့်သေသည်ကို မသိရသော်
...ည်း သူ၏ကိုယ်ပေါ်၌ ကျားကုတ်သည့်ဒဏ်ရာကြီးများနှင့် ကျား
...ရာများတွေ့ခဲ့ကြောင်း ကြားသိရလေသည်။ ထိုရှေးဟောင်း မော
...ခေတ် တံဆိပ်တုံးကလေးကိုမူ ပြတိုက်၌ ထိန်းသိမ်းထားကြောင်း
...ရပါသည်။

ဤအကြောင်းများနှင့် ပါတ်သက်၍ ကျွန်ုပ်လည်း စိုးရိမ်နေ
...ါသည် လူကလေး။

သို့ဖြစ်ပါ၍ လူကလေးလိုက်လာပါရန် အထူး ဖိတ်ကြား

သည်။

သင့်ကိုမျှော်နေမယ့်
မေဂျာလူးဝစ်(စ်)
ဂေါ်ရခါးတပ်ရင်း
ဟိုက်ဒရာဘတ်ပြည်နယ်
အိန္ဒိယနိုင်ငံ



လူမှုရေးကိစ္စများကို ဆောင်ရွက်ရာ၌
ပျက်ကွက်ပျင်းရိခြင်း မဖြစ်ပါစေနှင့်...
သူတစ်ပါး၏ ကျေးဇူး ဖြစ်ပါက
အသေး အဖွဲ့ကလေးမှ စ၍...မှတ်သား ထား...
တုံ့ပြန်ဆပ်နိုင်ရန် အခွင့်အရေးကိုစောင့်ပြီး

ဆပ်ပါလေ...။
ကိုယ့်ကျေးဇူးကို အမှတ်မထား ဘဲ
လျစ်လျူရှုနိုင်အောင်ကြိုးစားပါ...။

# ဟိုက်ဒရာဘတ်သို့

"ဘာပဲဖြစ်ဖြစ်...ခင်ဗျား...ဟိုက်ဒရာဘတ်ကို လိုက်သွား ခဲ့တယ် မဟုတ်လား...ဦးပန်းတိုင်..."

လွန်စွာ အံ့သြသောအကြည့်ဖြင့် ဦးပန်းတိုင် ကိုထွန်းလူ စေ့စေ့ကြည့်သည်။ ထို့နောက်...

"ခင်ဗျား...သိနေတယ် ဟုတ်လား...ကိုထွန်းလူ"

ဟု မေးလိုက်ပြန်သည်။ ကိုထွန်းလူက ခေါင်းတညိတ်ညိတ် ပြုံးနေရင်းမှ သူ့စကားကို ဆက်ပြောလေသည်။

"ဒီ့ထက်ပိုပြီး...ပိုင်ပိုင်နိုင်နိုင် ပြောရရင် ဟိုက်ဒရာဘတ်က လာတော့မှ...ခင်ဗျားဟာ သူဌေးတစ်ယောက် ဖြစ်သွား ဘာကြောင့်လဲဆိုတော့ ဟိုမှာ ခင်ဗျား စိန်ငါးပွင့်ကို ဈေး ကောင်းနဲ့ ရောင်းခဲ့ရလို့ပဲ၊ ဟုတ်တယ်နော် ဦးပန်းတိုင်"

ဦးပန်းတိုင် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်အထိ



များရှာသည်။

"ခင်...ခင်ဗျား ဒါတွေကို ဘာဖြစ်လို့...ဒီလောက် သိနေရတာလဲ ကိုထွန်းလူ"

"ဟင်း...ဟင်း...ဟင်း...ဒါ သိပ်မဆန်းပါဘူးဗျာ၊ ကျွန်ုပ် ဘာကြောင့် သိတယ်ဆိုတာကို ခင်ဗျား ရှည်ရှည်ဝေးဝေး လျှောက်စဉ်းစားမနေပါနဲ့၊ အချိန်ကုန်ပြီး ဦးနှောက်ပူလာပါ့မယ်... ကိုထွန်းလူမို့ သိတယ်လို့ပဲ ထားလိုက်ပါတော့ဗျာ..."

ကိုထွန်းလူ စကားကြောင့် ဦးပန်းတိုင် ဘာမှ မမေးတော့ဘဲ ကျွန်ုပ်ဘက်သို့လှည့်ကြည့်နေ၏။ သူ့မျက်နှာတွင် အံ့သြမှုအရိပ်များက အပြည့်အဝ နေရာယူထား၏။ ကိုထွန်းလူကဲ့သို့ စုံထောက်ပါရမီရှင် တစ်ယောက်နှင့် မတွေ့ဆုံဖူးသောကြောင့် ယခု ဆုံတွေ့ရသည့်အခါ ကြုံစဖူး ထူးကဲစွာ ဖြစ်နေရခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက် ဟိုဟိုသည်သည် စကားများ ပြောနေကြသော်လည်း ကျွန်ုပ်စိတ်ထဲမှာ ဦးပန်းတိုင်၏ ဟိုက်ဒရာဘတ်ခရီးစဉ်ကို လွန်စွာ သိချင်နေပါပြီ။ သို့သော် သူတို့က စကားမဆုံးကြသေး။

"နောက်ထပ်ပြောရရင်...ခင်ဗျား အင်္ဂလန်က ပြတိုက်ကြီးကို ရောက်ခဲ့ရမယ်...၊ နောက် စွန့်စွန့်စားစားနဲ့ ကျားတံဆိပ်တုံးကို ပြန်ယူပြီး သူ့နေရာမှန်မှာ ပြန်ထားခဲ့လိမ့်မယ်..."

"ဟုတ်လိုက်လေဗျာ...၊ ကိုထွန်းလူ ပြောတာတွေ... အားလုံး

မှန်ပါတယ်...''

ကိုထွန်းလူသည် မခို့တရို့ရယ်လျက်...

''ကျုပ် ပြောတာက ခန့်မှန်းခြေပါ ဦးပန်းတိုင်၊ ခင်ဗျား စိတ်ထဲမှာ သချိုင်းဂူကရတဲ့ ကျားတံဆိပ်တုံးက ကျိန်စာ တစ်ခုခုကြောင့် အသက်ဝင်ပြီး လူကို ဒုက္ခပေးနေတယ်လို့ ထင်တယ်၊ ဒါကြောင့်...တံဆိပ်တုံးကို မူလနေရာမှာ...ပြန်ထားချင်တယ် ဟုတ်တယ်နော်...''

ဟု ပြောလိုက်လေသည်။ ဦးပန်းတိုင်လည်း ဝန်ခံခေါင်းညိတ်ရလေသည်။

''ဟုတ်ပါတယ်၊ ကျုပ် နားလည်ထားတာက ကျိန်စာတိုက်ထားတဲ့ပစ္စည်းတွေကို ယူသုံးမိရင်... သုံးမိသူမှာ ဒုက္ခရောက်နိုင်တယ်၊ ဒီတော့ကာ...သူ့ဒုက္ခတွေက လွတ်မြောက်နိုင်ဖို့မှာ ပစ္စည်းကို မူလနေရာ ပြန်ထားလိုက်တာ...အကောင်းဆုံးပါပဲ၊ ဒါကြောင့် ကျုပ် ကျားတံဆိပ်တုံးကို မူလနေရာဖြစ်တဲ့ ဟိုက်ဒရောဘတ်က သချိုင်းဂူထဲ ပြန်ထည့်လိုက်တာပါ...''

စကားဝိုင်းသည် ခေတ္တ တိတ်ဆိတ်သွား၏။

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြခြင်းဖြစ်သည်။ ကိုထွန်းလူက ဘာစကားမှ မပြန်ဘဲ မျက်စိနှစ်လုံးပိတ်ကာ သူ့ကုလားထိုင်တွင် နောက်မှီလျက် ထိုင်နေ၏။ ကျွန်ုပ်နှင့်တကွ ကျန်လူများကတော့



ပန်းတိုင် ဆက်ပြောလာမည့်စကားကို စောင့်မျှော်နေကြသည်။ အထူးသဖြင့် သူ၏ခရီးစဉ်မှ အဖြစ်အပျက်များကို သိလိုနေကြခြင်း ဖြစ်သည်။

မြန်မာပြည်မှ ဟိုက်ဒရောဘတ်ရှိ ခေါ်ရခါးတပ်ရင်း၊ ၄င်းမှ အင်္ဂလန်၊ အင်္ဂလန်တွင်လည်း ကမ္ဘာကျော်ပြတိုက်ကြီးတွင် သူ စုံစမ်းခဲ့ပုံများ၊ အင်္ဂလန်မှ အိန္ဒိယနိုင်ငံ ဟိုက်ဒရောဘတ်သို့ ပြန်ရောက်လာပြီး မူလသချိုင်းဂူတွင် ပြန်လည်ထည့်သွင်းပုံများကို သိချင်စိတ်နှင့် စောင့်နေကြခြင်းဖြစ်၏။

''ကဲပါ...ဦးပန်းတိုင်ရာ၊ ကျွန်တော်တို့ကတော့ ဦးပန်းတိုင်ရဲ့ ခရီးစဉ်ကို ကြားချင်နေပြီ။ ကျန်တာတွေ နောက်မှပြောပြီး ခရီးစဉ်ကိုသာ ဆက်ပြောပါဗျာ''

အောင့်အည်း စောင့်စည်းခြင်းငှာ မတတ်နိုင်တော့သည့်အတွက် ကျွန်ုပ် ဦးပန်းတိုင်ကို ပြောစေလိုက်ခြင်း ဖြစ်ပါသည်။

ဦးပန်းတိုင် ကျွန်ုပ်ကို ခပ်ဖွယ်ဖွယ် တစ်ချက်ကြည့်လိုက်ပြီး ပြုံးပြပါသည်။

''ပြောပါ့မယ်... ကိုအောင်မွှန်၊ မြတ်စွာဘုရားရှင်က မင်္ဂလာတရားတော်မှာ အနာကုလာစကမ္မန္တာ ဆိုတဲ့ပုဒ်ကို ဟောတော်မူတယ်။ အနာကုလာစ မျက်ကွက်ရှောင့်ယှက် ပျင်းရိပေါ့တန်မှု မရှိခြင်း။ ကမ္မန္တာ–လုပ်ငန်းရေးကိစ္စအဝဝတို့ကို ဆောင်ရွက်ခြင်း

တဲ့၊ ဒီအနက်ကို ဆက်စပ်ပြောရရင် လူသားတွေ ပြုမူ
ရွက်ရမယ့် အလုပ်ဝတ္တရားတွေကို ပျက်ကွက်၊ ပျင်းရိ
ခြင်း မရှိဘဲ လုပ်ကိုင်ကြမယ်ဆိုရင် ကုသိုလ်ရမယ်လို့
တာပဲ''

သူက မင်္ဂလာတရားတော်ကို လက်ကိုင်ထား၍ ကျင့်သုံး
နေသူပီပီ သူ့စကားကို မင်္ဂလာတရားတော်နှင့်ယှဉ်၍ ပြောနေ
သည်။ သူ့ဘဝအစဉ်မှာ မင်္ဂလာတရားတော်ပါ ဓမ္မတရားတော်
ကိုသာ အစဉ်တစိုက် လေ့ကျင့် လိုက်နာနေသူပီပီ သူ့တစ်ကိုယ်
၌ မင်္ဂလာတရားတော်သာ ဖုံးလွှမ်းနေသည်ထင်၏။

''နောက် ကတညုတမင်္ဂလာမှာ မိမိအပေါ် သူတစ်ပါးပြု
ကျေးဇူးကို ပြန်လည်သတိရခြင်းဟာလည်း မင်္ဂလာတစ်ပါး
ဆိုထားတယ်မဟုတ်လား။ ကိုယ်ရော၊ စိတ်ပါ ကိုယ့်အ
ပြုဖူးတဲ့ကျေးဇူးကို သတိရမယ့်အပြင် ဆပ်တတ်ဖို့လည်း
သေးတယ်။ ကျေးဇူးဆိုတာ...အရောင်အဆင်း အနံ့
ဖြစ်သားထုထည် မရှိပေမယ့် အကြောင်းကိစ္စတစ်ရပ်အပေါ်
အခြေအနေအရ ဖြစ်ပေါ်လာတဲ့ ပြုမူဆောင်ရွက်ချက်တွေ
ကျေးဇူးဖြစ်လာတာပဲလေ။ မေဂျာဟာ ကျွန်ုပ်အပေါ်မှာ ပြု
ခဲ့တဲ့ ကျေးဇူးရှိသူတစ်ယောက်ပါ။ ဒါကြောင့် ကျုပ် သူ့ကျေး
ကို နိုင်တဲ့ဘက်က ဆပ်ဖို့ သူ့ရှိရာ လိုက်သွားခဲ့ရတာပါ''



''ဟင်း...ဟင်း...ဒါကြောင့်လည်း ခင်ဗျားကို မင်္ဂလာပန်းတိုင်
လို့ ခေါ်တာကိုးဗျ''

သူ့အကြောင်း သိသူများက သူ့ရှေ့မှာရော၊ ကွယ်ရာမှာပါ သူ့
မင်္ဂလာပန်းတိုင် ဟုခေါ်ကြသည်။ သူကလည်း ထိုသို့ခေါ်ခြင်းကို
သက်ကျေနပ်၏။ သူက...

''ဒါ...ကျုပ်ကို ဘုရားရှင်စကား နားထောင်တဲ့သူမို့ တင်စား
ပြောတာနဲ့ အတူတူပဲလေ။ ဒီတော့ ကျုပ်လက်ခံပါတယ်။ ကျုပ်
နာမည် ပန်းတိုင်ဆိုတာကို မင်္ဂလာတစ်လုံး ထပ်ဖြည့်ခေါ်တာ
ကျေးဇူးလည်း တင်ပါတယ်။ ဘုရားစကား နားထောင်သူမှန်
သမျှ အပယ်ငရဲကို မကျနိုင်ဘူး။ ဒါကြောင့် ကျုပ်လိုပဲ ကျန်တဲ့
သူတွေလည်း လိုက်လုပ်နိုင်ရင် ကောင်းတာပေါ့ဗျာ''

ဟု ပြောလေ့ရှိပါသည်။

''ကဲပါဗျာ၊ ခင်ဗျားတို့ သိချင်မှတော့ ကျုပ်ရဲ့ ဟိုက်ဒရာဘတ်
ခရီးစဉ်ကို ပြောပြပါ့မယ်''

◆ ◆ ◆

အကြင်သူသည်
ရောဂါခံစားရသောအခါ
ငတ်မွတ်သောအခါ
ဥစ္စာပျက်စီးသောအခါ
ရန်သူအဖမ်းခံရသောအခါ
အမှုရင်ဆိုင်ရသောအခါ
နာရေးကြုံသောအခါ
မိမိနှင့်အတူရပ်တည်၏။
ထိုသူသည် အဆွေခင်ပွန်းကောင်း မည်၏။

He who stands together,
When disease Strikes,
When hunger Strikes,
When impoverished,
When captured by enemy,
When having to face the court,
When there is desth in the home,
Such a companion is a ture friend.

လောကနီတိ



## ဗြဟ္မဏအမတ်ကြီးနှင့် တွေ့ဆုံခြင်း

မေရျာ စီစဉ်ပေးတဲ့အတိုင်း မြန်မာပြည်ကနေ အိန္ဒိယကို ထွက် ...သင်္ဘောနဲ့ ကျုပ် လိုက်သွားခဲ့တယ်။ အိန္ဒိယသမုဒ္ဒရာထဲမှာ တစ်လ ...သောက် ခရီးနှင်ပြီးမှ ကျုပ် ဘုံဘေကိုရောက်တယ်။ ဘုံဘေကနေ ...ကာလကတ္တား။ အဲဒီ ကာလကတ္တားကနေ ပိုက်ဒရာဘတ် ရောက်သွား ...တဲ့ခရီးဟာ သိပ်ပင်ပန်းခဲ့တယ်။ တိုတိုပြောရရင် ရန်ကုန်က ခရီးထွက် ...ပြီး ရက်ပေါင်း ၃၅ ရက်မှာ ကျုပ် မေရျာရဲ့ ဂေါ်ရခါးတပ်ရင်းကို ရောက်တယ်။

ဂေါ်ရခါးရဲ့ဘော်တစ်ယောက်က ကျုပ်ကို မေရျာရဲ့ရုံးခန်း လိုက် ပို့ပေးတယ်။

"ဟဲလို့...မေရျာ၊ ကောင်းသောညနေခင်းပါ"

"...ကလေး မောင်ပန်းတိုင် ကောင်းသောညနေခင်းပါ။ ကျုပ်

ထင်တယ်။ ကျွန်ုပ်စာကို ဖတ်ပြီးရင် မောင်ပန်းတိုင် ရောက်လာ မှာပဲလို့ ကျွန်ုပ် အိပ်မပျော်ခဲ့တဲ့ညတွေ အများကြီး ဖြတ်သန်း ရတယ် လူကလေး...၊ကဲ...ကဲ နားပါဦးကွယ်၊ ကျွန်ုပ်တို့ ... ရောက်မှ တွေ့ကြတာပေါ့၊ ဆာဂျင်း...လာဦး"

"ဟုတ်ကဲ့ပါ တပ်မှူး၊ ကျွန်တော်ရောက်ပါပြီ"

"ဒါ ဇော်ညွှန့်သည်၊ ဇော်အိပ်ခန်းကို ပို့ပေးလိုက်၊ ရော့ လူကလေး မောင်ပန်းတိုင်...သော့ယူသွား။ ကျွန်ုပ်အိမ်မှာ အခန်းလွတ်... ခန်း ရှိတယ်။ လူကလေး ကြိုက်တဲ့အခန်းမှာ နေရာယူလိုက် ပေတော့၊ ကျွန်ုပ် ရုံးစောစော ဆင်းခဲ့မယ်"

"ဟုတ်ကဲ့ပါ မေဂျာ"

ကျွန်ုပ်လည်း ဆာဂျင်ကြီးနှင့်အတူ မေဂျာရဲ့တိုက်ခန်းကို ထွက် လာခဲ့ပါတယ်။

မေဂျာက တပ်မှူးတစ်ယောက် ဖြစ်နေပြီမို့ သူ့အတွက် ပေး ထားတဲ့တိုက်ဟာ အနီရောင်အုတ်တိုက်ဖြစ်ပြီး ကုန်းမြင့်ကလေးပေါ် မှာ တည်ထားတာဖြစ်တယ်။ အတော်အတန် ကျယ်ဝန်းတာမို့ ... ယောက်တည်းနေရင် ခြောက်ကပ်ကပ် ပျင်းစရာကြီးဖြစ်မှာ သေချာ ပါတယ်။

ကျွန်ုပ် အိမ်ထဲရောက်တော့ လွတ်နေတဲ့ အခန်းနှစ်ခန်း... ခပ်ကျဉ်းကျဉ်းအခန်းထဲမှာ ကျွန်ုပ်ပစ္စည်းတွေကို ထည့်ထားလိုက်တယ်...



...နေ့ကျဉ်းဆိုတာတောင် နှစ်ယောက်အိပ် ခုတင်တစ်လုံး၊ စာရေး ...ပွဲတစ်လုံးနဲ့ သက်တောင့်သက်သာနေနိုင်တဲ့ ဆက်တီတစ်စုံရှိတယ်။ ...ျုပ် ရေချိုးပြီး အဲ့ဒီအခန်းထဲမှာ အိပ်လိုက်ပါတယ်။ ခရီးပန်း လာခဲ့ ...ျ အနားယူလိုက်တာပါ။

ညနေစာစားချိန်မှာ မေဂျာလူးဝစ်(စ်)နဲ့ ကျွန်ုပ် စကားပြောဖြစ် ...တယ်။

"ကျွန်ုပ် သိပ်ကံကောင်းတယ် လူကလေး၊ အဲ့ဒီ ကျားတံဆိပ် တုံးဟာ ကျွန်ုပ်ဆီမှာ အချိန် တော်တော်ကြာကြာ ရှိခဲ့ပေမယ့် ကျွန်ုပ် ဘာဒဏ်ရာမှလည်း မရသလို အသက်လည်း မသေခဲ့ ဘူး။ ဒါပေမဲ့...ကံဆိုးတဲ့ ကျွန်ုပ်မိတ်ဆွေ ဒေါက်တာ မက်သရူး အိုဝင်ခမျာ တံဆိပ်တုံး သူ့လက်ထဲရောက်တာ သိပ်မကြာသေး ပေမယ့် သူ့ခမျာ...ကျားကိုက်လို့ သေသွားရတယ်။ ဒါဟာ ထူးခြားမှုတစ်ခုပဲ လူကလေး။ လူကလေးရော...ဘယ်လို ထင် သလဲ"

ကျွန်ုပ်၏ အထင်ကို ပြောလိုက်လျှင် သူ ယုံချင်မှ ယုံကြည်ပေ မည်။ သူက ကျွန်ုပ်တို့နှင့် ဘာသာ မတူသောကြောင့်ဖြစ်သည်။

"ကျွန်တော့်အထင်ကို ပြောရင် မေဂျာ လက်ခံပါ့မလား"

"ပြောပါ လူကလေး၊ ကျွန်ုပ် ချင့်ချိန်ကြည့်ပါမယ်။ ယုံကြည် ဖို့ လုံလောက်ရင် ကျွန်ုပ် ယုံကြည်တယ်"

"ကောင်းပြီလေ၊ ကျွန်တော် ပြောကြည့်ပါမယ်။ မော…
ကျွန်တော်တို့နဲ့ ဘာသာအယူဝါဒ မတူလေတော့ ကျွ…
စကားကို လက်မခံမှာ စိုးတာပါ"

"ဒီကိစ္စဟာ...ဘာသာရေးနဲ့ဆိုင်တယ် ထင်လို့လား။ …
ပန်းတိုင်"

"ထင်တာမဟုတ်ပါဘူး။ ဖြစ်ကိုဖြစ်နေတာပါ မော်ဂျာ၊ ခု …
တွေ့တဲ့ ရှေးဟောင်းသချိုင်းမှာ တစ်စုံတစ်ယောက်ရဲ့ …
ရှိနေလို့ ဖြစ်ပါလိမ့်မယ်။ ရှေးဟောင်းလူတွေဟာ သူတို့…
တဲ့ ဘာသာရေးဆိုင်ရာ အဆောက်အဦးတွေ...၊ …
နဲ့ သချိုင်းဂူတွေမှာ ကျိန်စာ တိုက်ထားလေ့ရှိတယ်"

"ကျိန်စာ...ကျိန်စာဆိုတာ ဘာလဲ လူကလေး"

"ကာ့စ် (Curse) ကိုပြောတာ။ အီဂျစ်က...သချိုင်းဂူ…
လည်း ကျိန်စာ ဆိုလေ့ရှိတယ်။ ခု အိန္ဒိယက သချိုင်း…
လည်း ကျိန်ထားလေ့ရှိတယ်။ သူတို့ရဲ့ ဘုရား၊ စေတီ အ…
အဦးနဲ့ သချိုင်းဂူကို ဖျက်ဆီးရင် ဘေးဒုက္ခတွေ့ပါစေလို့…
တိုက်ထားခဲ့တာမျိုးတွေပေါ့၊ နောက်ပြီး သူတို့ဟာ…
ပညာတို့...၊ မယုံနိုင်လောက်တဲ့ ဂမ္ဘီရပညာတွေနဲ့…
အရှောက်တွေလည်း ထားခဲ့တတ်ကြတယ်"

"ဒါဆို...ဒေါက်တာမက်သရူးကို သတ်တာ ဂမ္ဘီရကျ…



ကျုပ် အပိုင်မပြောနိုင်တဲ့အတွက် 'ဖြစ်နိုင်တာပေါ့ မော်ဂျာ'ဟု …ပြောလိုက်ပါတယ်။ သူကတော့ မယုံကြည်သေးတဲ့ မျက်နှာထား …ကျုပ်ကို စေ့စေ့ကြည့်နေဆဲပါပဲ။ သူ မယုံကြည်တာကို ကျုပ် …ခံမတင်လိုပါဘူး။ သူတို့ အနောက်တိုင်းနိုင်ငံတွေဟာ ရုပ်ဝါဒ …အဓိက ထားကြတာမို့ စိတ်ပိုင်း၊ နာမ်ပိုင်းကိစ္စတွေ၊ အယူအဆ …ကို နားမလည်ကြသလို နားလည်အောင်လည်း မကြိုးစားကြ …။ ဒါကြောင့် သူတို့ကို ပြောဖို့ ခက်လှပါတယ်။

"အဆင့်မြင့်တဲ့ ဂမ္ဘီရပညာတွေမှာ သတ္တဝါတွေရဲ့ ရုပ်တု၊ နောက်ဆုံးအဆင့် သက်မဲ့ပစ္စည်းတွေကိုတောင် အသက်သွင်းလို့ ရပါတယ်။ ခုလည်း မော်ဂျာတွေ့ခဲ့တဲ့ သချိုင်းဂူဟာ အဆင့်မြင့် ဂမ္ဘီရပညာရှင်တစ်ယောက်ရဲ့သချိုင်း ဖြစ်နိုင်ပြီး သူ မသေခင်ကတည်းက စီရင်ထားခဲ့တဲ့ အစီအရင်ကြောင့် သူ့တံဆိပ်တုံးက ကျားရုပ်ဟာ သချိုင်းဖျက်သူကို အသက်ဝင်ပြီး ဒုက္ခပေးတော့တာပါပဲ"

"ကျုပ် ဘာမှ မဖြစ်တာက..."

"မော်ဂျာ ဘာမှ မဖြစ်တာက ကျွန်တော် ပေးလိုက်တဲ့ မြတ်စွာဘုရားရုပ်တုတော်ကြောင့် ဖြစ်ပါလိမ့်မယ်"

"ဟင်...ဒါကြောင့်"

မော်ဂျာ သူ့လည်ပင်းမှာ ဆွဲထားတဲ့ မဟာမုနိရုပ်ပုံတော်ကို

ကိုင်ကြည့်ရင်း မေးလိုက်ခြင်းဖြစ်ပါတယ်။ သူ့ဟန်က အရမ်းအံ့ ပြီး 'ဒါ ဒါလေးဟာ ဂမ္ဘီရဆက် တန်ခိုးရှိလား' ဟု မငံ့မရဲ မေး တယ်။

"တန်ခိုးအရာမှာ...နှိုင်းစရာမရှိ အတုမရှိတဲ့ ဗုဒ္ဓမြတ်စွ ခေါ်ပါတယ်။ ဒီပုံတော်ကြောင့် မေဂျာကို ဂမ္ဘီရကျား မ ယှက်နိုင်တာပါ"

သူ ဘာစကားမှ ပြန်မပြောဘဲ ငြိမ်သက် တွေဝေ ပါတယ်။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ကျွန်ုပ်ကို တစ်လှည့် ကိုတစ်လှည့် ကြည့်နေရင်းက...

"အင်း...ဖြစ်တော့ ဖြစ်နိုင်ပါတယ်လေ။ ဒေါက်တာ မ ဟာ ဒီလိုပစ္စည်းမျိုး မရှိလို့ သေရတာပေါ့နော်"

ဟု ပြောလိုက်တယ်။

ကျွန်ုပ်က ခေါင်းညိတ်ပြရင်း...

"ဟုတ်ပါလိမ့်မယ် မေဂျာ၊ မေဂျာအနားကို ကျား... တာ ဒီရုပ်တုတော်ကြောင့်ပဲ ဖြစ်ပါလိမ့်မယ်"

မေဂျာသည် မဟာမုနိ ရုပ်ပုံတော်တူ လည်ဆွဲကလေး မြတ်နိုးနိုး ကြည့်နေ၏။

"ကျွန်ုပ်တို့ ဘာ...ဆက်လုပ်သင့်သလဲ လူကလေး"

"ကျွန်တော့်အမြင်ပြောရရင် အဲဒီတံဆိပ်တုံးကို သူ



သူ ပြန်ထားလိုက်တာ အကောင်းဆုံးပါပဲ"

"သူ့နေရာသူ ဟုတ်ရဲ့လား... လူကလေး။ မဖြစ်နိုင်ဘူး။ ခုမှတော့ မဖြစ်နိုင်တော့ဘူးကွယ်။ အဲဒီပစ္စည်းဟာ ခု လန်ဒန်က ဝိတိုရိယပြတိုက်မှာ ရောက်နေပြီ။ ဘယ်လိုလုပ်...ပြန်ယူလို့ ရမှာလဲ"

"အဲ့ဒါကြောင့် ပြန်ယူသင့်တယ်လို့ ပြောတာပါ။ ပြန်မယူနိုင်ခဲ့ရင် ပြတိုက်ဝန်ထမ်းတွေ တစ်ယောက်ပြီးတစ်ယောက် ဒုက္ခရောက်နေမယ် ထင်ပါတယ်"

"ဟုတ်ပါ့မလား လူကလေး။ အိန္ဒိယနဲ့ အင်္ဂလန်ဟာ မိုင်ထောင်ပေါင်းများစွာ ဝေးပါတယ်။ ဒါကို ဘာကြောင့် ဒုက္ခပေးလို့ ရတာလဲ"

"ခုကိစ္စဟာ...ရုပ်ကိစ္စ မဟုတ်ပါဘူး မေဂျာ။ နာမ်ကိစ္စ ဖြစ်ပါတယ်။ နာမ်ဆိုတာ ရုပ်ထက် အဆပေါင်းများစွာ မြန်ပြီး အကောင်အထည်လည်း မရှိတာကြောင့် ဆုပ်ဖမ်းလို့ကို မရပါဘူး။ ဒါပေမဲ့...နာမ်ရဲ့ လျင်မြန်မှုဟာ ရုပ်ထက် အဆပေါင်းများစွာ သာလွန်တဲ့အတွက် ထိန်းချုပ်ထားနိုင်စွမ်း မရှိပါဘူး။ ကျွန်တော်တို့အတွက် ဟိုက်ဒရာဘတ်နဲ့ လန်ဒန်ဟာ သိပ်ဝေးနေတယ် ထင်ရပေမယ့် နာမ်တစ်ခုအတွက်ကတော့ မဝေးလှပါဘူး။ စိတ်တစ်ချက် ညွတ်လိုက်ရုံနဲ့ ရောက်နိုင်ပါတယ်"

မေဂျာက စိတ်ဝင်တစား နားထောင်နေရင်း ငိုရှိုက် စိတ်ပါ
ဟန်ရှိ၏။ ကျွန်ုပ် စကားဆုံးသောအခါ စိတ်ပါလာဟန်မှ စိတ်ရှုပ်ထွေး
သွားဟန် ဖြစ်သွားပြန်သည်။

"မောင်ပန်းတိုင်...လူကလေး...ကျွန်ုပ် အရှေ့အိန္ဒိယ
သေနာပတိဆီမှာ အကျိုးအကြောင်းပြော ခွင့်ယူပြီး လန်
ကို သွားမယ်။ လူကလေး...ကျွန်ုပ်နဲ့ လိုက်ခဲ့ပါ။ မြို့စီယံ
တံဆိပ်တုံးကို ရအောင် ပြန်ယူပြီး သူ့နေရာမှာ ပြန်ထားလို့
ရအောင်"

ကျွန်ုပ် စိတ်ပါသွားပါတယ်။

ဒီစကားကို မေဂျာဘက်က မပြောရင်တောင် ကျွန်ုပ်က ပြော
မှာပါ။ ဒါပေမဲ့ ခု မေဂျာကိုယ်တိုင် လိုလိုချင်ချင် ပြောလာတော့ ကျွ
လန်ဒန်သွားဖို့ သဘောတူလိုက်ပါတယ်။

"ကောင်းပါတယ်မေဂျာ၊ ကျွန်တော် လိုက်ခဲ့ပါမယ်၊ ဒါပေ
မေဂျာတို့တပ်ရင်းနားက အဲဒီသချိုင်းကိုတော့ သွားကြည့်ချ
ပါသေးတယ်"

မေဂျာ သူ့လက်ဝဲလက်က နာရီကို ဟန်ပါပါ တစ်ချက်ကြည့်
သည်။ ပြီးမှ...

"ခုနစ်နာရီ ထိုးတော့မယ် လူကလေး၊ ခုချိန်ကျမှ သွား
အဲ့ဒီနေရာကို မှောင်မှ ရောက်ရလိမ့်မယ်။ နောက်နေ့မှ သွား



ပါလား"

"ရပါတယ် မေဂျာ၊ ကျွန်တော်ကလည်း ခုချက်ချင်းသွားဖို့
မဆိုလိုပါဘူး။ မေဂျာ အားတဲ့တစ်ရက် သွားမယ်လို့ ပြောတာ
ပါ"

"ကောင်းပြီလေ...၊ လူကလေးလည်း ခရီးပန်းလာတော့ အေး
အေးဆေးဆေး နားတော့"

"ဟုတ်ကဲ့ပါ မေဂျာ"

ကျွန်ုပ် အိပ်ရာဝင်ခဲ့ပါတယ်။

စိတ်ထဲမှာ မေဂျာ့စာထဲမှာပါတဲ့ သချိုင်းဟောင်းကို စွဲလမ်း
တယ်။ အဲ့ဒီနေရာကို မဖြစ်မနေ ကြည့်ချင်နေတာက ကျွန်ုပ်ဆန္ဒ
မေဂျာအားတဲ့ တစ်ရက်ရက်မှာ မဖြစ်မနေ သွားရမှာမို့ စိတ်ချ
ချ မျက်စိစုံမှိတ် အိပ်လိုက်ပါတော့တယ်။

မီးခိုးတွေ ပိတ်ဖုံးနေတဲ့ လေဟာပြင်ကြီးမှာ ကျွန်ုပ်တစ်ယောက်

ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေရပါတယ်။ လေဟာ
င်းမှာ အရောင်စုံတွေ ဟိုနားတစ်ကွက်၊ သည်နားတစ်ကွက် ပေါ်
တယ်။ ဘာပဲဖြစ်ဖြစ် အမှောင်ထဲမှာ အလင်းရောင်တွေ ပေါ်
ကိုက စိတ်ကို ချောက်ချားစေတယ်။ ကျွန်ုပ် သတ္တိရှိတယ် ဆို
အဲ့ဒီမြင်ကွင်းကြောင့် နည်းနည်းတော့ ကြောက်သွားတယ်။

တုန်လှုပ် ချောက်ချားနေချိန်မှာ အလင်းရောင်တန်း
အတူ လူတစ်စု ပေါ်လာတယ်။

"ဟာ...လူတွေ...ခင်ဗျား...တို့ ဘယ်သူတွေလဲ"

သူတို့ကိုယ်ပေါ်မှာ လွန်စွာရှေးကျတဲ့ အဝတ်အစားတွေ ဆင်ထားပြီး ရွှေရောင်၊ ငွေရောင်တွေနဲ့ ပြိုးပြိုးပြောင်ပြောင် ဖြစ် တယ်။ အကြီးအကဲလို့ထင်ရတဲ့ လူတစ်ယောက်ရှေ့ဆုံးက ဦး လာပြီး ခါး။ လှံကိုင်စစ်သည်တော်တချို့ သူ့နောက်မှာ ပါလာ အကြီးအကဲက ကျုပ်ဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး...

"မောင်မင်းဟာ စိတ်ကောင်းရှိသူ တစ်ယောက်မို့ ကျွန် မောင်မင်းနဲ့ ဆွေးနွေးဖို့ ရောက်လာကြခြင်း ဖြစ်ပါတယ်"

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ပြောပါ့မယ် မိတ်ဆွေ၊ ကျွန်ုပ်ဟာ...အာသောက မင်းတ ကြီးရဲ့ အမတ်ကြီးတစ်ပါးပါ။ အမည်က... ဗြဟ္မဏလို့ တယ်"

"ဗြဟ္မဏ...ဗြဟ္မဏ"

ကျုပ် သူ့အမည်ကို ရွတ်ရင်း ပြန်စဉ်းစားကြည့်တဲ့ ဗြဟ္မဏဆိုတာ မေဂျာလူးဝစ်(စ်)ကို ရောက်ခဲ့တဲ့ သချိုင်းက တံ တုံးပေါ်မှာ ပါလာတဲ့အမည်ဖြစ်မှန်း သိလိုက်ရတယ်။

"ဒါ...ဒါဆို...ဟို...သချိုင်းက..."



"ဟုတ်ပါတယ် မိတ်ဆွေ၊ အဲဒီသချိုင်းဟာ ကျုပ် သချိုင်းပါ။ အဲဒီမှာ ကျားတံဆိပ်တုံးတစ်ခု ရှိပါတယ်။ အဲဒါ...ကျုပ်ကို မင်းတရားကြီးကိုယ်တိုင် ပေးထားတဲ့တံဆိပ်တုံးမို့ သိပ်အရေး ကြီးပါတယ်"

"ဪ...လန်ဒန်ကို ရောက်နေတဲ့ တံဆိပ်တုံးဖြစ်မယ်"

"ဟုတ်ပါတယ် မိတ်ဆွေ...၊ မင်းတရားကြီး မြတ်နိုးတော်မူလို့ ချီးမြှင့်တော်မူထားတဲ့ တံဆိပ်တော်မှာ ကျားရုပ်လုံးပါတယ်။ ခု တိုင်းတစ်ပါးကို ရောက်နေရတယ်။ ဒါကို ကျွန်ုပ် သဘောမကျ ဘူး"

"သဘောမကျလို့ ကျားနဲ့ တိုက်နေတာလား အမတ်ကြီး"

"ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ 'ဗျဂ္ဃရာဇ ဗြဟ္မဏ'ဘွဲ့ကို ရထား သူမို့ ကျားတံဆိပ်တုံးကို သုံးရပါတယ်။ ဒီကျားဟာ ခုတော့ အသက်ဝင်နေသလိုဖြစ်ပြီး ကျုပ်သချိုင်းကို ဖျက်ဆီးတဲ့သူတွေ ကို ဒုက္ခပေးတတ်ပါတယ်"

မေဂျာ၏ တိုက်ဝန်းကျင်မှာ ကျားခြေရာတွေ တွေ့ပြီး ကျား တစ်ကောင် လှုပ်ရှားမှုကို ကြားသိနေရသည်မှာ ဤတံဆိပ်တုံးကျား အသက်ဝင်နေသောကြောင့် ဖြစ်ပေလိမ့်မည်ဟု တွေးထင်မိပါတယ်။ ထို့ ပြင် ဒေါက်တာမက်သရူးအိုဝင် သေဆုံးရခြင်းမှာလည်း ထိုတံဆိပ် ုံးကျားကိုက်၍ သေရခြင်းပင် ဖြစ်မည်လားဟု ကျုပ် တွေးနေတုန်း

မှာပဲ အမတ်ကြီးက...

"သိပ်တွေးမနေပါနဲ့ မိတ်ဆွေ...မိတ်ဆွေတွေးတာ မှန်ပါတယ်။ ပထမ ကျွန်ုပ်ရဲ့ ကျားတံဆိပ်တုံးကို လူမျိုးခြား ဗိုလ်တစ်ယောက် က ယူသွားခဲ့ပါတယ်။ ဒါကြောင့် တံဆိပ်တုံးက ကျားကြီးဟာ အဲဒီဗိုလ်ကို တိုက်ခိုက်ဖို့ ချောင်းနေပေမယ့် ဘယ်လိုမှ အနား ကပ်လို့ မရခဲ့ပါဘူး"

"ဘာဖြစ်လို့ပါလဲ အမတ်ကြီး"

"အဲ့ဒီဗိုလ်ရဲ့လည်ပင်းမှာ သူတို့နဲ့ မဆီမဆိုင် အနိုင်းမဲ့ ဗုဒ္ မြတ်စွာရဲ့ပုံတော်ကို ဆွဲထားလေတော့ ကျားကြီးဟာ အနား ကပ်လို့ မရခဲ့ပေဘူး"

"ဟိုအနောက်နိုင်ငံက တစ်ယောက်ကတော့...ကျားကြီး လက် ချက်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် မိတ်ဆွေ၊ အဲ့ဒီတစ်ယောက်ကတော့ ဘာ အကာ အကွယ်မှ မရှိတာမို့ ကျားကြီးက ဝင်တိုက်လိုက်တာပါ၊ မိတ်ဆွေ ဒါကို စဉ်းစားနေတာပဲ မဟုတ်လား။ မစဉ်းစားပါနဲ့ မိတ်ဆွေ ဒါဟာ ကျွန်ုပ်ရဲ့ကျိန်စာပါ။ ကျွန်ုပ်သချိုင်းကို ဖျက်ဆီးသူ အနှောင့်အယှက်ပြုသူ မှန်သမျှကို ကျွန်ုပ်ကို မင်းကြီး ပေးထား တဲ့တံဆိပ်တုံးက ကျားကြီး အသက်ဝင်ပြီး တိုက်လို့သေပါစေ ကျွန်ုပ်သချိုင်းကို စောင့်ရှောက်သူ အသက်ရှည် ချမ်းသာပြီး



တရားထူးရပါစေလို့ ကျွန်ုပ် ကျိန်ဆိုထားခဲ့တာကြောင့် ကျွန်ုပ် သချိုင်းကို ဖျက်ဆီးခဲ့တဲ့သူဟာ ကျားကိုက်လို့ သေရမယ်"

"သချိုင်းကို စောင့်ရှောက်ရင်ကော ခင်ဗျားကျိန်စာအတိုင်း ဖြစ်မှာလား"

အမတ်ကြီးဟာ သူလူတွေကို တစ်ချက် လှည့်ကြည့်ပြီး ပြုံးပြုံး ပြုံးနဲ့ ကျုပ်ကို ပြန်ကြည့်တယ်။ သူ့ကျိန်စာကို မငဲ့မကြည်နဲ့ မေး လိုက်တဲ့ ကျုပ်ကို ခုခံစကားပြောလို့ သူ့လူတွေကို တိုင်ပင်လိုက်တာနဲ့ ပါတယ်။

"စိတ်ချပါ မိတ်ဆွေ၊ ကျွန်ုပ် ခုလာတာ အဲ့ဒီကိစ္စ ပြောဖို့ပါ၊ အသင်တို့ ကျွန်ုပ်ရဲ့ တံဆိပ်တုံးကို နေရာမှန် ပြန်ယူဖို့ စီစဉ် နေတာ ကျုပ် သိပါတယ်။ အဲ့ဒီကိစ္စသာ အောင်မြင်အောင် ဆောင်ရွက်ပေးပါ မိတ်ဆွေ၊ ကူညီသူ မှန်သမျှ ကျွန်ုပ်ကျိန်စာ အတိုင်း အသက်ရှည် ချမ်းသာပြီး တရားထူးရပါစေမယ်လို့ ကျွန်ုပ် ရဲရဲကြီး အာမခံပါတယ်"

ကျုပ်နဲ့ မေဂျာတို့ တိုင်ပင်တာကို သူသိနေတယ် ဆိုတာက ခြားတဲ့အချက်တစ်ခုပါပဲ။ နောက် ကျုပ် စိတ်ကူးတွေကိုလည်း သူသိ တယ်။ ဒါဟာ သူရဲ့စွမ်းအားတွေလား။ သူ့စွမ်းအင်တွေပေါ် မူတည် သူ့ကို ယုံရမှာလား။ ဘာပဲဖြစ်ဖြစ် ကျုပ်စေတနာကတော့ သူ့ရှိရင်း နေရာမှာ တံဆိပ်တုံး ပြန်ရှိစေချင်တာ အဓိကပါပဲ။ တခြား ဘာကို

မှလည်း မမျှော်လင့်ထားပါဘူး။

ကျုပ် ယုံကြည်ထားတာက စိတ်ကောင်းထားရင် ကံကောင်းမယ် ဆိုတာပါပဲ။ ဒါကြောင့် မူလပထမ စိတ်ကောင်းထားဖို့ရာ အဓိကပါ။ ကိုယ်ပြုတဲ့ကံ ကိုယ့်ထံ ပြန်လာလေ့ရှိတာမို့ ကျုပ်စိတ်ကောင်း နှလုံးကောင်းနဲ့ ပြုခဲ့တဲ့ကံစွမ်းဟာ ကျုပ်ဆီကို ကံကောင်းတွေပဲ ပြန်ရောက်လာစေမှာပါ။

လူဆိုတာ အစွဲအလမ်းကြီးတတ်ကြတာမို့ မသေခင်က စွဲလမ်းမိတဲ့အရာတွေဟာ သေတော့လည်း စွဲလမ်းပြီး သေကြတာပေါ့။ ဒါကြောင့် သူတို့ရဲ့နာမ်တွေဟာ သူတို့ စွဲလမ်းရာမှာ ငြိတွယ်ပြီး မကျွတ်မလွတ်တွေ ဖြစ်ကြရတာပဲပေါ့။

အမတ်ကြီး ဗြဟ္မဒတ္တဟာလည်း ထိုနည်းတူစွာပါပဲ။ လူ့အားတုန်းက သူ့သခင် ချီးမြှင့်ခဲ့တဲ့ ကျားတံဆိပ်တုံးကို စွဲလမ်းပြီး သေလေတော့ သေသည့်ရဲ့ အခြားမဲ့မှာ မကျွတ်တဲ့ဘဝနဲ့ တံဆိပ်တုံးမှာ စွဲငြိနေရရှာတာပေါ့။

ကျုပ်က တံဆိပ်တုံးကို မူလနေရာ ပြန်ပို့ချင်တယ်ဆိုတာ တံဆိပ်တုံးကို စောင့်တဲ့ကျားဟာ နောက်လူတွေကို ဒုက္ခမပေးနိုင်အောင်လို့ပါ။

"ကောင်းပါပြီ အမတ်ကြီး။ ကျုပ်နဲ့ မေဂျာ ခင်ဗျားတံဆိပ်တုံးကို သချိုင်းအရောက် ပြန်ပို့နိုင်ဖို့ ကြိုးစားမှာပါ"



"လုပ်ကြပါ။ ကျွန်ုပ်လည်း တတ်နိုင်သလောက် ကူညီပါ့မယ်"

မီးခိုးလုံးများ ဖွေးဖွေးလျှပ်ရှူ ထွက်လာပြီး အမတ်ကြီးနဲ့အဖွဲ့ မီးခိုးတွေကြားထဲ ဝင်ရောက် ပျောက်ကွယ်သွားပါတော့တယ်။

❖ ❖ ❖

နောက်တစ်နေ့ ဒီအိပ်မက်ကို မေဂျာလှဝစ်(စ်) အား ပြောပြလိုက်တဲ့အခါ မေဂျာက ဟက်ဟက်ပက်ပက်ရယ်ပြီး...

"အိပ်မက်ဆိုတာကတော့ ဒီလိုပဲ မက်တတ်ပါတယ်လေ။ လူကလေးနဲ့ ကျွန်ုပ် မနေ့က ကျားတံဆိပ်တုံး ပြန်ယူဖို့အကြောင်း ပြောပြီး အိပ်ရာဝင်လိုက်တော့ လူကလေး စိတ်စွဲသွားတာပါ"

"မဟုတ်ဘူး မေဂျာ၊ စိတ်စွဲသွားတာ မှန်ပေမယ့် ကျွန်တော့် အထင်တော့ ညက အိပ်မက်ဟာ ကျွန်တော်တို့အလုပ်အတွက် အများကြီး အထောက်အကူပြုမယ်လို့ ထင်ပါတယ်"

"အင်းလေ၊ လူကလေးတို့လူမျိုးတွေဟာ အစွဲအလမ်းကြီးတဲ့လူမျိုးမို့ ကျွန်ုပ် ဘာမှ မပြောလိုတော့ပါဘူးလေ။ ကဲ...လူကလေး ကော်ဖီသောက်"

ကျုပ်တို့နှစ်ယောက် မေဂျာ့အိမ်ရဲ့ဘော်ကလေး ပြင်ဆင်ပေးသော ကော်ဖီဝိုင်းမှာ ဝင်သောက်လိုက်ကြပါတယ်။ ကျုပ်ကတော့ အမတ်ကြီး

ပြဟ္မာ့ဏရဲ့သချိုင်းကို သွားကြည့်ဖို့ စိတ်စောနေပေမယ့် မေဂျာ မအားလို့ အဲဒီနေ့က မသွားဖြစ်ခဲ့ပါဘူး။ နောက်နှစ်ရက်လောက်ကြာမှ အမတ်ကြီးဂူကိုသွားဖို့ ပြောလာပါတယ်။

"ကဲ…လူကလေး သွားချင်တဲ့ ဟိုသချိုင်းဟောင်းကို သွားမယ်။ အသင့်သာ ပြင်ထားပေတော့"

"ဟုတ်ကဲ့ပါ မေဂျာ၊ ဘယ်အချိန် သွားမှာပါလဲ"

"တော်ကြာ ကျွန်ုပ်ရဲဘော်တွေကို ခေါ်ခိုင်းလိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ မေဂျာ၊ ကျွန်တော် စောင့်နေပါ့မယ်"

မေဂျာ သူ့တပ်ရင်းရုံးကို ထွက်သွားပါတယ်။

ကျုပ်လည်း တောတိုးရမှာမို့ လိုအပ်မယ်ထင်တဲ့ ပေါ့ပေါ့ပါးပါး အဝတ်အစားနဲ့ တောစီးဖိနပ်တစ်ရံ စီးပြီး စောင့်နေဖြစ်တယ်။ တစ်နာရီလောက် ကြာတော့မှ၊ မေဂျာ အကြိုလွှတ်လိုက်တဲ့ ရဲဘော်ကလေး ရောက်လာတယ်။

"မစ္စတာပန်းတိုင်ကို တပ်မှူးက ခေါ်ခိုင်းလိုက်ပါတယ်"

"ကောင်းပါပြီ၊ ကျုပ် ရဲဘော်တို့အခေါ်ကို စောင့်နေတာပဲ"

ကျုပ်လည်း သူခေါ်တယ်ဆိုတာနဲ့ ချက်ချင်း ထလိုက်လာခဲ့ပါတယ်။

မေဂျာ့ရုံးခန်း ရောက်တော့ ရဲဘော်တစ်စိတ်တစ်စိတ် လက်နက်အပြည့်အစုံနဲ့ အသင့်ဖြစ်နေပါပြီ။ ကျုပ်ကို စောင့်နေကြတာပဲ။



ကျုပ် ရောက်တာနဲ့ ခရီးစထွက်ခဲ့ပါတယ်။

တပ်ဒေရိယာကနေ ထွက်လာပြီး သိပ်မကြာခင်မှာ တောထဲကို ရောက်ပါတယ်။ သူတို့စစ်တပ်ရဲ့ ထုံးစံအတိုင်း ရှေ့ဆုံးက မှိုင့်ရဲဘော်တစ်ယောက်သွားပြီး ကျုပ်နဲ့မေဂျာက အလယ်က လိုက်ရတယ်။ ကျန်တဲ့ရဲဘော်တွေ နောက်ဖျားက လိုက်ကြတယ်။

ကျင့်သားရနေတဲ့ စစ်သားတွေမို့ မျက်စိကိုဖွင့် နားကိုစွင့်ပြီး သွားနေကြတယ်။ အထူးသဖြင့် သူတို့တောတိုးတဲ့ ခြေသံတွေဟာ တော်တော်လုံပါတယ်။ ဒါပေမဲ့ ကျုပ်တို့အဖွဲ့တွေရဲ့ ဝန်းကျင်မှာ အသံတစ်သံ ပိုနေတာကို ခံစားနေရတယ်။ အဲ့ဒါ ဘာသံပါလိမ့်။ ကျုပ် မေဂျာနားကို ကပ်ပြီး ခပ်တိုးတိုး သတိပေးလိုက်တယ်။

"မေဂျာ… အသံတစ်ခု ကြားနေရတယ်လို့ ကျွန်တော်…ထင်တယ်"

"ဘာသံလဲ မောင်ပန်းတိုင်၊ ကျွန်ုပ် မကြားမိပါဘူး"

"သတိထားပြီး နားထောင်ကြည့်ပါ မေဂျာ။ ကျွန်တော်တို့ အဖွဲ့တွေရဲ့ လှုပ်ရှားမှုအသံတွေအပြင် အသံပိုတစ်ခု ကြားနေရတယ်"

ထိုအခါမှ မေဂျာ ဂရုတစိုက် နားထောင်ရင်း ဆက်လျှောက်လာခဲ့ပါတယ်။ ဆယ်မိနစ်ခန့် လျှောက်မိတော့မှ၊ သူ ကျွန်ုပ်စကားကို အတည်ပြုသွားတယ်။

"ဟုတ်တယ် လူကလေး၊ ခြေသံလိုလို အသံတစ်ခု...ပြီး
တယ်"

"မေဂျာ ကြားပြီ မဟုတ်လား"

"အင်း...ကျွန်ုပ်ကြားတယ် လူကလေး"

သူ့ရဲဘော်တွေကို ရပ်ဖို့ အချက်ပြလိုက်တယ်ဆိုရင်ပဲ ရဲဘော် တွေအားလုံး တုံ့ခနဲ ရပ်သွားပါတယ်။ ဒါကြောင့် ရပ်ခိုင်းမှုန်း မသိ အတွက် ရဲဘော်တွေဟာ သူတို့ရပ်မိရာနေရာမှာ ပရွေ့စတမ်း ရပ် ကြတယ်။

အားလုံး ရပ်လိုက်တယ်ဆိုတာနဲ့ တစ်တောလုံး တိတ်သွာ လိုက်တာ ဘာသံမှ မကြားရတော့ပါဘူး။

"ဘာထူးခြားမှု တွေလို့ပါလဲ တပ်မှူး"

ဆာဂျင်ကြီးတစ်ယောက် မေဂျာရှေ့မှာ ခြေစုံရပ်ပြီး လာမေး တယ်။

"ကျွန်ုပ်တို့ လျှောက်နေတုန်းက...အခြားအသံတစ်ခု ကြားလိုက်မိသလိုပဲ၊ ဆာဂျင်ရော ကြားလိုက်ရလား"

"ဟုတ်ကဲ့...ကြားပါတယ် တပ်မှူး။ အဲဒါ...တောကောင် တစ် ကောင်ကောင် ကျွန်တော်တို့အဖွဲ့ကို လိုက်ချောင်းနေတဲ့ အသံ လို့ ထင်ပါတယ်"

"ဟေ... တောကောင် တစ်ကောင်ကောင်၊ ဟုတ်ရဲ့လား



ဆာဂျင်"

"ကျွန်တော့်အထင် ပြောတာပါ တပ်မှူး။ ကျွန်တော်လည်း ကြားပါတယ်။ ကျွန်တော်ဟာ မုဆိုးလုပ်ခဲ့ဖူးသူမို့ တောကောင် ရဲ့သဘာဝကို သိပါတယ် တပ်မှူး။ ခု ကျွန်တော်တို့နောက်က လိုက်နေတာဟာ...ကျား ဖြစ်နိုင်ပါတယ်"

"ကျား...ဟုတ်ရဲ့လား ဆာဂျင်"

"မမှားနိုင်ပါဘူး တပ်မှူး။ ကျားဆိုတာ ခြေသံအပြင် အမြီး ကျသံပါ ပါလေ့ရှိတာမို့ ကွဲပြားပါတယ်"

မေဂျာ ကျုပ်ကို လှမ်းကြည့်လာတယ်။

ကျားဆိုတာနဲ့ ကျုပ်လည်း ကြက်သီးထသွားပါတယ်။

ဒါပေမဲ့ သိပ်တော့ ကြောက်မသွားပါဘူး။ ဘာကြောင့်လဲ ဆို ား အိပ်မက်မှာ အမတ်ကြီးပြောသွားတာဟာ သူ့ကိစ္စကို ကူညီရင် င့်ရောက်ရင် ကူညီမယ်လို့ ပြောထားလို့ပါ။ ခု ကျုပ်တို့ သွားနေ ဟာ သူ့ကို ကူညီဖို့ ဖြစ်ပါတယ်။ မကြောက်ပေမယ့် စိတ်ထဲကနေ တ်ကြီး ကျုပ်တို့ ခုသွားနေတာ ခင်ဗျားရဲ့တာဝန်တုံး ဖြန့်ရောက် ပ်ပေးမှာပါ။ ဒါကြောင့် ဒုက္ခမပေးပါနဲ့"လို့ ပြောလိုက်မိသေးတယ်။

ပြောသာပြောလိုက်တာပါ။ ကျုပ်တို့ ခရီးပြန်ထွက်တော့လည်း တစ်ခုက ကြားနေရတာပါပဲ။ မေဂျာက စလို့ ရဲဘော်လေးတွေ အားလုံး ဘာမှမဖြစ်ပေမယ့် ထိတ်လန့် တုန်လှုပ်ရင်း သချိုင်း

ဟောင်းဆီ ရောက်ခဲ့ရတယ်။

"မောင်ပန်းတိုင်...ဟိုရှေ့က ကျောက်ဂူဟာ သချိုင်းဗော
ပဲကွဲ့"

"ဟုတ်ကဲ့ပါ မေကျာ"

လက်မစ်မှုံးနှင့် ခွဲထားသော ဂူတစ်ဂူ၏အပေါက်ဝနှင့် တ
လွှင့်ကျနေသော ကျောက်တုံး၊ ကျောက်သား အစအနများကြားမှ
ဂူထဲ ဝင်ခဲ့တယ်။ မေကျာနှင့်တကွ ရဲဘော်နှစ်ယောက်ပါ ကျွန်ုပ်နဲ့
ဂူထဲ လိုက်ဝင်ခဲ့ပါတယ်။

မီးတုတ်တွေနဲ့မို့လို့ ဂူဟာ လင်းထိန်နေပါတယ်။

"ဟောဒီ သစ်လုံးခေါင်းကြီးထဲမှာ အမတ်ကြီးရဲ့အလောင်း
တယ် လူကလေး"

ကျွန်ုပ်သစ်လုံးခေါင်းကို ရဲဘော်လေးတွေ အကူအညီနဲ့ ဖွင့်
တယ်။ အရမ်းလေးတဲ့အဖုံးဟာ ကျွန်ုပ်တို့သုံးယောက် မနည်းကို
လိုက်ရပါတယ်။

"ဟင်...မေကျာ၊ ဒီမှာ...ဘာမှလည်း မရှိပါလား"

သစ်လုံးခေါင်းကြီးထဲမှာ ဘာမှ မရှိတော့ပါဘူး။ ပြာမှုန့်
အမှုန့်တွေပဲ ရှိပါတယ်။ ကျွန်ုပ်အသံကြောင့် မေကျာ ကမန်းကတ
လာကြည့်တယ်။ ခေါင်းထဲကို မြင်လိုက်ရတာနဲ့ သူ တော်တော်
သွားပုံရတယ်။



"ဟာ...ဒီ...ဒီမှာ လူကြီးတစ်ယောက်ရဲ့အလောင်း ရှိခဲ့တယ်၊
ဆောင်...''

"ရက်(စ်)ဆာ"

"ဟို တစ်ခေါက်က ဒီထဲက အလောင်းကို ဆောင် မြင်ခဲ့တယ်
မဟုတ်လား"

"ရက်(စ်) မြင်ခဲ့ပါတယ် တင်မှူး။ အသက်ကြီးကြီး၊ မုတ်ဆိတ်
ရှည်ကြီးနဲ့ အဘိုးကြီးပါ"

ကျွန်ုပ် ခေါင်းထဲက ပြာတွေကို ကြည့်လိုက်ဖြစ်တယ်။ နောက်
သားခေါင်းကြီးကို ကြည့်လိုက်မိတယ်။ လေလုံနေတဲ့ ခေါင်းထဲက
ဟာ မပျက်မစီး တည်ရှိခဲ့ပြီး၊ မေကျာတို့ ဖွင့်ကြည့်လိုက်တော့မှ
သလဲသွားပုံရတယ်။ ဒါကြောင့် ပြာတွေ ဖြစ်သွားခဲ့ပြီလို့ ကျွန်ုပ်
လိုက်တယ်။

ဒီအကြောင်းတွေ မေကျာကို ပြောပြလိုက်တော့ မေကျာ သေသေ
ဂျ စဉ်းစားလိုက်ပြီးမှ...

"အင်း...ဖြစ်နိုင်တယ် လူကလေး။ လူကလေး တွေးတာ မှန်
တယ်"

ကျွန်ုပ်လည်း ဂူထဲမှာ စေ့စေ့စပ်စပ် လိုက်ကြည့်ဖြစ်ပါတယ်။
နံရ တစ်စုံတစ်ခုများ ထပ်တွေ့ရဦးမလားလို့ ရှာပေမယ့် လုံးဝ
ပါဘူး။ ဆယ့်ငါးမိနစ်လောက်နေပြီး ကျွန်ုပ်တို့ ပြန်ထွက်လာကြ

တယ်။

ဂူထဲမှာတုန်းက ကျုပ် အဓိက လုပ်ခဲ့တာဟာ ဒီဂူရှင် ဗြဟ္မာ အမတ်ကြီးရဲ့ ကျားရုပ်တံဆိပ်တုံးကို ကျုပ် ရအောင် ပြန်ယူလာ မယ်လို့ပါပဲ။

ဒါဟာ ကျုပ်ရဲ့ ဆန္ဒအမှန်ပါ။ ဘဝတစ်ခုမှာ မကျွတ်မ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်၊ ကျုပ်ရဲ့အားထုတ်မှုကြောင့် အ ကောင်းသွားမယ်ဆိုရင် ကျုပ် ကြိုးစားရကျိုးနပ်ပါပြီ။ ဒါ ကျု စေတနာအမှန်ပါ။ စေတနာမှန်တဲ့အတွက် ကံလမ်းဖြောင့်ပြီး ကံ လာမယ်ဆိုတာ ကျုပ် တွက်ထားပြီးသားပါ။

ဘဝသံသရာဆိုတာ ရေနစ်သူ ယက်ကန်ယက်ကန် ဖြစ်နေ ပါပဲ။ ကမ်းမရောက်၊ သောင်မရောက် ဘဝများစွာမှာ လည်ပတ် တာပါပဲ။ ဒါဟာလည်း တဏှာနှိပ်စက်လို့ ဖြစ်ရတယ်ဆိုတာ တော် မကြာခဏ ပြောခဲ့ဖူးပါတယ်။ အဲဒီမှာ လူဖြစ်မယ့်ကံ ဖြစ် လူပြန်ဖြစ်။ နတ်ဖြစ်ရမယ့်ကံ ပြုမိသူက နတ်ဖြစ်။ အပါယ် ရောက်ရမယ့် ကံညံ့တွေ ပြုမိသူက အပါယ်ကို ရတယ်။ ဒါဟာ ကံ၏အကျိုးပဲ။

တံဆိပ်တုံးကို စိတ်စွဲပြီး မကျွတ်မလွတ်ဖြစ်နေသူ အမတ်ကြီးဗြဟ္မာ သတိတစ်ချက်ကပ်ကာ စွဲလမ်းစိတ်ကို ဖြေ နိုင်စေရန် ကျုပ် ကူညီမှာဖြစ်တယ်။



မေကျာ ခွင့်တင်ပြီး မေမျှာနဲ့ ကျုပ် စစ်တပ်က လေယာဉ်ပျံ ဆင့်နဲ့ အိန္ဒိယပြည် ဟိုက်ဒရာဘတ်ကနေ အင်္ဂလန်နိုင်ငံ လန်ဒန် ယားပို့(စ်) အရောက် သွားခဲ့ကြပါတယ်။ လန်ဒန်က မေကျာလူးဝစ်(စ်) မှာ ကျုပ် တည်းနေတယ်။

"မောင်ပန်းတိုင်ကို မိတ်ဆက်ပေးမယ်။ ဟောဒါ ကျွန်ုပ်မိန်းမ မစ္စစ်လူးဝစ်(စ်) ပါ။ ဒါကတော့ ကျွန်ုပ်သမီးလေး ရိုစီတဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော် ပန်းတိုင်ပါ"

"ရှင့်နာမည်ကို...ဒါလင် ပြောပြလို့ ကြားဖူးပါတယ်။ မြန်မာ ပြည်မှာ တာဝန်ကျတုန်းက ရှင် အကူအညီပေးခဲ့တဲ့အကြောင်း တွေလေ"

"ဒါတင်မကသေးဘူး မိန်းမရေ၊ ကိုယ့်ကို ကျားမကိုက်နိုင် တာ ဟောဒီ မောင်ပန်းတိုင် ပေးထားတဲ့ သူတို့ရဲ့ ဂေါတမဗုဒ္ဓ ပုံတော်ကြောင့်ပဲကွ"

"ဟုတ်လား...ဂေါတမဗုဒ္ဓက ပါဝါရှိတယ်နော်။ ကျွန်မတို့ လည်း လိုချင်လိုက်တာရှင်"

"ရပါတယ် မစ္စစ်၊ ကျွန်တော် မြန်မာပြည် ပြန်ရောက်တဲ့အခါ ဘုရားပုံတော် လည်ဆွဲကောင်းတွေ လန်ဒန်ကို ပို့ပေးပါ့မယ်"

"ကျေးဇူးပါပဲ မောင်ပန်းတိုင်"

"အယ်ဒီ...ရိုစီ့ပို့လည်း ပါရမယ်နော်"

"ပါမှာပေါ့ သမီးရယ်၊ မောင်ပန်းတိုင်...ကျွန်ုပ် သမီးဖို့လည်း ပါအောင်ပို့ပေးနော်"

"ပို့ပေးပါ့မယ် ညီမလေးရယ်။ ညီမလေးဖို့လည်း ပါစေ မယ်"

မေဂျာရဲ့သမီးမှာ ဆယ့်ငါးနှစ်သမီးခန့် ရှိတယ်။ ထိုစဉ်က ကျွ အသက်ဟာ နှစ်ဆယ်ကျော်လောက်ပဲ ရှိသေးတာမို့ သူ့ကို ညီမလေး လို့ ခေါ်လိုက်ပေမယ့် သူက ကျွန်ုပ်ထက် ပိုပြီး ထွားကြိုင်းသူ ဖြစ် တယ်။ သူ့အရပ်ဟာ ကျွန်ုပ်ထက်မြင့်ပြီး ကျန်းမာသန်စွမ်းသူမို့ ကျွ ထက် အသက်ကြီးတယ်လို့တောင် ထင်ရပါတယ်။

"ပို့ပေးမယ်ဆိုရင် ဘရားသားကို လန်ဒန်မြို့အနှံ့ လိုက်ပို့ မယ်"

"ကျေးဇူးပါပဲ ရှိစီ"

"ကဲ...ရှိစီ နောက်မှ ပို့ပေးဖို့ အစီအစဉ်လုပ်။ ခုလော ဆယ် မောင်ပန်းတိုင် နားပါစေဦး။ လာ မောင်ပန်းတိုင် ကျွ အခန်းတစ်ခန်း ပေးမယ်"

"အိုကေ ဘရားသား...နားလိုက်ဦး။ ပြီးမှ တွေ့ကြတာပေါ့"

မေဂျာက ကျွန်ုပ်ကို ကျွန်ုပ်နေရမယ့် အခန်း လိုက်ပို့ပေးပါတယ် အခန်းကျယ်ကြီးထဲမှာ ခုတင်၊ စာရေးစားပွဲ၊ ကုလားထိုင်၊ ရေချိုးခန်း အိမ်သာပါ တွဲပါနေတာမို့ တော်တော်ကောင်းတဲ့ အခန်းပါပဲ။ ကျွ



ဖူးနွဲ့ ရေချိုးဖို့ မေဂျာကပဲ စီစဉ်ပေးပါတယ်။ ရေချိုးပြီး ခုတင်ပေါ် နွေးနွေးထွေးထွေး အိပ်ပျော်သွားပါတော့တယ်။

ကျွန်ုပ် လန်ဒန်မှာ ပထမဆုံး အိပ်တဲ့ညပါပဲ။

နောက်ရက်တွေမှ ကျွန်ုပ်ဆိုင်တာကို စလုပ်ရပါတော့ မယ်။

◆ ◆ ◆

နောက်နေ့နံနက်ကတည်းက ကျွန်ုပ်နဲ့ ရှိစီ လန်ဒန်မြို့ဝန်းကျင် လျှောက်လည်ဖြစ်ခဲ့တယ်။ ညနေသုံးနာရီလောက် ပြန်ရောက်တော့ ကပ္ပတိန်တို့ခန်းမောင်နဲ့ ကျွန်ုပ်တို့ကို စောင့်နေကြတယ်။

"တော်တော်မှ နှံ့ခဲ့ရဲ့လား မောင်ပန်းတိုင်"

"ဟုတ်ကဲ့ နှံ့ခဲ့ပါတယ် ကပ္ပတိန်။ ရှိစီက ကျွန်တော့်ကို နေရာ တော်တော်နှံ့နှံ့ ပို့ပေးပါတယ်။ ဒါကြောင့် ရှိစီကို ကျေးဇူးတင် ပါတယ်"

"နောက်မှ ကျေးဇူးတင်...ကိုယ့်လူရေ။ အဲဒီသတင်းစာက သတင်းထူးတစ်ပုဒ်ကို အရင်ဖတ်ကြည့်ဦး"

ကပ္ပတိန်ရှေ့မှာ ထိုင်ပြီး ကျွန်ုပ် သတင်းစာကို ကောက်ယူ ကြည့်လိုက်ပါတယ်။

သတင်းစာမှာ ဘာပါတယ်ဆိုတာ မသိသေးပေမယ့် ထူးခြား

တဲ့သတင်း ဖြစ်မယ်ဆိုတာကိုတော့ သိနေတယ်။ ကျုပ် တမ္ဘက်... ရှစ်၊ ကော်လံနှစ်မှာ သတင်းကို ဖတ်လိုက်ရပါတယ်။

'ဝိတိုရိယပြတိုက်တွင်းမှ အစောင့်တစ်ယောက် ရုတ်... သေဆုံးခြင်း' ဟူ၍ဖြစ်ပါတယ်။ ဒါကြောင့် ကျုပ် သတင်းကို ... မဖတ်ဖြစ်သေးဘဲ ကပ္ပတိန်ကို မော့ကြည့်လိုက်တဲ့အခါကပ္ပတိန်က...

"သွားပြန်ပြီ...၊ နောက်တစ်ယောက်ပေါ့...ကွာ"

"ဘယ်တုန်းက ဖြစ်ခဲ့တာလဲ...ကပ္ပတိန်..."

"မနေ့က ဖြစ်တာလို့ပြောတယ်..."

"အလောင်းက...ဘယ်ရောက်နေပြီလဲ..."

"ဆေးရုံ ရောက်နေပြီတဲ့ကွ။ လူကလေး စိတ်ဝင်စားလို့လား"

ကျုပ် ခေါင်းညိတ်ပြပြီး သတင်းကို ဖတ်ကြည့်လိုက်ပါတ... ကျုပ်ဟာ အဲဒီအချိန်က ကပ္ပတိန်ရဲ့ကျေးဇူးကြောင့် အင်္ဂလိပ်စာ... ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်၊ ဖတ်တတ်နေပါပြီ။

သတင်းမှာ 'ဝိတိုရိယပြတိုက်၊ ဒုတိယထပ်ရှိ အိန္ဒိယနိုင်ငံဆိုင်... ပစ္စည်းများပြခန်းကို စောင့်ရသော အစောင့်မှာ မနက်ပိုင်းရုံးတက်ချိ... တွင် ကောင်းမွန်စွာ ရုံးပေါက်နိုင်ခဲ့သော်လည်း နေ့လယ်စာ စားချိန်တွ... အပြင်ထွက်မလာ၍ လုပ်ဖော်ကိုင်ဖက်များက သွားရောက်ကြည့်ရှု... ကျားကုတ်ရာများနှင့် သေဆုံးနေကြောင်း တွေ့ရသည်' ကို ရေးသား... ပါတယ်။ သေသူရဲ့အနီးမှာ ကျားခြေရာတွေ အများကြီးတွေ့ရတယ်တဲ့...



"ကပ္ပတိန်...ကျွန်တော် ပြတိုက်ကို သွားကြည့်ချင်ပါတယ်"

"ကောင်းပြီလေ...ကျွန်ုပ်မိတ်ဆွေ ပုလိပ်မင်းကြီးဆီ လှမ်းမေးကြည့်မယ်။ သူ့ဘက်က အဆင်ပြေရင် သွားကြည့်ကြတာပေါ့"

ကပ္ပတိန်ဟာ သူ့လက်တစ်ကမ်းမှာရှိတဲ့ တယ်လီဖုန်းကနေ ...တစ်ဆင့် ပုလိပ်မင်းကြီးဆီ လှမ်းဆက်နေတယ်။ အတန်ကြာအောင် ...ပြောပြီးတော့ ဖုန်းချလိုက်ပြီး ကျုပ်ဘက်ကို လှည့်ကာ...

"အိုကေ လူကလေး။ ကျွန်ုပ်မိတ်ဆွေက သူကိုယ်တိုင် ပြတိုက်ရှေ့က စောင့်နေပါမယ်တဲ့။ ကျုပ်တို့ ခုပဲသွားလိုက်ကြစို့"

ဟုပြောပြီး ကျုပ်နဲ့ ကပ္ပတိန် ဝိတိုရိယပြတိုက်ရှိရာသို့ ထွက် ...သွားခဲ့ကြတယ်။

ကျုပ်အတွက် အစိမ်းသက်သက်ဖြစ်နေတဲ့ လန်ဒန်မြို့လမ်း ...ကျယ်ကြီးများမှာ ကားဖြတ်မောင်းလာရင်း...

"လူကလေးက...ဘာကြောင့် သွားကြည့်ချင်တာလဲ..."

"ကျွန်တော့်အထင် ပြောရရင်...ဒါဟာ တံဆိပ်တုံးပေါ်က ကျား အသက်ဝင်ပြီး...လှုပ်ရှားတာ ဖြစ်နိုင်တယ်လို့ ယူဆပါတယ်"

"ကျွန်ုပ်လည်း ဒီလိုပဲထင်တယ် လူကလေး။ အကယ်၍ ဒီ တံဆိပ်တုံး ပြတိုက်မှာ ဆက်ရှိနေမယ်ဆိုရင် ... နောက်ထပ် တရားခံမပေါ်တဲ့ လူသေမှုတွေ ဆက်တိုက်ဖြစ်နေနိုင်တာပေါ့"

"ဟုတ်တယ် ကပ္ပတိန်...၊ ဆက်တိုက်ဖြစ်နေမှာ သေချာတ
ကျွန်တော့်သဘောတော့ ဒီအခြေအနေဆိုးကို အခွင့်အရေး
ပြီး တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်လုပ်ဖို့ စိတ်ကူးပေါ်လာလို့
ကပ္ပတိန် ကားကို ဂရုတစိုက် မောင်းနေရင်းမှ ကျုပ်ဘက်
မသိမသာ လှည့်ကြည့်ပြီး...

"ဘာစိတ်ကူးလဲ...လူကလေး..."

"ကျွန်တော်တို့ ပြတိုက်မှူးဆီမှာ ဒီကျားဝံဆိပ်တုံးကို... မှာ
နေရာ ပြန်ထားပုံကိစ္စ ပြောကြည့်ရင် ဖြစ်နိုင်မလားလို့"

"ဟာ...ကောင်းလိုက်တဲ့ စိတ်ကူးကွာ။ မောင်မင်း...မောင်
တိုပ် ကျွန်ုပ်တို့ ဒီစိတ်ကူးကို ဖြစ်အောင် အကောင်အထည်
ဖော်မယ်"

မကြာခင်မှာပဲ ကျုပ်တို့ ပြတိုက်ရှေ့ ကားရပ်စခန်းကို ရောက်
ပါတယ်။ ကားရပ်စခန်းမှာ ဝါယာလက် တပ်ဆင်ထားတဲ့ ကားနှစ်
ရပ်ထားတာ တွေ့တယ်။

"ရဲဘော်တို့တောင် ရောက်နေပြီကိုး..."

"ရဲဘော်ဆိုတာ ဘယ်သူလဲ ကပ္ပတိန်"

"ကျွန်ုပ်မိတ်ဆွေ ပုလိပ်မင်းကြီးကို ပြောတာ လူကလေး။
သူ...ကျွန်ုပ်တို့ကို ညှိခန်းမှာ စောင့်နေလိမ့်မယ်"

ကျုပ်တို့နှစ်ယောက် ပြတိုက်တွင်း ဝင်လာကြပြီး၊ ညှိခန်းသ



ို့ လာခဲ့တယ်။ ညှိခန်းတွင်း၌ ကပ္ပတိန်နှင့် သက်တူရွယ်တူခန့် ဖြစ်
ှင်သော်လည်း ဝဝ.ဝိုက်ရှိရှိ လူကြီးတစ်ယောက်နှင့် အရပ်မြင့်မြင့် ခပ်
ွားထွား လူနှစ်ယောက်ကို တွေ့ရပါတယ်။ ကျုပ်တို့ ညှိခန်းထဲ ဝင်
ိုက်တယ်ဆိုရင်ပဲ သူတို့လူစု ထ.ရပ်ပြီး...

"ဟဲလို လူးဝစ်...ဆိန္ဒိယမှာ နေရတာ အဆင်ပြေရဲ့လား..."

"ပြေပါတယ် ရဲဘော်၊ ဒါက ကိုယ့်မိတ်ဆွေလေ။ မြန်မာပြည်က
လိုက်လာတာ၊ နာမည်က မောင်ပန်းတိုင်တဲ့..."

ကျုပ် ပုလိပ်မင်းကြီးနဲ့ လက်ဆွဲနှုတ်ဆက်လိုက်တယ်။ သူက
ကျုပ်ကို သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ပြီး ပြုံးတယ်။

"ဘာပြုံးတာလဲ မိတ်ဆွေ"

ကျုပ်ရဲ့ ဝီသပြီး အဆင့်မြင့်လှတဲ့ အင်္ဂလိပ်စကားသံ ထွက်လာ
တော့ သူ့မျက်နှာမှာ အံ့ဩမှုတွေပါ ထပ်ပိုလာတယ်။

"ကျုပ် ပန်းတိုင်ပါ၊ မင်္ဂလာတရားတော်ကို လိုက်နာလို့ မင်္ဂလာ
ပန်းတိုင်လို့ ခေါ်ပါတယ်"

"မင်္ဂလာပန်းတိုင်"

"ဟုတ်တယ် ရဲဘော်၊ သူက...ကိုယ့်အသက်ကို ကယ်ထားတာ
ပေါ့၊ သူတို့ရဲ့ ဂေါတမဗုဒ္ဓအစွမ်းကြောင့် ကိုယ် သေဘေးက
လွတ်ခဲ့ရတာ"

"ဘယ်လို လူးဝစ်။ မင်း ဘယ်လို အသက်ရှင်ခဲ့တယ်ဆိုတာ

ပြောပြပါလား''

''ကိုယ် နောက်တော့ အေးအေးဆေးဆေး ပြောပြပါ့မယ်။ လောလောဆယ် ကိုယ်တို့ ဟိုနေရာကို သွားကြည့်ရအောင်''

''အိုကေ...သွားစို့''

ပုလိပ်မင်းကြီးနဲ့အဖွဲ့ ရှေ့က ထွက်သွားတာကြောင့် ကျွန် ကပ္ပတိန် သူတို့နောက်နားက လိုက်သွားခဲ့ပါတယ်။ အလွန်ရှေး တဲ့ ပြတိုက်အဆောက်အဦးရဲ့လှေကားကြီးဟာ ထုထည် ကြီးမားကျ ပြီး ကွေ့ကွေ့ဝိုက်ဝိုက် တက်သွားခဲ့ရတယ်။ သိပ်မကြာခင်မှာ လှေကား ထစ်အချိုးနှစ်ချိုးကို ကွေ့ တက်တက်ပြီး ဒုတိယထပ်ကို ရောက်ခဲ့တယ်။

ဒုတိယထပ်ရဲ့ အတွင်းပိုင်းတစ်နေရာမှာ မှန်တစ်ချပ်၊ သံ တစ်ထပ် ကာရံထားတဲ့နေရာတစ်ခုရှေ့ကို ရောက်ခဲ့တယ်။

''ဒါ...ဘာထားတဲ့ နေရာလဲ ကပ္ပတိန်''

ကျွန်မေးခွန်းကို ကပ္ပတိန်က မဖြေဘဲ ပုလိပ်မင်းကြီးရှေ့ ဝင်ဖြေပါတယ်။

''ဒါ...ပြတိုက်အစောင့် သေတဲ့နေရာပဲ၊ မိုက်ကယ် မင်း ဆ ရှင်းပြလိုက်''

ခပ်ချောချော မင်းသားပုံပေါက်နေတဲ့ လူငယ်အရာရှိက မင် ကြီးအနီး တိုးလာတယ်။ သူ့မျက်နှာ၊ သူ့မျက်လုံးမှာ ယုံကြည်မှု လက္ခဏာတွေ အထင်းသား တွေ့မြင်နေရပြီး သူ့ကိုယ်သူယုံ



ာ်တော် အထင်ကြီးနေပုံရပါတယ်။

''လူးဇစ်၊ ဒါ စကော့တလန်ယာဒ်က စုံထောက်အရာရှိ မိုက် ကယ်တဲ့။ ဒီအမှုကို သူ ကိုင်တာဆိုတော့ မိုက်ကယ် မင်းကိုကို ရှင်းပြလိမ့်မယ်''

မိုက်ကယ်က နေရာတစ်ခုဆီ လျှောက်လာပြီး ကြမ်းပြင်ကို ညွှန်ပြကာ...

''ပြတိုက်စောင့်ဟာ...ဒီနေရာမှာ လဲနေတာပါ။ သူ့ပါးပေါ်မှာ ကျားလက်သည်းရာတစ်ချက်၊ ကုပ်မှာ အစွယ်ရာရှိပြီး ရင်ဘတ် နဲ့ ကျောမှာတော့ လက်သည်းရာတွေ အများကြီးရှိပါတယ်၊သူ ဟာ ချက်ချင်း အသက်မထွက်သေးဘဲ ဆေးရုံပေါ် ရောက်တဲ့ အထိ ကျားကြီး...ကျားကြီးလို့ အော်နေတာပါပဲ။ တခြား ဘာ မှလည်း မေးလို့မရပါဘူး...ဗျာ''

ကျွန် သူပြောတဲ့နေရာဝန်းကျင်ကို စေ့စေ့စပ်စပ် လိုက်ကြည့် ယ့် ဘာဆိုဘာမှ မတွေ့ရဘူး။ မိုက်ကယ်က ကျွန်အမူအရာကို ကြည့်ပြီး ခြေရာလက်ရာရှာမှုန်း သိသွားပုံရပါတယ်။ 'ဘာမှ ရှာမနေ တော့ မိတ်ဆွေ၊ အားလုံး သန့်ရှင်းရေးလုပ်ပြီးသွားပြီ' ဟု ပြောပြီး နေရာကြည့်လို့ ဘာမှ မထူးပါဘူးဗျာ' ဟု ဆက်ပြောပြန်တယ်။

''ကျွန်တော်က...ကျားတံဆိပ်တုံး ထားတဲ့နေရာကို ကြည့်ချင် တယ်''

"ဟောဒီနေရာပဲ မိတ်ဆွေ၊ ဒီဘက်မှာ..."

အစောင့် လဲကျ သေဆုံးခဲ့သည်ဆိုသည့်နေရာမှ ရှေ့သို့ ခြေ လှမ်းနှစ်လှမ်းခန့် သွားရုံမျှနှင့် တံဆိပ်တုံး ထားသောနေရာဖြစ်ကြောင်း ကျုပ်တို့နဲ့ အတူပါလာတဲ့ ပြတိုက်ဝန်ထမ်းက ပြပါတယ်။

"ခင်ဗျား ကြည့်ချင်တာ ဟို...တံဆိပ်တုံး မဟုတ်လား"

သူ ညွှန်ပြသော တံဆိပ်တုံးမှာ ရွှေရောင် ညိုးနွမ်းနွမ်း၊ ဖျော့ တော့တော့ ရှိနေသော၊ ကျားတစ်ကောင် ဝပ်နေသည့်ပုံပါသော တံဆိ တုံးဖြစ်တယ်။

"အဲဒါ...ကျားတံဆိပ်တုံးအစစ်ပဲ လူကလေး၊ အဲဒီပစ္စည်းပဲ"

ကပ္ပတိန်လူးဝစ်က ထောက်ခံပြောဆိုပါတယ်။

"ဒီလူ သေပြီးတဲ့နောက်...ခင်ဗျားတို့ ကျားတံဆိပ်တုံးကို စ ဆေးကြည့်သေးလား"

ကျုပ် မေးလိုက်တော့မှ ပြတိုက်ဝန်ထမ်းဟာ တံဆိပ်တုံးကို သေချာစွာ ကြည့်လိုက်ပါတယ်။ တံဆိပ်တုံးဟာ ကျုပ်တို့ဘက်ကို မျက်နှာမူလျက်ရှိနေပြီး၊ အောက်ခံလေးထောင့်ပြားမှာလည်း အနည်း ငယ် ရွဲ့စောင်းနေတယ်။ ပြတိုက်ဝန်ထမ်းက လေးလေးနက်နက် စဉ်းစား ဟန်ပြုပြီး...

"တစ်ခုခုတော့ ထူးခြားနေတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ပစ္စည်းတွေကို အလ



လိုက်ပဲ ပြထားလေ့ရှိပါတယ်။ ဥပမာ...ကျားခေါင်းဟာ ဒီဘက် ကို လှည့်ထားလေ့မရှိပါဘူး"

"ခင်ဗျား ဆိုလိုတာက ကျားတံဆိပ်တုံးဟာ နေရာပြောင်းနေ တယ်ပေါ့"

"ဟုတ်တယ် ခင်ဗျ၊ အဲဒါ ဟုတ်မဟုတ်...ပြတိုက်မှူးကို မေး ကြည့်ရင် သိနိုင်ပါမယ်။ ကျွန်တော် ပြတိုက်မှူး ခေါ်ပေးပါ့မယ်"

ဝန်ထမ်းလည်း၊ ကျုပ်တို့ ပြန်ပြောမယ့်အဖြေကို မစောင့်တော့ ဲ ထွက်သွားပါတယ်။ ကျုပ်တို့တတွေ ကျားတံဆိပ်တုံးကို သေသေချာ ာကြည့်ရင်း၊ ကျုပ်စိတ်ထဲမှာ မသင်္ကာစရာတွေ ထပ်တလဲလဲ တွေ့ နေမိပါတယ်။ ဒါတွေကို ကပ္ပတိန်သိအောင် မြန်မာလို ပြောလိုက်ပါ တယ်။ ကပ္ပတိန်ဟာ မြန်မာစကား တော်တော်တတ်နေတာမို့ အဆင် ပြေပါတယ်။ ပုလိပ်မင်းကြီးနဲ့ ကော့တလန်ယာဒ် စုံထောက် ယောက်ကတော့ ကျုပ်တို့ ဘာပြောတယ်ဆိုတာ မသိကြပါဘူး။

"ထူးခြားမှု ရှိနေတယ်လို့ ကျွန်တော် ထင်တယ် ကပ္ပတိန်"

"လူကလေး ဘာတွေများ...တွေ့နေလို့လဲ"

"ကျားရုပ်ရဲ့ ပါးစပ်နေရာကို...ကြည့်ပါ။ အနီရောင် အကွက်၊ အစက်တွေ စွန်းထင်းနေတယ်လို့ ထင်လို့ပါ"

မေရှာလူးဝစ် သေသေချာချာ ကြည့်လိုက်ပြီး...

"ကျွန်ုပ်အမြင်တော့ သိပ်မသဲကွဲဘူး လူကလေး။ အပြင်ထုတ်

ကြည့်လို့ရရင် သိပ်ကောင်းမယ်"

မကြာခင် ပြတိုက်မှူး ရောက်လာပါတယ်။

ပြတိုက်မှူးဟာ အရမ်းကို အရပ်ရှည်ပြီး ပိန်လွန်းသူဖြစ်တယ်။ ရှေ့ကို ချွန်ထွက်နေတဲ့ နှာခေါင်းကြီးက ကောက်နေပါသေးတယ်။ သူ့ကိုကြည့်ရတာ ငှက်ကြီးတစ်ကောင်နဲ့ တူလှပါတယ်။

"ကျွန်ုပ် ဘာများကူညီရပါမလဲ မေဂျာ"

စကားပြောသံနဲ့ ဟန်အမူအရာက ယဉ်ကျေးပျူငှာစွာ ရှိလှပါတယ်။ မေဂျာလူးဝစ် ကျွန်ုပ်ကို လှမ်းကြည့်တော့ ကျွန်ုပ်က သူတို့ နား မလည်အောင် မြန်မာစကားနဲ့ ကျားတံဆိပ်တုံးကို ထုတ်ကြည့်မှ တယ်ဟု ပြောလိုက်တော့မှ ပြတိုက်မှူးဘက်လှည့်ပြီး...

"ဖြစ်နိုင်မယ်ဆိုရင် ဟောဒီ ကျားတံဆိပ်တုံးကို ခေတ္တ အပြင် ထုတ်ကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့...ဒီကိစ္စကို ပုံမှန်အတိုင်း သွားမယ်ဆိုရင်တော့... ပုလိပ်မင်းကြီး၊ စကော့တလန်ယာဒ်နဲ့ ပြတိုက်မှူး သုံးယောက် ဆုံမှ ဖွင့်ခွင့်ရှိတာပါ"

"ဒါဆို အတော်ပဲပေါ့ ပုလိပ်မင်းကြီးလည်း ရှိတယ်၊ စကော့ တလန်ယာဒ်က စုံထောက်နှစ်ယောက်လည်း ရှိတယ်။ ပြတိုက် မှူးလည်း ရှိတယ်ဆိုတော့ ဖွင့်လို့ရတာပေါ့"

ပြတိုက်မှူး ခေါင်းကို လေးတွဲ့စွာ ခါရင်း...



"ကျွန်ုပ် တစ်ယောက်တည်း မဖြစ်သေးဘူးလေ။ နောက်နှစ်ယောက်ကို ခေါ်ရဦးမယ် မေဂျာ"

ဟု လေသံတိုးကလေးနှင့် ပြော၏။ ပုလိပ်မင်းကြီးက အားလုံး ဖြန်ဖြေ ညှိနှိုင်းသည့်လေသံဖြင့် ဝင်ပြောလာတယ်။

"ဒါဆိုလည်း ကျန်တဲ့ပြတိုက်မှူးနှစ်ယောက်ကို ခေါ်လိုက်ပါ"

"ကျွန်ုပ် စကားကြောရှည်တာ မဟုတ်ပါဘူး။ ဒီအရုပ်ကို ယူ ကြည့်ရင် ဘာထူးမှာမို့လို့လဲ ခင်ဗျား"

"မောင်ပန်းတိုင် ရှင်းပြလိုက်ပါကွာ"

"တစ်စုံတစ်ခု...ထူးခြားမယ်ထင်လို့ပါ။ အဲဒီထူးခြားမှုဟာ စုံထောက်တွေ အလိုရှိနေတဲ့ လူသတ်တရားခံ ပေါ်လာနိုင်ပါ တယ်"

"ဟာ...ဒါဆိုရင် အမြန်ဆုံး ထုတ်ကြည့်စေချင်ပါတယ်။ ကျွန်ုပ် တို့ စကော့တလန်ယာဒ်အတွက် အရမ်းအရေးကြီးပါတယ်"

စုံထောက်တစ်ယောက် ဝင်ပြောလိုက်ခြင်း ဖြစ်ပါတယ်။ အမှန် ...ာယ် လိုအပ်နေတာဖြစ်ကြောင်း အားလုံး လက်ခံလိုက်တဲ့အတွက် ...ိုက်မှူးဟာ အခြားပြတိုက်မှူးနှစ်ဦးကို ဖုန်းဆက် လှမ်းခေါ်လိုက် ...ယ်။ ကျွန်ုပ်တို့အားလုံး သူ့ရုံးခန်းမှာ ထိုင်စောင့်ရင်း ခါးသက်သက် ...ပီကြမ်းကို သောက်နေဖြစ်တယ်။ မေဂျာနဲ့ ပုလိပ်မင်းကြီးတို့က ...တို့ ကွဲကွာနေခဲ့ကြတဲ့အကြောင်းတွေ ပြောနေကြတယ်။ မင်းကြီးဟာ

မြန်မာပြည်အကြောင်းနဲ့ အိန္ဒိယအကြောင်းကို အရမ်းသိချင်နေ

၁၅ မိနစ်လောက်အကြာမှာ အလွန်ခန့်ညားတဲ့ ဥပဓိရုပ်ရှိ လူကြီးနှစ်ယောက် ရောက်လာပါတယ်။ သူတို့နှစ်ယောက်မှာ တဲ့ သော့တစ်ချောင်းစီနဲ့ ဝိနိရှည်ရှည် ပြတိုက်မှူးကြီးဆီက ပေါင်းပြီး သူတို့ ကျားတံဆိပ်တုံးကို သွားဖွင့်ယူလာကြတယ်။ သုံးယောက်တည်းတော့ မဟုတ်ဘူး။ မင်းကြီးနဲ့ စုံထောက်နှစ်ယော ပါ သူတို့နဲ့ ပါသွားလေရဲ့။ ခဏနေတော့မှ သူတို့ ပြန်ရောက်လာ ကျားရုပ်တံဆိပ်တုံးကလေး ပါလာပါတယ်။

"ဟောဒီမှာ...တံဆိပ်တုံး ပါလာပါပြီ မော်ကျာ"

ကျုပ်လည်း စုံထောက်နှစ်ယောက်ဆီက မှန်ဘီလူးငှားပြီး ရုပ်တုရဲ့မျက်နှာတွေ၊ လက်၊ ခြေတွေကို ကြည့်တဲ့အခါ ပါးစပ်ဝ နဲ့ ခြေသည်း၊ လက်သည်းတွေမှာ သွေးစ၊ သွေးနတွေ တွေ့ရပါ

"ဟောဒီ...ကျားရုပ်တုရဲ့ပါးစပ်နဲ့ ခြေလက်တွေကို သေ ချာချာ ကြည့်ပါ မင်းကြီး"

မင်းကြီးနဲ့ စုံထောက်နှစ်ယောက်ဟာ ကျုပ် ပြန်ပေးလို မှန်ဘီလူးနဲ့ သေသေချာချာ ကြည့်ရင်း သူတို့မျက်နှာတွေမှာ ကို အံ့ဩလာပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ် တွေ့ သူတို့လည်း တွေ့လို့ပါပဲ။

"ဟာ...အရမ်းကို အံ့ဩစရာကောင်းတာပဲ။ ကျွန်ုပ်တ



မှာ ဒီလောက်ထူးဆန်းတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ကျား ရုပ်ရဲ့ပါးစပ်မှာ သွေးတွေနဲ့ လက်သည်းတွေမှာလည်း သွေးစ တွေ တွေ့ရတယ်။ ဒါဟာ ထူးဆန်းတာပဲပေါ့"

"ဟုတ်တယ် မင်းကြီး။ ကျွန်ုပ်တို့လည်း...အရမ်းအံ့ဩမိပါ တယ်၊ ကျွန်ုပ်တို့ ရှာနေတဲ့တရားခံဟာ လူမဟုတ်ဘဲ ဒီကျား ရုပ် ဖြစ်နေတယ်ဆိုတာ... ကျွန်ုပ် အထက်ကို ဘယ်လိုလုပ် အစီရင်ခံစာ တင်ရမလဲ ခင်ဗျား"

"ဒီရုပ်တုဟာ နောက်ဆို...ပြတိုက်မှာ တာဝန်ရှိတဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်နေဦးမယ်လို့ ကျွန်တော် ယူဆပါတယ်"

ကျုပ်ဟာ အခွင့်အရေးကောင်းကို လက်လွှတ်မခံတတ်သူပီပီ ပြောလိုချင်တဲ့အကွက် ပေါ်လွင်အောင် မီးမောင်းထိုးပြလိုက်တယ်။

"ဘယ်လို လူကလေး။ ကျွန်ုပ်တို့ ပြတိုက်မှူးတွေပါ ပါလာနိုင် တာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား။ ဒီပစ္စည်းဟာ ရှေးဟောင်းက ကျိန်စာ တွေ၊ ဆုတောင်းစာတွေနဲ့ ထားခဲ့တဲ့ပစ္စည်းမို့ ကျိန်စာသင့်တာ မျိုးတွေ ဖြစ်တတ်ပါတယ်"

"ဒီကိစ္စကြီး ဆက်မဖြစ်အောင်...ဘာလုပ်ရမလဲ လူကလေး"

"သူ့မူရင်းနေရာမှာ ပြန်ထားလိုက်ရင် အားလုံး အေးချမ်းသွား

ပါလိမ့်မယ်။ အဲဒါ ကျွန်တော်တို့ အရှေ့ပိုင်းနိုင်ငံတွေမှာ
လေ့ရှိတဲ့ ကိစ္စတွေပါ''

သူတို့အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပါတယ်။ မျက်လုံးတွေနဲ့ တိုင်ပင်ကြတဲ့ သဘောပဲ ဖြစ်မှာပါ။ ကြာအောင် တိတ်ဆိတ်သွားတယ်။ ကျုပ်လည်း ဘာမှမပြော နဲ့ ရှေ့က ကော်ဖီခွက်ကို ကောက်မော့လိုက်ပါတယ်။

''ဘယ်လို သဘောရသလဲ...ပြတိုက်မှူး''

''ကျွန်ုပ်ကတော့ ခုချက်ချင်းတောင် ပေးလိုက်ချင်ပါတယ်''

''ဒါပေမဲ့...ပေးလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်ုပ်တို့အ
အရေးပေါ် အစည်းအဝေး လုပ်ဦးမှပေါ့''

''ဟုတ်ပါတယ်၊ ဝန်ကြီးဆီ စာတင်ပြီး...စည်းဝေး ဆို
လိုက်ပါ့မယ်။ အစည်းအဝေး ဆုံးဖြတ်ချက်ပေါ် မူတည်ပြီ

ထိုရှေ့က ကျုပ်တို့အိမ် ပြန်ရောက်တော့ ညနေစောင်း
မေရှာလူးဝစ်ဟာ ကျုပ်ကို အရမ်းအံ့ဩနေပါတယ်။

''လူကလေးဟာ ကျုပ်ထင်တာထက် ပိုဝမ်းပေတာပဲ။
ဆိုရဲ့ရှိပြီ။ ရလာတဲ့ အခွင့်အရေးကို ချက်ချင်း အသုံးချ
တယ်''

**''ဘဝမှာ အခွင့်အရေးဆိုတာ ပေါ်လာခဲတယ်။ ပေါ်
အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးပြုတတ်**



ယောကျ်ားကောင်း ဖြစ်တယ်''

ကျုပ်တို့ အိမ်ထဲရောက်တော့ မစ္စစ်လူးဝစ်နဲ့ ဂျိမ်တို့ ရောက်
တယ်။

''ဟဲလို...ဒါလင်၊ အားလုံး အဆင်ပြေရဲ့လား''

''ပြေတယ်ကွယ်၊ ခုပဲ အဲဒီအကြောင်း ပြောနေတာ ပောဒီက
မောင်ပန်းတိုင် ပြောတတ်၊ ဆိုတတ် အခွင့်အရေး ယူတတ်ပုံ
ကို ပြောနေတာ''

''မန်ချက်စတာက မကြီး ရောက်နေတယ် ဒါလင်''

''ဟော...ဟုတ်လား...ဟာ...မကြီးနဲ့ မတွေ့ရတာ ကြာပြီ
နေကောင်းရဲ့လား''

ထိုစဉ် မမကြီးဆိုသူ အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်
ယောက် ညှော်ခန်းထဲကို ထွက်လာတယ်။

''ကောင်းပါတယ် ငါ့မောင်ရယ်၊ ငါ့မောင် ရောက်နေတယ်ကြား
လို့ မမ လာတာ။ ငါ့မောင်နဲ့ မတွေ့ရတာလည်း ကြာပြီမဟုတ်
လား''

''ဟုတ်ကဲ့ မမကြီး။ အလုပ်အကိုင် အဆင်ပြေရဲ့လား''

''ပြေပါတယ်ကွယ်၊ ခုတောင် ပန္နည်းလေးတွေ ထိုင်လို့ သာသယ်
ရင်း ငါ့မောင် ရောက်နေသယ် ကြားလို့ကွယ်။ ငါ့မောင် ကြည့်
ဦးမလား...''

အမျိုးသမီးကြီးသည် အိမ်တွင်းဘက် ပြန်ဝင်သွားပြီး ခဏ အကြာ ပြန်ထွက်လာတယ်။ လက်ထဲမှာ ပစ္စည်းဘူးကလေးတွေ ကိုင် လာတယ်။ ပြီးတော့ စားပွဲပေါ်တင်ပြီး ပစ္စည်းတွေကို တစ်ခုချင်း ပြ နေတယ်။ အဲဒါတွေက ပတ္တမြားတွေ၊ မြတွေပဲ။

ကျွန်ုပ်လည်း စိတ်ပါလာလို့ ဝင်ပြောမိတယ်။

"မကြီးက ဒါတွေ အရောင်းအဝယ် လုပ်တာလား"

"ဟုတ်တယ်ကွယ့်၊ မင်း ဝယ်မလို့လား"

"မဟုတ်ဘူး။ ကျွန်တော့်မှာ ပစ္စည်းပါလာတယ်၊ မကြီး ကြိုက် ရင် ဝယ်ဖို့"

"ပြစမ်း...ပြစမ်းပါဦး လူကလေးရယ်"

ဒါကြောင့် ကျွန်ုပ်လည်း အကျီအတွင်းထဲမှာ ဝှက်ထားတဲ့ စိန် ငါးမွှင့်ကို ထုတ်ပြလိုက်ပါတယ်။

ဦးဆုံးတစ်မွှင့် စားပွဲပေါ် တင်လိုက်တယ်ဆိုရင်ပဲ မကြီး မျက် လုံး ပြူးသွားပါတယ်။ ကျွန်ုပ် ပါသမျှ ငါးမွှင့်လုံး တင်ပြီးတဲ့အခါ မကြီး ပါးစပ်အဟောင်းသား ဖြစ်သွားပြီး...

"ကြည့်မယ်နော် လူကလေး..."

"ကြည့်ပါ မကြီး။ ကြည့်ပါ"

မကြီးဟာ ကျွန်ုပ် စိန်မွှင့်တွေကို တစ်မွှင့်ချင်းယူပြီး သေ ချာချာ စေ့စေ့နန ကြည့်နေပါတယ်။ စိတ်ကြိုက် ကြည့်ပြီးတော့မှ ယ်။



"မင်း...ဒီစိန်တွေ ဘယ်ကရတာလဲ"

"အဲဒါ အဓိက မဟုတ်ပါဘူး မကြီး...၊ မကြီး လိုချင်ရင် ကျွန်တော် ရောင်းပါ့မယ်"

"ဒါဆို မကြီး...မင်းကို တစ်မွှင့် တစ်သောင်းပေးမယ်"

"ဗျာ...တစ်သောင်းဆိုရင် ရောင်းမယ်ဗျာ"

ကျွန်ုပ်...စိန်ငါးမွှင့်ကို ငါးသောင်းနဲ့ ရောင်းခဲ့ပါတယ်။

နောက်နေ့တွေမှာ ပြတိုက်မှူးတွေ၊ ဝန်ကြီးတွေ အစည်းအဝေး လို့ ကျလာတဲ့ဆုံးဖြတ်ချက်က ပစ္စည်းကို မူလနေရာ ပြန်ပို့ဖို့ပဲ။

ကျွန်ုပ် အရမ်းပျော်သွားပါတယ်။

ကျွန်ုပ်ဟာ အာသောကမင်းတရားကြီးရဲ့ ပညာရှိအမတ်ကြီး ဟာ စိတ်ကျေနပ်မှုရအောင် လုပ်ပေးနိုင်တဲ့အတွက် အရမ်းကို အား ကျေနပ်မိပါတယ်။ အတုံ့အလှည့်သဘောပါပဲ။ သူ့ကိစ္စအတွက် လုပ်ပေးလိုက်သလို ကျွန်ုပ် ဝယ်ထားတဲ့ စိန်ငါးမွှင့်ကို ငါးသောင်း ရောင်းလိုက်တာကလည်း ကျွန်ုပ်အတွက် အဆင်ပြေသွားတာပါပဲ။

ဒီငွေငါးသောင်းဟာ ကျွန်ုပ် မြန်မာပြည်ရောက်တဲ့အခါ သူဌေး ယောက်အဖြစ် နေနိုင်ဖို့ လုံလောက်တဲ့ငွေပါပဲ။

ကျွန်ုပ် အင်္ဂလန်မှာ နှစ်ပတ်လောက်ပဲ ကြာပါတယ်။ အမတ်ကြီး ဟာရဲ့ ကျားတော်ဆိပ်တုံးကို ပြန်ယူပြီး ဟိုက်ဒရာဘတ်ကို ပြန်လာ ယ်။

သူ့တစ်ကို ပြန်ရောက်တော့ ကျုပ်တို့ သချိုင်းမျက်မှာ
တုံး ပြန်ထားပြီး သချိုင်းကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့တယ်။

အားလုံးကိစ္စပြီးတော့ မြန်မာပြည်ပြန်ဖို့ ရက်ရွေးတဲ့
ပဲ...

"လူကလေး...မောင်ပန်းတိုင် သိပ်ပြန်ချင်နေပြီလားကွယ်"

"ဟုတ်ကဲ့၊ ကိစ္စပြီးပြီဆိုတော့ ကျွန်တော် ပြန်မှဖြစ်တော့
လေ၊ မြန်မာပြည်မှာ အမျိုး ဘာသာ၊ သာသနာအတွက်
လုပ်ပေးရဦးမယ်"

"စိန်ရောင်းလို့ရတဲ့ငွေနဲ့ လုပ်ငန်းလုပ်ပေါ့..."

"လုပ်မှာပါ ကပ္ပတိန်။ ဒါပေမဲ့ ကျွန်တော့်လုပ်ငန်းဟာ
အများကြီး၊ အထူးသဖြင့်...မိသားစုတွေ အများကြီး
တဲ့လုပ်ငန်းမျိုး ဖြစ်ရမယ်"

"ဘာဖြစ်လို့လဲ မောင်ပန်းတိုင်"

"၃၈ ဖြာ မင်္ဂလာမှာ "ဉာတကာနဉ္စသင်္ဂဟော" လို့
တော့ ဆွေမျိုးတွေကို ကူညီစောင့်ရှောက်ဖို့ ဆိုတာလည်း
ကြီးပါတယ်"

"ဒါဆိုရင် မောင်မင်း ကိုယ့်အမျိုး ကိုယ်သိတတ်တာပေ့"

"မှန်း ဟင်း...အဲဒီလိုပြောမယ်ဆိုတာ ကျွန်တော် သိပ်
ဒါပေမဲ့ ဆွေမျိုးဆိုတာ ခုဘဝမှာ ကျွန်တော်နဲ့ တော်စပ်လူ



ကိုသာ ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့က...ဗုဒ္ဓဘာသာ ဖြစ်လေတော့ သံသရာဆိုတာကို ယုံကြည်တယ်။ ဘဝများစွာ သံသရာမှာ ကျွန်တော်တို့တွေဟာ ညီအစ်ကို၊ မောင်နှမ၊ သားအမိ၊ သားအဖ စသည်အားဖြင့်...တော်စပ်ခဲ့ကြဖူးမှာပဲလို့ ကျွန်တော် ယုံကြည်တယ်"

"သံသရာ...၊ ဘာလဲ သံသရာဆိုတာ..."

"ခုလို...လူမဖြစ်ခင်မှာ ငါး၊ တိရစ္ဆာန်ကစလို့ နတ်၊ ဗြဟ္မာ အထိ ၃၁ ဘုံမှာ ကျင်လည်ခဲ့ရဖူးမှာပဲ။ အဲဒီမှာ တွေ့ခဲ့၊ ကြုံခဲ့၊ ဆုံခဲ့ကြတာကြောင့် ခုဘဝမှာ ကြုံရ၊ ဆုံရတာပါလို့လည်း ယုံတယ်၊ ဥပမာ-အင်္ဂလန်မှာမွေးတဲ့ ကပ္ပတိန်လူးဝစ်နဲ့ မြန်မာပြည်မှာမွေးတဲ့ ပန်းတိုင် ဘာဖြစ်လို့ ဆွေမျိုးတွေလို သံယောဇဉ် ရှိနေကြရတာလဲ"

ကျုပ်မေးခွန်းကြောင့် ကပ္ပတိန် လူးဝစ် တွေဝေသွားပါတယ်။ နဖူးကြောကြီးများ ထသည့်အထိ စဉ်းစားနေပုံရတယ်။ ဆေးတံကို ဆေးဖြည့်ပြီး မီးညှိ ဖွာရှိုက်နေပြန်တယ်။ ပြီးမှ...

"အင်း...ဟုတ်တယ်။ ကျုပ်က မောင်မင်းကို ဘာကြောင့် သံယောဇဉ်ဖြစ်နေတယ်ဆိုတာ ကျုပ်လည်း စဉ်းစားလို့မရဘူး။ လူကလေး"

"အဲဒါ ပဋ္ဌာန်းဆက်ရေစက်ပဲ ကပ္ပတိန်၊ ခုန ကျွန်တော် ပြော

သလို ဘဝပေါင်းတစ်ခုခုက ကပ္ပတိန်နဲ့ ကျုပ်ဟာ သားအဖ ညီအစ်ကို တော်စပ်ခဲ့ဖူးလို့ပဲပေါ့"

"ဟုတ်တယ်၊ ဒါ...ဖြစ်နိုင်တယ် မောင်ပန်းတိုင်"

"ဖြစ်နိုင်တာ မဟုတ်ဘူး ကပ္ပတိန်၊ ဟုတ်ကို...ဟုတ်တယ် ကျွန်တော်ဟာ တစ်ကောင်ကြွက်၊ ဘုန်းကြီးမွေးစားသားပါ ဒါပေမဲ့ လျှောက်ခဲ့ရတဲ့ခရီးမှာ တွေ့ရ၊ ကြုံရ၊ ဆုံရတဲ့လူတွေ ထဲမှာ မခွဲမခွာ သံယောဇဉ်ရှိတဲ့လူတွေ အများကြီး ရှိခဲ့ပါတယ်၊ အဲဒီလူတွေနဲ့ ကျွန်တော်ဟာ ဘဝတစ်ခုခုမှာ တော်ခဲ့တဲ့ဆွေမျိုး တွေပါ၊ ဒါကြောင့် ဒီဆွေမျိုးတွေကို ကျွန်တော်ပြန်ပြီး ကျေးဇူး ပြုချင်တယ်။ အဆွေအမျိုးကို စောင့်ရှောက်တာ မင်္ဂလာပါ"

မေဂျာလူးဝစ်သည် ကျွန်ုပ်ကို စေ့စေ့ကြည့်လျက် သက်ပြင်းချ ပြီး...

"မောင်မင်းဟာ ကျွန်ုပ်ထက် အများကြီး ငယ်ပါတယ်။ ဒါပေမဲ့ မောင်မင်း အတွေးအခေါ်တွေဟာ...ကျွန်ုပ်ထက် အများကြီး မြင့်တယ်။ ဒါ ဘာကြောင့်လဲ"

ဟု မေးလာတယ်။

"ဒါ...ဗုဒ္ဓရဲ့ ဒဿနကို လက်ခံယုံကြည်တဲ့အတွက် အတွေး အခေါ် ရင့်ကျက်တာပါ ကပ္ပတိန်"

"ဗုဒ္ဓရဲ့ဒဿန၊ ဟုတ်လား...မောင်ပန်းတိုင်"



ကျုပ် ခေါင်းညိတ်ပြလိုက်ပါတယ်ဆိုရင်ပဲ ကပ္ပတိန်က ဆက် မေးပါတယ်။

"ကျွန်ုပ် ဗုဒ္ဓရဲ့ဒဿနကို လေ့လာလို့ ရသေးလား လူကလေး"

"ရပါတယ် ကပ္ပတိန်၊ ကပ္ပတိန် လေ့လာချင်ရင် ကျွန်တော် ကူညီပါ့မယ်။ ကျွန်တော် မြန်မာပြည် ပြန်ရောက်တဲ့အခါ ကပ္ပတိန်အတွက် ဗုဒ္ဓဒဿနဆိုင်ရာတွေကို အင်္ဂလိပ်လို ရေး ထားတဲ့စာအုပ်တွေ ရှာပြီး ပို့ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် လူကလေး"

ထို့နောက် ကျုပ် ပြန်ဖို့ကိစ္စ မေဂျာကိုယ်တိုင် စီစဉ်ပေးပါတယ်။

နောက်တစ်ပတ် ရန်ကုန်ကို သွားမည့် မီးသင်္ဘောလက်မှတ် ရ ခဲ့ပါတယ်။ ကျွန်ုပ် ဟိုက်ဒရာဘတ်မြို့ဝန်းကျင်ကို လည်ပတ်ရင်း အချိန် ကုန်စေခဲ့တယ်။

ကျုပ် ပြန်ဖို့ ကြားတစ်ရက်အလိုမှာ မေဂျာလူးဝစ်ဆီကို အရှေ့ အိန္ဒိယဆိုင်ရာ စစ်သေနာပတိရဲ့အမိန့်ပြန်တမ်း ထွက်လာပါတယ်။

"မောင်ပန်းတိုင်ရေ...ကျွန်ုပ်အတွက် ပြန်တမ်းထွက်တယ်ကွ"

"ဘာပြန်တမ်းလဲ ကပ္ပတိန်..."

သူ့ရာထူးမှာ မေဂျာဖြစ်နေသော်လည်း ကျုပ်က နှုတ်ကျိုးနေ တာမို့ ကပ္ပတိန်လို့ပဲ ခေါ်နေဖြစ်ပါတယ်။

"ကျွန်ုပ်ကို လန်ဒန်က စစ်ဝန်ကြီးရုံး ပြောင်းရွှေ့ဖို့ အမိန့်ပဲ"

"ဟာ...ကောင်းတာပေါ့၊ မိသားစုနဲ့ အတူနေရမယ်"

"အေး...ဒါတင်မကသေးဘူး။ ခု ကျွန်ုပ်ဟာ မေဂျာ မဟုတ်တော့ဘူး။ လက်ဖတင်နင်ကာနယ် ဖြစ်သွားပြီ"

"ဟာ...ရာထူးလည်း တိုးသွားတယ်ပေါ့။ ကောင်းလိုက်တာဗျာ။ တကယ့်မင်္ဂလာသတင်းပဲ။ အင်း...ဒါကြောင့်လည်း ကျွန်တော့်ကို ဗြဟ္မာအမတ်ကြီးက ပြောခဲ့တာကိုး။ သူ့တံဆိပ်တုံး နေရာတကျ ပြန်ထားပေးရင်၊ ထားပေးသူအားလုံး ကောင်းကျိုးခံစားရမယ်ဆိုတာ၊ ကာနယ် ဟင်း...ဟင်း ကျွန်တော် ဒီနေ့ကစပြီး ကာနယ်လို့ပဲ ခေါ်တော့မယ်နော်"

"ခေါ်ပါဗျာ...ခေါ်ချင်သလို ခေါ်ပါ"

"ကာနယ်လည်း တံဆိပ်တုံး ပြန်ထားဖို့မှာ...ကူညီခဲ့လို့ ခုလို ကောင်းကျိုးခံစားရတာပဲ။ ကျေးဇူးတင်ပါတယ်...ဗြဟ္မာအမတ်ကြီးရယ်"

ကျုပ် ရန်ကုန်ပြန်လာပြီး မကြာခင်မှာပဲ ကာနယ် အင်္ဂလန်ကို ပြန်သွားကြောင်း သိရပါတယ်။

ဒါဟာ ကိုယ်ပြုတဲ့ကံ ကိုယ်ဆီပြန်လာတာပါပဲ။ သူ့ကို ချမ်းသာစေလိုတဲ့ ကောင်းမွန် မှန်ကန်တဲ့စေတနာနဲ့ လုပ်ခဲ့တဲ့အတွက် ကိုယ့်ဆီကိုလည်း ချမ်းသာသုခ ပြန်ရောက်လာတာပါ။

စေတနာဆိုတာ ကံလို့ ဘုရားရှင် ဟောခဲ့ပါတယ်။



စေတနာကောင်းသူအတွက် ကံကောင်းလာမှာ ဓမ္မတာပါပဲ။

ဒါကြောင့် လောကီမှာ ကောင်းကျိုးချမ်းသာ လိုချင်ရင် စေတနာကောင်းထားဖို့ မမေ့ပါနဲ့လို့ ကျုပ် (မင်္ဂလာပန်းတိုင်) က တိုက်တွန်းလိုက် ပါ တယ်။

❖ ❖ ❖

သား မယား အပေါ် လုပ်ကျွေး ပြုစု ချီးမြှောက်မှု သင်္ဂဟ တရား မရှိခြင်းက အမိသည်လည်း သား ဟူသော အကြောင်းကြောင့် သား သမီး တို့၏ ချစ်ခင်ကြင်နာမှုကို မရနိုင်ပေ။

အဖသည်လည်း သား ဟူသော အကြောင်းကြောင့် သား၊ သမီး တို့၏ ချစ်ခင်မှုကို မရနိုင်ပေ။

(သိင်္ဂါလောဝါဒ သုတ်)

ထို့ကြောင့် သား မယားကို
လောကုတ္တရာ အရလည်း ကောင်း
လောကီ အရလည်း ကောင်း ချီးမြှောက်အပ်ပေသည်။



## အိမ်ထောင်ရှင် မောင်ပန်းတိုင်

မြန်မာပြည် ပြန်ရောက်တဲ့အခါ ကျုပ် ဦးဆုံးလုပ်ရမှာ ဘာလဲလို့ စဉ်းစားကြည့်ပါတယ်။

အခြေတကျ နေဖို့ပါပဲ။

ဒါကြောင့် ကျုပ်ဟာ အခြေစိုက်လို့ကောင်းမယ့် နေရာတစ်ခုကို အလျှင်ရှာဖွေကြည့်လိုက်တယ်။ ကန်တော်ကြီးနဲ့ မျက်စောင်းထိုးက မြေကွက်လပ်တွေ သွားကြည့်ရင်း ကျုပ် တော်တော်သဘောကျသွားတယ်။ တောရိပ်မကင်းဘဲ သစ်ပင်ကြီးတွေ ဝိုင်းရံနေတဲ့အပြင် ကန်တော်ကြီးကို ဖြတ်တိုက်လာတဲ့ လေအေးအေးကိုလည်း ရနိုင်တယ်။ နောက်ပြီး ကန်တော်ကြီးနဲ့ သိပ်မဝေးတဲ့အတွက် ညနေပိုင်း ကန်စောင်းမှာ လေညှင်းခံရင်း လမ်းလျှောက်လို့လည်းရတယ်။

ရွှေတိဂုံစေတီတော်ကြီးနဲ့လည်း နီးကပ်နေတော့ ပုတီးစိပ်၊ ဘုရားထိုင်၊ ဘုရားရိပ်မှာ အေးချမ်းစွာ နေလို့ရတယ်ဆိုတဲ့ စိတ်ကူးနဲ့

သောစ်ရာ ပတ်လည်ရှိတဲ့ မြို့ကြီးတစ်ခြံ ဝယ်လိုက်တယ်။ ခြံဝယ်ပြီး ကျွန်ပ်စိတ်ကြိုက် အိမ်ကြီးတစ်လုံး ဆောက်လိုက်တယ်။ အိမ်ရှေ့မှာ 'မင်္ဂလာ ပန်းတိုင်'ဆိုတဲ့ ကမ္ပည်းထိုးပေးလိုက်တယ်။

ခြောက်လလောက်မှာ အိမ်ကြီး ပြီးသွားပါတယ်။

ခင်ဗျားတို့ ရောက်ခဲ့တဲ့ ကျွန်ပ်ရဲ့ မင်္ဂလာပန်းတိုင်အိမ်ကြီးမှာ ကျွန်ပ် တစ်ယောက်တည်း အထီးကျန်နေလိုက်တာ။ ကျွန်ပ် တစ်သ လောက်ပဲ နေနိုင်တယ်။ ကျွန်ပ်ဘဝရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းမယ် လို့ ကျွန်ပ် စိတ်ကူးပေါ်တယ်။

အဲဒါကတော့ မိန်းမယူဖို့ပဲ...။

အိမ်ထောင်ပြုပြီး ဒီအိမ်ကြီးမှာ မိသားစုဘဝကလေးတစ်ခု တည်ဆောက်မယ်ပေါ့ဗျာ။

ကျွန်ပ်စိတ်ကူးထဲမှာ သိမ်းဆည်းထားတဲ့ တစ်ဦးတည်းသော မိန်းကလေးဟာ မညီမြပါပဲ။ ဒါကြောင့် မညီမြရှိရာ မန္တလေးကျွန်း ထောင့်က ထမင်းဆိုင်ကိုသွားဖို့ အစီအစဉ် ဆွဲလိုက်တယ်။

ဒီအချိန်မှာပဲ ကာနယ်လူဝစ်ဆီက စာရောက်လာပါတယ်။ ဓာ ပါအကြောင်းအရာကို အကျဉ်းချုပ်ပြောရရင် သူ့တစ်အတွက် ကုလား လိုလို့ ကျွန်ပ်ဆီက ပို့ပေးဖို့ပါ။ ကျွန်ပ် တရရချင်းပဲ အညာဘက်ကို ထွက်ခဲ့ပါတယ်။ အညာမှာ ပဲတွေ စုဆောင်းပြီး ကာနယ်လူဝစ်ဆီ ပေးရမယ်။ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်ပ် မညီမြတို့ဆိုင်ကို သွား



တယ်။

ထမင်းဆိုင်ကလေးဟာ ယခင်ကလောက် တော်တော်လေး ရောင်မှိန်နေပါတယ်။ ကျွန်ပ် ထမင်းဆိုင်ထဲ ဝင်ထိုင်လိုက်တော့ ညနေ င်း နေဝင်ခါနီးချိန် ဖြစ်တယ်။

ကြီးဒေါ်ကြီး ကျွန်ပ် ထိုင်ရာစားပွဲဆီ ခပ်သွက်သွက် လျှောက် လာပြီး...

"ဘာစားချင်ပါသလဲကွယ်...ဟင်းကတော့ သိပ်မရှိတော့ဘူး။ ဝက်သားနဲ့ ကြက်သားပဲ ရှိတော့တယ်"

"ဟင်းနှစ်မျိုးစလုံးသာ...ချပေးပါ ကြီးဒေါ်"

ကျွန်ပ် ခေါင်းမမော့ဘဲ ပြန်ပြောလိုက်တယ်။ ကြီးဒေါ်ဟာ ကျွန်ပ် သံကို ကြားတယ်ဆိုရင်ပဲ ကျွန်ပ်မျက်နှာကို စေ့စေ့ကြည့်တယ်။

"ဒီအသံမျိုး ငါကြားဖူးသလိုပဲ၊ မင်း...မင်း ဘယ်သူလဲ..."

"ကြီးဒေါ်...ကျွန်ပ်ကို မမှတ်မိဘူးလား။ ဒီမှာကြည့်လေ"

"ဟဲ့...မောင်ပန်းတိုင် မောင်ပန်းတိုင်၊ မင်းကွယ် ပျောက်သွား လိုက်တာ၊ သမီးရေ...ဒီမှာ ဘယ်သူလဲ လာကြည့်စမ်းပါဦး"

ကြီးဒေါ်ဟာ အလွန်ဝမ်းသာစွာနဲ့ အိမ်ထဲကို လှမ်းခေါ်တယ်။ င်းထဲက မညီမြ ကမန်းကတန်း ပြေးလာ၍ ကျွန်ုပ်ကို တွေ့တဲ့အခါ...

"မောင်...မောင်လေး...မောင်ပန်းတိုင်...နေနိုင်လိုက်တာ ကွာ"

ကျွပ် သူတို့ မိသားစုနဲ့တွေ့လိုက်တဲ့အခါ ရင်ထဲမှာ ထိ[illegible] ဝမ်းသာ ဖြစ်ခဲ့ရပါတယ်။ အခုမေနဲ့ အစ်မသီကို ပြန်ရောက်လာတဲ့ [illegible] တစ်ယောက်လိုပါပဲ။ တကယ်ဆိုရင် ကျွပ် ဒီကိုလာတဲ့အကြော[illegible] ဟာ အဓိက ပဲဝယ်ဖို့ပါ။ ဒါပေမယ့် မညီမြတို့ဆိုင်ရောက်တော့ [illegible] ဖို့ကို မေ့သွားပါတယ်။ ကျွပ် မညီမြကို ချစ်တဲ့အကြောင်း၊ မညီ[illegible] လက်ထပ်ယူဖို့အကြောင်းတွေ ကြီးဒေါ်ဆီမှာ ဖွင့်ပြောဖို့ အားခဲ[illegible] ခဲ့ရတယ်။

"ထမင်းဆာနေပြီလား...၊ စားတော့မလိုလား...ဖြ[illegible]

ဒါပေမဲ့ ကျွပ်စိတ်ကို ကျွပ်ထိန်းပြီး ထမင်းမစားခင် [illegible] ဖို့အကြောင်းပြောဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ ကြီးဒေါ်အသံ ပေါ်ထွ[illegible] ပါတယ်။

"ဩော်...သမီးကလည်းကွယ်...၊ မောင်ပန်းတိုင်က [illegible] မစားခင် ရေ အရင်ချိုးတတ်တယ်လေ။ ရေချိုးဦးမယ် [illegible] လား"

"ဟုတ်ကဲ့...၊ ကျွန်တော် ရေချိုးဦးမယ်...ကြီးဒေါ်"

"အေး...သွားချိုး...သွား"

"မင်း ရေချိုးပြီးတာနဲ့ ထမင်းစားလို့ရအောင် မညီ [illegible] ပွဲ ပြင်ထားလိုက်မယ်နော်"

"ဟုတ်ကဲ့...မမညီ"



"ထမင်းစားရင်း...မမညီနဲ့ မတွေ့တဲ့ကြားကာလမှာ ဘာတွေ လုပ်နေလဲဆိုတာ ပြောပြရမယ်နော်"

"ပြောပြပါ့မယ် မမညီ၊ ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်"

ကျွပ်...ရေချိုးဖို့ ထွက်လာခဲ့ပါတယ်။

ဒီရာဝင်စဉ်အိုးထဲက ရေကို မချိုးဖြစ်တာ နှစ်နဲ့ချီ ကြာခဲ့ပြီမို့ [illegible] လွတ်လွတ်လပ်လပ် ချိုးလိုက်ရတော့ စိတ်ရော ကိုယ်ပါ အရမ်း [illegible] ပေါ့ပါးသွားရပါတယ်။ အားသစ်အင်သစ်တွေ ပြည့်ဝသလိုလည်း [illegible]းခဲ့ရပါတယ်။

ရေချိုးရင်း ကျွပ် တွေးလိုက်မိတာက ကျွပ်ဘဝမှာ နေစရာ [illegible] ရှိပြီ။ လုပ်ငန်းအနေနဲ့ ကာနယ်လှူဝစ် လှမ်းမှာထားတဲ့ ကုလားပဲ [illegible]ပို့တဲ့ အိတ်(စ်)ပို့လုပ်ငန်းကို လုပ်မယ်။ ဒါဆိုရင် ကျွပ်အတွက် ရှာ [illegible]လို့ရတဲ့ ဥစ္စာပစ္စည်းကို ထိန်းသိမ်းပေးမယ့်သူ လိုအပ်နေပါပြီ။ စီး [illegible]ရေး ဆယ်တဲ့ကန်သင်းဆိုတာ ရှိရမှာပေါ့။

ကျွပ် ထမင်းစားပွဲကို ရောက်တော့ ကြီးဒေါ်ရယ်၊ မညီမြရယ်၊ [illegible]ပ်ရယ် သုံးယောက်တစ်စားပွဲတည်း ထမင်းစားဖြစ်ကြပါတယ်။

အချိန်အတန်ကြာတဲ့အထိ ကျွပ် ဘာမှမပြောဖြစ်သေးတာ [illegible]ကြောင့် မမညီက...

"ငါမောင့် ငြိမ်လှချည်လား...မင်း အတွေ့အကြုံတွေပြောမယ် ဆို...၊ ပြောလေကွာ"

"ဪ...အင်း...ဟုတ်ကဲ့...ပြောပါ့မယ်။ ကျွန်တော် ... ရှိရာ ဟိုက်ဒရာဘတ်ကို လိုက်သွားပါတယ်"

ကျုပ် ဟိုက်ဒရာဘတ်က အတွေ့အကြုံတွေနဲ့ အ... အဖြစ်အပျက်တွေကို ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ ရှိစိအကြောင်း တော့ မပြောပြလိုက်ပါဘူး။ ဘာကြောင့် ဒီအကြောင်း မပြော... လိုက်တယ်ဆိုတာ ကိုယ့်ကိုကိုယ်တောင် မတွေးမိလိုက်ပါဘူး။

"ဟယ်...ငါ့မောင်က နိုင်ငံခြားတွေ၊ ဘာတွေ ရောက်သွား... ကိုး"

"ဟုတ်တယ်။ ကျွန်တော် အဲဒီမှာ လုပ်ငန်းလေးတစ်ခု ... တာ ငွေနည်းနည်းလေး ရလာတယ်။ ဒါကြောင့် ခု...ကန်... ကြီးစောင်းမှာ မြေကြီးတစ်ခြံဝယ်ပြီး အိမ်တစ်လုံး ဆောက်... လိုက်ပြီ"

"တယ်ဟုတ်ပါလား မောင်ပန်းတိုင်။ မင်း အိမ်တွေ၊ ဘာ... တောင် ဆောက်ပြီးပြီကိုး..."

"ဟုတ်ပါတယ် ကြီးဒေါ်၊ ကျွန်တော် မြေဝယ်တာရော ... ဆောက်တာပါ စုစုပေါင်း...ငွေသုံးသောင်းလောက် ကုန်... ပါတယ်"

"ဪ...မင်းမှာ ငွေတွေ အဲဒီလောက်တောင် စုမိလိုက်တာ... မောင်ပန်းတိုင်ရဲ့၊ ခု...မညိုတို့ဆီ လာတာက ဘာကိစ္စ...



"အညာကို တက်လာတဲ့ကိစ္စက နိုင်ငံခြားပို့ ပဲ ဝယ်ချင်တာ က တစ်ကြောင်း၊ နောက်...နောက်တစ်ကြောင်းက..."

ကျုပ် ဘာဆက်ပြောရမှန်းမသိလို့ ပြောလက်စမှာ ရပ်လိုက်ရ ...ယ်။ ကြီးဒေါ်နဲ့ မညိုမြတို့ ဝိုင်းကြည့်နေကြလေရဲ့။ ကျုပ်လည်း ...မဆက်ဖြစ်တော့ပါ။ သူတို့ မစောင့်နိုင်တော့တဲ့အဆုံးမှာ ကြီးဒေါ် ...နောက်တစ်ကြောင်းက ဘာလဲ ပြောလေ သားရဲ့' ဟု ပြောတာ ...ယ်။ ဘာက စပြောရမှန်းမသိလို့ ငုံ့စားနေနိုက်မှာပဲ မညိုမြက ...ပြီး 'ဟုတ်သားပဲ ပြောပါ မောင်လေးရဲ့၊ တခြား ဘာကိစ္စရှိသေးလဲ' ...ဟု မေးပြန်တယ်။

အတော်ကြာကြာ ငုံ့စားနေရင်း ကျုပ် ... ...ောင်တာရပေမယ့် ကျုပ် ပြန်ပြောဖို့ အချိန်မရတော့ပါဘူး။ ဒါကြောင့် ...မျက်နှာ ရောက်လာလို့ ... ပြောလိုက်ပါတော့တယ်။

"ဒီလိုပါ ကြီးဒေါ်၊ ကျွန်တော့်မှာ လုပ်ငန်းတစ်ခုလည်း ရနေပြီ အိမ်တစ်လုံးလည်း ရှိနေပြီ စီးပွားရှာရတော့မယ်။ ဒါပေမဲ့ ရှာထားတဲ့စီးပွားကို ထိန်းသိမ်းပေးမယ့်သူ မရှိဘူး...ဖြစ်နေပါ တယ်။ အဲဒါကြောင့်..."

"ဪ...သိပြီ...သိပြီ... မောင်ပန်းတိုင်က အိမ်ထောင်ပြုဖို့ စဉ်းစားနေတာကိုး။ အညာကို တက်လာပြီး အိမ်ထောင်ဘက် ရှာတယ်ဆိုတော့ မင်း တွေ့ထားတာ အညာသူလေးပဲ ဖြစ်ရ

မယ်''

''ဟုတ်ပြီ...ပြော...၊ ငါ့မောင်...ဘယ်သူ့ကို လိုချင်နေတာ''

''ဟဲ...ဟဲ...ဟဲ...''

ကဲ...ကျုပ်...ဘာကို ဘယ်လိုမျက်နှာနဲ့ ပြောရမလဲ...ဗျာ

''ကြီးဒေါ်တို့ ကျုပ်ကို စိတ်ဆိုးချင်လည်း...ဆိုးတော့

ကျွန်တော် ပြောတော့မယ်၊ ကျွန်တော်...လက်ထပ်ယူချင်

က ဟောဒီ...မမညိုမြပါပဲ''

''ဟင်...မောင်ပန်းတိုင်''

''မင်း...မင်း...ဘာပြောလိုက်တယ်၊ ငါ့မောင်''

ကျုပ် ထပ်မပြောတော့ပါ...။

မမညိုမြ ရှက်မျက်နှာလေးကို ငုံ့ကာ ကျုပ်ကို တစ်လှည့်

မိခင်ကိုတစ်လှည့် မသိမသာကြည့်နေလေရဲ့။

သို့ပေမယ့် သူတို့နှစ်ယောက်ရော၊ ကျုပ်ပါ အတန်ကြာအော

စကားမပြောဖြစ်ဘဲ တိတ်ဆိတ်နေပါတယ်။ သူတို့ ဘာလို့ ဆွံ့အသွား

ကြမှန်း အတိအကျ မသိရပေမယ့် ကျုပ် နှုတ်ပိတ်သွားတာကတော့

အားလည်းနာ၊ ထိတ်လည်း စိုးထိတ်သွားလို့ပါ။ ဒီကိစ္စမျိုးဟာ မပြော

မပြီး၊ မတီးမမြည်ဆိုသလို ပြောမှဖြစ်မှာမို့...

''အဲဒီကိစ္စကို...ကြီးဒေါ်နဲ့ မမညိုတို့ ဆုံးဖြတ်ပေးကြ

ကျွန်တော် မနက်စောစော ညောင်ပင်သာရွာကို ခဏ သွား



မယ်။ ဘာသာအောင်တို့ ကိုကြီးပြူးတို့နဲ့ ပဲဝယ်ဖို့ကိစ္စ တိုင်ပင်

ပြီး သူတို့ဒေသမှာ ဒိုင်ဖွင့်ဝယ်ဖို့ သူတို့သားအဖကို တာဝန်

ပေးခဲ့ပြီး ပြန်လာပါမယ်။ အဲဒီအခါကြတော့မှ ကြီးဒေါ်နဲ့ မမ

တို့ တုံ့ပြန်မယ့်စကားကို ကျွန်တော် နားထောင်ပါ့မယ်''

ကျုပ် ထမင်းလက်စသတ်ပြီး အိပ်ထဲ ဝင်လာခဲ့ပါတယ်။ ကျုပ်

ပ်နေကျ ဘုရားခန်းမှာ ဖျာတစ်ချပ်ခင်းပြီး တုံးလုံးလှဲနေလိုက်ပါ

နောက်တစ်နေ့ နံနက်စောစောထပြီး ကျုပ် ညောင်ပင်သာရွာ

ထွက်လာခဲ့တယ်။ ထုံးစံအတိုင်းပြောရရင် ကျုပ် ရင်ထဲကနေ ညောင်

င်သာကို လှမ်းခဲ့ရတာပါ။ မမညိုကို လက်ထပ်ဖို့ ကြံရွယ်ခဲ့တာဟာ

ျုပ်အတွက် ရုတ်တရက် စိတ်ကူးပေါက်လာတဲ့အစီအမံ မဟုတ်ပါ

။ ကျုပ်ရင်ထဲမှာ နှစ်ပေါင်းများစွာ သည်းခံ စောင့်စားခဲ့ရတဲ့ စိတ်ကူး

''ပုဏ္ဏဒါရသသင်္ဂဟော'' ဟူသော ၃၈-ဖြာ မင်္ဂလာပါ

ားမယားကို ချီးမြှောက်ထောက်ပံ့ခြင်းသည်လည်း မင်္ဂလာတစ်ပါး

ဖြစ်တယ်။ ဘုရားရှင်ကိုယ်တော်တိုင်က သားမယားကို ထောက်ပံ့ကျွေး

မွေးသူအတွက် ကုသိုလ်တရား တများများဆောင်သည်ဟု ဟောတော်

မူတယ်။

ကျုပ်မှာ ထောက်ပံ့စရာ ဇနီးမယား မရှိသေးတော့ ကုသိုလ်

ရစရာတစ်ခု လျှော့နေတာပေါ့ဗျာ။ ကိုယ့်ဘက် ကိုယ်ယက်တာတော့ မဟုတ်ဘူးနော်။ ကျုပ်...အဲဒီကုသိုလ်တရား တိုးပွားရချင်တယ်။ ဒါ ကြောင့် ကျုပ် အိမ်ထောင်ဖက်ကို ရွေးချယ်ဖို့ စဉ်းစား ဆုံးဖြတ်ရတော ပေါ့။

မယား ဟုဆိုရာမှာ...

၁။ ဝဓကာသမာ = သူသတ်နှင့်တူသော မယား

၂။ စောရီသမာ = ခိုးသူနှင့်တူသော မယား

၃။ အယျာသမာ = အရှင်သခင်နှင့်တူသော မယား

၄။ မာတာသမာ = အမိနှင့်တူသော မယား

၅။ ဘဂိနီသမာ = နှမနှင့်တူသော မယား

၆။ သခီသမာ = မိတ်ဆွေနှင့်တူသော မယား

၇။ ဒါသီသမာ = ကျွန်နှင့်တူသော မယား

လို့ မယား (၇) မျိုး ရှိတယ်။

ဒီ (၇)မျိုးထဲက (က) သူသတ်မယား (ခ) ခိုးသူမယားနဲ့ (ဂ) သခင်မယားတို့ဟာ မယားကောင်းလို့ မဆိုထိုက်ပေဘူး။ ဒါ ကြောင့် သူတို့ကို မရွေးချယ်သင့်ဘူး။ အမိနဲ့တူတဲ့ မယား၊ နှမနဲ့တူတဲ့ မယား၊ မိတ်ဆွေနဲ့တူတဲ့ မယား၊ ကျွန်နဲ့တူတဲ့ မယား ဆိုတဲ့လေးမျိုး သောမယားတို့ဟာ မယားကောင်းတွေဖြစ်လို့ ရွေးချယ်သင့်တဲ့ မယား တွေပါပဲ။



မညီမြှာ နှမနဲ့တူတဲ့မယား၊ အမိနဲ့တူတဲ့မယား ဖြစ်နိုင်တာ ကို ကျုပ် ရွေးချယ်လိုက်တာပါ။

"မောင်ပန်းတိုင်...၊ ငါ့ညီ မောင်ပန်းတိုင် မဟုတ်လား"

ရွာလမ်းပေါ်မှာ မေးလာသူက ဘသာအောင်သားကြီး ကိုဖြိုး ဖြစ်ပါတယ်။

"ဟာ...ကိုဖြိုး ဘယ်သွားမလို့လဲ"

"လယ်ထဲ သွားမလို့ကွ"

"အခု နေကောင်းရဲ့လား မိသားစုတွေရော..."

"အားလုံး နေကောင်းတယ်။ မင်းကွာ ပျောက်သွားလိုက်တာ။ ဟင်း...ဟင်း...ရောင်ကြီးချွေကြီးတောင်း မရှိတော့ဘူး"

"ဟုတ်တယ် အစ်ကို။ အထုပ်သဘောအရ ပြောရင်တော့ ရွား ဟယ် လှုပ်ရှားနေရတော့...ရောင်ကြီးကို ဖြတ်ပစ်လိုက်ရတာ ပေါ့ဗျာ၊ ခင်ဗျားတို့ လယ်တွေ ရိတ်ပြီးကြပြီ မဟုတ်လား"

ကျုပ်တို့နှစ်ယောက် စကားတပြောပြောနဲ့ ဘသာအောင်တို့အိမ် ဘက် လျှောက်လာခဲ့ကြတယ်။

"ဟုတ်တယ်လေ၊ စပါးရိတ်ပြီးတော့ ဒီဆောင်းဦးပေါက်မှာ ပဲ စိုက်ထားတာကွ"

"ပဲ...ဟုတ်လား ကိုဖြိုး"

"ဟုတ်တယ်၊ ပဲ စမ်းစိုက်ကြည့်နေတာ၊ တို့တင် မကဘူးကွာ၊

ထယ်တိုင်းလိုလိုပါပဲ..."

"ဟဲ...ကိုဖြိုး သိပ်အရေးမကြီးရင်လည်း...သွားမနေနဲ့ဗျာ။ ကျွန်တော် ခင်ဗျားတို့နဲ့ တိုင်ပင်စရာရှိတယ်၊ လာ..."

ကျွန်ုပ် ကိုဖြိုးကို အိမ်ပြန်ခေါ်လာပြီး ဘသာအောင်နဲ့ တွေ့ပါတယ်။

"မောင်ပန်းတိုင်...တကယ့်ကို တစ်သွေးတစ်မွေးကြီး ဖြစ်လာပါလားကွ၊ အတော်လည်း ကြီးပွားနေပုံရတယ်"

"ကျွန်ုပ် ကြီးပွားတာထက် ဘကြီးသာအောင်တို့ကိုပါ ကြီးပွားစေချင်လို့ လာခဲ့တာပဲ"

"ဟော... တို့ကိုပါ ကြီးပွားစေချင်တယ်၊ ဟုတ်လား...မောင်ပန်းတိုင်"

"ဟုတ်တယ် ဘကြီးသာအောင်၊ ကျွန်ုပ်... နိုင်ငံခြားစစ်တပ်က လိုနေတဲ့ ပဲတွေ တင်ပို့ဖို့ အလုပ်တစ်ခု ရထားတယ်"

"ဟော...ဟုတ်လား အဆက်အသွယ် ထယ်ကောင်းပါလား မောင်ပန်းတိုင်၊ ကျွန်ုပ်တို့က ဘာလုပ်ရမှာလဲ ပြောပါဦး"

ကျွန်ုပ်အစီအစဉ်ကို ပြောပြလိုက်တဲ့အခါ သူတို့အရမ်းသဘော ကျသွားပါတယ်။ သူတို့ရွာမှာ ပဲအဝယ်ဒိုင်ဖွင့်ပြီး ပဲဝယ်ဖို့ကိစ္စ ဖြစ်တယ်။

"ပယ်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့...ကျွန်ုပ်တို့မှာမှ ငွေ



တာ"

"ငွေအတွက် ပူစရာလိုသေးလား အဘရယ်၊ ပန်းတိုင်ပေးမှာပေါ့၊ ဟုတ်တယ် မဟုတ်လား...ပန်းတိုင်"

"ဟုတ်ပါတယ် ဘကြီးသာအောင်၊ ကျွန်ုပ် ဘကြီးတို့သားအဖကို ယုံတယ်။ လိုသလောက်ငွေ ကျွန်ုပ်ပေးထားမယ်။ ကားတစ်စီးတိုက်လောက်ရရင် ရန်ကုန်ကို တစ်ခေါက်[illegible]ပို့ပေါ့"

"ဟော...ဘယ်သူ ပို့ရမှာလဲ"

"ကိုဖြိုး လာပို့ပေါ့၊ ဟုတ်တယ် မဟုတ်လား...အစ်ကို"

"မဖြစ်ပါဘူး ညီလေးရာ၊ အစ်ကို ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးဘူးကွ၊ ဖြစ်မယ်မထင်ပါဘူး"

"မပူပါနဲ့ အစ်ကိုရာ၊ ပထမဆုံးတစ်ခေါက် ကျွန်ုပ် လာခဲ့ပါ့မယ်။ နောက်အခေါက်တွေ အစ်ကိုဘာသာ လာခဲ့တာပေါ့"

"အေးပါလေ ကောင်းပါပြီ၊ မင်း ဦးဆောင်ပေးမယ်ဆိုရင်တော့ ငါ လုပ်ရဲပါတယ်"

ဟု ပြောကာ သူတို့ ကျေနပ်နေကြတယ်။

ကျွန်ုပ် ဘကြီးသာအောင်တို့အိမ်မှာ သုံးညအိပ်လောက် နေခဲ့ပါတယ်။ ပြန်ခါနီးမှ ဈေးသုံးဖို့ငွေ သီးသန့်ပေးပြီး ပဲဝယ်ဖို့ ငွေနှစ်သောင်း ပေးခဲ့ပါတယ်။ ကိစ္စပြီးတော့ ကျွန်ုပ် မန္တလေးကို လှည်းတစ်တန် ကားကြုံတစ်တန်နဲ့ ပြန်ခဲ့ပါတယ်။

တို့ရှင်း၊ လိုရင်းပြောရရင် မန္တလေးရောက်တော့ မညိုမြအိုက သတင်းကောင်း ကြားရပါတယ်။ ကျုပ်လည်း အချိန်မဆွဲလိုတာ ကြောင့် မညိုမြတို့ သားအမိကို ရန်ကုန် တစ်ခါတည်း ခေါ်လာခဲ့ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

"မဖြစ်သေးဘူးထင်တယ် မောင်ပန်းတိုင်၊ တို့ ဒီထမင်းဆိုင် က..."

"ဒါကို မပူပါနဲ့ ကြီးဒေါ်၊ အပြီးသာ ပိတ်လိုက်ပါ၊ ကြီးဒေါ်ဆိုင် က ကျွန်တော့်အိမ်လောက် တန်ဖိုးမရှိပါဘူး။ ကျွန်တော့်အိမ် ကို စောင့်ရှောက်ရင် ရပါပြီ"

"သမီး သဘောကရော..."

"ခုချိန်မှာ သမီးသဘောက မောင်လေး သဘောအတိုင်းပဲပေါ့ အမေ"

"ကဲ...ဒါဆိုလည်း ပြီးတာပါပဲ အေး၊ တို့ပစ္စည်းသိမ်းဖို့ လုပ်ရ မှာပေါ့၊ ဟုတ်တယ် မဟုတ်လား မောင်ပန်းတိုင်"

"သိပ်ဟုတ်တာပေါ့ ကြီးဒေါ်၊ ကဲ...လာ...မမညို ကျုပ်တို့ ဈေး ချိုဘက် သွားရအောင်၊ မမညိုတို့သားအမိအတွက်... လိုမယ့် ပစ္စည်းလေးတွေ ဝယ်ကြရအောင်"

ကြီးဒေါ်ပစ္စည်းသိမ်းချိန်မှာ ကျုပ်တို့နှစ်ယောက် ဈေးချိုသွားပြီး ပစ္စည်းလေးတွေ ဝယ်ဖြစ်ကြတယ်။ သူတို့သားအမိနှစ်ယောက်အတွက်



ရွှေထည်ပစ္စည်းတွေ အစုံကာဝယ်တာပါ။

ရန်ကုန်ရောက်တော့ ကျုပ် နှီးစပ်ရာ မိတ်ဆွေများကို ဖိတ်ခေါ်ပြီး ကျုပ်နဲ့ မညိုမြတို့ လက်ထပ်လိုက်ကြပါတယ်။ အိမ်မှာလည်း အိမ် တက်မင်္ဂလာပွဲ ပြုလုပ်လိုက်ပါတယ်။

ခုဆို ကျုပ်ဟာ အိမ်ထောင်ရှင်ပန်းတိုင် ဖြစ်နေပါပြီ...။

❖ ❖ ❖

၃၈-ဖြာ မင်္ဂလာဟာ
ဘဝတိုးတက်လိုသူတွေအတွက်
ရှုမြင်ရေး လမ်းညွှန်ချက်တွေပါ။
လိုက်နာကျင့်ကြံသူအတွက်
လောကီချမ်းသာကိုသာမက
လောကုတ္တရာချမ်းသာကိုပါ ရစေနိုင်တယ်။



# သတိတစ်ချက် လွတ်ခဲ့လို့

တစ်နှစ်လောက် အလုပ်လုပ်မိတယ်ဆိုရင်ပဲ ကျုပ်တို့ တော်တော် စီးပွားဖြစ်ခဲ့ပါတယ်။

အညာက ပဲကောက်ပေးနေတဲ့ ဘသာအောင်တို့မိသားစု တောင် သူတို့အိမ်ကလေးကို ပြင်နိုင်ပြီ၊ သူ့မြေးတွေကို ရှင်ပြုပေးနိုင်ခဲ့ပါပြီ။

အညာရှင်ပြုပွဲ မတိုင်ခင် တစ်ပတ်လောက်မှာ ကာနယ်လူးဝစ်တို့မိသားစု ရန်ကုန်ကို ရောက်လာကြပါတယ်။ သူ့အတွက် မြန်မာပြည်ကို နောက်တစ်ခေါက် တာဝန်ထမ်းဆောင်ဖို့ ရောက်လာကြတာဖြစ်ပါတယ်။ ဒီတစ်ခါမှာတော့ လူးဝစ်ဟာ ဗိုလ်မှူးကြီး (ကာနယ်) အဆင့်နဲ့ တာဝန်ကြီးကြီး ထမ်းဆောင်ဖို့ ပြန်ရောက်လာတာပါ။

သူတို့ကိုပါ ညောင်ပင်သာယာရွာ အလှူပွဲဆီ ခေါ်သွားလိုက်ပါတယ်။

ထိုစဉ်က မညီမြမှာ ကိုယ်ဝန် ရှိနေပါပြီ။

ဒါကြောင့် အလှူပွဲပြီးလို့ မြို့အပြန်မှာ ဘသာအောင်က သူ့တူမတစ်ယောက်ကို ကျွန်ုပ်တို့နဲ့အတူ ထည့်ပေးလိုက်ပါတယ်။ မညီမြကို ကူညီဖို့အတွက်ပါ။ ကျွန်ုပ်သားနဲ့ သမီးဟာ သူ့တူမလက်ပေါ်မှာ ကြီးခဲ့ရတာပါပဲ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ အဘွားကြီး ဆုံးသွားခဲ့တာပါ။

ဒါကြောင့် ခုသေတဲ့ တင်မေကို ကျွန်ုပ်တို့ဆီ ပို့ပေးလိုက်တာ...

ဦးပန်းတိုင်သည် သူ့စကားကို ခပ်သွက်သွက် အဆုံးသတ်လိုက်၏။ ကျွန်ုပ်တို့လည်း အတော်ကလေး ညောင်းသွားပါပြီ။ ဒါပေမဲ့ ကျွန်ုပ်ရင်ထဲမှာ သိချင်နေတာတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ ကာနယ်လူးဝစ်တို့ မိသားစုအကြောင်းပါ။

"ဒါနဲ့ ခုရော...ကာနယ်လူးဝစ် ရှိသေးလားဗျ"

"ရှိပါသေးတယ် ကိုအောင်မှိုင်၊ အင်္ဂလန်မှာပါ..."

"သူ့ အခု ဝန်ထမ်းပဲလား..."

"ဟုတ်တယ်။ ဒါပေမဲ့...အစိုးရဝန်ထမ်းတော့ မဟုတ်ဘူး။ သာသနာ့ဝန်ထမ်း ဖြစ်သွားပြီ..."

"ဘယ်လိုဗျ။ သာသနာ့ဝန်ထမ်း ဟုတ်လား..."

"ဟုတ်တယ် ကိုထွန်းလူ၊ သူ...မြန်မာပြည်မှာပဲ သာသနာ့ဘောင်ထဲ ဝင်လိုက်တယ်၊ ပြီးမှ...လန်ဒန်ကို ပြန်သွားတာ



မြဟ္မဏအမတ်ကြီး ပြောသလို သူ့ကျားတံဆိပ်တုံးကို နေရာတကျ ပြန်ထားပေးခဲ့တဲ့အတွက် ကျေးဇူးပြုတဲ့အနေနဲ့ ကာနယ်လူးဝစ်ကို ဗုဒ္ဓဘာသာဝင် ဖြစ်စေခဲ့တာပဲဖြစ်မယ်။ သူ့မိန်းမနဲ့ သမီးလေးလည်း ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကုန်ကြတယ်ဗျ"

"တယ်...ဟုတ်ပါလား"

မည်သို့ပင်ဖြစ်စေ၊ လူမျိုးခြားမိသားစုတစ်စု ဗုဒ္ဓဘာသာဝင်လာသည့်အတွက် ဂုဏ်ယူစရာပင် ဖြစ်ပါသည်။

"ကဲ...ဦးပန်းတိုင်ကို အချုပ်ခန်းထဲ ပြန်ခေါ်သွားတော့ ဆားပုလင်း"

ဌာနာအုပ် ဦးလှဘူး အမိန့်ပေးလိုက်သည်နှင့် ဆားပုလင်းက ဦးပန်းတိုင်ကို လှမ်းကိုင်လိုက်သည်။ ကိုထွန်းလူက သူ့ကို တစ်ချက် ကြည့်ကာ...

"ခဏတော့ သည်းခံပြီး နေလိုက်ပါဦး...ဦးပန်းတိုင်၊ ကျွန်ုပ် တရားခံကို တစ်ပတ်အတွင်း မိအောင် ဖမ်းမှာပါ။ တရားခံ မိတော့မှပဲ ဦးပန်းတိုင် မိသားစုဆီ ပြန်ပေါ့ဗျာ"

ဦးပန်းတိုင်၏မိသားစုများ အညာဘုရားဖူး သွားရာက ပြန်ရောက်ကြသေး။ ဆားပုလင်း သူ့ကို ခေါ်သွားသည်နှင့် ကျွန်ုပ်တို့ ...ယောက် စခန်းမှ ထွက်လာပါတော့သည်။

အပြန်လမ်းတစ်လျှောက်လုံး ကိုထွန်းလူ အတွေးမပြတ် ရှိနေ

သည့်အတွက် စကားမစသောကြောင့် ကျွန်ုပ်လည်း အလိုက်သိစွာ ဆိတ်နေလိုက်ပါသည်။ အိမ်ရောက်သည်အထိ သူ ဘာမှမပြော ပေ။ ကျွန်ုပ်လည်း ခေတ္တခဏနား၊ ရေချိုးပြီး ညနေစာစားရန် ပြင် နေသည့် တာတီးအနီးတွင် ယောင်လည်လည် လုပ်နေမိပါသည်။

"ဆရာ...၊ ဆရာ ဦးထွန်းလူ ဘာဖြစ်နေလဲဗျ"

"တွေးနေတာလေကွာ၊ အမှုကွင်းဆက်တွေကို...တွေး ဒါကြောင့် ငါတောင်...သူ့ကို ထမင်းစားမခေါ်ဘဲ ငါ ငါစားမလို့"

"ကျွန်တော် ခေါ်လိုက်ပါ့မယ် ဆရာ..."

တာတီး ကိုထွန်းလူ ထိုင်နေရာ ညှော်ခန်းသို့ သွားလေ

မကြာခင် တာတီးနှင့် ကိုထွန်းလူတို့ ရောက်လာပြီး၊ ကျွ သုံးယောက် ထမင်းအတူစားကြ၏။ ထိုနေ့ည ကိုးနာရီခန့်တွင် ကျွ အိပ်ရာဝင်ခဲ့သော်လည်း ကိုထွန်းလူတစ်ယောက် ဝရံတာ၌ ထိုင်တွင် ထိုင်တွေးနေဆဲ...။

နောက်နေ့နံနက် ကျွန်ုပ် အိပ်ရာမှ ထလာသောအခါ ကို လူ အိမ်မှာ မရှိတော့ပေ။ ကျွန်ုပ်အတွက် စာတိုကလေးတစ် ရေးထားပေးခဲ့၏။

*ကိုအောင်ပွင့်*

*ကျုပ် သေသူ နံဘေးမှာတွေ့တဲ့ မြေအမျိုးအစား*



*ဟိုနားသည်နား ထွက်သွားပါတယ်။*

*ညနေမှ တွေ့ရတာပေါ့။*

*ထွန်းလူ*

ထို့ကြောင့် ကျွန်ုပ် ရုံးတက်ရန် ပြင်ဆင်ပြီး ထိုနေ့တစ်ရက် ုံးတက်ခဲ့ပါတော့သည်။ ရုံးသာ တက်နေရသော်လည်း စိတ်က ကို ထွန်းလူဆီ ရောက်နေပါသည်။ ဒီလူ ဘယ်ရောက်အောင် လျှောက်သွား နေပါလိမ့်ဟု တွေးနေမိခြင်းဖြစ်ပါသည်။ သို့သော် ညနေ အိမ်ပြန် ရောက်လျှင်ဖြင့် သူ သွားလာခဲ့သည့်အကြောင်း သိရမည်မို့ ကျွန်ုပ် အမြန်ဆုံး ညနေစောင်းလိုပါသည်။

ထိုနေ့ညနေ ကျွန်ုပ်တိုက်ခန်း ပြန်ရောက်တော့ ကိုထွန်းလူ သူ့ရှေ့ရှိ စားပွဲပေါ်တွင် စက္ကူပိုင်းကလေး ခုနစ်ခုခန့် ချထားလျက် သူ့လက်စွဲတော် မှန်ဘီလူးဖြင့် အသေးစိတ် ကြည့်နေသည်။ စက္ကူပိုင်း ကလေးထဲတွင် မြေမှုန့်များ ရှိနေပြီး ထိုမြေမှုန့်တစ်ခုကို ယူလိုက်၊ မှန် ဘီလူးနှင့်ကြည့်လိုက်၊ ပြန်ချထားလိုက်နှင့် အလုပ်ရှုပ်နေ၏။

ကျွန်ုပ် ဘာမှ မမေးသေးဘဲ၊ အခန်းထဲမှာ အဝတ်အစား ဝင်လဲ ပြီးမှ သူနှင့် မျက်နှာချင်းဆိုင်တွင် သွားထိုင်လိုက်ကာ...

"ဒိုင်ဆေး...ဘာတွေ ဒီလောက် စိတ်ဝင်စားနေတာလဲဗျ"

"ဟာ...ကိုအောင်ပွင့် ရုံးကပြန်လာပြီ၊ ကျုပ် မြေကြီးတွေ

သုတေသန လုပ်နေတာလေဗျာ။ သေသူအနားမှာ တွေ့ ...
အမျိုးအစားနဲ့ တူတဲ့အရပ်ကို ရှာနေတာ''

''သဲလွန်စ ရပြီလား...ဗျ''

''အင်း...နည်းနည်းတော့ နီးစပ်နေပြီ။ လှည်းကူးဘက်က ...
ဟာ သေသူအနီးမှာ တွေ့တဲ့မြေနဲ့ တော်တော်လေး တူတယ် ...

''ခင်ဗျားဟာကလည်းဗျာ...ကောက်ရိုးပုံထဲ ကျတဲ့အပ်ကို ...
နေရသလိုပဲ...''

''ဟင်း...ဟင်း...ဒါမှ...ပညာ...ဗျ...၊ ပုလိပ်တွေလို ...
လူ ဖမ်းပြီး ဝန်ခံခိုင်း...၊ တရားခံမဟုတ်လို့ ဝန်မခံတော့ ...
ရိုက်၊ လက်လွန် ခြေလွန်တွေဖြစ်၊ နောက်မှ...မှားမှန်းသိ ...
စုံထောက်တွေရဲ့အလုပ် မဟုတ်ပေဘူး။ စုံထောက်ဆိုတာ ...
ထောက်လှမ်းတဲ့နေရာမှာ...စေ့စပ် သေချာရမယ်။ ခိုင်လုံ ...
သက်သေရှိရမယ်။ တရားခံကို ရိုက်စစ်ပြီး ဝန်ခံခိုင်းတာထက် ...
လူသက်သေ ပစ္စည်းသက်သေ ပြလိုက်လို့ တရားခံကိုယ်တိုင် ...
ဝန်ခံတာမှ စုံထောက်ကောင်းဗျ''

သူ၏ စုံထောက်ဗေဒသနကို နားထောင်ရင်း...

''ဘာပဲဖြစ်ဖြစ် ထမင်းတော့ စားလိုက်ပါဦးဗျာ။ လာ''

ဟု ကျွန်ုပ်ခေါ်၍ ကိုထွန်းလူ ထမင်းစားပွဲသို့ ထ,လိုက်လာ
သည်။ ထမင်းအတူ စားကြရင်း...



''မနက်ဖြန် ကျွပ် လှည်းကူးဘက် သွားမယ်။ ခင်ဗျား လိုက်ဦး
မလား''

''အရေးမကြီးရင် ကျွပ် မလိုက်တော့ပါဘူးဗျာ''

''ကောင်းပြီလေ...၊ မနက်စောစော ဗဟန်းဂတ် ဝင်ပြီး...ဦးပန်း
တိုင်နဲ့ လက်ဖက်ရည် အတူသောက်လိုက်ဦးမယ်။ ပြီးမှ ခရီး
ဆက်မှာဗျ''

''ဒါဆိုရင်တော့ ကျွန်တော် ဗဟန်းဂတ်အထိ လိုက်ခဲ့မယ်ဗျာ။
ဦးပန်းတိုင်နဲ့ လက်ဖက်ရည်သောက်ပြီး ခင်ဗျား... လှည်းကူး
သွားမှ ကျွန်တော် ရုံးသွားမယ်''

ဦးပန်းတိုင်သည် (ကိုထွန်းလူ သုံးသပ်ချက်အရ) တရားခံမဟုတ်
... ကျွန်ုပ်စိတ်တွင်း၌မူ သူ တရားခံ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်
...စေ သူ့ကို ခင်မင်နေ၏။ ယခုခေတ်အခါ၌ ခေတ်ပညာတတ်ဆိုသူ
...က ဒေကာနက်ကျီ၏ ဘဝအောင်မြင်ရေးကျမ်းများကို စံထား၍
...ခရီးကို လျှောက်လှမ်းနေချိန်တွင် သူက ဘုရားရှင် ဟောကြားတော်
...သော မင်္ဂလာတရားတော်ကို လူမှုရေးလမ်းညွှန်အဖြစ် လိုက်နာ
...ှင့်သုံးခဲ့သည်။

ထိုအရာကို ကျွန်ုပ် မေ့ ...မိခဲ့ပါ။ ဦးပန်းတိုင်နှင့် တွေ့တာမှ
...လာတရားတော်၏ ဘဝတိုးတက်မှု လူမှုရေး လမ်းညွှန်ချက်များကို
...ထားမိခဲ့ပါသည်။ ထို့ကြောင့် စာအုပ်စာတမ်းများ ပြန်လည်ရှာဖွေ

ဖော်ရမည်ဟု စိတ်ကူးထားပါသည်။

ဘဝအတွေ့အကြုံ ရင့်ကျက်ပြီး စီးပွားဥစ္စာ ချမ်းသာနေပြီဖြစ်သော ဦးပန်းတိုင်လိုလူတစ်ယောက်၏ ဘဝနောက်ကြောင်းကို နားထောင်နေရခြင်းက တက်ကျမ်းစာအုပ်ကို ဖတ်နေရသကဲ့သို့ ဘဝခရီးသည်များ လေ့လာ၊ မှတ်သား၊ လိုက်နာ၊ ကျင့်သုံးဖွယ်ရာများနှင့် ပြည့်နှက်နေလေသည်။

ဪ…သူ ခု ရင်ဆိုင်နေရသော အမှုအခင်းမှ လွတ်ပါမည်လား…။

စင်စစ် ၃၈ ဖြာ တရားတော်ကို လေ့လာကြည့်ပါက လောကချမ်းသာကိုသာမက လောကုတ္တရာ ချမ်းသာအစစ်ဖြစ်သော မဂ်ဖိုလ်သို့တိုင် အကျိုးပေးသည့် တရားတော်ဖြစ်ကြောင်း တွေ့ရှိရမည်ပင်…။

❖ ❖ ❖



*တရားမျှတခြင်းက*
*အဓမ္မဝါဒီကို အနိုင်ရတတ်၏။*
*ဥပဒေကိုလှည့်စား၍ ရသော်လည်း*
*ကိုယ်ပြုသည့်ကံ ကိုယ်ဆီပြန်လာခြင်းကို*
*တားဆီး၍မရ…။*

# တရားခံမိပြီ

ဦးပန်းတိုင်ကို အချုပ်ခန်းတွင်းမှ ခေါ်ထုတ်လာပြန်၏။ အချုပ်ထဲမှာ ရက်အတန်ကြာ နေပြီးသော်လည်း သူ့မျက်နှာပေါ်မှ အကြည့်စာတ်တို့ ယုတ်လျော့ မသွားဆဲပေ။

''ကျန်းမာရေး ကောင်းပါတယ်နော်...ဦးပန်းတိုင်''

''ကောင်းပါတယ် ဦးထွန်းလှ၊ ဒါနဲ့...ဦးထွန်းလှ စုံထောက်နေတဲ့ကိစ္စ ဘယ်အဆင့်ထိ ရောက်နေပြီလဲ''

''အခြေခံအချက်တွေတော့ ရထားပါပြီ၊ ဒါပေမဲ့ ကြားမှာ ချို့ယွင်းလေးတစ်ခုများ သိရမလားလို့ လာမေးတာပါ''

''မေးပါ...ခင်ဗျား ကျုပ် အမှန်အတိုင်း ဖြေပါ့မယ်''

ထိုစဉ် ကျွန်ုပ်တို့ ဝယ်ခိုင်းထားသော လက်ဖက်ရည် ရောက်လာသဖြင့် ဦးပန်းတိုင်ကို လက်ဖက်ရည် ထည့်တိုက်သည်။

ဦးပန်းတိုင် လက်ဖက်ရည် အနည်းငယ်သောက်ပြီးမှ ကိုထွန်းလှက သူ၏ဩဇာအပြည့်ရှိသောအသံဖြင့် တစ်လုံးချင်း မေးလိုက်ပါသည်။



''လှည်းကူးဘက်မှာ ဦးသာအောင်တို့ အမျိုးထဲက တစ်ယောက်ယောက်များ...ရှိနေသလားဗျ''

အလွန်ဣန္ဒြေကောင်းသော ဦးပန်းတိုင် သောက်လက်စ လက်ဖက်ရည်ခွက် ခေတ္တခဏကလေး တန့်ခနဲ ဖြစ်သွား၏။ သို့သော် ချက်ချင်း ဆက်သောက်သည်။ သတိထား ကြည့်နေသော ကျွန်ုပ်ပင် ဦးပန်းတိုင် အမူအရာပျက်သည်ကို မသိလိုက်ပါ။ ကိုထွန်းလှက ပြုံးပြီး...

''အဲဒါ...ဘယ်သူလဲ ဦးပန်းတိုင်''

''ကျုပ်...မသိဘူး ဦးထွန်းလှ''

''ဟင်း...ဟင်း...ဦးပန်းတိုင်၊ ၃၈-ဖြာ မင်္ဂလာကို ထုံးလိုချေ ရေလိုနှောက်ခဲ့ပေမယ့် လောကနိတိနဲ့တော့ ဖော်ရတယ်ဗျ၊ အစ္စသမာ ပေမာနတ္ထိ ဆိုတာ ဘာကိုပြောတာလဲ''

''မိမိကိုယ်ထက် ချစ်အပ်သောသူသည် မရှိတဲ့...''

''ကဲ...ဦးပန်းတိုင်၊ ကိုယ့်ထက် ပိုချစ်ရမယ့်သူများ ရှိနေသလားဗျ''

ဦးပန်းတိုင် ခေါင်းကို လေးတွဲစွာခါရင်း...

''ကိုယ့်ထက် ပိုချစ်အပ်တဲ့သူရယ်တော့ မရှိပါဘူး ဦးထွန်းလှ

ရယ် ဒါပေမယ့်"

ဟုပြောပါသည်။ သူ့စကား မဆုံးသေးပါ။ ဆက်ပြောရန် ရှိနေသော်လည်း မပြောဘဲ အချိန်အတော်ကြာကြာ ဆိုင်းငံ့နေ၏။

"ပြောပါ ဦးပန်းတိုင်၊ ကျွန်တော် နားလည်ထားသလောက်ဆိုရင် ၃၈ - ဖြာ မင်္ဂလာတရားတော်ဟာ လောကီချမ်းသာတင်မက၊ လောကုတ္တရာချမ်းသာကိုပါ...ပေးစွမ်းတတ်ပါတယ်၊ ခင်ဗျားဟာ...လောကီချမ်းသာကို ခံစားရတယ် ဆိုပေမယ့် လောကုတ္တရာချမ်းသာအတွက် ကြိုးကုတ်ရဦးမယ်လေ...၊ ဒီအတွက် ခင်ဗျား ရှင်သန်သင့်တယ်၊ လွတ်လပ်သင့်တယ်"

ကျွန်ုပ် ဝင်ပြောလိုက်သော စကားက ဦးပန်းတိုင်အချက်ကို ထိသွား၏။ သူ သက်ပြင်းတစ်ချက် လေးတွဲ့စွာ ချလိုက်ပြီး လက်ဖက်ရည်ခွက်ကို မော့သောက်ချလိုက်သည်။ ပြီးမှ...

"ဘသာအောင်ရဲ့ သားအကြီး ကိုတိုးပါ။ သူက... အရင်ကတည်းက ရွတ်ဆတ်ဆတ် မာကျောကျောပါ။ ရန်ကုန်ဘက်ကို ပြောင်းလာနေတာ ဆယ်နှစ်လောက်ရှိပါပြီ။ သူ လှည်းကူးဘက်မှာ နေတယ်ဆိုတာ တင်မေပြောလို့ ကျုပ် သိရတာပါ"

ထိုအခါ ကိုထွန်းလှက...

"ဒါဆို...တင်မေနဲ့ ကိုတိုး အဆက်အသွယ် ရှိတယ်ပေါ့ ဟုတ်လား...ဦးပန်းတိုင်"



ဟု ဝင်မေးသည်။ ဦးပန်းတိုင် ခေါင်းညိတ်ပြပြီး...

"ဟုတ်ပါတယ်၊ တစ်ခါတလေ သူ...ကိုတိုးတို့အိမ်ကို ညအိပ်ညနေ သွားတတ်ပါတယ်။ ဆွေမကောင်းမျိုးမကောင်းမို့ ကျုပ်လည်း သူ့ကို ခွင့်ပြုထားတာပါ"

"ကျေးဇူးပါပဲ ဦးပန်းတိုင်၊ ကျုပ်တို့ကို ခွင့်ပြုပါဦး...ဦးလေးဘုး"

ကိုထွန်းလှ ထ,ရပ်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

ပြီးနောက် စခန်းအပြင်သို့ ခပ်သွက်သွက် လျှောက်ထွက်သွား၏။ ကျွန်ုပ်လည်း သူ့နောက်မှ ကမန်းကတန်း ပြေးထွက်ခဲ့ရပါသည်။ သို့သော် ကိုထွန်းလှက ကျွန်ုပ်ကို မခေါ်ဘဲ ထားရစ်ခဲ့လေသည်။ ကျွန်ုပ်လည်း တစ်ယောက်တည်း ကျန်ခဲ့မယ့်အတူတူ ဗဟန်းဂိတ်ကနေ ရုံးဘက်ကို ကားစီးပြီး ထွက်လာခဲ့ပါသည်။

ကျွန်ုပ် ရုံးတက်ခဲ့ရသော်လည်း စိတ်မဖြောင့်ပါ။ ကိုထွန်းလှ ဘာတွေ လုပ်နေသလဲဆိုတာ သိပ်သိချင်နေပါသည်။ အိမ်ပြန်ရောက် လျှင်ရောက်ချင်း ကိုထွန်းလှကို တွေ့ချင်စောနဲ့...

"ကိုထွန်းလှ...အိုင်ဆေး...ပြန်ရောက်ပြီလားဗျ"

"ဟာ...ဆရာဦးအောင်မှိုင် အိမ်ပေါ်ရောက်တာနဲ့ ဆရာ ဦးထွန်းလှကိုပဲ ခေါ်နေတယ်။ ဆရာ ပြန်မရောက်သေးဘူးဗျ"

"ဟေ...ဒီအချိန်ထိ ပြန်မရောက်သေးဘူးလား"

ကျွန်ုပ်လက်မှ နာရီကို ကြည့်လိုက်သည်။

ညနေ ငါးနာရီကျော်စပင် ရှိသေးသည်အတွက်...

''အေးလေ...ငါ စောင့်ပါဦးမယ်ကွာ။ သူ...ဒီနေ့သွားတဲ့ကိစ္စ အကြောင်း ငါ သိပ် သိချင်နေတယ်''

ဟု ပြောပြီး ရေချိုးခြင်း၊ ထမင်းစားခြင်း ပြုလိုက်သည်။ ပြီးမှ နေ့စဉ်သတင်းစာတစ်စောင်ဖတ်ရင်း ကျွန်ုပ် ကိုထွန်းလူ ပြန်အလာ ကို ယှိုင်စောင့်နေဖြစ်သည်။

အမှု အစအဆုံးကို ပြန်သုံးသပ်သော် ရိုးရိုးရှင်းရှင်းကလေး ဖြစ်နေသည်။

ပုလိပ်များ၏ သုံးသပ်ချက်အရ အိမ်ကြီးထဲတွင် မတင်မေနှင့် ဦးပန်းတိုင်သာ ရှိသည်။ ဦးပန်းတိုင် စိတ်ဖောက်ပြန်ကာ မတင်မေကို မတရားကြံစည်ပြီး လက်လွန်၍ သတ်ပစ်ခဲ့မိသောကြောင့် မတင်မေ သေဆုံးရသည်။ ဆေးစစ်ချက်အရ သေဆုံးသူ မတင်မေသည် ယောကျ်ား တစ်ယောက်နှင့် ကာမစပ်ယှက်ပြီးခါမှ သေဆုံးရသည်ဟု ရေးထား သည်။

ဦးပန်းတိုင် တရားခံမဟုတ်ဟု ကိုထွန်းလူ တစ်ယောက်တည်း ဆုံးဖြတ်ကာ တရားခံကို မြေလှန်ရှာနေလေပြီ။ အကယ်၍ သူ တရားခံ ရှာမတွေ့ခဲ့ပါက မင်္ဂလာဦးပန်းတိုင်တစ်ယောက် အမျိုးသမီးတစ်ယောက် ကို ကာမစပ်ယှက်ပြီး သတ်ပစ်ခဲ့သည့်အမှုအတွက် အနိမ့်စပ်ဆုံး ပြစ်ဒဏ် မှာ သေဒဏ်ပင်ဖြစ်သည်သို့ မလွဲမသွေ သေဒဏ်ခံရလေတော့မည်။



၃၈-ဖြာ မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးခဲ့ပါသည် ဆိုသော ဦးပန်းတိုင်သည် ဘုရားရှင်၏ နောက်ဆုံး အမှာစကားဖြစ်သော **'အပ္ပမာဒေန သမ္ပာဒေထ'** ဟူသော မမေ့မလျော့သော သတိတရား နှင့် နေရမည့် အရေးအကြီးဆုံးသောအချက်ကို မေ့လျော့နေခဲ့သည် ထင်၏။ ယခု သတိတစ်ချက် လက်လွတ်ဖြစ်ခဲ့ရသည့်အမှုက သူ့ဘဝ ကို နိဂုံးချုပ်စေတော့မည်။ သူ့ဘဝကို ကယ်တင်မည့်သူမှာ ကိုထွန်းလူ အပတ်တကုတ် ရှာနေသော တရားခံပင် ဖြစ်သည်။

ကိုထွန်းလူတစ်ယောက် တရားခံကို ဖမ်းမိလာပါစေဟု ကျွန်ုပ် ဆုတောင်းနေမိပါတော့သည်။

ကျွန်ုပ် မှေးခနဲ တစ်ချက်ဖြစ်အသွားမှာ လှေကားမှ တက်လာ သောခြေသံကို ကြား၍ ခေါင်းထောင်ကြည့်မိတော့ ကိုထွန်းလူက ကျွန်ုပ် ရှေ့တွင် ဝင်ထိုင်လိုက်ပြီး...

''ဟဲလို...ဆိုင်ဆေး...အဆင်ပြေခဲ့ရဲ့လား...ဗျ''

''အင်း...မဆိုးပါဘူး။ ကျုပ် မနက်ဖြန် မန္တလေးဘက် ခရီး ထွက်မယ်။ ခင်ဗျား လိုက်မယ်မဟုတ်လား ကိုအောင်မွန့်''

''ဗျာ...မနက်ဖြန်၊ လိုက်မှာပေါ့ ကျွန်တော် ဘာတွေ ပြင်ဆင် ထားရမလဲ...ဆိုင်ဆေး''

''ဘာမှ ပြင်မနေပါနဲ့ဗျာ။ ကျုပ်တို့ အမရပူရဘက် သွားမှာ၊ ဘသာအောင်တို့ရွာကို သွားမယ်။ အမှုရဲ့...သဲလွန်စတွေအရ

တရားခံဟာ သူတို့ရွာမှာပဲလို့ ကျုပ် ယူဆတယ်ဗျာ။ အဝတ်အစားလေး တစ်စုံနှစ်စုံ ထည့်ဗျာ။ ကျုပ်က...ဆေးဝါးမန္တရား ဗေဒင်ပညာရှင်၊ ဂဏ္ဍာရီလှည့်နေတဲ့ ပုဂ္ဂိုလ်၊ ခင်ဗျားက... ကျွန်တပည့်''

''ဗြို၊ ဒါဆို ကျွန်တော် သိသွားပြီ၊ မနက်စောစော ဘယ်အချိန် ထွက် သွားမလဲ''

''မိုးမလင်းခင်...ထွက်ကြမယ်''

ခေတ္တခဏ အိပ်လိုက်ကြပြီး နောက်နေ့ ကြို့မနိုးခင်မှာ ကျွန်ုပ် နှင့် ကိုထွန်းလူတို့ ခရီးစထွက်ခဲ့သည်။ ကိုထွန်းလူက ဖျင်ကြမ်းအင်္ကျီ ဖျင်ကြမ်းတိုက်ပုံနှင့် အညာလုံချည်ကြမ်းကြီးကို ဝတ်လျက် လွယ်အိတ် ကြီးတစ်လုံးကို လွယ်ထားသည်။ ကျွန်ုပ်ကိုယ်၌ တိုက်ပုံ မပါသည့်အပြင် လွှဲ၍ လုံးကွင်းနှင့် ဖျင်အင်္ကျီသာ ဝတ်ဆင်ထား၏။

ရန်ကုန်–မန္တလေး ဓာတ်ရထားကြီးကို ကွမ်းခြံဘူတာမှ စီးခဲ့ သည်။

''အိုင်ဆေး...ခုလို ဝတ်ထားတော့ မြင်တော့ ဆရာပိုင်ကို သင် ရတယ်ဗျာ''

''ဟား...ဟား...ဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ကျုပ်က အတည် ဆရာပိုင်က အစစ်ဗျ၊ ခင်ဗျားကို သတိပေးထားဦးမယ် ကျုပ်ကို အိုင်ဆေးတွေ၊ ဘာတွေ မလုပ်နဲ့တော့နော်...။



ဆရာတစ်ယောက်လို ဆက်ဆံ၊ ဟုတ်ပြီလား...''

နောက်တစ်နေ့ နေ့လယ်မှာ မန္တလေးရောက်ပြီ၊ ထိုနေ့တွင်း ချင်းမှာပင် ကျွန်ုပ်တို့ အမရပူရဘက်သို့ ကူးကာ ညောင်ပင်သာရွာ သို့ လာခဲ့ကြသည်။

ရွာဦးကျောင်း ဆရာတော်ထံ ဝင်ရောက် တည်းခိုရင်း ကိုထွန်း လူက ဝတ္ထုငွေ တစ်ဆယ်ကျပ်ကို လှူသည်။

''ဒကာကြီးတို့ ဘယ်ကလာလို့ ဘယ်သွားကြမှာလဲ...ကွယ့်''

''တပည့်တော်တို့ မြန်မာပြည် လှည့်နေတာပါ ဘုရား။ ခု ပုပ္ပါး ဘက်က ပြန်လာတာပါ''

''ဪ ပုပ္ပားက လာတာကိုးကွယ့်။ ဒီကို ဘာကိစ္စ လာတာ လဲ''

''အထက်က အမိန့်အရ ညောင်ပင်သာဆိုတဲ့ရွာကို လာရှာတာ ပါ။ ညောင်ပင်သာရွာဘုန်းကြီး ဦးကေသရဟာ တပည့်တော်ရဲ့ ဘဝဆက်က ချွေမျိုးသားချင်း ဖြစ်ခဲ့တယ်ဆိုလို့... လာတာပါ ဘုရား''

''ဟေ...ကျုပ်ဟာ ဒကာကြီး ဘဝဆက်က ချွေမျိုး...၊ ဟုတ် ရဲ့လား။ ဒကာကြီး''

''ဟုတ်မဟုတ်တော့ မသိပါဘူးဘုရား။ တပည့်တော်ကိုလည်း ပုဂ္ဂိုလ်ပြောလို့ သိရတာပါ''

"ပုဂ္ဂိုလ်...ဘယ်ပုဂ္ဂိုလ်လဲ...ကွ"

"အဲဒါလည်း...တပည့်တော် မသိပါဘူးဘုရား...၊ ပုပ္ပားမှာ သိခဲ့ရပါတယ်၊ ဒါနဲ့ ဦးကေသရဆိုတာက..."

"ကျုပ်ပဲ ဒကာကြီး ကျုပ်ပဲ၊ အင်း...ဖြစ်လည်း ဖြစ်နိုင်ပါတယ်လေ။ ဒကာကြီးကို မြင်လိုက်ကတည်းက ကျုပ်စိတ်ထဲမှာ ခင်သွားသလိုပဲ။ နောက်ပြီး...ဆွေမျိုးရင်းချာတစ်ယောက်နဲ့ တွေ့လိုက်ရသလို ခံစားလိုက်ရတယ် ဒကာကြီး"

ကျွန်ုပ် ကိုထွန်းလှကို တစ်လှည့်၊ ဆရာတော်ကို တစ်လှည့် ကြည့်နေဖြစ်၏။ သူတို့ ပြောနေသည့် အကြောင်းအရာနှင့် ပတ်သက်၍ လုံးဝ နားမလည်တော့ပေ။ ဘာပဲဖြစ်ဖြစ် အလိုက်သင့် နေလိုက်သည့်အတွက် ကျွန်ုပ်တို့ ဆရာတော့်ကျောင်းမှာ တည်းခိုခွင့်ရခဲ့သည်။ ထို့အပြင် စားရေးသောက်ရေးအတွက်ပါ ပူစရာမလိုပေ။ ဆရာတော် ဆွမ်းစားပြီးသည်နှင့် ကျွန်ုပ်တို့အတွက် ထမင်းပွဲ အဆင်သင့်...။

နောက်နေ့နံနက်၌ ကံအားလျော်စွာ ဘသာအောင်တစ်ယောက် ဆရာတော့်ဆီ ရောက်လာသည်။ သူ ဆရာတော်ကို ဝတ်ဖြည့်စဉ် ဆရာတော်က...

"ဒကာကြီး ဦးသာအောင်၊ ကျောင်းမှာ ကျုပ်အမျိုးတွေ ရောက်နေတယ်ဗျ...၊ ဟောဟိုမှာ"

ဆရာတော် လှမ်းညွှန်ပြသည်က ကိုထွန်းလှကိုဖြစ်သည်။



ကိုထွန်းလှတစ်ယောက် ဘုရားခန်းမှာ အာရုံပါနေ ကမ္မဋ္ဌာန်းဖြစ်နေ၏။

"အရှင်ဘုရား အမျိုးရှိတယ် မကြားမိပါဘူး...ဘုရား"

"ဟုတ်ပဗျာ...၊ ဟိုတုန်းကတော့ မရှိဘူး။ ခုတော့ ရှိနေပြီလေ၊ ဟောဟို တရားထိုင်နေတဲ့ ဒကာက ဘဝတစ်ခုမှာ... ကျုပ်ရဲ့ အမျိုးတော်ဖူးလို့ ကျုပ်ဆီကိုလာပြီး... ခေတ္တ တရားအားထုတ်တာတဲ့ဗျ"

"အဆန်းပါလား...ဘုရား...၊ ဘဝတစ်ခုမှာ...ဆွေမျိုးတော်ခဲ့တယ်ဆိုတော့..."

"ဘာမယုံစရာရှိလဲ ဦးသာအောင်ရယ်၊ သံသရာမှာ ကျင်လည်ခဲ့ရတဲ့ ဘဝတွေက များလွန်းလှတော့...တစ်ယောက်နဲ့တစ်ယောက် ဆွေမျိုးတော်ခဲ့ဖူးကြမှာပါပဲ...။ ဘဝနီးတာလောက်ကိုတော့ သိနိုင်ပြီး ဘဝဝေးတော့လည်း မသိနိုင်ဘူးပေါ့။ တခြားမကြည့်နဲ့ ဘသာအောင်တို့ပဲ ကြည့်လေ..."

တရားအထိုင်ဖြုတ်ရာမှ လှမ်းပြောရင်း ကိုထွန်းလှ ထ,ရပ်ကာ ...ဝိုင်းရှိရာသို့ လျှောက်လာနေသည်။ ဦးသာအောင်က သူ့အားသည် ...တရင်းတနီး ခေါ်ပြောနေသော ကိုထွန်းလှကို တအံ့တဩ ကြည့်...သည်။

"ကျုပ်က ဘာဖြစ်နေလို့လဲ...သူငယ်"

"အဘတို့ရဲ့ တဲသာသာ အိမ်ကလေးကနေ ခုလို...သူ့မိ
ဆောင် ဖြစ်လာရတာဟာ ဟိုဘဝတစ်ခုမှာ အမျိုးတော်
လူတစ်ယောက်ရဲ့ ကူညီထောက်ပံ့မှုနဲ့ ဆောက်ထားတာ မ
လား"

ဦးသာအောင်မျက်နှာမှာ ကြုံမြွေမဆည်နိုင်လောက်အော
အံ့သြသွားသည်။

"သူနဲ့ အဘတို့ဟာ...မမျှော်လင့်ဘဲ ဆုံတွေ့လာရ
သံယောဇဉ်ဖြစ်ခဲ့ကြပြီး ဒီလူက ခုထိ...အဘတို့မိသား
စောင့်ရှောက်နေတယ် မဟုတ်လား"

"သူငယ်...ကျုပ်တို့ကိစ္စတွေကို သူငယ် သိနေတယ်...
လား"

"ဟုတ်ပါတယ် ခင်ဗျား။ အဘသားကြီးက မောင်တိုး
က မောင်ဖြိုးပါ၊ သမီးငယ် တစ်ယောက်လည်း...ရှိသေး
လေ၊ မောင်ဖြိုးက လိမ္မာပေမယ့် မောင်တိုးက... မ
တော့ မိုက်ဇက်ပါ ဆိုသလို..."

"တော်ပါတော့ သူငယ်၊ မောင်တိုးအကြောင်းတော့ မ
တော့ကွယ်၊ ကျုပ်တို့မိသားစုမှာ သူက...တစ်ဘဝ
မိဘစကားထောက် မယားစကား နားထောင်တဲ့သူလေ၊
တိုင် ကြီးပွားတာ၊ မြင်တော့ သူလည်း ကြီးပွားအောင်



ဆိုပြီး မြို့တက်သွားလိုက်တာ...သူချမ်းသာတယ်။ မချမ်းသာ
တယ်တော့ မသိဘူး။ တစ်လောက မြန်ရောက်လာတယ်လေ"
ကိုထွန်းလူ စကားလက်စကိုဖြတ်ပြီး ဆရာတော်ကို ဝတ်ဖြည့်
ခဲ့င်း...

"စကားပြောလိုက်တော့ ကောင်းပါတယ် ဘကြီးသာအောင်ရာ။
ဒါပေမဲ့...ရွာထဲ ခဏသွားလိုက်ဦးမယ်။ ရွာလယ်က... ဘုရား
လည်း ဖူးချင်သေးတယ်"

ဟု ပြောကာ၊ ကျွန်ုပ်နှင့်အတူ ကျောင်းပေါ်မှ ဆင်းလာခဲ့၏။
နှစ်ယောက်ယှဉ်လျက် ရွာလယ်ရှိ ထုံးစေတီကလေးဆီ လျှောက်
သွားကြရင်း...

"အိုင်ဆေး... ဘယ်နယ့် စကားဖြတ်ပြီး ထွက်လာရတာလဲဗျ
ခင်ဗျား ပြောသမျှကို အဘိုးကြီး အရမ်း သဘောကျနေမှန်း
ကျွန်တော်တောင် သိတယ်"

"ကျုပ်လည်း သိပါတယ် ကိုအောင်မွှာ၊ ဒါပေမဲ့ သူပြောနေ
တာက ကျုပ်တို့ သိချင်တဲ့နေရာ ရောက်နေပြီမို့ စကားဖြတ်
လိုက်တာ၊ ကြုံမြွေမဆည်နိုင်အောင် မေးလိုက်မိရင် ပါးနပ်တဲ့
သူဆို ရိပ်မိသွားနိုင်တယ်လေ၊ နောက်တစ်ချက်က ကျုပ်တို့ ဒီ
ကိစ္စကို အရေးမစိုက်ဘူးဆိုတဲ့သဘောလည်း သက်ရောက်စေ
ချင်လို့"

"နားလည်ပါပြီဗျ၊ နားလည်ပါတယ်၊ ဒီနည်းစနစ်က တားဆ… (Targest) ကို အပိုင်ပစ်မချနိုင်ခင်မှာ မသိဟန်ဆောင်နေ… နည်းပဲဗျ"

ကျွန်ုပ်တို့ ရွာလယ်ဘုရားကို လှမ်းမြင်နေရပါပြီ။ ရွာသည် အဝေးကျယ်သည့် ရွာဝိုင်းအမျိုးအစားဖြစ်၏။ မန်ကျည်း၊ တမာ… ထနောင်းနှင့် ကုက္ကိုလ်ပင်ကြီးများမှာ အညာ၏ရာသီဥတုနှင့် ကိုက်… ရွာ အုံ့မခန်း ရှင်သန်ထွားကျိုင်းနေကြသည်။ အိမ်းဓေသ်လည်… တောင့်တင်း သန်မာနေသေးသော အညာသားကြီးတစ်ယောက် … မားမတ်မတ် ရပ်နေသည်နှင့်တူ၏။

"အခုက အရေးအကြီးဆုံးက…ကျုပ်တို့လာတဲ့ ရည်ရွယ်ချက်… မအောင်မချင်း ကျုပ်တို့ရဲ့ဘဝအမှန်ကို မသိဖို့ပဲ ကိုအောင်မှူး…"

"ဒီလောက်တော့ ကျွန်တော် သဘောပေါက်ပါတယ်ဗျား ရှေ့… ဘုရားမုခ်ဦးတောင်…ရောက်လာပြီဗျ"

ကျွန်ုပ်တို့ ဖိနပ်များကို မုခ်ဝတွင် ချွတ်ခဲ့ပြီး ဘုရားထဲသို့ … ခဲ့ကြသည်။

ဘုရားမှာ ရှေးဟောင်းဘုရားတစ်ဆူဖြစ်၏။ ကုန်းဘောင်ခေတ် … ကောင်းစားစဉ်က တည်ထားခဲ့သော ဘုရားတစ်ဆူ ဖြစ်နိုင်သည်။ ဘုရား… ကို လက်ယာရစ် တစ်ပတ်ပတ်ပြီး တနင်္ဂနွေထောင့်၌ ထိုင်လိုက်ကြ… ကျွန်ုပ်တို့နှင့် ပလ္လင်မကာဝ်းတွင် လူငယ်နှစ်ယောက် ထိုင်နေ၏။ …



…န်းလှက တရားထိုင်ကြရန် ကျွန်ုပ်ကို မျက်လုံးနှင့် ပြောလိုက်သည်။ …နုပ်တို့နှစ်ယောက် ဘာစကားမှ မပြောဘဲ၊ ကိုယ်စီ ဘုရားဝတ်ပြု… တရားထိုင်နေလိုက်၏။

အညာလေရှိန်းတို့ သစ်ရွက်များကို တိုက်ခတ်နေသည်။ သစ်… …ကို လေပုတ်ခတ်၍ မြည်သောအသံကိုလည်း ကြားနေရ၏။ ထို့… …ပြင် တစ်ချက်တစ်ချက်မှာ သစ်ရွက်ချင်း ထိခတ်သံများကိုပါ ကြား… …သည်။ ထို့အပြင် ထိုသစ်ရွက်လှုပ်သံ၊ လေတိုးသံတို့ထက် ပို၍ ကျယ်… …ောင် စူးရှကာ နားပျော်ဖွယ်ကောင်းသော အသံတစ်သံကို ကျွန်ုပ်… …ယ် ကြားနေရသေး၏။ ၎င်းမှာ ထုံးစေတီကလေး ထီးတော်တွင် ဆွဲ… …းသော ဆည်းလည်းကလေးများမှ ထွက်ပေါ်လာသည့် ဆည်းလည်း… သာသာကလေးဖြစ်သည်။

တရားထိုင်နေသော ကိုထွန်းလှ၏နံဘေး၌ ကျွန်ုပ် ငြိမ်သက်စွာ… …င်ရင်း ပုတီးစိပ်နေဖြစ်သည်။ အလေ့အကျင့် မရှိသောကြောင့် မိနစ် …) ခန့်ကို မနည်း ကြိတ်မှိတ် ထိုင်လိုက်ရသည်။ နာရီဝက်ကျော် …သာအခါ ကျွန်ုပ် မထိုင်နိုင်တော့ဘဲ ဘုရားရင်ပြင်တော်တွင် အိပ်ပျော် …းတော့သည်။

အိပ်ရာမှ နိုးတော့ မှောင်… ။

ကျွန်ုပ် ကမန်းကတန်း ထထိုင်လိုက်၏။ နံဘေးတွင် ကိုထွန်းလှ …င်နေဆဲ။ တအံ့တဩနှင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်

သည်။ ဘုရားရင်ပြင်တော်ပေါ်တွင် အလင်းရောင်မရှိ။ စေတီတော်ကြီးလည်း လရောင်မှိန်ပြပြအောက်၌ မွဲမွဲကြီး တည်ငြိမ်စွာ ရပ်နေ၏။

"ကိုအောင်မွှင့်...ငြိမ်ငြိမ်လေး ပြန်အိပ်နေဗျ"

ကိုထွန်းလှ တီးတိုးပြောသံကြောင့် ကျွန်ုပ် ဘာမှပြန်မမေးဖြစ်တော့ဘဲ ထိုနေရာ၌ ငြိမ်သက်စွာ ပြန်လှဲနေလိုက်ပါသည်။

"အိုင်ဆေး...ခင်ဗျား ထိုင်နိုင်လှချည်လား"

"ဟင်း...ဟင်း...ထိုင်လျက်ကြီး အိပ်နေတာလေဗျာ...၊ ခင်ဗျား ထ,လိုက်လို့ နိုးသွားတာ..."

ထိုအခါမှ သူ ထိုင်လျက် အိပ်ပျော်နေခြင်းဖြစ်ကြောင်း သိရသောကြောင့် စောစောက အထင်တကြီး ဖြစ်မိသောစိတ်တို့ ကြက်ပျောက်ငှက်ပျောက် ပျောက်ကာ ရယ်ချင်သွားပါတော့သည်။ ကျွန်ုပ်ကို ဘာကြောင့် ပြန်အိပ်နိုင်းပြီး၊ သူကရော ဘာကြောင့် မ,ထသေးသည်ကို သိလို၍ လေသံကလေးဖြင့် မေးလိုက်၏။

"မိုးချုပ်ပြီဗျ...၊ ကျွန်တော်က ဘာကြောင့် ပြန်အိပ်ပြီး ခင်ဗျားက ဘာကြောင့် မထရသေးတာလဲ၊ တော်တော်မှောင်နေပြီ"

"ကိုယ့်လူ...တယ်လည်း အမေးအမြန်းထူပါလား။ မှောင်နေလို့ကို စောင့်နိုင်းတာဗျ၊ အလင်းရောင်အောက်မှာ လူကောင်းတွေ လှုပ်ရှားကြတယ်။ အမှောင်အောက်မှာ လူဆိုးတွေ လှုပ်ရှားကြ



တယ်၊ ခင်ဗျား...ဘာမှ မမေးခဲ့တော့"

ကျွန်ုပ် ဘာမှ ဆက်မမေးဖြစ်တော့ပါ။ တုံးလုံးကလေး လှဲကာ ်နေလိုက်ပါသည်။ မျက်လုံးဖွင့်လျက် မှောင်ထဲကို အဓိပ္ပာယ်မဲ့ ကြည့် ဖြစ်၏။

"ဘယ်နှယ့်လဲ...ခင်ဗျားလူ လာပြီမလား"

"လာမယ်လို့တော့ ပြောတာပဲ၊ စောပါသေးတယ်၊ ခဏစောင့်လိုက်ပါဦးဗျာ..."

လူနှစ်ယောက် စကားပြောသံကို ကြားလိုက်ရသောကြောင့် ကျွန်ုပ် ထွန်းလှကို လက်ကုတ်လိုက်သည်။ ကိုထွန်းလှ ငြိမ်နေ၏။ သူတို့ ည် ကျွန်ုပ်တို့နှစ်ယောက်ကို မမြင်ဟန်မတူ။ မှောင်ထဲမှာ လျှောက် ားကြရင်း...

"လာဗျာ...၊ ဟောဟို...ဇရပ်မှာ သွားထိုင်စောင့်ရအောင်"

"ကောင်းသားပဲ..."

အင်္ဂါထောင့်ဘက်ရှိ ဇရပ်ဟောင်းတစ်ခုဆီ ဦးတည်သွားကြ ည်။ သူတို့ ဇရပ်ပေါ်မှာ စကားပြောနေကြသော်လည်း သဲကွဲစွာ ကြားရ။ ကိုထွန်းလှ ကျွန်ုပ်ကို လက်ကုတ်ပြီး...

"လာချိ့ ကျုပ်တို့ ဘုရားထဲက ထွက်ကြရအောင်"

ဟု ပြောကာ မှောင်ရိပ်ခိုလျက် ခပ်သွက်သွက် ထွက်သွားလေ ည်။

ကျွန်ုပ်တို့နှစ်ယောက်သား ဘုန်းကြီးကျောင်းသို့ ပြန်ကြခြင်း မဟုတ်။

ဘုရားပရဝုဏ်အစပ်ရှိ မန်ကျည်းပင်တန်း မှောင်ရိပ်ရိပ်ကား၊ အင် ယောင့်ဇရပ်ဟောင်းသို့ ပြန်လည် ချဉ်းကပ်လာခြင်းဖြစ်သည်။

ဇရပ်သည် ဘုရားရင်ပြင်တော်တစ်ဝက်၊ ပရဝုဏ်တစ်ဝက် တည်ဆောက်ထားခြင်း ဖြစ်သည့်အတွက် ပရဝုဏ်ဘက်အခြမ်း၌ မြေကြီးမှာ သုံးပေခန့်အမြင့်တွင် ရှိနေသည်။ ကျွန်ုပ်တို့နှစ်ယောက် ဇရပ်အောက်ခြေ မြေကြီးထဲတွင် ငုတ်တုတ်ကလေးတွေ ထိုင်နေဖြစ်သည်။ ကိုထွန်းလှက 'သေနတ်ပါရဲ့လား' ဟု လက်ဟန်နှင့် မေးသောကြောင့် ကျွန်ုပ် ခါးကြားမှ သေနတ်ကို ထုတ်ပြလိုက်၏။

နာရီဝက်ခန့်ကြာအောင် ထိုင်စောင့်ပြီးသောအခါ၊ ဇရပ်ပေါ်မှ လူနှစ်ယောက် စိတ်မရှည်စွာ ပြောနေသံကို ကြားရသည်။

"တောက်...ကျုပ် စိတ်မရှည်တော့ဘူးနော်...၊ ခု စောင့်နေတာ တစ်နာရီလောက်တောင် ကြာနေပြီ"

"ခဏလေးတော့ သည်းခံလက်စနဲ့ ဆက်ပြီး သည်းခံလိုက်ပါ ဆရာကြီးရယ်၊ သူ လာမယ်ဆို...လာကို လာမှာပါ"

"ဒီ ပစ္စည်းလိုချင်လို့သာ...စောင့်နေရတာ၊ တခြားကိစ္စဆို မစောင့်တော့ဘူး"

ထိုသို့ ပြောနေစဉ် ဘုရားရင်ပြင်ဘက်မှ လူတစ်ယောက် ဆင်းလာ



နေသံကို ကြားရ၏။

"မစောင့်ချင်လည်း ပြန်ပေါ့ဗျ။ ဘာများ...ထူးဆန်းလို့လဲ။ ခင်ဗျား မယူရင် တခြားလူ ရောင်းမှာပေါ့ ကိုညြရာ"

ရောက်လာသူက ပြောလိုက်ခြင်းဖြစ်မည်။ သူ့အသံကိုက မထီမဲ့မြင် ဆောင့်ကြွားကြွားဟန်ရှိမည့် ထင်ရ၏။ ကိုညြ၏အသံ ပေါ်လာသည်။

"ဟာ...ကိုတိုး...၊ ကျုပ် ခင်ဗျားကို ပြောတာ မဟုတ်ပါဘူးဗျား တခြားကိစ္စ ပြောနေတာဗျ၊ ကဲ...ခင်ဗျားပစ္စည်းတွေ ပြပါဦး"

"ကျွန်ုပ်မှာ အခု ပါမလာဘူး။ တောတ်က ပစ္စည်းကြည့်ဖို့ လူနှစ်ယောက် ခေါ်လာခဲ့မယ်ဆိုတာနဲ့...ဘယ်သူလဲ သိချင်လို့ လာတာ၊ လူတွေ့ပြီး ကျုပ် ရောင်းချင်တဲ့လူဆိုမှ ရောင်းမှာ"

"ခု...ကျုပ်နဲ့ တွေ့ရပြီပဲ...၊ ရောင်းလေဗျာ"

"ကျုပ် တောင်းတဲ့ဈေး ခင်ဗျား ပေးမှာမို့လို့လား"

"ပစ္စည်းမြင်ရဖို့ အရေးကြီးတယ်ဗျ။ ပစ္စည်းက...အစစ်အမှန်ဖြစ်ရင် ကျုပ် ဈေးမဆစ်ဘူး"

ဦးစွာ ဇရပ်ပေါ်မှာ စောင့်နေသူနှစ်ယောက်က ကိုညြနှင့် မောင်ဘုတ်ဖြစ်သည်။ နောက်ရောက်လာသူက ကိုတိုးဖြစ်၏။ မောင်ဘုတ်မှာ ကိုတိုး၏တပည့်ဖြစ်ပြီး ကိုညြနှင့် ကိုတိုးတို့ကို ချိန်းပေးသူ ဖြစ်ပေမည်။

"ကဲ...ခင်ဗျား...ဈေးပြော"

"တစ်သိန်း..."

"ဗျာ...တစ်သိန်းတောင်...မများဘူးလားဗျာ၊ ကျွန်ုပ် အဲဒီလောက်တော့ မတတ်နိုင်ဘူး"

"မများဘူး ကိုဩ၊ ဒီတစ်သိန်းက ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် တစ်ယောက်တစ်ဝက်ယူပြီး ဘဝသစ် ထူထောင်ရမှာမို့ လွယ်တာ မဟုတ်ဘူး။ အနည်းဆုံး... ရှမ်းပြည်နယ်ဘက်လောက် သွားပြီးရှောင်နေရမှာ"

"ဒါတွေ ကျွန်ုပ်သိပါတယ်ဗျား၊ ခင်ဗျားတို့ ရန်ကုန်မှာ ဖြစ်လာတဲ့ကိစ္စ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီပစ္စည်းကိုလည်း အဲဒီအိမ်က ရလာတာမှ ခုလောလောဆယ် ကျွန်ုပ်တို့ ဒီရွာမှာ နေလို့ရတာက...ရန်ကုန်ပုလိပ်တွေ တင်မေ့အိမ်ရှင် အဘိုးကြီးကို တရားခံဆိုပြီး ဖမ်းသွားတော့ ကျွန်ုပ်တို့အတွက် အချိန်ရတာပေါ့ဗျား၊ ဒါကြောင့် ဒီပစ္စည်းကို ချက်ချင်းရောင်းပြီး ကျွန်ုပ်တို့ ပြေးတော့မယ်"

"ဒါများဗျာ...တစ်သိန်းတွေ၊ ဘာတွေ လုပ်နေတယ်၊ ကျွန်ုပ်ငါးထောင်ပေးမယ်"

"မရောင်းဘူး၊ အောက်ဈေးနဲ့ကတော့ လုံးဝကို မရောင်းဘူးဗျာ၊ ဒီပစ္စည်းဟာ နှစ်တစ်ရာမှ တစ်ကြိမ်၊ နှစ်တစ်ထောင်မှ တစ်ကြိမ်



ရတဲ့ပစ္စည်းမျိုးဗျ၊ ထိုက်တဲ့လူမှလည်း ရတာ၊ ရတဲ့လူတိုင်းလည်း မစွမ်းဘူး"

"နေစမ်းပါဦး၊ ခင်ဗျားပစ္စည်းရဲ့နာမည်က ဘာတဲ့လဲဗျ"

"ဂျိုတစ်ပင်တိုင်ချို လို့ခေါ်တယ်၊ ချို မပေါက်တဲ့ကျွဲမှာ ပေါက်တဲ့ဦးချိုဟာ နှစ်ခုမပေါက်ဘဲ တစ်ခုတည်း၊ တစ်ချောင်းတည်း ပေါက်နေတဲ့အတွက် ဂျိုတစ်ပင်တိုင်ချို လို့ ခေါ်တာ"

ကိုထွန်းလှက ကျွန်ုပ်ကို သေနတ်အသင့်ပြင်လျက် သည့်နေရာမှ စောင့်နေရန်၊ သူသွားမည်ဟု လက်ဟန်ခြေဟန်နှင့် ပြောပြီး ခြေသံယုံလုံနှင့် ဇရပ်ဘေးသို့ ထွက်သွားသည်။ ကျွန်ုပ်လည်း ရှေ့ဆက်ဖြစ်လာမည့်ကိစ္စမှာ ဦးတိုးတို့ကို ဝင်ဖမ်းရန်သာ ရှိတော့သည်ဟု တွေးလျက် သေနတ်ကိုင်ကာ အခြေအနေကို ကြည့်နေ၏။

"ဒါဆို...ခုနစ်ထောင်း ပေးမယ်ဗျာ"

"တစ်သိန်းတိတိရမှ ရောင်းမယ်ဗျို့။ ကျွန်ုပ် အမှန်အတိုင်း ဝန်ခံရရင် ဟောဒီကောင် လက်လွန်သွားလို့ တင်မေ သေခဲ့တဲ့ကိစ္စ၊ တင်မေ့မိဘတွေကိုလည်း လျော်ကြေး ပေးခဲ့ရဦးမယ်"

"ကျွန်ုပ်ကတော့ ဒီ့ထက်ပိုပြီး မပေးနိုင်တော့ဘူးဗျ"

"ဒါဆိုလည်း မရောင်းဘူးပေါ့ဗျာ။ ကဲ...သွားစို့ မောင်တုတ်"

ဦးတိုးနှင့် မောင်တုတ် ထွက်သွားကြသည်ထင်၏၊ ခြေသံသဲ့သဲ့ကြားရသည်။

"ဟား...ဟား...ဟား...ဒီလို လှည့်ထွက်သွားလို့ ဘယ်ရမ
မလဲ ကိုတိုးရာ၊ ခင်ဗျားခါးကြားမှာပါတဲ့ ဂျီတစ်ပင်တိုင်ချိုကို
ထားခဲ့မှ ခင်ဗျားတို့ ဆရာတပည့်...အသက်နဲ့ ထွက်သွားလို့ရ
မယ်။ ဒီလိုမှ မဟုတ်ရင်တော့ ဟင်း...ဟင်း"

"ဟင်...ခင်...ခင်ဗျား...ခင်ဗျား..."

သူတို့နှစ်ယောက် ရပ်ပြီး လှည့်ကြည့်ဟန်ရှိ၏။

"ဒီလက်ကလေး...ကွေးလိုက်တာနဲ့ မင်းတို့ ဘဝပြောင်းသွား
မယ်နော်။ အဲဒီတော့ ပစ္စည်းကို ချထားခဲ့ပြီး ထွက်သွားကြ..."

အခြေအနေကတော့ တော်တော် တင်းမာနေဟန်တူ၏။

ကျွန်ုပ် ကိုထွန်းလှ မှာခဲ့သလို သည်နေရာတွင် နေလို့မဖြစ်
တော့။ ခြေသံလုံလုံနှင့် တဖြည်းဖြည်း ဖရုပ်အောက်မှ ထွက်ကာ ချောင်း
ကြည့်မိ၏။ လူတစ်ယောက်က ဖရုပ်အဆင်းဘက်ရှိသူကို သေနတ်နှင့်
ချိန်ထားသည်။ ထိုလူမှာ ကျွန်ုပ်နှင့် ငါးပေခန့်သာ ကွာ၏။ ဤအကွာ
အဝေးလောက်ရှိ ပစ်မှတ်ကို ကျွန်ုပ် ပစ်မလွဲ ပစ်နိုင်သည်။

သေနတ်ကို အသံမကြားအောင် မောင်းတင်လိုက်သည်။

"ကဲပါ...ကိုတိုး၊ အချိန်သိပ်မရှိဘူးဗျာ၊ ခင်ဗျား...ပစ္စည်းထား
မလား၊ အသက်ပေးမလား၊ ဒါပဲ...ပြော"

"ပစ္စည်းလည်း မထားဘူး။ အသက်လည်း မပေးဘူး။ ဒီမှာ
ကိုညြ...ခင်ဗျား နောက်နေတာ ကျုပ်ရှာနော်၊ ကျုပ်ရှာမှာ



ခင်ဗျားလိုလူနဲ့ ဒီလောက် အဖိုးတန်တဲ့ ပစ္စည်းအရောင်းအဝယ်
လုပ်ဖို့ ကျုပ် ဒီအတိုင်း လုပ်ပါ့မလားဗျ။ ဟား...ဟား...ဟား
ဖရုပ်ရဲ့ဘယ်ညာနံဘေးမှာ ကျုပ်လူတွေ ခင်ဗျားကို ဝိုင်းထား
တယ်၊ ကိုယ့်လူရဲ့"

သူ့စကားကြောင့် ကိုညြဆိုသူ ဖရုပ်၏ ဘယ်ညာကို လှည့်ကြည့်
သည်။ ဦးတိုး၏လျင်မြန်မှုကိုတော့ ကျွန်ုပ် အံ့ဩယူရပါသည်။ လှစ်ခနဲ
ပြေးဝင်ကာ ကိုညြဘက်မှ သေနတ်ကို ရိုက်ချလိုက်ပြီး မောင်တုတ်က
ဘောလုံးကန်သကဲ့သို့ ပြေးကန်လိုက်၏။

"ဖြောင်း...အ..."

"ဝုန်း..."

နှစ်ယောက်တစ်ယောက် တိုက်ပွဲကလေး ဖရုပ်ပေါ်မှာ တော်
တော်ပြင်းထန်သွားသည်။ သို့သော် အချိန်တိုကလေးအတွင်း ပြီးသွား
၏။ ရလဒ်က ကိုညြကို ဦးတိုးနှင့် မောင်တုတ်တို့ ချုပ်ထားလိုက်ကြ
၏။

"မောင်တုတ်...ဒီလူ့လွယ်အိတ်ထဲမှာ ရှာကြည့်စမ်း၊ ငွေပါနိုင်
တယ်ကွ"

"ဟော့ကောင်တွေ ငါ့အိတ်ကို ထိရဲ...ထိကြည့်"

"ထိမှာ မဟုတ်ဘူး၊ ရှာမှာကွ..."

မောင်တုတ်က ကိုညြအိတ်ကို ရှာဖွေနေ၏။ ကျွန်ုပ် ဘာလုပ်

ရှည့်မသိ ဖြစ်နေရသည်။ ကိုထွန်းလှလည်း လှုပ်ရှားမှုမရှိသေး။ ထို့
စဉ် ပေါင်တုတ် အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ်လိုက်သည်။

"ဟောဒီမှာ...ငွေတွေပါတယ် ကိုတိုး"

"ယူထားလိုက်...၊ ပြီးရင် ဒီကောင့်ကို တိုဘက်က လျှိုထဲမှာ
ခွေးအစာ ကျွေးလိုက်မယ်"

မဖြစ်တော့ပါ။ ကျွန်ုပ် မဝင်ပါက လူသတ်မှုတစ်ခု ဖြစ်တော့
မည်။

"ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်ပါ့မလဲ ကိုတိုးရယ်။ မိန်းကလေး
တစ်ယောက်ကို မုဒိမ်းကျင့်ပြီး သတ်ခဲ့တဲ့အမှုက ပြီးတောင်မပြီး
သေးဘူး။ ခု...လူတစ်ယောက်ဆီက ငွေလုပြီး သတ်ဦးမယ်ဆို
ရင် ကြိုးစင်ပေါ် တက်ရမှာ သေချာတယ်"

ကိုထွန်းလှအသံကြောင့် ကျွန်ုပ် အားတက်သွား၏။ ထို့ကြောင့်
သေနတ်ကို ထိုလူများဆီ အသင့်ချိန်ထားလိုက်သည်။

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါတို့ကိစ္စကို ဝင်ရှုပ်ရတာလဲ။
သေသွားချင်လို့လား"

"ငါ ဘယ်သူလဲဆိုတာ နောက်မှ ပြောမယ်၊ ခင်ဗျား...ပြောက်ပေး
လို့ ဟောဒီ ပေါင်တုတ်ဟာ ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်း
က မင်္ဂလာပန်းတိုင်အိမ်က အိမ်ဖော်မိန်းကလေး မတင်မေကို
မုဒိမ်းကျင့်ပြီး သတ်ခဲ့တယ်ဆိုရင် ခင်ဗျားတို့...ဘာပြောမလဲ"



"ပါးစပ်ရှိတော့ ဘာမှ မပြောတော့ဘူး။ ဓားနဲ့ပဲ ပြောတော့မယ်၊
မင်း သေဖို့သာပြင်"

"ဒိန်း..."

ကျွန်ုပ် သေနတ်တစ်ချက် မိုးပေါ် ထောင်ဖောက်လိုက်ပါသည်။
ဦးတိုး နေရာမှာ တုံ့ခနဲ ရပ်သွား၏။

"ခင်ဗျား...ရှေ့တစ်လှမ်း တိုးတာနဲ့ ကျွန်တော်က ခင်ဗျား ခြေ
ထောက်ကို ပစ်ချိုးလိုက်လိမ့်မယ်နော်။ ဒီပယ်ကိုယ်လို့ ကျွန်တော်က
ခင်ဗျားလို လူမရှိဘဲ ရှိတယ်လို့ လိမ်ပြောတာ မဟုတ်ဘူးနော်။
မယုံရင် ရှေ့တစ်လှမ်း တိုးကြည့်လိုက်လေ..."

ဦးတိုး...ကိုထွန်းလှ စကားကို ယုံကြည်ပုံမရပါ။ ရှေ့ကို ခြေ
တစ်လှမ်း တိုးလိုက်သည်။ ကျွန်ုပ် သူ့ခြေထောက်ရှေ့ကို တစ်ချက် ထပ်
ပစ်လိုက်၏။

"ဒိန်း..."

"အောင်မလေးဗျ..."

"ယုံတယ်နော်...၊ အသက်ကို နှမြောရင် အဖမ်းခံလိုက်ပါ"

ကျွန်ုပ် ကမန်းကတန်း ပြေးတက်သွားပြီး လက်ထိပ်တစ်ခု
ထုတ်ကာ ပေါင်တုတ်နှင့် ကိုပြံ့တို့ကို ခတ်လိုက်သည်။ ကိုထွန်းလှက
သူ့လက်ထိပ်နှင့် ဦးတိုးကို ခတ်လိုက်သည်။

ကျွန်ုပ်ရင်ထဲမှာ မတင်မေကျ ဖြစ်နေသော တာဝန် ဆုံးခန်းရေး

သည် အောင်မြင်စွာ ပြီးမြောက်သွားခဲ့ပြီ။ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး မက်လာ(ဦး)ပန်းတိုင်လည်း ဤတရားခံများကို မိပါမှ လွတ်မြောက်ရပေမည်။

❖ ❖ ❖



ကောင်း ရာကောင်းမှု
တရားစုကို
မမေ့မလျော့ မပေါ့မဆ
အပွားနှင့် နေကြလေ...။

# သတိတစ်လုံး စွဲကိုင်သုံးစေ

''အိုင်ဆေး ပျင်းနေပြီလားဗျ...''

အထက်တွင် ဖော်ပြခဲ့သည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပြီး တစ်လခန့် အကြာတွင် ဖြစ်ပါသည်။

ကိုထွန်းလူတစ်ယောက် ဝရံတာတွင် ထိုင်ရင်း လမ်းပေါ်မှ သွား လာနေသူများကို လိုက်ကြည့်နေစဉ်။ ဤသည်မှာ ကိုထွန်းလူ အမျှင်း သည့် နည်းတစ်ခုဖြစ်သည်။ ၎င်းအပြုအမူကို ကြည့်ကာ ကျွန်ုပ်က ပျင်းနေပြီလားဟု မေးလိုက်ခြင်း ဖြစ်ပါသည်။

''ပျင်းတာလည်း မဟုတ်ပါဘူးဗျာ၊ လောလောဆယ်... အ လုပ်မှ မရှိတော့...၊ လေ့ကျင့်ခန်းတစ်ခုအနေနဲ့ လမ်းသွား လမ်းလာတွေကို ကြည့်ရင်း သူတို့ဘဝတွေကို လေ့လာနေတာ ပေါ့''

''ကျွန်တော့်ကိုလည်း သင်ပေးပါဗျာ''



''ရပါတယ်၊ ဒါက...အထူးသင်စရာ မလိုပါဘူး။ ဂရုတစိုက် လေ့လာ စူးစမ်း၊ စေ့စေ့စပ်စပ် ကြည့်၊ နိုက်နိုက်ချွတ်ချွတ် စဉ်းစားပေါ့ဗျာ။ ဒါဆို အဖြေထွက်တာပေါ့...''

''ကြည့်တော့ ကြည့်တာပဲဗျ ဒါပေမဲ့...အဖြေမထွက်ဘူး ဖြစ် နေတယ်''

''လေ့ကျင့်မှု အားနည်းသေးလို့ပါဗျာ၊ ကြိမ်ဖန်များစွာ လေ့ကျင့် လိုက်ရင် သိပ်တောင်...တွေးစရာမလိုဘဲ ဖျတ်ခနဲ ဖျတ်ခနဲ အဖြေထွက်လာပါလိမ့်မယ်''

ကျွန်ုပ် စေ့စေ့တွေးသော် ရေရေပေါ်ဆိုသကဲ့သို့ ကိုထွန်းလူ၏ လှုပ်ရှားမှုများကို ပြန်လည်သုံးသပ်ကြည့်ရာ သိပ်မတွေးရဘဲ အဖြေထွက်သော ကိစ္စများစွာကို စဉ်းစားမိပါသည်။ မကြာခင်က မတင်မေ အသက်ခံရမှု နှင့်ပတ်သက်၍ ကျွန်ုပ် လွန်စွာခေါင်းခြောက်အောင် စဉ်းစားပါသော် လည်း အဖြေမပေါ်သည့်တရားခံကို ကိုထွန်းလူ စဉ်းစားမိ၍ သွားရောက် ဖမ်းဆီးနိုင်ခဲ့သည်။

''ဒါနဲ့ မထီမဆိုင်လိုပဲပြောပြော၊ ဆိုင်တယ်ပဲဆိုဆို ခင်ဗျား တရားခံ ဘယ်သူလဲဆိုတာ...သိလိုက်တဲ့ကိစ္စလေး ပြောပြပါ လား''

''ပြော်...ဒါ ဘာဆန်းလို့လဲဗျာ အရမ်းကို ရှင်းနေတာပဲ ကျွပ် လှည်းကူးဘက်မှာ သွားစုံစမ်းတော့...၊ ဦးဘိုး ဆိုတဲ့လူ

မိသားစုနဲ့ အတူနေတယ်၊ ကျုပ် ရောက်သွားတဲ့အချိန်မှာ
မရှိဘူး။ ရွာ ခဏပြန်သွားတယ်လို့ သူ့မိသားစုက ပြောတ
ဘာပြန်လုပ်တာလဲဆိုတော့...၊ ဘသာအောင် ကျန်းမာ
မကောင်းလို့တဲ့''

''ဟုတ်ပြီ၊ ခင်ဗျား...အဲဒီမှာ ဒီလူတွေ တရားခံ ဖြစ်ရမယ်
တွက်လိုက်တာပေါ့၊ ဟုတ်လား...''

ကိုထွန်းလှ ရယ်ပါသည်။ အသံ သိပ်မကျယ်အောင် ထိန်း
သော်လည်း အတော်သဘောကျ၍ ရယ်မှန်း သိသာလှပါသည်။

''မဟုတ်သေးဘူးဗျ။ ကျုပ် သူကို့အိမ်မှာ... အချိန်တော်
ကြာ ဖြုန်းခဲ့ပြီး...ရင်းနှီးအောင် ပေါင်းတယ်၊ သေသေချာ
စုံစမ်းတော့...ရွာပြန်တာ ဦးတိုးနဲ့အတူ မောင်တုတ်ပါ...
အကြောင်း။ မောင်တုတ်နဲ့ တင်မေက...ချစ်သူတွေ ဖြစ်
အကြောင်း၊ သိခဲ့ရတယ်။ ဒါကြောင့်...ကျုပ် အပိုင်တွက်
တာက...''

''တင်မေကို သတ်တာ...မောင်တုတ်ပေါ့၊ ဟုတ်တယ်
လား''

''ဟုတ်တယ်၊ ဒါ...အမှန်ပဲ၊ နောက်ပြီး သူတို့အပြောတော
ဦးတိုးဆိုသူဟာ...အဖိုးတန်ပစ္စည်းတစ်ခု ရောင်းဖို့ကိစ္စလည်း
ရှိတယ်လို့ သိခဲ့ရတယ်''



''ဩ...ဒါကြောင့် ခင်ဗျား ဘုရားကို တန်းသွားပြီး အချိန်ကုန်အောင် ပုတီးစိပ်၊ တရားထိုင်နေတာကိုးဗျ၊ သူတို့... လာမယ်ဆိုတာ ကြိုသိနေလို့ပေါ့၊ ဟုတ်လား''

''ဟား... ဟား...ဒီနေရာမှာတော့ ခင်ဗျား...ကျုပ်ကို သိပ်အထင်ကြီးလွန်းသွားပြီ၊ ကျုပ် ဘုရားကိုရောက်တော့...တော်တော် လှူပြတ်တာတွေ့ရတယ်၊ နောက်ပြီး...ဇရပ်ရှိတယ်၊ နိုလို့ကောင်းတဲ့နေရာလေးတွေ ရှိတယ်။ ဒီ့အပြင် ရွာမှာ အထင်ကရ ရှာလယ်ဘုရားကြီးကို မိုးချုပ်ရင် လာခဲ့ပါလို့ ချိန်းကောင်းတဲ့ နေရာလေ...ဗျာ''

ကျွန်ုပ် တွေးလို့ ချိတ်ဆက်မိသွားပါသည်။ ထိုစိတ်ကူးဖြင့် မိုး
အောင်စောင့်ခြင်း ဖြစ်လိမ့်မည်။ အကယ်၍ သည်နေ့ မတွေ့ပါက
ကြ်ရက်တွေ ဆက်စောင့်မည် ထင်ပါသည်။ ထို့ကြောင့်...

''အဲဒီနေ့က မတွေ့ခဲ့ရင်...ခင်ဗျား နောက်ရက်တွေ ဆက်စောင့်မှာပေါ့၊ ဟုတ်လား...''

ဟု မေးလိုက်သောအခါ သူ ခေါင်းညိတ်ပြပြီး...

''ဟုတ်တယ်...ကိုအောင်ပွင့်၊ ကျုပ် ညတိုင်းစောင့်ဖို့ စိတ်ကူးထားတာ၊ ကံအားလျော်စွာ အဲဒီနေ့မှာ...ရောက်လာတော့ အဆင်ပြေသွားတာပေါ့''

''ခုတော့လည်း သူ့မြွေး သူဆပ်၊ သူ့ဇာတ် သူသိမ်းသွားပါပြီ

များ မောင်တုတ်က သေဒဏ်နော်၊ ဦးတို့ကတော့ တစ်ကျွန်း
လောကမှာ...ကိုယ်ပြုတဲ့ကံ ကိုယ့်ဆီ ပြန်လာတတ်တာပဲ။
ဝတ်ဘောင်း ပြေးလို့ လွတ်ဦးတော့ ဝဋ်ကြွေးက လွတ်မှာမဟုတ်
ဘူး"

ကိုထွန်းလူက ကျွန်ုပ်ကို ရယ်ကြဲကြဲဖြင့် ကြည့်ကာ...

"ခင်များတော့ တော်တော် တရားရနေပါလားဗျ။ ဦးပန်းတိုင်
ရဲ့ မင်္ဂလာတရား နာရလို့ထင်တယ်"

ဟု ပြောပါသည်။ သူပြောတာ မလွဲပါ။ ကျွန်ုပ် ဦးပန်းတိုင်၏ စိတ်နေ့သဘောထားကို လွှမ်းမိုးစွာ သဘောကျမိပါသည်။ သူ့စကား ကိုလည်း မသိမသာ မှတ်သားထားမိပါ၏။ ဦးပန်းတိုင်ဟု ကိုထွန်း ပြောလိုက်ကာမှ ကျွန်ုပ် သူ့ကို သတိရလိုက်မိသည်။

"ဘာလဲဗျ...စကားပြောရင်းနဲ့ ခင်များ ဦးပန်းတိုင်ကို သ
သွားတယ် မဟုတ်လား"

"ဗျာ...ကိုထွန်းလူ...၊ ခင်များ...ကျုပ်စိတ်ကို သိနေတာ"

"ဟင်း...ဟင်း...ခင်များစိတ်ကို သိနေလို့ အထင်တော့
နဲ့ကိုယ်လူ။ ကျုပ်က ခင်များသရုပ်ပိုင်လို့ မြင်လို့
သိတာတော့ မဟုတ်ဘူးဗျ။ ကျုပ် မှန်းဆတွေးတော့ပြီး သိ
တာ...၊ အေးဗျာ...ကျုပ်တို့ ညနေလောက် ဦးပန်းတိုင်
ဘက် သွားကြရအောင်..."



"ဒေါက်...ဒေါက်...ဒေါက်..."

တံခါးခေါက်သံ ပေါ်ထွက်လာ၍ ကျွန်ုပ်တို့နှစ်ယောက်စလုံး ဧည့်ခန်းထဲသို့ လျှောက်ဝင်လာကြ၏။ တာတီးက တံခါးသွားဖွင့်ပေးသည်။ တံခါးပွင့်သွား၍ တိုက်ခန်းထဲ ဝင်လာသူက ဦးပြည်စိုးစိုး သက်နံဆိုးနဲ့ရောင်နှင့် ရဟန်းတစ်ပါးဖြစ်သည်။ မျက်လွှာကို ချလျက် အလွန်ကြီးရင့်သော ဏ္ဍာမြေဖြင့် တစ်လှမ်းချင်း လျှောက်ဝင်လာသည်။

အနီးရောက်အခါ ကျွန်ုပ်တို့ကို ကျော်ပြီး ဘုရားကျောင်းဆောင် ရှေ့သို့ လျှောက်သွားပြီး ဘုရားဝတ်ပြုသည်။ ထိုရဟန်းမှာ အခြားသူ မဟုတ်။ မင်္ဂလာပန်းတိုင်ပင် ဖြစ်နေပါတော့သည်။ ကျွန်ုပ်တို့လည်း ရဟန်းတော်နောက်မှ လိုက်သွားကာ ကျွံ့ကျွံ့ကလေးထိုင်ပြီး ဘုရားနှင့် ဦးပန်းတိုင်ကို ဝတ်ပြုသည့်လိုက်ပါသည်။

"ဒကာကြီးတို့...နေကောင်းကြရဲ့လား"

"မှန်ပါ...၊ ကောင်းပါတယ်ဘုရား။ တပည့်တော်တို့ ခုလေးတင် အရှင်ဘုရားအကြောင်း ပြောဖြစ်နေပါသေးတယ်"

"မိတ်ဆွေဆိုတာ ဒီလိုပဲပေါ့ကွယ်။ တိုက်ဆိုင်တာလေးတွေ ရှိရင် သတိကြေ၊ တစ်ယောက်အကြောင်းတစ်ယောက် ပြောကြ တစ်ဦးနဲ့တစ်ဦး မေတ္တာထားကြတာပေါ့"

"အရှင်ဘုရား...ဘယ်တုန်းက ဝတ်လိုက်တာလဲဘုရား။ ဘယ် လောက် ဝတ်မယ်လို့ စိတ်ကူးပါသလဲ"

ကျွန်ုပ်က သိချင်စိတ်ကို မထိန်းတော့ဘဲ မေးလိုက်ခြင်း ဖြစ်ပါသည်။ ဦးပဥ္စင်းကြီးသည် ခေတ္တဝတ်သော ရဟန်းဖြစ်သော်လည်း ဣန္ဒြေ ထိန်းချုပ်သောအရာ၌ အတော်ထူးခြားကြောင်း မြင်ရုံနှင့် သိလိုက်ရပါသည်။

"ဝတ်တာကတော့ အချုပ်ခန်းက ထွက်ကတည်းက ကျောင်းကို တန်းသွားပြီး အိမ်မပြန်ဘဲ နေလိုက်တာပါ။ နောက် အိမ်က ဒကာမနဲ့ ကလေးတွေ ပြန်ရောက်လာတော့ ခွင့်တောင်းပြီး ဝတ်လိုက်တာပါပဲ။ ဘယ်လောက် ဝတ်မယ်ဆိုတာကတော့ ပြောရခက်လို့ မပြောချင်တော့ပါဘူး...ဒကာတို့ရယ်"

"မှန်ပါဘုရား...၊ တပည့်တော်က သိချင်လို့ မေးကြည့်တာပါ"

"အိမ်း...ကျုပ်ကလည်း ဒကာကြီးတို့ကို တွေ့ချင်၊ နှုတ်ဆက်ချင်လို့ လာတာပါ။ နောက်တစ်ချက်က ကျုပ်ကိုယ်ကျုပ် မင်္ဂလာတရားတော်နဲ့ နေပါတယ် ဆိုပေမယ့် သတိကလေး တစ်ချက်လွတ်သွားခဲ့တယ် ဒကာတို့ ကျုပ်မှာ ဆရာတစ်ယောက် ပေးမှုတဲ့ ဂမ္ဘီရပစ္စည်းတစ်ခု ရှိတယ်"

ကိုထွန်းလူက ကျွန်ုပ်ကို လှမ်းကြည့်ရင်း...

"အဲဒါ ဂိုဏ်းတစ်ပင်တိုင်ချီ မဟာ့တ်လာဘုရား တင်မေ အသက်ခံရတဲ့နေ့က မောင်တုတ် ခိုးယူသွားတာပါ၊ သူတို့... တစ်သိန်းနဲ့ ရောင်းဖို့ လုပ်နေတုန်း...တပည့်တော်တို့ ဝင်ဖမ်းလိုက်



တာပါ"

ဟု ပြောလိုက်ရာ ဦးပဥ္စင်းကြီးပြုံးလျက် ခေါင်းတညိတ်ညိတ်လုပ်ပြီး စကားဆက်သည်။

"ဘုရားရှင်က ပဋိနိဗ္ဗာန် စံဝင်ပါနီးမှာ မမေ့မလျော့သောသတိတရားနဲ့ နေကြဖို့ မိန့်မှာတော်မူခဲ့တယ်၊ သတိမေ့လျော့ခဲ့ရင် ကျုပ် ခု တွေ့သလိုမျိုး ဒုက္ခတွေ့ရတတ်တယ်၊ ဒီ့ထက်ဆိုးတဲ့ ဒုက္ခလည်း တွေ့ရမယ်၊ နောက်ဆုံး မေ့လျော့ တွေဝေ သေရတဲ့ သူဟာ တမလွန်မှာ အပါယ်ကို လားရတတ်တယ်"

"ကျုပ် မင်္ဂလာတရားတော်ကို လိုက်နာ ကျင့်သုံးခဲ့တာကြောင့် လောကီချမ်းသာကို ရရှိခဲ့ပြီ၊ လောကုတ္တရာ ချမ်းသာကိုရှာကို မမေ့လျော့နေခဲ့တယ်။ ဒီမေ့လျော့မှုကြီးနဲ့သာ သေခဲ့ရမယ်ဆိုရင် ကျုပ်အတွက်...ဘယ်လိုမှ မကောင်းနိုင်ဘူး။ ဒီလို မေ့လျော့ တွေဝေနေခြင်းကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် နှစ်သက်တော်မမူပေဘူး။ မဟာသတိပဋ္ဌာနသုတ်တော်မှာ ဟောကြားတော်မူခဲ့တာက... **ချစ်သားတို့ ဘုရား၊ ပစ္စေကာ ရဟန္တာ အရိယာသူတော်စင်အပေါင်းတို့ ပုန်းအောင်းပျော်စံ နိဗ္ဗာန်ဝင်ရန် တစ်ကြောင်းတည်းခရီးဖြစ်သော ဤသတိပဋ္ဌာန်လမ်းမသည် သတ္တဝါတို့၏...ရာဂအစရှိသော အညစ်အကြေးတို့မှ စင်ကြယ်ခြင်းငှာ စိုးရိမ်ပူဆွေး ငိုကြွေး**

မြည်တမ်းခြင်းတို့ကို လွန်မြောက်ခြင်းငှာ၊ စိတ်ဒုက္ခတို့ကို ချုပ်ငြိမ်းစေခြင်းမှာ၊ ကိလေသာအညစ်အကြေးမှ ကင်းစင်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လောကုတ္တရာမဂ်ကို ရခြင်းငှာ ဆယ့်တစ်မီးငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏''

ကျွန်ုပ်တို့ နှစ်ယောက် ဦးပဉ္ဇင်းကြီး၏ တရားတော်ကို နာယူနေဖြစ်ကြသည်။ တရားတော်ကို စာတွေ့နှင့် ငါတွေ့ ရောထွေး ပြောဟောနေပုံရသည်။

''ကျုပ်...အဲဒီ ပြဿနာဖြစ်ချိန်မှာ အသိတရားတစ်ခု ရလိုက်တယ်၊ ဒီမင်္ဂလာသုတ် ပရိတ်တော်ကို ကျင့်သုံးခဲ့လို့... လောကချမ်းသာကို ရခဲ့ပြီဆိုတော့ လောကုတ္တရာချမ်းသာအတွက် ကျင့်သုံးရင်ရော...ဘာကြောင့် မရနိုင်မှာလဲ...ဆိုတဲ့အသိပါ၊ ဒါကြောင့် ကျုပ်...ပစ္စည်းတွေအားလုံးကို ဒကာမကြီးနဲ့ ကလေးတွေကို ပေးခဲ့လိုက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ သတိပဋ္ဌာန်တရားကို အားထုတ်တော့မယ်''

''အရှင်ဘုရားက...တပည့်တော်တို့ကို လာနှုတ်ဆက်တာပေါ့ ဟုတ်လားဘုရား''

''ဆိုပါတော့...ဒကာကြီးတို့ရယ်''

''ဘယ်အရပ်ကို ကြွမယ်လို့များ စိတ်ကူးထားပါသလဲ... အရှင်ဘုရား''



''ကျုပ်ရဲ့ ဥပဇ္ဈာယ်ဆရာတော်က တောရဆောက်တည်တဲ့ ဘုန်းကြီးမို့ ကျုပ် သူနဲ့လိုက်သွားပြီး တစ်ဝါနှစ်ဝါလောက် ဆရာသမားကို လုပ်ကျွေးပြုစုရဦးမယ်။ ပြီးရင်တော့...ဒေသစာရီ နေတော့မယ် စိတ်ကူးပါတယ်''

ကျွန်ုပ်စိတ်ထဲမှာ ဦးပဉ္ဇင်းကြီး ဦးပန်းတိုင် ဆန္ဒပြည့်ဝလိမ့်မည် ထင်ပါသည်။ ပြည့်ဝပါစေဟုလည်း ဆုတောင်းနေမိပါသည်။

''အရှင်ဘုရား နားလည်ထားတဲ့... သတိပဋ္ဌာန်တရားတော်ကို တပည့်တော်တို့ နာယူပါရစေဘုရား''

''ကျုပ် သိသလောက်ပြောရရင် သတိပဋ္ဌာန်တရားမှာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာနဲ့ ဓမ္မာနုပဿနာ ဆိုပြီး လေးမျိုးရှိတယ်။ ဒီလေးပါးမှာ ရုပ်ကိုပဲရှုရှု ဝေဒနာကိုပဲ ရှုရှု၊ စိတ်ကိုပဲရှုရှု တရားသဘောကိုပဲရှုရှု အားလုံးဟာ နိဗ္ဗာန် ရောက်ကြောင်းကိုပဲ ဦးတည်ကြတာပါ။ ကာယာနုပဿနာဆိုတဲ့ ခန္ဓာကိုယ်ပေါ်မှာ မူတည်အားထုတ်နိုင်တဲ့ ပဗ္ဗပေါင်း ၁၄ ခုရှိလာတယ်၊ တစ်က **အာနာပါနပဗ္ဗ** ဆိုတဲ့ ဝင်လေ ထွက်လေကို သတိပြုပြီး အားထုတ်တယ်၊ နှစ်က... **ဣရိယာပထပဗ္ဗ** ရပ်၊ ထိုင်၊ သွား၊ လျောင်း စတဲ့ ဣရိယာပုထ်လေးပါးမှာ သတိကပ်ပြီး ရှုမှတ် အားထုတ်ရတဲ့အပိုင်း။ နောက် **သမ္ပဇညပဗ္ဗ** ဆိုတဲ့

အချိန်တိုင်း လှုပ်ရှား ဖောက်ပြန် ပျက်စီးနေပုံကို...ရှုမှတ်တဲ့အပိုင်း။ **ပဋိကူလမနသိကာရ ပဗ္ဗ** ဆိုတဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ **ကောဋ္ဌာသ**တစ်ခုစီကို ပိုင်းခြား အားထုတ်တဲ့အပိုင်း။ **ဓာတုမနသိကာရပဗ္ဗ** ဆိုတာက ခန္ဓာကိုယ်က ၄၂ ခုသော ဓာတ်သဘောကို စူးစိုက်အားထုတ်တဲ့အပိုင်း။ **နဝသိဝထိကပဗ္ဗ** ပြုပြီး ခန္ဓာကိုယ်အဆင့်ဆင့်ကို နှိုင်းယှဉ် အားထုတ်တာက ကိုးခုဆိုတော့ ကာယပိုင်းမှာ...၁၄ ခု အကျုံးဝင်သွားပြီးနောက် **ဝေဒနာနုပဿနာ**မှာက ခံစားမှုဝေဒနာကို စိတ်နဲ့မှတ်ရှုရတဲ့အပိုင်း။ နောက် **စိတ္တာနုပဿနာ** ကျတော့ ရှေ့က ဖြစ်ပေါ်လာတဲ့စိတ်ကို နောက်ကလိုက်ပြီး ရှုမှတ်ရတဲ့ အပိုင်းကလည်း တစ်ခု၊ နောက် **ဓမ္မာနုပဿနာ** ကျတော့ **နီဝရဏပိုင်း၊ ခန္ဓာပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာပိုင်း** ဆိုင်ပြီး ငါးပိုင်း ကွဲထွက်တယ်။

**နီဝရဏပဗ္ဗ**မှာ **ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ** စတဲ့ နီဝရဏတရားများပါတဲ့ စိတ်တစ်ခုခု ဖြစ်တိုင်း သတိမပြတ် ရှုမှတ်နေတာရယ်။

**ခန္ဓာပိုင်း**မှာ **ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်** စတဲ့ခန္ဓာငါးပါးကို သတိမပြတ် ရှုမှတ်နေတဲ့အပိုင်း။ နောက် **အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတန ခြောက်**



**ပါးတို့ ဝင်လာတိုင်းမှာ...ရှုမှတ်ရမယ့်အပိုင်းက** တစ်ခု၊ **ဗောဇ္ဈင် ခုနစ်မျိုး**ကို ရှုမှတ်ရမယ့်အပိုင်းရယ်၊ **ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ**တို့ ပါဝင်တဲ့ **သစ္စာလေးပါးအပိုင်းရယ်** အားလုံးပေါင်းတော့ ပဗ္ဗပေါင်း ၂၁ **ဖြစ်တာပေါ့**၊ ဒါတွေအားလုံးရဲ့ အချုပ်ဟာလည်း သတိတရားပဲ ဒကာကြီး''

''မှန်ပါဘုရား၊ တပည့်တော်တို့လည်း သတိတရားရဲ့ အရေးကြီးပုံကို လေးလေးနက်နက် သိပါပြီ''

ဦးပွင့်နဲ့ကြီး လိုင်ရာမှ ထတော့ ကျွန်တော်တို့နှစ်ယောက် ကန်တော့လိုက်ကြသည်။ ကိုထွန်းလှက သူ့အိတ်အတွင်းမှ တစ်ရာတန်တစ်ရွက်ကို သင်္ကန်းစာစက္ကူနှင့် အုပ်ကာ ရိုသေစွာ ကပ်လှူရင်း...

''အရှင်ဘုရားအတွက် နဝကမ္မ လိုရာသုံးဖို့ပါ...ဘုရား''

''သည်းခံပါ ဒကာကြီး၊ ကျုပ်...သံသရာခရီး ရှည်ကြရအောင်''

''မှန်ပါအရှင်ဘုရား၊ တပည့်တော်တို့နှစ်ယောက် အရှင်ဘုရားအပေါ်မှာ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက်က ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ကျူးလွန်ခဲ့မှုသည်ရှိသော် သည်းခံ ခွင့်လွှတ်ပါရန် တောင်းပန်ပါတယ်''

''ခွင့်လွှတ်ပါတယ် ဒကာကြီးတို့၊ ကျုပ်ကလည်း ဘဝသံသရာ ကျင်လည်ရာမှာ ဒကာကြီးတို့အပေါ် ကာယ၊ ဝစီ၊ မနောသုံးပါး

လိုနဲ့ ကျူးလွန်မိသမျှကို...ဒကာကြီးတို့က ခွင့်လွှတ်ပါရန် ကျုပ် တောင်းပန်ပါတယ်''

''ခွင့်လွှတ်ပါတယ် အရှင်ဘုရား''

''အိမ်းကွယ်...အိမ်း...ကျုပ် ပါရမီကို ကူညီဖြည့်ကြတဲ့ ဒကာတို့နှစ်ယောက် လောကီမှာ လူ့ဘောင်ချမ်းသာကို ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပြီး အဆုံးသာဝမှာလည်း နိဗ္ဗာန်ရွှေပြည်မြို့ကို မျက်မှောက်ပြုနိုင်ကြပါစေ''

ဦးပဥ္စင်း ဖြည်းလေးစွာ ကြွလှမ်းသွားပါတော့သည်။ ကျွန်ုပ်တို့နှစ်ယောက် ဦးပဥ္စင်း၏ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရ၏။ ကျွန်ုပ်ရင်ထဲမှာ ဝေဒနာတစ်ခု ငြိတွယ် ကျန်ရစ်ပါသည်။

''စိတ်မကောင်း ဖြစ်နေသလား ကိုအောင်ပွင့်၊ ခင်ဗျား တယ်မျှော်တဲ့လူပဲဗျ''

''အေးဗျ...၊ ကျွန်တော့်စိတ်ထဲမှာ ဦးပန်းတိုင်ကို ကြည်ညို လေးစား သွားလိုက်တာ မပြောပါနဲ့တော့...''

''အင်း...အသိနဲ့ သတိ ကပ်လိုက်တော့လည်း သံဝေဂတရားက သူ့ရင်ကို နေရာအပြည့် ဝင်ယူလိုက်လေတော့ လောကီမှာ နေရို့ စိတ်ကုန်သွားတာ ဖြစ်ပါလိမ့်မယ်ဗျာ''

''ဒါနဲ့ ကျွန်တော် တစ်ခုမေးချင်တယ်။ ခု ဦးပန်းတိုင် လျှောက်တဲ့ခရီး အောင်မြင်နိုင်ပါ့မလား''



''သိပ်ခက်တဲ့မေးခွန်းကို ခင်ဗျား မေးလိုက်တာပဲ ကိုအောင်ပွင့်ဦးပဥ္စင်းကြီးရဲ့ ပြတ်သားတဲ့စိတ်ဓာတ်က...ပါရမီရှင် တိဟိသ်ပုဂ္ဂိုလ်တွေမှာ ရှိတတ်တာမျိုးဗျ အကြောင်းကောင်းရင်တော့ အကျိုးကောင်းမှာပေါ့ဗျာ...''

ကျွန်ုပ်စိတ်ထဲမှာ ဦးပန်းတိုင် အောင်မြင်ပါစေဟု ဆုတောင်းနေမိပါတော့သည်။

သဗ္ဗေသတ္တာအဝေယျာ

အနီယာ

သုခိအတ္တာနံ ပရိဟရန္တု။

မျှော်ခြင်း...

နေမင်းသူရိန်

မြင့်မြင့် ★ စာပေ
31